

The Commerce Journal
http://www.commercejournal.com.mm
စီးပွားရေးသတင်းဂျာနယ်
စီးပွားရေးအောင်မြင်ရန်သတင်းအချက်အလက်ကိုအခြေခံ
VOL .15, NO . 12
တနင်္လာနေ့တိုင်းထုတ်ဝေသည်
March 23 , 2015




အမျိုးသားပို့ကုန် မဟာဗျူဟာ (NES) အကောင်အထည်ဖော်ခြင်းအဆင့် စတင်ခြင်းအခမ်းအနားအား နေပြည်တော် MICC-II တွင် ၂၀၁၅၊ မတ်လ ၂၅ ရက်နေ့တွင် ကျင်းပမည်ဖြစ်ပါကြောင်း




# နံပါတ်မှန်ကလေးများ ဆက်ပါရစေ



|သိန်းစိုးသစ် (စစ်ကိုင်း)|

၂၀

နိုင်ငံခြားဖြစ် ဝိုင်အမျိုးမျိုးကို မတ်လ ၁၇ ရက်နေ့မှစ၍ ပင်လယ်ရေကြောင်းနဲ့ လေကြောင်းတို့မှ တရားဝင်တင်သွင်းခွင့်ပြုလိုက်ပြီ ၁၇



## မြန်မာ့ကော်ဖီ ကမ္ဘာကသိစေဖို့

၁၄

ထိုင်းနိုင်ငံ TECB မှ မြန်မာ့စီးပွားရေးလုပ်ငန်းရှင်များအတွက် ဆွဲဆောင်မှုများစွာပေးမည့် ကုန်စည်ပြပွဲများအား ဖိတ်ကြား

၂၆


သီရိရတနာ
လက်လီလက္ကားဈေး နှင့်
အဝေးပြေးကုန်တင်ယာဉ်ရပ်နားစခန်း
သုခမ္မာလမ်း မြောက်ဥက္ကလာပမြို့နယ်
စတင်ဖွင့်လှစ်နေပါပြီ
ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းဆိုင်များ၊ ယာဉ်နှင့် ယာဉ်အပိုပစ္စည်းဆိုင်များ
လယ်ယာသုံးစက်ကိရိယာပစ္စည်းဆိုင်များ၊ လျှပ်စစ်နှင့်ကုန်မာပစ္စည်းဆိုင်များ နှင့်
ဘဏ်များ စတင်ဖွင့်လှစ် ရောင်းချနေပါပြီ။
အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေး
EVA
PANTHU
MICHELIN
SAKURA
kitchen life
SWEETY HOME
ASIAN PLANT CO.LTD
Sun Light
SOE MOE KHAING
GLASS Manufacturing Co.,Ltd

# ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့် Myanmar- Japan Magazine မှ Mr. Yutaka Nagasugi ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့နှင့် လက်ခံတွေ့ဆုံ



စီးပွားရေးနှင့်ကူးသန်းရောင်း ဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်သည် မတ်လ ၁၈ ရက် ၁၃:၀၀ နာရီတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည် ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ Myanmar- Japan Magazine မှ Mr. Yutaka Nagasugi ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ၍ မေးမြန်းလာသည့် မေးခွန်းများကို ဖြေကြားခဲ့သည်။

အဆိုပါ တွေ့ဆုံဆွေးနွေးပွဲတွင် Myanmar- Japan Magazine မှ မြန်မာနိုင်ငံ၏ စီးပွားရေးအခြေအနေများ၊ ဂျပန်နိုင်ငံမှ လုပ်ငန်းရှင်များအား မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံစေလိုသည့် လုပ်ငန်းများ၊ အာဆီယံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှုနှင့် မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအပေါ် အကျိုးသက်ရောက်မှုများ၊ သီလဝါစက်မှုဇုန်နှင့် ပတ်သက်သည့် ဆောင်ရွက်ချက်နှင့် တိုးတက်မှုအခြေအနေများ၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများအတွက် လိုအပ်သောအခြေခံအဆောက်အအုံ၊ ဥပဒေ၊ နည်းဥပဒေများ ပြင်ဆင်ဆောင်ရွက်ထားရှိမှုနှင့် မြန်မာ-ဂျပန် ဆက်ဆံရေးများကိုမေးမြန်းခဲ့မှုအပေါ် ပြည်ထောင်စုဝန်ကြီးမှ ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။

အဆိုပါ တွေ့ဆုံပွဲအခမ်းအနားသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။

# စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီးဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ ကုန်သွယ်မှုဖွံ့ဖြိုးတိုးတက်ရေး အကူအညီအစီအစဉ် (EIF) နှင့်ပတ်သက်၍ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့(WTO) မှ ဦးဆောင်ကျင်းပသော EIF Global Platform သို့တက်ရောက်




စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာ မှ ဒုတိယဝန်ကြီး ဒေါက်တာပွင့်ဆန်းဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဆွစ်ဇာလန်နိုင်ငံ၊ ဂျီနီဗာမြို့ရှိ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ (WTO) ရုံးတွင် မတ် ၁၇ ရက်မှ ၁၉ ရက်အထိ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ (WTO)အောက်ရှိ EIF အတွင်းရေးမှူးရုံးက ဦးဆောင်ကျင်းပပြုလုပ်ခဲ့သည့် ကုန်သွယ်မှုဖွံ့ဖြိုးတိုးတက်ရေးအကူအညီအစီအစဉ် (Enhanced Integrated Framework -EIF) ဆိုင်ရာ EIF Global Platform သို့ တက်ရောက်ခဲ့သည်။

EIF အစီအစဉ်သည် ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံများအတွက် နိုင်ငံစုံ ကုန်သွယ်ရေးစနစ်တွင် ပိုမိုပါဝင်နိုင်စေရန် ကူညီပံ့ပိုးပေးနေသည့် ကမ္ဘာလုံးဆိုင်ရာကုန်သွယ်မှုအကူအညီဖြစ်သည်။ တစ်နည်းအားဖြင့် နိုင်ငံ၏စီးပွားရေးကြီးထွားမှုနှင့်နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် ထောက်ပံ့ပေးသည့် အစီအစဉ်ဖြစ်ပါသည်။

EIF Global Platform ကျင်းပရခြင်း၏ ရည်ရွယ်ချက်မှာ EIF အစီအစဉ်သည် မူလက ၂၀၁၅ ခုနှစ်တွင် သတ်မှတ်ကာလကုန်ဆုံး၍ အစီအစဉ်ပြီးဆုံးမည်ဖြစ်သော်လည်း ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံများအတွက် အလွန်အကျိုးရှိပြီး ထိရောက်သောအစီအစဉ်ဖြစ်၍ ၂၀၁၆ ခုနှစ်မှ ၂၀၂၂ ခုနှစ်အထိ ဒုတိယအဆင့်အဖြစ် ထပ်မံသက်တမ်းတိုးဆက်လက်ဆောင်ရွက်မည်ဖြစ်ရာ ယင်းသို့ ဆက်လက်ဆောင်ရွက်ရာတွင် ပိုမိုကောင်းမွန်သောနည်းလမ်းများနှင့် ကြိုတင်ပြင်ဆင်မှုများကို ဆွေးနွေးညှိနှိုင်းနိုင်ရန်အတွက် EIF အစီအစဉ်ကို ရရှိနေသော ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံများမှ ကိုယ်စားလှယ်များကိုဂျီနီဗာသို့ဖိတ်ခေါ်၍ ဆွေးနွေးခြင်းဖြစ်ပါသည်။

ဆွစ်ဇာလန်နိုင်ငံ၊ ဂျီနီဗာမြို့ရှိ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့(WTO)ရုံး၌ မတ် ၁၇ ရက်တွင် EIF Global Platform သို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဒေါက်တာပွင့်ဆန်းနှင့် အတူ EIF လုပ်ငန်းစဉ်များကို လက်တွေ့ဦးဆောင်အကောင်အထည်ဖော် ဆောင်ရွက်နေသည့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနရှိ Aid for Trade Coordination Unit အဖွဲ့မှကိုယ်စားလှယ်များ၊ ဂျီနီဗာမြို့ရှိကမ္ဘာ့ကုန်သွယ်မှုဆိုင်ရာ မြန်မာအမြဲတမ်းကိုယ်စားလှယ် အဖွဲ့ရုံးမှတာဝန်ရှိသူများလည်း မြန်မာကိုယ်စားလှယ်အဖွဲ့တွင်ပါဝင်တက်ရောက်ခဲ့ပါသည်။ ထို့အပြင် မြန်မာနိုင်ငံ၏ EIF အစီအစဉ်တွင် Donor Facilitator အဖြစ် ဆောင်ရွက်လျက်ရှိသော ရန်ကုန်မြို့ရှိဥရောပသမဂ္ဂအဖွဲ့ရုံးမှ ကိုယ်စားလှယ်တစ်ဦးလည်း ပူးပေါင်းပါဝင်တက်ရောက်ခဲ့ပါသည်။

အဆိုပါ EIF Global Platform ဆွေးနွေးပွဲတွင်ဆွေးနွေးပွဲ၏ Chairperson အဖြစ်EIF Steering Committee ၏ ဥက္ကဋ္ဌတာဝန်ထမ်းဆောင်နေသော ဆွီဒင်နိုင်ငံ ကမ္ဘာ့ကုန်သွယ်ရေးဆိုင်ရာသံအမတ်ကြီးဖြစ်သူ H.E. Mr. Daniel Blockert က ဆောင်ရွက်ပြီး သဘာပတိအဖွဲ့ဝင်များအဖြစ် EIF Board အဖွဲ့မှဥက္ကဋ္ဌ တာဝန်ထမ်းဆောင်နေသော ဆီရာလီယွန်နိုင်ငံ၏ ကမ္ဘာ့ကုန်သွယ်ရေးဆိုင်ရာ သံအမတ်ကြီးဖြစ်သူ H.E. Ms .Yvette Stevens၊ EIF အတွင်းရေးမှူးရုံးမှ Executive Director ဖြစ်သူ Mr. Ratnakar Adhikari၊ အပြည်ပြည်ဆိုင်ရာကုန်သွယ်မှုစင်တာ (ITC) မှ Executive Director ဖြစ်သူ Ms. Arancha Gonzalez တို့ကပူးတွဲဆောင်ရွက်ကြပါသည်။

ဆွေးနွေးပွဲသို့ Development Partners (DP) များနှင့် UNCTAD၊UNDP၊UNIDO၊ ITC၊ World Bank၊ EU အစရှိသော နိုင်ငံတကာအဖွဲ့အစည်းများ၊ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ဝင်နိုင်ငံများမှ သံအမတ်ကြီးများနှင့် ကိုယ်စားလှယ်များ၊ EIF အစီအစဉ် ဆောင်ရွက်နေသော နိုင်ငံပေါင်း ၅၁ နိုင်ငံမှ ကိုယ်စားလှယ်များလည်း တက်ရောက်ခဲ့ပါသည်။

➲ စာမျက်နှာ ၂၁ သို့

Commerce JOURNAL

**အတိုင်ပင်ခံစာတည်း**
ဒေါက်တာမောင်အောင်
အောင်စိုး(MPM)၊ သန်းအောင်ကျော်
ကျော်စိုးလင်း
မြတ်ထွန်းကျော်
ဝင်းမြင့်

**စာတည်းမှူးချုပ်**
ဉာဏ်တင်

**တာဝန်ခံစာတည်း**
ခင်သီတာအေး

**အုပ်ချုပ်ရေးမှူး**
ဒေါ်မြင့်မြင့်ထွန်း

**စာတည်းအဖွဲ့**
မောင်ရွှေ၊ ကြည်ကြည်ချယ်ရီမောင်၊ နီလာသိန်း၊
ခင်မောင်မောင်အုန်း၊ ချိုသက်မူ၊ သန်းအေး

**လက်ထောက်စာတည်း**
ချောစုမာ၊ နှင်းပန်းဖြူ
ယဉ်ယဉ်အေး၊ ခင်ခင်သော်

**သတင်းထောက်များ**
ခင်မြင့်မြင့်သန်း(မန္တလေး)၊
ထွန်းလှိုင်(မုံရွာ)၊ ရီလင်းထွဋ်(မုံရွာ)၊ မင်းမင်းဦး(ပုသိမ်)
စိုးဦး(ကျုံပျော်)၊ မင်းဇော်မွန်(ဖျာပုံ)၊ မြင့်ဦး(ပခုက္ကူ)
ခင်ဆွေဝင်း(ပြည်)၊ ဝေဝေမင်း(ပြည်)၊ ဆုမွန်ဆွေ(ပြည်)
ဝင်းဝင်းခိုင်(ပြည်)၊ ဇေခိုင်(တောင်ကြီး)၊
မင်းအောင်(တောင်ကြီး)
စိုးအောင်(မန္တလေး)၊ မောင်မောင်အေး(လှိုင်ကော်)

**Proof & Layout Design ကြီးကြပ်**
ခင်စုစုလှိုင်

**ကြော်ငြာတာဝန်ခံ**
မြင့်ဇင်ညွန့်

**ထုတ်ဝေသူ**
ဦးမြတ်ထွန်းကျော်(မြဲ-၃၈၁၉)
အမှတ်၃၈၊ လမ်း၃၀၊ ပန်းဘဲတန်းမြို့နယ်။
ဖုန်း - ၂၅၂၀၁၇၊ ၃၇၁၀၂၃

**ဖြန့်ချိရေးတာဝန်ခံ**
သန်းစိုး

**ဖြန့်ချိရေး**
အောင်မျိုး၊ မြင့်ဆွေ၊ တင်တင်အေး၊
ခင်မြတ်မွန်၊ တင်တင်ထွန်း

**ကွန်ပျူတာ**
မြင့်မြင့်ကြည်၊ စန္ဒာမိုး၊ မော်မော်စန်း၊
သီရိဝင်း၊ မြတ်ဆုလှိုင်၊ သင်းသီရိအောင်၊ ခင်ခင်ခန့်

**Layout Design & Graphic Design**
CJ Design Group

**ပုံနှိပ်သူ**
ကောမတ်စ်ဂျာနယ်ပုံနှိပ်တိုက်(မြဲ-၀၉၇၄၄)
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

**Email Address**
commercejournal.editor@gmail.com

Rice Market News
Vol: 15, No.12 Monday March 23 2015

# ယခင်နှစ်ထက် ဈေးသိသာစွာတက်ခဲ့ပြီး အမြင့်ကိုရောက်လွန်းနေတဲ့ ဆန်ဈေးတွေ သင်္ကြန်နောက်ပိုင်း ပြန်အေးပြီး ဈေးပြန်ကျနိုင်

ရန်ကုန်မြို့ ဆန်စပါးကုန်စည်ဒိုင်(ဝါးတန်း)ရဲ့ လက်ကားဆန်ဈေးနှုန်းများမှာ ၂၀၁၅ ခုနှစ်၊ မတ်လ ၂၀ ရက်နေ့ ဈေးနှုန်းအရ ဖျာပုံပေါ်ဆန်းလတ်စတစ်အိတ်ကို ၃၃၀၀၀ ကျပ်၊ ထိပ်စ ၃၄၀၀၀ ကျပ်၊ မြောင်းမြ၊ ပုသိမ်ပေါ်ဆန်းလတ်စ ၃၄၅၀၀ ကျပ်၊ ထိပ်စ ၃၅၅၀၀ ကျပ်၊ နယ်စုံပေါ်ဆန်း လတ်စ ၃၂၅၀၀ ကျပ်၊ ထိပ်စ ၃၃၅၀၀ ကျပ်၊ ရွှေဘိုပေါ်ဆန်းဈေး ၃၇၅၀၀ ကျပ်မှ ၃၈၅၀၀ ကျပ် အသီးသီးဖြစ်ခဲ့ကြလို့ ယခင်တစ်ပတ်ထက် တစ်အိတ်ကို ၅၀၀ ကျပ်မှ ၁၅၀၀ ကျပ်အတွင်း ဈေးဆက်တက်လာတာ တွေ့ရပါတယ်။

ဆန်ချောအဝင်နည်းချိန်မှာ ဝယ်အားများနေလို့ ဈေးတက်ရတာဖြစ်တယ်လို့ ဆိုသော်လည်း ယခုနှစ်မှာ ဆန်ချောဈေးစဖွင့်ကတည်းက ယခင်နှစ်ထက် ဈေးသိသာစွာမြင့်ခဲ့ပြီး မတ် ၂၀ ရက် ဆန်ဈေးနှုန်းများအရ ကာလတူနဲ့နှိုင်းယှဉ်ရင် နယ်စုံပေါ်ဆန်း လတ်စ တစ်အိတ်ကို ယခင်နှစ်ထက် ၁၀၀၀၀ ကျပ်ခန့်ဈေးမြင့်နေတာ တွေ့ရပါတယ်။ ယခုတစ်ပတ်အတွင်း ဆန်ကြမ်းဈေးနှုန်းများ ငြိမ်နေသော်လည်း ဆင်းသွယ်လတ်တစ်အိတ်ကို ၂၁၀၀၀ ကျပ်မှ ၂၂၀၀၀ ကျပ်အတွင်းဖြစ်ခဲ့လို့ ယခင်တစ်ပတ်ထက် တစ်အိတ်ကို ၁၀၀၀ ကျပ်ခန့်ဈေးမြင့်လာတာ တွေ့ရပါတယ်။

မြို့တွင်းလက်လီဆိုင်သမားတွေက ဈေးမြင့်လွန်းနေပြီဖြစ်တဲ့ ပေါ်ဆန်းဆန်ချောကို လက်လှမ်းမမီတော့သူများအတွက် စားလို့လည်းကောင်းပြီး ဈေးသင့်တင့်နေသေးတဲ့ ဆင်းသွယ်လတ်ဆန်ကို ဝယ်တင်ရောင်းကြရာမှဆင်းသွယ်လတ်ဆန်ဈေး တက်လာရတာဖြစ်တယ်လို့ ဆန်ဈေးကွက်က ဆိုပါတယ်။ ယနေ့ ဝါးတန်းဒိုင်လက်ကားဆန်ဈေးအရ ဧည့်မထ အလတ်စ တစ်အိတ်ကို ၁၇၅၀၀ ကျပ်ဖြစ်ခဲ့လို့ ယခင်နှစ် ကာလတူထက် တစ်အိတ်ကို ၁၇၀၀ ကျပ်ဈေးမြင့်ကြောင်း တွေ့ရှိရပါတယ်။ ဝါးတန်းဒိုင်သို့ ဆန်ပုံမှန်ဝင်နေပြီး တရုတ်လိုင်းအတွက် နွေသီးထပ်ဆန်တွေ အဝယ်ရှိနေတယ်လို့ သိရပါတယ်။

ရန်ကုန်ဈေးကွက်အတွင်း ဧည့်မထ ၂၅ မှတ် (ပြည်ပ) ဆန် တစ်အိတ် ၅၀ ကီလိုကို ၁၄၃၀၀ ကျပ်-၁၄၆၀၀ ကျပ်ခန့်ဈေးဖြင့် အဝယ်အချို့ရှိသော်လည်း ငြိမ်ကြောင်း၊ EMATA MYANMAR 25 % FOB (Yangon) 310-320 USD/MT ခန့်ဈေးရှိသော်လည်း အဝယ်ပါးနေကြောင်း၊ နွေသီးထပ်ဆန်တွေကို တရုတ်- မူဆယ်လိုင်းက ဆွဲနေပြီး အောက်ခြေနယ်အထိ ဆင်းဝယ်နေတယ်လို့ သိရပါတယ်။

တရုတ်လိုင်း- မူဆယ်ဆန်ဈေးကွက်မှာ ၂၀၁၅ ခုနှစ်၊ မတ် ၂၀ ရက် ဈေးနှုန်းများအရ ဧည့်မထ ၅ မှတ် မော်ဘီတစ်အိတ်ကို ၁၄၇-၁၅၁ ယွမ်၊ ဧည့်မထ ၁၀ မှတ် စူပါ ၁၃၇-၁၃၉ ယွမ်၊ ဧည့်မထ ၁၅ မှတ် မနောသုခ ၁၂၉-၁၃၁ ယွမ်၊ ဧည့်မထ ၂၅ မှတ် မနောသုခ ၁၂၃ ယွမ်၊ ငစိန် ၁၀ မှတ် ၁၃၄ ယွမ်၊ ၁၅ မှတ် ၁၂၉ ယွမ်၊ ကောက်ညင်း ၁၅ မှတ် ၁၆၃ ယွမ်၊ B 2,3,4 တစ်အိတ် ၁၀၂ ယွမ်၊ B 1,2 ၁၀၅-၁၀၇ ယွမ်၊ BEXTRA ၁၀၈-၁၁၂ ယွမ်ဖြစ်ခဲ့ပြီး မတ် ၂၀ ရက် မူဆယ်ရှိ ငွေလဲနှုန်းမှာ တစ်ယွမ်ကို ၁၇၀ ဒသမ ၉၄ ကျပ်ဖြစ်ခဲ့လို့ ယခင်တစ်ပတ်ထက် ငွေလဲနှုန်း ၁ ဒသမ ၁၆ ကျပ် မြင့်လာကြောင်း၊ ယခုတစ်ပတ်အတွင်း ပြည်တွင်းနယ်စုံမှ မူဆယ်သို့ ဆန်တန်ချိန် ၂၁၄၇၀ ခန့်ဝင်ရောက်ခဲ့ပြီး ယခင်တစ်ပတ်ထက် ဆန် ၃၇၈၀ တန် ခန့်ပိုမိုဝင်ရောက်ခဲ့ကြောင်း၊ ရန်ကုန်- မူဆယ် ဆန်တင်ဆောင်ခမှာ တစ်တန်ကို ၁၀၃၀၀၀ ကျပ်ခန့် ဖြစ်ခဲ့ပြီး ယခင်တစ်ပတ်ထက် ၈၀၀၀ ကျပ်ခန့် ဈေးတက်လာကြောင်း၊ မူဆယ်သို့ နှစ်ဖက်ကုန်သည်များ ပုံမှန်အတိုင်းလာရောက် ကြပြီး အရောင်းအဝယ်လည်း ပုံမှန်ပြန်ကောင်းနေကြောင်း၊ ချင်းရွှေဟော်ဘက်မှ တင်ပို့မည့် ကုန်များလည်း မူဆယ်ဘက်မှတင်ပို့လာခြင်းများကြောင့် မူဆယ်ဆန်ဈေးကွက် ဆက်ကောင်းနိုင်တယ်လို့ မူဆယ်ဈေးကွက်မှ ကြားသိရပါတယ်။

ဆန်ဈေးကွက် ရှေ့အလားအလာအနေဖြင့် လက်ရှိပြည်တွင်းဆန်ဈေးကွက်က ဈေးမကျနိုင်သေးဘဲ သင်္ကြန်နောက်ပိုင်းမှာတော့ ယခင်နှစ်ထက် ဈေးသိသာစွာတက်ခဲ့ပြီး အမြင့်ကို ရောက်လွန်းနေတဲ့ ဆန်ဈေးတွေ ပြန်အေးပြီး ဈေးပြန်ကျသွားနိုင်တယ်လို့ ဆန်ဈေးကွက်မှာ သုံးသပ်လျက်ရှိကြောင်း တင်ပြလိုက်ပါတယ်။

**သန်းအေး-ဆန်စပါး**

## အာရှနိုင်ငံတွေက FOB ဆန်ဈေးနှုန်းများ

၁၉-၃-၂၀၁၅ ဒေါ်လာ/တန်

| | ထိုင်း | | | ဗီယက်နမ် | | | အိန္ဒိယ | | | ပါကစ္စတန် | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| ဆန်ဖြူ ၁၀၀% | ၄၂၄ | ၄၁၂ | ▽ | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၅% | ၄၁၅ | ၄၀၃ | ▽ | ၃၆၅ | ၃၅၅ | ▽ | ၃၉၀ | ၃၉၀ | □ | ၃၅၀ | ၃၄၅ | ▽ |
| ဆန်ဖြူ ၁၀% | - | - | - | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၁၅% | - | - | - | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၂၅% | ၃၉၅ | ၃၈၆ | ▽ | ၃၄၀ | ၃၄၀ | □ | ၃၆၀ | ၃၆၀ | □ | ၃၁၅ | ၃၁၀ | ▽ |
| ပေါင်းဆန် | ၄၀၀ | ၃၈၅ | ▽ | - | - | - | ၃၈၀ | ၃၈၀ | □ | ၃၉၅ | ၃၈၀ | ▽ |

Source: oryza.com

## အမေရိကနိုင်ငံတွေက FOB ဆန်ဈေးနှုန်းများ

၁၉-၃-၂၀၁၅ ဒေါ်လာ/တန်

| | ယူအက်စ် | | | ဥရုဂွေး | | | အာဂျင်တီးနား | | |
|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| ဆန်ဖြူ ၄%-၇% | ၄၈၀ | ၄၈၀ | □ | ၅၉၄ | ၅၈၀ | ▽ | ၅၉၅ | ၅၇၀ | ▽ |
| ဆန်ဖြူ ၁၀% | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၁၅% | ၄၇၀ | ၄၇၀ | □ | - | - | - | - | - | - |

Source: oryza.com

## ပြည်တွင်းမြို့ကြီးများ၏ (၂၀-၃-၂၀၁၅) ရက်နေ့ ဆန်၊ စပါးဈေးနှုန်းများ

ရေတွက်ပုံ-ကျပ်/စပါး(တင်း)၊ ဆန်(တစ်အိတ်)

| မြို့ | ဧည့်မထအုပ်စု | | | | ပေါ်ဆန်းအုပ်စု | | | |
|---|---|---|---|---|---|---|---|---|
| | စပါး | | ဆန် | | စပါး | | ဆန် | |
| | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် |
| **ဆန်ပိုဒေသများ** | | | | | | | | |
| ပြည် | ၃၉၅၀ | □ | ၁၆၀၀၀ | □ | ၆၄၄၀ | □ | ၃၁၀၀၀ | □ |
| ပုသိမ် | ၃၉၅၆ | □ | ၁၇၀၀၀ | △ | ၆၅၇၁ | □ | ၃၀၅၀၀ | △ |
| ပဲခူး | ၃၈၀၀ | △ | ၁၆၀၀၀ | □ | ၅၈၀၀ | △ | ၂၆၀၀၀ | □ |
| ရွှေဘို | ၄၇၀၀ | □ | ၁၇၀၀၀ | △ | ၉၂၀၀ | △ | ၃၁၅၀၀ | △ |
| စစ်တွေ | ၃၈၀၀ | □ | ၁၅၀၀၀ | □ | ၆၅၀၀ | □ | ၂၄၀၀၀ | □ |
| **ဆန်လိုဒေသများ** | | | | | | | | |
| နေပြည်တော် | ၄၅၀၀ | □ | ၁၇၅၀၀ | □ | - | - | ၃၅၀၀၀ | □ |
| ရန်ကုန်(ဝါးတန်း) | ၃၆၅၀ | □ | ၁၇၅၀၀ | □ | - | - | ၃၂၅၀၀ | △ |
| မန္တလေး | ၅၀၀၀ | □ | ၁၉၀၀၀ | □ | - | - | ၂၈၀၀၀ | □ |
| မကွေး | ၅၅၀၀ | □ | ၁၈၀၀၀ | □ | - | - | ၃၄၀၀၀ | □ |
| မော်လမြိုင် | ၃၇၀၀ | □ | ၁၆၀၀၀ | □ | ၆၅၀၀ | □ | ၂၃၀၀၀ | □ |
| လှိုင်ကော် | ၆၀၀၀ | □ | ၂၂၀၀၀ | □ | - | - | ၃၅၀၀၀ | □ |
| မြိတ် | ၃၈၀၀ | □ | ၁၈၅၀၀ | □ | - | - | ၃၁၀၀၀ | □ |
| ဘားအံ | ၃၇၀၀ | □ | ၁၆၀၀၀ | □ | - | - | ၂၈၀၀၀ | □ |
| တောင်ကြီး | - | - | ၁၈၅၀၀ | △ | - | - | ၃၂၀၀၀ | □ |

မှတ်ချက်။ ။ ပေါ်ဆန်းအုပ်စုတွင် ပဲခူး၊ မော်လမြိုင်၊ မုံရွာ၊ ဘားအံတို့မှာဒေသထွက်ဆန်ဖြစ်ပြီး၊ ပြည်ဆန်ဈေးမှာ နတ္တလင်းဆန်ဈေးဖြစ်ပါသည်။ ဧည့်မထအုပ်စုတွင် နေပြည်တော်၊ မန္တလေး၊ မကွေး၊လှိုင်ကော်တို့မှာ မနောသုခဆန်၊ ရွှေဘိုမှာအသွယ်စအမျိုးအစားဖြစ်ပါသည်။ စပါးသစ်လတ်စ ဆန်သစ်ဈေးများ ဖြစ်ပါသည်။

# ဆန်တန်ချိန် နှစ်သန်းရောင်းဝယ်ဖို့ ထိုင်းနဲ့ တရုတ်ဆွေးနွေး

အမှန်တကယ် အရောင်းအဝယ်ဖြစ်မှုကို စောင့်ကြည့်ရဦးမှာဖြစ်ပေမယ့် ၂၀၁၅ နှင့် ၂၀၁၆ ခုနှစ်အတွင်း ထိုင်းအစိုးရထံမှ ဆန်တန်ချိန် နှစ်သန်းကို တရုတ်နိုင်ငံက ဝယ်ယူဖို့ သဘောတူညီလိုက်ကြောင်း ထိုင်းစီးပွားရေးနဲ့ ကူးသန်းရောင်းဝယ်ရေးဝန်ကြီးရဲ့ ပြောကြားချက်ကို ကိုးကားပြီး ရိုက်တာသတင်းမှာ ဖော်ပြပါ တယ်။

အဆိုပါ သဘောတူညီချက်ကို တရုတ်ဝန်ကြီးချုပ် လီကျင်းပင် ထိုင်းနိုင်ငံသို့ လာရောက်စဉ်မှာ လက်မှတ်ရေးထိုးခဲ့တာဖြစ်ပြီး တရားဝင်သဘောတူညီချက်ကို မကြာခင် လက်မှတ်ရေးထိုးနိုင်လိမ့်မယ်လို့ မျှော်လင့်ကြောင်းလည်း ဝန်ကြီးက ပြောကြားပါတယ်။ ဆန်တန်ချိန် သုံးသိန်းကိုတော့ တင်ပို့ထားပြီးဖြစ်တယ်လို့လည်း သိရပါတယ်။

အဲဒီတင်ပို့ရမယ့် ဆန်တန်ချိန်တစ်သန်းကတော့ နိုင်ငံတော် အရန်ဆန်ထဲက တင်ပို့သွားမှာဖြစ်ပြီး နောက်ထပ်တန်ချိန်တစ်သန်းကတော့ အသစ်ထွက်လာမယ့် ဆန်ထဲက တင်ပို့သွားမယ်လို့လည်း ထိုင်းစီးပွားရေးနဲ့ ကူးသန်းရောင်းဝယ်ရေးဝန်ကြီးက ပြောကြားပါတယ်။ ထိုင်း နိုင်ငံအနေနဲ့ လက်ရှိမှာ သိုလှောင်ဆန်တန်ချိန် ၁၇ သန်းခန့်ရှိနေပြီး အဲဒီ ဆန်တွေထုတ်ရောင်းဖို့ ကြိုးစားနေတာ ဖြစ်ပါတယ်။ ဆန်ရောင်းချမှု နှေးကွေး ပေမယ့်လည်း နှစ်နှစ်အတွင်း ၎င်းတို့ရဲ့ သိုလှောင်ဆန်တွေကို ရောင်းထုတ် နိုင်လိမ့်မယ်လို့ ယုံကြည်ကြောင်းလည်း ဝန်ကြီးမှ ပြောကြားခဲ့ပါတယ်။

နှစ်စဉ်ထိုင်းဆန်တန်ချိန် ၅ သိန်းခန့် တရုတ်နိုင်ငံသို့ တင်ပို့ခဲ့တာဖြစ်ပါတယ်။ ဒါ့အပြင် တရုတ်နိုင်ငံဟာ ရော်ဘာ တန်ချိန် နှစ်သိန်းဝယ်ယူဖို့လည်း သဘောတူညီခဲ့ကြောင်း သိရပါတယ်။

ဒီကြေညာချက်ဟာ တရုတ်နဲ့ ထိုင်းနိုင်ငံတို့ရဲ့ ရထားလမ်းပူးပေါင်းဆောင်ရွက်ရေးအတွက် အသေးစိတ်ဆွေးနွေးပြီးတဲ့နောက် ထွက် ပေါ်လာတာဖြစ်ပါတယ်။ ပြီးခဲ့တဲ့ ဒီဇင် ဘာလက ၈၇၃ ကီလိုမီတာရှည်တဲ့ နှစ် လမ်းသွားရထားလမ်း တစ်လမ်းကို ပူးပေါင်းဖောက်လုပ်ဖို့ သဘောတူညီ ခဲ့ကြပါတယ်။ အဲဒီလမ်းက ကုန်သွယ်မှုကို ချိတ်ဆက်ပေးမယ့် အရေးပါတဲ့ ဆက်သွယ်မှုဖြစ်လာမှာ ဖြစ်ကြောင်းလည်း သိရပါတယ်။

**လမင်း**

## မြန်မာ-တရုတ် နယ်စပ်မှ ဆန်တန်ချိန်နှစ်သောင်းကျော်တင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်နဲ့ လွယ်ဂျယ်နယ်စပ်ကုန်သွယ်ရေးစခန်းမှ မတ်လ ၇ ရက်မှ ၁၃ ရက်ထိ ကာလအတွင်းမှာ ကန်ဒေါ်လာ ၈ ဒသမ ၂၉၅ သန်းတန်ဖိုးရှိဆန် ၂၂၆၀၁ တန်ကျော် တင်ပို့ခဲ့ပါတယ်။ မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ ငစိန်ဆန် ၁၃၇၀၂ တန်နဲ့ ဧည့်မထ ၅၈၉၉ တန် တင်ပို့ပြီး လွယ်ဂျယ်စခန်းမှ တန် ၃၀၀၀ တင်ပို့ခဲ့ပါတယ်။ယခင်ရက်သတ္တပတ်ကထက် ၇၇၅၉ တန် ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။

တရုတ်နိုင်ငံဘက်မှ အဝယ်လိုက်လာသဖြင့် မူဆယ်မှ ပို့အားကောင်းလာတာဖြစ်ပါတယ်။ပင်လယ် ရေကြောင်းကုန်သွယ်မှုမှလည်း မတ်လ ဒုတိယပတ်အထိ ဆန်ဖြူ ၁၁၅၅၉ တန်နဲ့ ပေါင်းဆန် ၁၆၇၅ တန် တင်ပို့ထားပြီးဖြစ်ပါတယ်။

မြန်မာ-တရုတ်နယ်စပ်မှ ဆန်သာမကဆန်ကွဲကိုလည်း ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။မူဆယ်(၁၀၅)မိုင်မှ ကန်ဒေါ်လာ ၁ ဒသမ ၈၈၄ သန်းဖိုးရှိ ဆန်ကွဲ ၅၇၉၈ တန်တင်ပို့ပြီး လွယ်ဂျယ်မှ ကန်ဒေါ်လာ သုည ဒသမ ၆၄၀သန်းဖိုးရှိ ဆန်ကွဲ တန် ၂၀၀၀ တင်ပို့နိုင်ခဲ့ပါတယ်။ယခုရက်သတ္တပတ်မှာ စခန်းနှစ်ခုစလုံးမှ ၁၉၄၈ တန် ပိုမိုတင်ပို့ခဲ့ပါတယ်။

**ယဉ်ယဉ်အေး MIRT( DCCA)**

## ပြည်တွင်းဈေးကွက်များမှ ပဲမျိုးစုံဈေးနှုန်းအပြောင်းအလဲ

၂၀-၃-၂၀၁၅ ကျပ်/ပိဿာ

| | ပဲအမျိုးအမည် | ရန်ကုန် | | | မန္တလေး | | | မုံရွာ | | | မကွေး | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ၁၃/၃ | ၂၀/၃ | ပြောင်းလဲမှု | ၁၃/၃ | ၂၀/၃ | ပြောင်းလဲမှု | ၁၃/၃ | ၂၀/၃ | ပြောင်းလဲမှု | ၁၃/၃ | ၂၀/၃ | ပြောင်းလဲမှု |
| ၁ | မတ်ပဲ | ၁၅၅၈ | ၁၅၆၃ | ▲ | ၁၄၆၇ | ၁၄၈၃ | ▲ | ၁၄၆၅ | ၁၄၈၅ | ▲ | - | ၁၄၅၀ | - |
| ၂ | ပဲစင်းငုံ | ၁၅၂၉ | ၁၅၂၇ | ▼ | ၁၄၆၇ | ၁၄၈၃ | ▲ | ၁၄၆၅ | ၁၄၇၀ | ▲ | ၁၄၃၅ | ၁၄၈၅ | ▲ |
| ၃ | ပဲတီစိမ်း | ၁၇၃၀ | ၁၇၃၀ | ■ | ၁၆၀၀ | - | - | - | - | - | ၁၆၆၀ | ၁၆၃၂ | ▼ |
| ၄ | ကုလားပဲရိုးရိုး | ၁၁၀၀ | ၁၁၅၀ | ▲ | - | - | - | - | - | - | ၉၁၀ | ၉၀၀ | ▼ |
| ၅ | ပဲလွန်းဖြူ | ၁၂၁၅ | ၁၂၃၀ | ▲ | ၉၆၇ | ၉၅၀ | ▼ | - | - | - | ၇၄၀ | ၇၆၃ | ▲ |
| ၆ | ထောပတ်ပဲ | ၉၅၅ | ၉၅၅ | ■ | ၁၂၀၉ | ၁၂၈၉ | ▲ | ၈၆၈ | ၈၆၈ | ■ | ၈၆၈ | ၈၆၃ | ▼ |

* မှတ်ချက်။ ဖော်ပြပါဈေးနှုန်းများမှာ အနိမ့်ဈေးများသာဖြစ်ပါသည်။

## ရန်ကုန် FOB နဲ့ အိန္ဒိယဈေးကွက် ပဲမျိုးစုံဈေးနှုန်း အပြောင်းအလဲ

၂၀-၃-၂၀၁၅ ဒေါ်လာ/တန်

| | ပဲအမျိုးအမည် | ရန်ကုန် FOB | | | အိန္ဒိယ | | | | | |
|---|---|---|---|---|---|---|---|---|---|---|
| | | | | | မွန်ဘိုင်း | | | ဒေလီ | | |
| | | ၁၂/၃ | ၁၉/၃ | ပြောင်းလဲမှု | ၁၂/၃ | ၁၉/၃ | ပြောင်းလဲမှု | ၁၂/၃ | ၁၉/၃ | ပြောင်းလဲမှု |
| ၁ | မတ်ပဲ | ၉၀၀ | ၉၂၀ | ▲ | ၉၇၁ | ၁၀၀၁ | ▲ | ၉၉၁ | ၉၉၃ | ▲ |
| ၂ | ပဲစင်းငုံ | ၈၉၀ | ၈၉၀ | ■ | ၉၀၃ | ၉၄၅ | ▲ | ၉၂၇ | ၉၅၃ | ▲ |
| ၃ | ပဲတီရွှေဝါ | ၁၀၀၀ | ၁၀၄၀ | ▲ | ၁၁၇၅ | ၁၁၇၈ | ▲ | ၁၂၈၇ | ၁၂၉၈ | ▲ |
| ၄ | ကုလားပဲဖြူလုံးကြီး | ၄၅၀ | ၄၅၀ | ■ | ၅၉၁ | ၅၈၅ | ▼ | ၅၅၁ | ၅၅၃ | ▲ |

* မှတ်ချက်။ ရန်ကုန် FOB ဈေးနှုန်းများမှာ အနိမ့်ဈေးများသာဖြစ်ပါသည်။
ဒေလီဈေးကွက်မှ ဈေးနှုန်းများမှာ အိန္ဒိယပြည်တွင်းပဲတီစိမ်းနှင့် မြန်မာမတ်ပဲ SQ ပေါက်ဈေးများဖြစ်ပါသည်။

## အပတ်စဉ် ပဲမျိုးစုံတင်ပို့မှု FOB အရောင်းအဝယ်ဖြစ်မှုအခြေအနေ

ရေတွက်ပုံ-တန်ချိန်

| ပဲအမျိုးအစား | ပြည်ပတင်ပို့မှု | | ပြည်ပတင်ပို့မှု |
|---|---|---|---|
| | ယခင်တစ်ပတ် (၇.၃.၁၅)ထိ | ယခုတစ်ပတ် (၁၄.၃.၁၅)ထိ | (၁.၄.၁၄) မှ (၁၄.၃.၁၅) ထိ |
| မတ်ပဲ | ၁၀၆၈၄ | ၁၇၂၁၆ | ၄၈၉၃၉၈ |
| ပဲတီစိမ်း | ၉၂၁၉ | ၁၅၈၀၉ | ၁၆၉၀၉၈ |
| ပဲစင်းငုံ | ၁၄၄၈၄ | ၁၇၇၉၂ | ၂၂၈၀၄၁ |
| ကုလားပဲ | ၂၅ | ၂၆၁ | ၁၁၅၁၃ |
| ပဲလွန်းဖြူ | ၉၄၁ | ၁၅၆၅ | ၃၅၇၈၈ |
| မြေထောက်ပဲ | ၁၄၄ | ၉၇၃ | ၉၇၁၁ |

## ပဲတီစိမ်းသီးနှံ ဈေးအမြင့်နဲ့ လက်ကျန်ပြတ်သွား

ယခုမတ်လလယ်အတွင်း ပြည်ပဲဈေးကွက်မှာ ပဲတီစိမ်းသီးနှံလက်ကျန် ပြတ်သွားလို့ ပဲအဝင်လည်း မရှိတော့တဲ့အတွက် အရောင်းအဝယ်လည်း မရှိခဲ့ပါဘူး။ လဆန်းရက်မှာ လက်ကျန် ပြတ်သလောက် ဖြစ်သွားပေမယ့် ဒုတိယပတ်မှာ ပဲသစ်များပြန်ဝင်ခဲ့လို့ မန္တလေးဝယ်လက်ကလည်း အဝင်ရှိသလောက် ဝယ်ယူခဲ့တာကို တွေ့ရပါတယ်။

ပဲတီစိမ်းသီးနှံမှာ မတ်ပဲသီးနှံကဲ့သို့ တစ်နှစ်တာလုံး အရောင်းအဝယ်ဖြစ်တဲ့ပဲမျိုးမဟုတ်ခဲ့ဘဲ သီးနှံပေါ်ချိန်တွင်သာ အဓိကထားရောင်းဝယ်ခဲ့ကြတဲ့ ပဲဖြစ်ပါတယ်။ ယခင်နှစ်က တစ်တင်း ၃၀၀၀၀ ကျပ်ဖြင့် ပဲလက်ကျန်ပြတ်သွားပေမယ့် ယခုနှစ်မှာတော့ တစ်တင်း ၃၂၅၀၀ ကျပ်ဖြင့် ယခင်နှစ်ထက် ဈေးပိုရခဲ့တဲ့အတွက် ပဲစိုက်တောင်သူများ အကျိုးအမြတ်ရရှိခဲ့ကြတယ်လို့ သိရပါတယ်။

**ခင်ဆွေဝင်း-ပြည်**

## စီးပွားရေးလုပ်ငန်းရှင်များသို့

ဂျာနယ်တွင် ကြော်ငြာကိစ္စများနှင့်ပတ်သက်၍ သုတေသနနှင့် ပြည်သူ့ဆက်ဆံရေးဌာနခွဲ ညွှန်ကြားရေးမှူးကိုယ်တိုင် လက်မှတ်ရေးထိုးထားသော ကြော်ငြာထည့်ရန် မေတ္တာရပ်ခံသည့်စာဖြင့် ကြော်ငြာတာဝန်ခံဝန်ထမ်း ဒေါ်မြင့်ဇင်ညွှန့်ကိုယ်တိုင် ကြော်ငြာများ လက်ခံလျက်ရှိပါသည်။ ညွှန်ကြားရေးမှူး၏ မေတ္တာရပ်ခံစာ မပါဘဲ၊ ကြော်ငြာလာရောက်လက်ခံပါက အောက်ပါဖုန်းနံပါတ်များသို့ အသိပေးအကြောင်းကြားပါရန်မေတ္တာရပ်ခံ အပ်ပါသည်။

ဖုန်း - ၀၁ - ၃၇၁ ၀၂၃ ၊ ၂၅၁ ၁၉၇ ၊ ၂၅၂ ၀၁၇

# ၂၀၁၅ ခုနှစ် မတ်လ တတိယအပတ် မန္တလေးကုန်စည်ဒိုင်မှ ပြည်ပတင်ပို့သည့် သီးနှံများ၏ အရောင်းအဝယ်ဖြစ်မှုနှင့် ဈေးနှုန်း

မန္တလေးကုန်စည်ဒိုင် (ပွဲစား၊ ကုန်သည်၊ စက်ပိုင်များ မဟာကထိန်တော်အသင်း)မှာ နေ့စဉ်(ဥပုသ်နေ့မှအပ) လယ်ယာထွက်ကုန် သီးနှံများဖြစ်တဲ့ ပဲမျိုးစုံ၊ ပြောင်းမျိုးစုံနဲ့ နှမ်းရောင်စုံများကို အရောင်းအဝယ်ပြုလုပ်ရာမှာ အဓိကတင်ပို့ရောင်းချတဲ့ တရုတ်ဝယ်လက် (မန္တလေးမှ မူဆယ် တစ်ဆင့် တရုတ်သို့) များရဲ့ အဓိကဝယ်ယူလျက်ရှိတဲ့ သီးနှံများရဲ့ ယခုလ မတ်လအတွင်း အရောင်းအဝယ်ပြုလုပ်တဲ့ ဈေးနှုန်းနဲ့ အရောင်းအဝယ်ဖြစ်မှုအခြေအနေများမှာ-

**တစ်ပိဿာ-ကျပ်**

| သီးနှံအမည် | မတ်လ ပထမပတ် | | မတ်လ ဒုတိယအပတ် | | မတ်လ တတိယအပတ် | |
|---|---|---|---|---|---|---|
| | နိမ့် | မြင့် | နိမ့် | မြင့် | နိမ့် | မြင့် |
| ပဲတီစိမ်း(ရွှေဝါ) | ၂၀၈၀ | ၂၁၁၆ | ၂၀၈၀ | ၂၀၉၈ | ၂၁၅၁ | ၂၁၆၉ * |
| ပဲလွန်းဖြူ | ၁၀၀၀ | ၁၀၅၀ | ၉၆၇ | ၁၀၆၇ | ၉၅၀ | ၁၀၈၃ * |
| ပဲယင်း | ၇၈၃ | ၈၀၀ | ၈၃၃ | ၈၆၇ * | ၈၀၀ | ၈၃၃ |
| ပဲနီပြား | ၉၇၇ | ၁၁၄၀ | ၉၇၇ | ၁၁၄၀ | ၉၅၉ | ၁၁၅၈ * |
| စွန်တာပြာ | ၇၅၅ | ၇၇၃ | ၇၇၃ | ၇၉၀ | ၇၉၀ | ၈၀၇ * |
| မြေထောက်ပဲ | ၁၀၁၉ | ၁၀၅၆ | ၁၀၀၀ | ၁၀၉၃ * | - | ၁၀၅၆ |
| ပဲကြီး | ၁၁၇၆ | ၁၂၆၇ | ၁၁၇၆ | ၁၃၅၇ | ၁၂၆၇ | ၁၃၅၇ * |
| ပဲဇီးကွက် | - | ၈၁၅ | - | ၈၀၇ | - | ၈၂၄ * |
| ပဲပုပ် (ရှမ်း) | ၈၅၄ | ၈၆၄ | - | ၈၄၅ | ၈၈၃ | ၉၀၁ * |
| ပဲပုပ် (ဗမာ) | ၈၆၇ | ၈၇၃ | ၉၂၀ | ၉၃၉ * | ၉၀၁ | ၉၂၀ |
| ထောပတ်ပဲ | ၁၁၅၆ | ၁၂၄၄ | ၁၁၅၆ | ၁၂၀၉ | ၁၃၁၆ | ၁၃၃၃ * |
| ပြောင်းဖူးစေ့(ရှမ်း) | - | ၃၅၂ | ၃၆၇ | ၃၇၀ | ၃၇၄ | ၃၈၀ * |
| ပြောင်းဖူးစေ့ (ဗမာ) | - | ၃၃၃ | - | ၃၃၃ | ၃၅၂ | ၃၆၁ * |
| ပြောင်းဖူးစေ့ (စီပီ) | - | ၃၅၂ | ၃၆၇ | ၃၇၀ | ၃၇၄ | ၃၈၀ * |
| ဆန်ပြောင်း | ၄၀၅ | ၄၁၄ | - | ၄၂၂ * | ၃၉၇ | ၄၀၅ |
| နှမ်းနက် | ၂၀၀၀ | ၂၀၂၂ | ၁၉၁၁ | ၂၃၃၃ | ၂၀၀၀ | ၃၅၅၆ * |
| နှမ်းဖြူ | ၂၁၃၃ | ၂၄၂၂ * | ၂၁၁၁ | ၂၂၆၇ | ၁၉၅၆ | ၂၁၇၈ |
| မြေပဲ | ၂၁၀၀ | ၂၃၅၀ | ၂၂၅၀ | ၂၃၅၀ | ၂၃၅၀ | ၂၄၀၀ * |

*** ၂၀၁၅ ခုနှစ် မတ်လအတွင်း အမြင့်ဆုံးဈေးနှုန်း**

တရုတ်ဝယ်လက်မှ ပဲတီစိမ်းကြီးကို အဆွဲသွက်လျက်ရှိသလို ဈေးနှုန်းမှာလည်း ယခုလလယ်မှာ အမြင့်ဆုံးကိုရောက်နေပါတယ်။ ယခုအပတ်မှာ ပဲတီစိမ်း (ရွှေဝါ) တစ်ပိဿာ ၂၁၆၉ ကျပ် (တစ်တန် ၁၃၂၈၂၇၄ ကျပ်) နဲ့ ယခုလအတွင်း နေ့စဉ် သုံးတင်းအိတ် ၄၅၀၀ ကျပ်မှ ၆၀၀၀ အထိ အရောင်းအဝယ်ဖြစ်ကြောင်းသိရပါတယ်။ ထို့အတူ ပဲလွန်းဖြူ တစ်ပိဿာ ၁၀၈၃ ကျပ် (တစ်တန် ၆၆၃၂၁၈ ကျပ်)နဲ့ နေ့စဉ် သုံးတင်းအိတ် ၃၀၀ ခန့်၊ ပဲယင်း တစ်ပိဿာ ၈၃၃ ကျပ် (တစ်တန် ၅၁၀၁၂၁ ကျပ်)နဲ့ နေ့စဉ် သုံးတင်းအိတ် ၄၀၀ ကျော်၊ ပဲနီပြား တစ်ပိဿာ ၁၁၅၈ ကျပ် (တစ်တန် ၇၀၉၁၄၈ ကျပ်)နဲ့ နေ့စဉ် သုံးတင်းအိတ် ၅၀ ကျော်၊ စွန်တာပြာ တစ်ပိဿာ ၈၀၇ ကျပ် (တစ်တန် ၄၉၄၁၉၉ ကျပ်)နဲ့ နေ့စဉ် သုံးတင်းအိတ် ၁၀၀ ကျော်၊ မြေထောက်ပဲ တစ်ပိဿာ ၁၀၅၆ ကျပ် (တစ်တန် ၆၄၆၆၈၄ ကျပ်)နဲ့ နေ့စဉ် သုံးတင်းအိတ် ၁၀၀ ကျော်၊ ပဲကြီး တစ်ပိဿာ ၁၃၅၇ ကျပ်၊ (တစ်တန် ၈၃၁၀၁၃ ကျပ်)နဲ့ နေ့စဉ်သုံးတင်းအိတ် ၄၀၀ ကျော်၊ ပဲဇီးကွက် တစ်ပိဿာ ၈၂၄ ကျပ် (တစ်တန် ၅၀၄၆၀၉ ကျပ်)နဲ့ နေ့စဉ် သုံးတင်းအိတ် ၁၀၀ ခန့် ၊ ပဲပုပ် (ရှမ်း) တစ်ပိဿာ ၉၀၁ ကျပ် (တစ်တန် ၅၅၁၇၆၃ ကျပ်)၊ ပဲပုပ် (ဗမာ) တစ်ပိဿာ ၉၂၀ ကျပ် (တစ်တန် ၅၆၃၃၉၉ ကျပ်)နဲ့ ပဲပုပ်စေ့ နှစ်မျိုးပေါင်း သုံးတင်းအိတ် ၄၀၀ ခန့်၊ ထောပတ်ပဲ တစ်ပိဿာ ၁၃၃၃ ကျပ် (တစ်တန် ၈၁၆၃၁၆ ကျပ်)နဲ့ သုံးတင်းအိတ် ၂၅၀ ခန့် အရောင်းအဝယ်ဖြစ်ကြောင်း သိရပါတယ်။

ပြောင်းဖူးစေ့များ ယခင်လကထက် ဈေးနှုန်းအနည်းငယ်မြင့်လာသလို အရောင်းအဝယ်ဖြစ်မှုလည်း အနည်းငယ်သွက်လက်လာပါတယ်။ ပြောင်းဖူးစေ့ (ရှမ်း) တစ်ပိဿာ ၃၈၀ ကျပ် (တစ်တန် ၂၃၂၇၀၈ ကျပ်)၊ ပြောင်းဖူးစေ့ (ဗမာ) တစ်ပိဿာ ၃၆၁ ကျပ် (တစ်တန် ၂၂၁၀၇၃ ကျပ်)၊ ပြောင်းဖူးစေ့ (စီပီ) တစ်ပိဿာ ၃၈၀ ကျပ် (တစ်တန် ၂၃၂၇၀၈ ကျပ်)နဲ့ အဆိုပါ ပြောင်းဖူးစေ့ သုံးမျိုးပေါင်း သုံးတင်းအိတ် ၁၅၀၀ ခန့်၊ ဆန်ပြောင်း တစ်ပိဿာ ၄၀၅ ကျပ် (တစ်တန် ၂၄၈၀၁၈ ကျပ်) နဲ့ နေ့စဉ် သုံးတင်းအိတ် ၃၀၀ ကျော် အရောင်းအဝယ်ဖြစ်ကြောင်း သိရပါတယ်။

တရုတ်ဝယ်လက်ပုံမှန် ဝယ်ယူမှုရှိတဲ့ နှမ်းနက်ဈေးမာပြီး နှမ်းဖြူဈေးအနည်းငယ်အေးလျက်ရှိပါတယ်။ ယခုတစ်ပတ်မှာ နှမ်းနက် တစ်ပိဿာ ၃၅၅၆ ကျပ်(တစ်တန် ၂၁၇၇၆၅၉ ကျပ်) နဲ့ နေ့စဉ် သုံးတင်းအိတ် ၁၀၀၀ ခန့်၊ နှမ်းဖြူ တစ်ပိဿာ ၂၁၇၈ ကျပ် (တစ်တန် ၁၃၃၃၇၈၅ ကျပ်)နဲ့ နေ့စဉ် သုံးတင်းအိတ် ၅၀၀ ခန့် အရောင်းအဝယ်ဖြစ်ကြောင်း သိရပါတယ်။ မြေပဲဆန်တစ်ပိဿာ ၂၄၀၀ ကျပ် (တစ်တန် ၁၄၆၉၇၃၆ ကျပ်)နဲ့ အရောင်းအဝယ်ဖြစ်ကြောင်း သိရပါတယ်။

၂၀၁၅ ခုနှစ် မတ်လအတွင်း မန္တလေးမြို့အထွက် ၁၆ မိုင် (ကျောက်ချော)စစ်ဆေးရေးဂိတ်ဖြတ်စာရင်းအရ ပဲမျိုးစုံ၊ ပြောင်းဖူးစေ့များနှင့် နှမ်းရောင်စုံများရဲ့ စီးထွက်သွားမှုအခြေအနေမှာ -

**ရေတွက်ပုံ-တန်**

| သီးနှံအမည် | ၁. ၃. ၂၀၁၅ မှ ၁၅. ၃. ၂၀၁၅ ထိ စုစုပေါင်း | တစ်ရက်ပျမ်းမျှ |
|---|---|---|
| ပဲတီစိမ်း | ၂၇၄၀၆. ၄ | ၁၈၂၇. ၀၉ |
| ပဲလွန်းဖြူ | ၇၃၇. ၄၉ | ၄၉. ၁၇ |
| ပဲယင်း | ၉၉၉. ၈ | ၆၆. ၆၅ |
| ပဲနီပြား | ၇၉. ၃၉ | ၅. ၂၉ |
| စွန်တာနီ/ပြာ | ၁၇၂. ၉၅ | ၁၁. ၅၃ |
| မြေထောက်ပဲ | ၁၄၂. ၁၃ | ၉. ၄၈ |
| ပဲကြီး | ၄၉၅. ၈ | ၃၃. ၀၅ |
| ပဲဇီးကွက် | ၁၁၀. ၆၂ | ၇. ၃၇ |
| ပဲပုပ် | ၂၅၂. ၅ | ၁၆. ၈၃ |
| ထောပတ်ပဲ | ၃၀၆. ၄၅ | ၂၀. ၄၃ |
| ပြောင်းဖူးစေ့ | ၂၄၀၇. ၂၅ | ၁၆၀. ၄၈ |
| နှံစားပြောင်း | ၅၇၄. ၂၅ | ၃၈. ၂၈ |
| နှမ်းနက် | ၁၂၂၀. ၂၁ | ၈၁. ၃၅ |
| နှမ်းဖြူ | ၆၂၀. ၁ | ၄၁. ၃၄ |
| မြေပဲဆန် | ၆၂၄၉. ၈ | ၄၁၆. ၆၅ |

၂၀၁၅ ခုနှစ် မတ်လအတွင်းမှာ ပဲတီစိမ်းကြီးတင်ပို့မှုများပြားကြောင်း သိရှိရပါတယ်။ ပြောင်းဖူးစေ့များလည်း ယခင်လထက် အပို့ပိုမိုကြောင်း သိရပါတယ်။

မန္တလေးကုန်စည်ဒိုင် (ပွဲစား၊ ကုန်သည်၊ စက်ပိုင်များ ကထိန်တော်အသင်း)မှာ အရောင်းအဝယ်ပြုလုပ်တဲ့ သီးနှံများရဲ့ ၆၀ ရာခိုင်နှုန်းကျော်မှာ တရုတ် (ပြည်ပ) သို့ တင်ပို့လျက်ရှိကြောင်း၊ အဓိကအားဖြင့် တရုတ်ဝယ်လက်ရဲ့ အပေါ်မှာများစွာမူတည်လျက်ရှိကြောင်း၊ရန်ကုန်ဝယ်လက်နှင့် ဒေသတွင်း လှောင်လက်များမှလည်း ပုံမှန်ဝယ်ယူသည့် သီးနှံများရှိသဖြင့် အရောင်းအဝယ်ဖြစ်မှုမှာ ပုံမှန်ရှိကြောင်း သိရပါတယ်။ ထူးခြားသည်မှာ ယခုနှစ်မတ်လအတွင်း ပဲတီစိမ်းတင်ပို့မှုမှာ မတ် ၁ ရက်မှ ၁၅ ရက်နေ့အထိ ၂၇၄၀၆ ဒသမ ၄ တန်တင်ပို့နိုင်သဖြင့် တစ်ရက်ပျမ်းမျှ ၁၈၂၇ ဒသမ ၀၉ တန် တင်ပို့နိုင်လို့ သုံးတင်းအိတ်အနေနဲ့ ၁၉၈၉၇ အိတ် တင်ပို့နိုင်ကြောင်း သိရပါတယ်။

**စိုးအောင်-မန္တလေး**

## ပြည်ကုလားပဲ အထွက်လျှိုင်လာလို့ ပဲဈေး အနည်းငယ်လျော့

ပြည်ပဲဈေးကွက်သို့ ဆောင်းပဲများဝင်ရောက်လျက်ရှိရာ ကုလားပဲသီးနှံမှာလည်း တစ်ရက်အိတ် ၆၀၀ ကျော် ၇၀၀ အထိ သဲကုန်း၊ ရွှေတောင်၊ ပန်းတောင်းစသည်ဖြင့် နယ်စုံမှဝင်ရောက်နေခဲ့တယ်လို့ သိရပါတယ်။ ပဲအဝင်များလို့ ပဲဈေးမှာလည်း ယခင်တစ်ပတ်ထက် တစ်တင်း ၅၀၀ ကျပ်ခန့်လျော့သွားပြီး ယခုတစ်ပတ်မှာ တစ်တင်းဈေး ၁၈၂၀၀ ကျပ်ဖြင့် ခွဲစက်သမားရော၊ လှောင်သမားများပါ ဝယ်ယူနေခဲ့ကြပါတယ်။ ယခုလအတွင်း ကုလားပဲသီးနှံမှာ ဒေသတွင်းသာ အရောင်းအဝယ်ဖြစ်ခဲ့ပြီး အခြားဒေသကြီးများသို့ တင်ပို့ရောင်းချခဲ့ခြင်း မရှိဘူးလို့ သိရပါတယ်။

**ခင်ဆွေဝင်း-ပြည်**

# ပြည်ပဲမျိုးစုံဈေးကွက်မှာ မတ်လတတိယပတ်အတွင်း ပဲဈေးအချို့ ဈေးဆက်မြင့်တက်ပေမယ့် ပဲပုပ်ဈေးငြိမ်

မတ်လ တတိယပတ်မှာ ပြည်ပဲမျိုးစုံ ဈေးကွက်အတွင်း မတ်ပဲ၊ ပဲစင်းငုံ၊ ပဲကြီး၊ ပဲလွန်းဖြူ၊ ပဲနီပြားသီးနှံများ ဈေးမြင့်တက်လာပြီး ကုလားပဲ၊ ထောပတ်ပဲ ဈေးနှုန်းများ ဈေးလျော့နည်းခဲ့ကာ ပဲပုပ်သီးနှံဈေးငြိမ် အရောင်းအဝယ်ဖြစ်ခဲ့တာကို တွေ့ရပါတယ်။

မတ်ပဲသီးနှံမှာ အထွက်လှိုင်လာလို့ ပဲအဝင်လည်း များလာခဲ့ကာ ပြည်ဈေးကွက်သို့ ရွှေတောင်၊ ပြည်၊ ပေါက်ခေါင်း၊ ပန်းတောင်း၊ ပေါင်းတလည်၊ မင်းတုန်းနှင့် ပြည်၊ အောင်လံကြားမြို့နယ်များ စသည်ဖြင့် နယ်စုံမှ တစ်ရက်ကို အိတ် ၈၀၀ မှ ၁၀၀၀ ကျော်ထိဝင်ရောက်ခဲ့သလို ရန်ကုန်ဝယ်လက်ကလည်း ဝယ်လိုအားကောင်းလို့ အိတ် ၁၀၀၀ ကျော်နေ့စဉ် အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ ပဲဈေးမှာလည်း တစ်တင်း ၃၁၀၀၀ ကျပ်ထိ ဈေးမြင့်တက်ခဲ့ပြီး ယခင်နှစ်ကထက် ဈေးပိုရလာလို့ ပဲစိုက်တောင်သူများကလည်း ထွက်ရှိသမျှ ပဲများအားရောင်းထုတ်လာကြတာကို တွေ့ရပါတယ်။

ပဲစင်းငုံသီးနှံမှာလည်း နယ်စုံမှ ဝင်ရောက်ပေမယ့် အိတ် ၁၅၀ ကျော်ဝင်ရောက်မှုရှိပြီး လှောင်သမားများ ဝယ်ယူနေခဲ့ပါတယ်။ ယခုတစ်ပတ်မှာ ရန်ကုန်ဝယ်လက်မှ အဝယ်အေးနေပြီး လှောင်သမားများနှင့် လက်လီသမား များ ဝယ်ယူမှုရှိကာ ပဲဈေးမှာ တစ်တင်း ၂၉၈၀၀ ကျပ်မှ ၃၀၀၀၀ ကျပ်ထိ ယခင်တစ်ပတ်ထက် ဈေးပိုရခဲ့တာကိုလည်း တွေ့ရပါတယ်။

ပဲကြီးသစ်များလည်း ရွှေတောင်၊ ကျီးသဲ၊ ညောင်စာရေး၊ မင်းတုန်း၊ ကံမမြို့နယ်များမှ အထွက်လှိုင်လာလို့ အိတ် ၁၀၀၀ ကျော်အထိ အဝင်များခဲ့ပါတယ်။ လက်ပံတန်းမြို့နယ်ဘက်မှလည်း ပြည်ပဲဈေးကွက်သို့ တစ်ခါတစ်ရံ ပဲကြီးသစ်များအဝင်ရှိခဲ့တယ်လို့ သိရပါတယ်။ ပဲကြော်ဖို လုပ်ငန်းသမားများနှင့် လှောင်သမားများမှ ဝယ်ယူနေခဲ့ပြီး အခြားတိုင်းသို့ တင်ပို့မှုမရှိခဲ့ဘဲ ပဲဈေးမှာ(ရွှေကျွန်း)တစ်တင်း ၂၄၅၀၀ကျပ်၊ (ကမ်းနား) တစ်တင်း ၂၂၅၀၀ ကျပ် ဖြင့် ယခင်တစ်ပတ်ထက် ဈေးပိုရလာခဲ့ပါတယ်။

ပဲလွန်းဖြူသီးနှံကတော့ ပဲအဝင်ပါးသွားသလို အရောင်းအဝယ်ဖြစ်မှုမှာလည်း အေးသွားလို့ တစ်ရက်အိတ် ၅၀ ကျော်သာ ပဲတစ်တင်း ၂၀၀၀၀ ကျပ်ဖြင့် တစ်တင်း ၅၀၀ ကျပ်ခန့်ဈေးပိုရခဲ့ပါတယ်။ ပဲပုပ်သီးနှံဈေးမှာတော့ ပဲသစ်ပေါ်ချိန်မှစ၍ ယခုချိန်ထိ ဈေးမှာသိသိသာသာ အပြောင်းအလဲသိပ်မဖြစ်ခဲ့ဘဲ တစ်တင်း ၁၆၀၀၀ ကျပ်ဖြင့် ဈေးငြိမ်နေခဲ့ပါတယ်။ လှောင်သမားနဲ့ လက်ကားဝယ်ယူသူသိပ်မရှိတော့ဘဲ လက်လီသမားများသာ ဝယ်ယူခဲ့ကြတယ်လို့ သိရပါတယ်။

ပဲနီပြားသီးနှံကတော့ ပဲအဝင်များလာပြီး ရွှေတောင်၊ ကျီးသဲ၊ ပန်းတောင်းမြို့နယ်များမှ အိတ် ၅၀၀ ကျော် ဝင်ရောက်မှုရှိခဲ့ပါတယ်။ ပဲဈေးမှာလည်း ဈေးပိုရလာလို့ တစ်တင်း ၁၈၅၀၀ ကျပ်ဖြင့် ဒေသတွင်း လက်လီသမားများသာ အဝယ်ရှိရလို့ တစ်ရက်အိတ် ၁၀၀ ကျော်သာ အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

**ခင်ဆွေဝင်း-ပြည်**

# အိန္ဒိယနိုင်ငံရဲ့ပဲမျိုးစုံထုတ်လုပ်မှု ယခုနှစ် ၇ ရာခိုင်နှုန်းခန့်ကျဆင်း၊ ဈေးနှုန်းမြင့်တက်ရန်တာစူ

အိန္ဒိယ စိုက်ပျိုးရေးဝန်ကြီးဌာနရဲ့ ၂၀၁၄-၁၅ ခုနှစ်အတွက် ဒုတိယအကြိမ်ကြိုတင်ခန့်မှန်းမှုအရ ပဲထုတ်လုပ်မှုဟာ ပြီးခဲ့တဲ့နှစ်ထက် ၇ ရာခိုင်နှုန်းခန့် ကျဆင်းပြီး တန်ချိန် ၁၈ သန်းခန့်သာ ထွက်ရှိနိုင်မယ်လို့ ခန့်မှန်းထားကြောင်း Businessstandard. com မှာ ဖော်ပြထားပါတယ်။

ပြီးခဲ့တဲ့ သီးနှံနှစ် (ဇူလိုင်-ဇွန်) အတွင်း ပဲထွက်ရှိမှုဟာ တန်ချိန်သန်း ၂၀ခန့် ရှိခဲ့တယ်လို့လည်း သိရပါတယ်။ ပဲအထွက် လျော့နည်းခြင်းက ဒီနှစ်ပဲဈေးနှုန်းမြင့်တက်ဖို့ အထောက်အပံ့ ဖြစ်စေနိုင်တယ်လို့ အိန္ဒိယပဲမျိုးစုံနှင့် သီးနှံကုန်သည်များအသင်း ဒုတိယဥက္ကဋ္ဌ Bimal Kothari က ဆိုပါတယ်။

အိန္ဒိယ အမျိုးသားကုန်စည်နဲ့စာချုပ်စာတမ်းအိပ်ချိန်း NCDEXမှာ ဧပြီလပို့ရမယ့် ကုလားပဲ အခြေခံဈေးနှုန်းက ဖေဖော်ဝါရီလမှာ ဖြစ်ခဲ့တဲ့ဈေးထက် နှစ်ဆခန့်မြင့်တက်ပြီး တစ်တန်ကို ရူပီး ၃၆၆၅၀ (ကန်ဒေါ်လာ ၅၈၁) အထိ ဖြစ်ခဲ့ပါတယ်။ ပဲမျိုးစုံဈေးနှုန်းဟာ လွန်ခဲ့တဲ့နှစ် အနည်းငယ်အတွင်းမှာ ဝယ်လိုအားကြီးထွားမှုက နှေးကွေးလာတဲ့အတွက် ဈေးနှုန်းအီနေခဲ့ပါတယ်။ တစ်ချိန်ထဲမှာ ပဲစင်းငုံထွက်ရှိမှု တန်ချိန် ၂ ဒသမ ၇၅ သန်းလို့ ခန့်မှန်းထားပြီး ကုလားပဲကိုတော့ ၁၀ ရာခိုင်နှုန်း လျော့ကျပြီး တန်ချိန် ၈ ဒသမ ၃ သန်း ခန့်ထွက်ရှိလိမ့်မယ်လို့ ခန့်မှန်းထားပါတယ်။ ပြီးခဲ့တဲ့ ရာသီချိန်က မုတ်သုံမိုးတစ်လခန့် နောက်ကျခဲ့တဲ့အတွက် မိုးရာသီစိုက်ပျိုးမှုနဲ့ ရိတ်သိမ်းမှုကလည်း အချိုးညီစွာ နောက်ကျခဲ့ပါတယ်။ တစ်ဆက်တည်းမှာပဲ ဆောင်းပဲစိုက်ပျိုးမှုကလည်း ဆက်ပြီး လျော့ကျခဲ့ပါတယ်။ ဒ့ါအပြင် ဇန်နဝါရီလမှာ ရာသီမဟုတ်တဲ့ မိုးရွာသွန်းမှုကြောင့် အဓိကပဲစိုက်ပျိုးတဲ့ ဒေသတွေမှာ ဆောင်းပဲတွေ ပျက်စီးခဲ့ကြောင်း သိရပါတယ်။

ဒါကြောင့် အိန္ဒိယရဲ့ ပြည်ပပဲအပေါ် မှီခိုနေရမှုဟာ ဒီရာသီမှာတန်ချိန် ၄ သန်း ဝန်းကျင်လောက်အထိ တင်သွင်းမှုမြင့်တက်နိုင်မှာဖြစ်လို့ ပြီးခဲ့တဲ့နှစ် တင်သွင်းမှုထက်တန်ချိန် သုံးသိန်းငါးသိန်းခန့် ပိုမိုနိုင်တယ်လို့ အသင်းဒုတိယဥက္ကဋ္ဌက ခန့်မှန်းထားကြောင်း ဖော်ပြထားပါတယ်။

ပဲအဓိကစိုက်ပျိုးရာ မဟာသျှတ္တရမှာလည်း ပြီးခဲ့တဲ့ ကိုးလလောက်ကတည်းက မိုးခေါင်ခြောက်သွေ့မှုကြောင့် ပဲတီစိမ်းထုတ်လုပ်မှုအနေနဲ့ ပြီးခဲ့တဲ့နှစ်နဲ့ယှဉ်ရင် ၆၁ ရာခိုင်နှုန်းခန့် ကျဆင်းနိုင်ပြီး ပဲပုပ်အထွက်နှုန်းကလည်း ၅၉ ရာခိုင်နှုန်းခန့်၊ ပဲစင်းငုံက ၄၂ ရာခိုင် နှုန်းခန့်နဲ့ မတ်ပဲက ၄၈ ရာခိုင်နှုန်းခန့် ကျဆင်းနိုင်တယ်လို့ ပြည်နယ်စိုက်ပျိုးရေးဌာနက ခန့်မှန်းထားကြောင်းလည်း အိန္ဒိယသတင်းတစ်ပုဒ်မှာဖော်ပြထားပါတယ်။ အဲဒီခန့်မှန်းချက်ဟာ မိုးခေါင်ခြောက်သွေ့မှုအတွက် ဗဟိုအစိုးရရဲ့ အကူအညီရရှိဖို့ ပြည်နယ်အစိုးရတင်ပြမှုမှာဖော်ပြထားခြင်းဖြစ်တယ်လို့လည်းသိရပါတယ်။

ဒါပေမယ့် ပြည်နယ်စိုက်ပျိုးရေးဝန်ကြီးကတော့ ပဲအထွက်နှုန်းကျဆင်းမှုက ၅၀ ရာခိုင်နှုန်းကျော် လျော့ကျမယ်လို့ ခန့်မှန်းထားပေမယ့် အခြားပြည်နယ်တွေကနေ ရောင်းချမှုတွေရှိမှာဖြစ်လို့ ပြည်နယ်အတွင်းမှာ ပဲပြတ်လပ်မှာတော့မဟုတ်ဘူးလို့ ဆိုပါတယ်။

ဒါပေမယ့် ကျွမ်းကျင်သူတွေ ပြောကြားတာကတော့ ပြည်နယ်အနေနဲ့ ပဲဈေးနှုန်းမြင့်တက်မှုနဲ့ ရင်ဆိုင်ရပြီး၊ ပဲတင်သွင်းနေရတာဖြစ်လို့ ပဲမလုံလောက်မှုက ဈေးနှုန်းကို ပိုမိုတွန်းပို့စေမယ်လို့ သုံးသပ်ထားပါတယ်။ ပဲစင်းငုံ ဈေးအနေနဲ့ လက်ရှိမှာကို တစ်တန် ရူပီး ၆၀၀၀၀ (ကန်ဒေါ်လာ ၉၅၁) ထိကို ရောက်ရှိနေပြီဖြစ်လို့ ဒါဟာ အနိမ့်ဆုံး ထောက်ပံ့ဈေးနှုန်း တစ်တန် ရူပီး ၄၂၀၀၀ (ကန်ဒေါ်လာ ၆၆၆) နဲ့ ယှဉ်ရင် အဆမတန်ကို မြင့်တက်နေပြီလို့လည်း ၎င်းက ဆိုပါတယ်။

**ယမင်းရွှေစင်**

# အဝယ်လိုက်လို့ ဈေးပြန်မြင့်လာတဲ့ ပြည်မြေပဲဆန်ဈေး

ယခုတစ်ပတ်တွင် မြေပဲဆန်ဈေးပြန်တက်လာပြီး အရောင်းအဝယ်ဖြစ်လျက်ရှိပါတယ်။ ပြည်ဈေးကွက်သို့ မြေပဲဆန်အဝင်မှာ တစ်နေ့လျှင် အိတ် ၇၀၀ ခန့်သာ အဝင်ရှိပြီး ရန်ကုန်၊ မန္တလေးဝယ်လက်နှင့် ဆီစက်များက အဝယ်ရှိသဖြင့် ဈေးအနည်းငယ်မြင့်လာပါတယ်။ လုံးဆန်ချောကို ရန်ကုန်၊ မန္တလေးဝယ်လက်များက အဝယ်ရှိခြင်း၊ ဆီဆန်ကို ပြည်ဆီစက်နှင့် မကွေးဆီစက်များက အဝယ်ရှိသဖြင့် ဈေးပြန်မြင့်လာပါတယ်။ မြေပဲဆန်ဈေးမြင့်သလို ဆီဈေးပါမြင့်လာတာ တွေ့ရပါတယ်။ မြေပဲဆန်ဈေးမှာ ဆီကြိတ်ဆန် တစ်ပိဿာ ၂၀၀၀ ကျပ်နဲ့ လုံးဆန်တစ်ပိ ဿာ ၂၂၀၀ ကျပ်အထိ ဈေးမြင့်နေတာ တွေ့ရပြီး ဆီဈေးမှာလည်း တစ်ပိဿာ ၃၉၀၀ ကျပ်နဲ့ ဈေးအနည်းငယ် ပြန်တက်လာတာ တွေ့ရပါတယ်။

**ဝေဝေမင်း-ပြည်**

# မုံရွာကုန်စည်ဒိုင် မတ်လတတိယပတ် ပဲဈေးကွက် နယ်အဝင်လျော့လာလို့ဈေးမာ

မုံရွာကုန်စည်ဒိုင် မတ်လတတိယပတ် ပဲဈေးကွက်မှာ ဒေသတွင်းလုပ်ငန်းသုံးဝယ်လက်နဲ့ နယ်ဝယ်လက် ဝယ်လိုအားကောင်းပေမယ့် တောင်သူလက်ဝယ် ပဲလက်ကျန်လျော့ကာ ဒိုင်ကိုပဲအဝင်ပါးနေတဲ့အတွက် ပဲအများစု ဆက်လက်ဈေးမာနေတာ တွေ့ရပါတယ်။

Export အတွက် ဝယ်လိုအားတက်ခဲ့တဲ့ငုံနီဟာ ပဲသစ်ပေါ်ကာစက တည်းက ပဲဈေးကောင်းလို့ ဒိုင်ကို အရောင်းတက်ခဲ့ကြတဲ့အတွက် တောင်သူလက် ဝယ်ပဲလက်ကျန်ပါးလာကာ ယခုတစ်ပတ်အတွင်း နယ်အဝင်မရှိသလောက်လျော့ခဲ့တယ်လို့ ပွဲရုံရပ်ကွက်ကဆိုပါတယ်။ ဒါကြောင့်လည်း ၂၉၆၀၀ ကျပ်မှာ ဆက်လက်ဈေးမာခဲ့ပြီး၊ ဝယ်လက်အနေနဲ့ ရန်ကုန်အော်ဒါဖြည့်စွက်ဖို့ ယခုလိုဈေးမြင့်ဝယ်ရတဲ့အတွက် ဈေးမာနေခြင်းဖြစ်တယ်လို့ဆိုပါတယ်။ အရောင်းအဝယ်အနေနဲ့ နေ့စဉ်ပုံမှန်မရှိဘဲ တစ်ရက်အိတ် ၃၀၀ မှ ၅၀၀ ကြားသာဖြစ်နိုင်တယ်လို့ ဒိုင်ရပ်ကွက်က ဆိုပါတယ်။

မတ်ပဲဈေးကွက်မှာလည်း နယ်ကပဲအဝင်လျော့ကာ ဒေသတွင်းလုပ်ငန်းသုံး ဝယ်လိုအားနဲ့ နယ်ဝယ်လက် ဝယ်လိုအားတွေကြောင့် ဆက်လက်ဈေးမြင့်လာခဲ့ရာ ယခုတစ်ပတ်မှာ တစ်တင်း ၂၉၃၀၀ ကျပ်ထိ အမြင့်ဆုံးပေါက်ခဲ့ပြီး၊ တစ်ရက်အိတ် ၂၀၀ မှ ၅၀၀ ကြားသာ အရောင်းအဝယ်ဖြစ်နိုင်တယ်လို့ဆိုပါတယ်။

ရေလိုင်းလို့ခေါ်တဲ့ ကနီ၊ မင်းကင်း၊ မော်လိုက်၊ ဖောင်းပြင်၊ ဟုမ္မလင်းဘက်က ဆောင်းပဲတွေလည်း ဒီနှစ်မှာ မုံရွာကုန်စည်ဒိုင်ကို အဝင်လျော့သွားတယ်လို့ ရေလိုင်းပွဲရုံရပ်ကွက်က သိရပါတယ်။ ရေလိုင်းကလာတဲ့ မြေထောက်ပဲဈေးအနေနဲ့ ယခုတစ်ပတ်မှာ တစ်တင်းအနိမ့်ဆုံး ၁၃၀၀၀ ကျပ်မှ အမြင့်ဆုံး ၁၅၇၀၀ ကျပ်ထိ ပေါက်ဈေးဖြစ်ပေါ်ခဲ့ပြီး ရန်ကုန်ဝယ်လက် အဝယ်ရှိတယ်လို့သိရပါတယ်။ ပဲကြီးဈေးကွက်ကတော့ လဆန်းပိုင်းက ရေလိုင်းပဲကြီးတစ်တင်း ၁၅၅၀၀ ကျပ် ပေါက်ခဲ့ရာက ယခု ၁၆၅၀၀ ကျပ်ကိုလည်းကောင်း၊ ကုန်းပဲကြီးက လဆန်းပိုင်းက တစ်တင်း ၂၀၀၀၀ ကျပ်သာရှိခဲ့ရာက ယခုတစ်ပတ်မှာ ၂၂၀၀၀ ကျပ်ထိလည်းကောင်း အသီးသီး ဈေးမြောက်လာပါတယ်။

ဒေသတွင်းလုပ်ငန်းအသုံးများတဲ့ စွန်တာနီဈေးကွက်ကတော့ ယခုတစ်ပတ်မှာလည်း တစ်တင်း ၁၅၄၀၀ ကျပ်ထိ ဈေးပြန်မာနေပြီး တစ်ရက်အိတ် ၅၀၀ မှ ၈၀၀ ကြား အရောင်းအဝယ်ဖြစ်နေသလို တောင်သူလက်ဝယ်မှာ ပဲလက်ကျန်ရှိနေသေးတယ်လို့သိရပါတယ်။ ပဲယင်းဈေးကွက်လည်း ယခုတစ်ပတ်မှာ ဝယ်လိုအား အနည်းငယ် မြင့်တက်ရာ ယခုတစ်ပတ်မှာ ပဲယင်းအသေးတစ်တင်း ၁၄၀၀၀ ကျပ်နဲ့ အကြီးတစ်တင်း ၁၆၈၀၀ ကျပ်ထိ ပေါက်ခဲ့ ပါတယ်။

ယခုတစ်ပတ် ကုလားပဲမျိုးစုံဈေးကွက်မှာလည်း ဒေသတွင်းဝယ်လိုအား အသင့်အတင့်ကောင်းမွန်နေလို့ ဈေးဆက်လက်မာနေကာ ကုလားပဲထိုင်ဝမ် တစ်တင်း ၁၇၂၀၀ ကျပ်၊ V2 တစ်တင်း ၁၇၄၀၀ ကျပ်နဲ့ ကုလားပဲ ၉၂၉ တစ်တင်း ၁၇၅၀၀ ကျပ် အသီးသီးပေါက်ဈေးဖြစ်ပေါ်ခဲ့ပြီး အရောင်းအဝယ်အားဖြင့် ကုလားပဲမျိုးစုံ တစ်ရက်အိတ် ၁၀၀၀ မှ ၁၅၀၀ ကြားဖြစ်နိုင်တယ်လို့ မုံရွာကုန်စည်ဒိုင်ဈေးကွက်က သိရှိရပါတယ်။

**ထွန်းလှိုင်-မုံရွာ**

# စစ်ကိုင်းပဲကြီး အထွက်လှိုင် အရောင်းအဝယ်သွက်

စစ်ကိုင်းတိုင်းဒေသကြီး ၂၀၁၄-၁၅ ခုနှစ် ဆောင်းသီးနှံ ပဲကြီးလျာထား စိုက်ဧက ၄ သောင်း ၈ ထောင်မှာ ဧက ၅ သောင်းကျော် စိုက်ပျိုးခဲ့လို့ ၁၀၈ ရာခိုင်နှုန်း စိုက်ပျိုးနိုင်ပါတယ်။ ယခုအချိန်မှာ ပဲကြီးအထွက်လှိုင်ချိန်ဖြစ်လို့ ဘုတလင်၊ အရာတော်၊ ချောင်းဦး၊ ယင်းမာပင်၊ ကနီ၊ ဆားလင်းကြီးမြို့နယ်များမှ မုံရွာကုန်စည်ဒိုင်သို့ အဝင်လှိုင်နေလို့ တစ်ရက်ပဲကြီးတင်း ၂၀၀၀ နဲ့ ၄၀၀၀ ကြားဝင်ရောက်လျက်ရှိပါတယ်။ ဒေသတွင်းအသုံးနဲ့ မန္တလေးဝယ်လက် အဆွဲသွက်လို့ ဝင်ရောက်သမျှအားလုံး အရောင်းအဝယ်ဖြစ်ကာ မုံရွာကုန်စည်ဒိုင်မှာ အရောင်းအဝယ်အကောင်းဆုံးသီးနှံမှာ ပဲကြီးဖြစ်ပါတယ်။ ၂၀၁၅ ခုနှစ်၊ မတ်လအတွင်း ပဲကြီးတစ်တင်းအနိမ့်၊ အမြင့်ပေါက်ဈေးမှာ ၁၅၅၀၀ ကျပ်၊ ၁၆၅၀၀ ကျပ်ဖြစ်ပြီး ယခင်နှစ်ကာလတူပေါက်ဈေးမှာ ၂၁၀၀၀ ကျပ်၊ ၂၄၀၀၀ ကျပ်ဈေးပေါက်ပါတယ်။

**သန်းသန်းတင်-မုံရွာ**

## နနွင်း

### နနွင်းတက် ပိုမိုတင်ပို့

မတ်လ ဒုတိယပတ်မှာ မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ် (၁၀၅) မိုင်ကုန်သွယ်ရေးဇုန်၊ မြန်မာ-ထိုင်းနယ်စပ်ရှိ မြဝတီကုန်သွယ်ရေးဇုန်နဲ့ မြန်မာ-ဘင်္ဂလားဒေ့ရှ် နယ်စပ်ရှိစစ်တွေနယ်စပ်ကုန်သွယ်ရေး စခန်းများမှ ကန်ဒေါ်လာ ၇၉၂၃၈ တန်ဖိုးရှိ နနွင်းတက် ၁၂၃ တန်ခွဲကို တင်ပို့ခဲ့ပါတယ်။ စခန်းအလိုက် တင်ပို့မှုကတော့ မူဆယ်မှ ၉၅ တန်၊ မြဝတီမှ တန် ၂၀ ခွဲနဲ့ စစ်တွေမှ ၈ တန်တို့ဖြစ်ပါတယ်။ ယခင်သီတင်းပတ်က ထိုစခန်း သုံးခုပေါင်း ၁၁၂ တန်ကျော်သာ တင်ပို့နိုင်ခဲ့လို့ ယခုတစ်ပတ်နနွင်းတက် ပိုမိုတင်ပို့လာပါတယ်။ ရှမ်းနနွင်းက ပုံမှန်အရောင်းအဝယ်ရှိပြီး ဟိုပုံးနနွင်းကတော့ အိန္ဒိယနဲ့ဘင်္ဂလားဒေ့ရှ်က ဝယ်လက်တွေဝယ်ယူကြတယ်လို့သိရပါတယ်။ အောင်ပန်းဈေးကွက်မှာတော့ အရည်အသွေးပေါ် မူတည်ပြီး နနွင်းဈေးတွေ ကွာခြားကြတယ်လို့ ပွဲရုံတွေက သတင်းရရှိပါတယ်။

**မော်မော်အောင် MIRT( DCCA)**


### မူဆယ်ဝယ်လက် အဝယ်လျော့လို့ ဈေးကွက်သို့ နနွင်းအဝင်နည်း

ရှမ်းနနွင်းအသစ်တွေကတော့ အဝင်နည်းနေပါသေးတယ်၊ အဟောင်းတွေကတော့ တဖြည်းဖြည်း ရောင်းနေရလို့ လက်ကျန်တောင်အတော်နည်းလာပါပြီ။ နနွင်းဟောင်းက အောင်ပန်းရော ဟိုပုံးမှာပါ နည်းသွားပြီလို့ သိရပါတယ်။ ရာသီဥတုက ပူပြင်းလာတာကြောင့် အသစ်တွေလည်း ဒီလကုန်၊ နောက်လဆိုရင် အဝင်များလာတော့မှာလို့ သိရပါတယ်။ ဟိုပုံးနနွင်းတွေကိုတော့ ဈေးမကိုက်လို့ မူဆယ်ဝယ်လက်တွေက အဝယ်ရပ်ထားတယ်လို့ သိရပါတယ်။ တောင်ကုတ်ဝယ်လက်တွေကလည်း ဈေးမေးပေမယ့် အရောင်းအဝယ်ဖြစ်သေးပါဘူး။ ပြည်ပဝယ်လက်တွေက ပစ္စည်းကောင်းတော့ လိုချင်တယ်၊ ဈေးကိုအောက်ဈေးနဲ့သာ ပေးချင်တာကြောင့် တောင်သူတွေကလည်း ဈေးချပြီး မရောင်းနိုင်လို့ အရောင်းအဝယ်ကလည်း မဖြစ်သေးပါဘူး၊ ဟိုပုံးချင်းဈေးကွက်မှာ နနွင်းအသစ် အဝင်နည်းနေတာရယ်၊ လက်ကျန်နနွင်းကလည်း နည်းသွားတာရယ်ကြောင့် နနွင်းဈေးကအသစ်၊ အဟောင်း ဈေးနှုန်းတူနေပါတယ်။ ဟိုပုံးဈေးကွက်မှာ နနွင်းတစ်ပိဿာ ၁၄၅၀ ကျပ်ဈေး ပေါက်နေပါတယ်။ အောင်ပန်းဈေးကွက်က နနွင်းကိုတော့ ပြည်ပဝယ်လက်တွေ သိပ်ပြီးစိတ်မဝင်စားသေးပါဘူး။ ပြည်တွင်းလှောင်လက်တွေဖြစ်တဲ့ ရန်ကုန်၊ ပြည် စတဲ့ဝယ်လက်တွေသာဝယ်ပြီး စုထားတယ်လို့ သိရပါတယ်။ ရန်ကုန်၊ ပြည်ဝယ်လက်တွေကတော့ တစ်ပတ်အတွင်း နနွင်းပိဿာချိန် ၆၇၀၀၀ ဝယ်ယူသွားခဲ့ပါတယ်။ နနွင်း တစ်ပိဿာပေါက်ဈေးက အနိမ့်ဆုံး ၁၄၀၀ ကျပ်မှ အမြင့်ဆုံး ၁၈၀၀ ကျပ်ဈေးရှိတယ်လို့ အောင်ပန်းနနွင်းပွဲရုံတွေထံက သိရပါတယ်။ **ဧခိုင်-တောင်ကြီး**

### နနွင်းတင်ပို့မှုလျော့

သီတင်းတစ်ပတ်ဖြစ်တဲ့ မတ်လ ၈ ရက်မှ ၁၄ ရက်အတွင်း နနွင်း ၁၁၅ ဒသမ ၉၉ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်ပို့ခဲ့ပါတယ်။ ဒီတစ်ပတ်မှာ စင်ကာပူနိုင်ငံကို ၈၅ တန်နဲ့ ယီမင်နိုင်ငံကို ၃၁ ဒသမ ၉၉ တန်တင်ပို့ ခဲ့ပါတယ်။ ယခင်သီတင်းပတ်တင်ပို့မှုနဲ့ ယှဉ်ရင် ဒီတစ်ပတ်မှာ တန်ချိန် ၁၅၀ တင်ပို့ မှုလျော့ခဲ့တယ်လို့ သိရပါတယ်။ နနွင်းတင်ပို့မှုမှ ကန်ဒေါ်လာ ၆၆၅၃၄ ဒသမ ၃ ဝင်ငွေရရှိခဲ့တယ်လို့ သိရပါတယ်။ **သီတာဝင်း (DOT)**

## သီဟိုဠ်



### မြဝတီနဲ့ ကော့သောင်းနယ်စပ်မှ ဖေဖော်ဝါရီလအတွင်း သီဟိုဠ်စေ့ ၁၃ တန်ကျော် တင်ပို့

မြန်မာ-ထိုင်းနယ်စပ်ရှိမြဝတီကုန်သွယ်ရေးဇုန်နဲ့ ကော့သောင်းနယ်စပ်ကုန်သွယ်ရေးစခန်းမှ ဖေဖော်ဝါရီလ အတွင်း ကန်ဒေါ်လာ သုည ဒသမ ၁၀၂ သန်းတန်ဖိုးရှိ သီဟိုဠ်စေ့ ၁၃ တန်ကျော်တင်ပို့နိုင်ခဲ့ပါတယ်။ မတ်လ ၇ ရက်မှ ၁၃ ရက်တာကာလအတွင်းမှာ ကော့သောင်းနယ်စပ်စခန်းမှ သီဟိုဠ်စေ့ ၉ တန်ကျော် တန်ဖိုးကန်ဒေါ်လာ သုည ဒသမ ၀၇၂ သန်း တင်ပို့နိုင်ခဲ့ပေမဲ့ မြဝတီကုန်သွယ်ရေးဇုန်မှ တင်ပို့နိုင်ခဲ့ခြင်းမရှိပါ။ **ခင်မြနွယ် MIRT(DCCA)**

## ချင်း

### နယ်ဝယ်လက် အားကောင်းသော်လည်း ပြည်ချင်းဈေးနှုန်းပုံမှန်ဖြစ်

ပြည်ချင်းဈေးကွက်သို့ ယခုတစ်ပတ် တောင်ကြီး၊ အောင်ပန်းဒေသမှ ချင်းများပိဿာ ၃၀ ဝင်အိတ် ၁၀၀ ခန့် ဝင်ရောက်ခဲ့ပါတယ်။ နယ်ဝယ်လက်က ဝယ်ယူမှုအားကောင်းနေသော်လည်း ဈေးနှုန်းမှာ ပုံမှန်အတိုင်းရှိနေပါတယ်။ အရောင်းအဝယ်မှာ တစ်နေ့ပိဿာ ၄၀၀ ခန့် ပုံမှန်ရောင်းဝယ်နေပြီး၊ ချင်းတစ်ပိဿာ (ရှယ်) ၉၀၀ ကျပ်၊ (ဂွန်) ၈၀၀ ကျပ်နဲ့ ဈေးငြိမ်နေပါတယ်။ ဧရာဝတီတိုင်းနဲ့ ရခိုင်ပြည်နယ်တို့သို့ ပြည်ဈေးကွက်မှတစ်ဆင့် စားသုံးရန် ယခုတစ်ပတ်အတွင်း ပိဿာချိန် ၃၆၀ ခန့် တင်ပို့ကြောင်း သိရပါတယ်။

**ဝင်းဝင်းခိုင်-ပြည်**

### ပြည်တွင်းသုံးအတွက် အောင်ပန်းချင်း အရောင်းအဝယ်သွက်

ဒီတစ်ပတ်တော့ ဟိုပုံးချင်းဈေးကွက်မှာ ချင်းစိုက အဝင်နည်းသွားပါပြီ။ တောင်သူလက်ကျန်လည်း ကုန်သလောက်ဖြစ်နေပြီလို့လည်း ဟိုပုံးချင်းပွဲရုံတွေက သိရှိရပါတယ်။ ဟိုပုံးချင်းကိုတော့ ပြည်တွင်းဝယ်လက်တွေက သိပ်ပြီးမဝယ်ကြပါဘူး။ တောင်ကြီးမြို့နဲ့ အနီးအနားပတ်ဝန်းကျင်တွေကသာ စားသုံးဖို့အတွက် လက်လီဝယ်ယူမှုသာရှိပြီး တောင်ကြီးမြို့ပေါ်မှာတော့ ဒေသထွက် ဟိုပုံးချင်း၊ ဟဲဟိုးချင်းတွေကို အသုံးများကြပါတယ်။ ပြည်တွင်းသုံး ဈေးပတ်သမားတွေကတော့ အောင်ပန်းဈေးကွက်ကို ဝင်တဲ့ချင်းတွေကိုသာ ဝယ်ယူပါတယ်။ ဟိုပုံးချင်းက သယ်ယူခပိုလာတာကြောင့် အဝယ်လည်း သိပ်မရှိပေမယ့် ဒီတစ်ပတ်လည်း တောင်ကုတ်ဝယ်လက်တွေက ဝယ်နေဆဲပါပဲ။ အဝင်နည်းသွားတာ ကြောင့် ဈေးကလည်း ကောင်းလာပါတယ်။ ချင်းအရည်အသွေးပေါ် မူတည်ပြီး၊ ဈေးအမျိုးမျိုးရှိပေမယ့် တောင်ကုတ်ဝယ်လက်ဝယ်တဲ့ ချင်းကတော့ တစ်ပိဿာ ၇၀၀ ကျပ်ဈေးရှိနေပါတယ်။ ချင်းခြောက်ကတော့ လုံးဝမရှိတော့သလို လုပ်လည်း မလုပ်ကြတော့ဘူးလို့ သိရပါတယ်။

အောင်ပန်းဈေးကွက်မှာတော့ ချင်းအဝင်က ပုံမှန်ရှိနေပြီး ဒေသအစုံက ဝယ်လက်တွေက ဝယ်နေကြပါတယ်။ ချင်းစို၊ ချင်း ခြောက် အတော်များများကလည်း အောင်ပန်းဈေးကွက်ကို အဓိကဝင်တာဖြစ်လို့ ဝယ်လက်တွေကလည်း မိမိကြိုက်နှစ်သက်ရာ အရည်အသွေး ဈေးနှုန်းတွေကို ချိန်ပြီး ဝယ်ယူကြတာရယ်၊ ချင်းပြန်စိုက်ပျိုးချိန်ရောက်ရှိလာပြီဖြစ်လို့ မျိုးချင်းနဲ့ ဓားလှီးချင်းတွေ ဝယ်ယူမှု များလာတာကြောင့် အရောင်းအဝယ်ကလည်း သွက်လာပါတယ်။ ဈေးပတ်သမားတွေအပြင် ရန်ကုန်၊ မုံရွာ၊ ပြည်၊ စစ်တွေ စတဲ့ ဝယ်လက်တွေပါ ဝယ်နေတာကြောင့် တစ်ပတ်အတွင်း အောင်ပန်းဈေးကွက်ကနေ ချင်းပိဿာချိန်ပေါင်း ၂ ဒသမ ၆ သိန်းစီးဆင်းသွားပါတယ်။ ဈေးနှုန်းတွေကတော့ အနိမ့်ဆုံး ၄၀၀ ကျပ်မှ အမြင့်ဆုံး ၁၀၀၀ ကျပ်ဈေးရှိပါတယ်။

**ဧခိုင်-တောင်ကြီး**

### ချင်းပြန်လည်တင်ပို့

ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ ချင်း ၂၁၂ တန်ကို မတ်လ ၈ ရက်မှ ၁၄ ရက်သီတင်းပတ်အတွင်း တင်ပို့ခဲ့ပါတယ်။ ဖေဖော်ဝါရီ တတိယပတ်သီတင်းပတ်မှစပြီး အပို့ပျောက်ခဲ့တဲ့ချင်းက ဒီတစ်ပတ်မှပြန်လည်တင်ပို့ခဲ့ခြင်းဖြစ်ပါတယ်။ ဒီတစ်ပတ်မှာ ကန်ဒေါ်လာ ၅၁၈၄၀ တန်ဖိုးရှိ ချင်း ၁၆၂ တန်ကို စင်ကာပူကို လည်းကောင်း၊ ကန်ဒေါ်လာ ၉၈၇၅၀ တန်ဖိုးရှိ ချင်း ၅၀ တန်ကို မလေးရှားနိုင်ငံ ကိုလည်းကောင်း တင်ပို့ခဲ့တယ်လို့ သိရပါတယ်။

**သီတာဝင်း (DOT)**

## မန်ကျည်း

### မန်ကျည်းတန်ချိန် နှစ်ထောင်ကျော်ထိတင်ပို့နိုင်

မတ်လ ၈ ရက်မှ ၁၄ ရက်သီတင်းပတ်အတွင်း ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ မန်ကျည်း ၂၀၃၅ ဒသမ ၉၅ တန်ကို တင်ပို့နိုင်ခဲ့ပါတယ်။ ဒီတစ်ပတ်မှာ တရုတ်နိုင်ငံကို ၂၈ ဒသမ ၈ တန်၊ မလေးရှားကို ၆၁၀၂၂ ဒသမ ၁၅ တန်၊ ပါကစ္စတန်နိုင်ငံ ၄၅၀ တန်၊ စင်ကာပူကို ၃၃၉ တန်၊ ယူအေအီးနိုင်ငံကို ၁၉၆ တန် တင်ပို့ခဲ့တယ်လို့ သိရပါတယ်။

ဒီတစ်ပတ်မှာ မလေးရှားနိုင်ငံကို အများဆုံးတင်ပို့နိုင်ခဲ့ပါတယ်။ ယခင်သီတင်းပတ်တင်ပို့မှုနဲ့ယှဉ်ရင် ဒီတစ်ပတ်မှာ ၇၇၃ ဒသမ ၃၉ တန်ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။ မန်ကျည်းတင်ပို့မှုမှ ကန်ဒေါ်လာ ၆၀၁၇၇၄ ဒသမ ၉၉ ဒေါ်လာဝင်ငွေရရှိခဲ့တယ်လို့ သိရပါတယ်။

**သီတာဝင်း (DOT)**

## ကြက်သွန်နီ

### ကြက်သွန်နီ ပိုမိုတင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ် (၁၀၅) မိုင်ကုန်သွယ်ရေးဇုန်မှ မတ်လ ဒုတိယပတ်အတွင်း ကန်ဒေါ်လာ ၄၂၆၈၂ တန်ဖိုးရှိ ကြက်သွန်နီ ၂၄၂ တန်ခွဲနဲ့ မြန်မာ-ထိုင်းနယ်စပ်ရှိ မြဝတီကုန်သွယ်ရေးဇုန်မှ ကန်ဒေါ်လာ ၁၃၅၅၉၂ တန်ဖိုးရှိ ကြက်သွန်နီ ၅၂၅ တန်ခွဲ တင်ပို့နိုင်ခဲ့ပါတယ်။ ယခင်ရက်သတ္တပတ်က မူဆယ်မှ တန်ချိန် ၃၂၀၊ မြဝတီမှ ၄၁၇ တန်နဲ့ တမူးမှ ၂၂ တန်ခွဲ စခန်းသုံးခုပေါင်း ၇၅၉ တန်ကျော်တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ ကြက်သွန်နီ ပိုမိုတင်ပို့လာတာတွေ့ရပါတယ်။ ယခုနှစ်တွင် ကြက်သွန်နီထွက်နှုန်းကောင်းပြီး ဈေးနှုန်းလည်း ပိုကောင်းနိုင်ကြောင်း၊ ယခင်နှစ်က ကြက်သွန်နီ တစ်ပိဿာကို ၃၀၀ ကျပ်နှုန်းနဲ့ ငွေကြိုတင်ပေးပြီး ဝယ်ယူနေကြပြီဖြစ်တာကြောင့် ကြက်သွန်နီထွက်ချိန်တွင် ဈေးကောင်းပိုမိုရရှိနိုင်ကြောင်း တပ်ကုန်းမြို့မှ ကြက်သွန်စိုက်တောင်သူများထံမှ သိရပါတယ်။

**မော်မော်အောင် MIRT( DCCA)**

### အစိုးရက ဝယ်ယူစုဆောင်းခြင်းဖြင့် အိန္ဒိယအာလူးနဲ့ ကြက်သွန်နီ ဈေးကြီးမြင့်မှုကို ထိန်းချုပ်

ကြက်သွန်နီနဲ့ အာလူးဈေးမတန်တဆကြီးမြင့်မှုကို ရှောင်ရှားနိုင်ရန်အတွက် အိန္ဒိယအစိုးရသည် စတင်တွက်ချက်တိုင်းတာပြီး ပြင်ဆင်ရန်ရှိသည်များကို ပြင်ဆင်နေပြီဖြစ်ပါတယ်။ နိုင်ငံတော်အဆင့် အဓိကအဖွဲ့အစည်းကြီး နှစ်ခုဖြစ်တဲ့ Nafed ( National Agricultural Cooperative Marketing Federation) နဲ့ အသေးစား စိုက်ပျိုးရေးလုပ်ငန်းအကျိုးတူ ပူးပေါင်းလုပ်သောအဖွဲ့ (Small Farmer Agribusiness Consortium- SFAC) တို့ ပူးပေါင်းပြီး အဓိကကျတဲ့ စားဖိုဆောင်သီးနှံ နှစ်မျိုးအား ဈေးကွက်အတွင်း ဈေးအဆမတန်ကြိုတင်တက်လာပါက ပစ္စည်းများမပြတ်လပ်စေရန်အတွက် ယခုကတည်းက ဝယ်ယူသိုလှောင်ထားရန်တာဝန် အပ်နှင်းလိုက်ပြီဖြစ်ပါတယ်။ Nafed အနေနဲ့ ကြက်သွန် တန်ချိန် ၁၀၀၀၀၊(ရူပီး ၉၆ သန်း)ဖိုးနဲ့ SFAC အနေနဲ့ ကြက်သွန်နီနဲ့ အာလူး ရူပီး သန်း ၅၀ ဖိုး ကြိုတင်ဝယ်ယူ စုဆောင်းသိုလှောင် ထားကြမယ်လို့ သိရပါတယ်။

ကြက်သွန်နီဈေးဟာ ဇူလိုင်လခန့်မှာ စတင်ဈေးတက်ပြီး စက်တင်ဘာ- အောက်တိုဘာလမှာ အမြင့်ဆုံးတက်ချိန်ဖြစ်လို့ အာလူးဈေးဟာလည်း စက်တင်ဘာနဲ့ နိုဝင်ဘာလတွေမှာ ပုံမှန်ဈေးမဟုတ်ဘဲ မြင့်တက်လေ့ရှိတာဖြစ်ပါတယ်။ **CMK**

# ရွှေဘိုပေါ်ဆန်းမွှေးအား ပထဝီဆိုင်ရာအညွှန်း (Geographical Indications) အဖြစ်မှတ်ပုံတင်၍ ပြည်ပသို့တင်ပို့ရောင်းချခြင်းလုပ်ငန်းအတွက် ပြည်တွင်းဈေးကွက်တွင် လက်ရှိအရောင်းအဝယ်ဖြစ်သောဈေးနှုန်းများကို လေ့လာစိစစ်ခြင်း

ကျော်မြင့်

ရွှေဘိုပေါ်ဆန်းမွှေးအား ပထဝီဆိုင်ရာအညွှန်း (geographical indications-GI) အဖြစ် မှတ်ပုံတင်ခြင်း၊ ပြည်ပဈေးကွက်သို့ တင်ပို့ရောင်းချခြင်းအတွက် စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုခရိုင်၊ ရွှေဘိုမြို့ ဒေဝင်ခန်းမတွင် ရွှေဘိုပေါ်ဆန်းမွှေး စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချမှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ရွှေဘိုပေါ်ဆန်းမွှေး မူပိုင်ခွင့်ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလ ၂၄ ရက်နေ့က ကျင်းပပြုလုပ်ခဲ့သည်ဟု ကောမတ်စ်ဂျာနယ် အတွဲ ၁၅၊ အမှတ် ၉ စာစောင်အရ သိရှိရသည်။

ပထဝီဆိုင်ရာအညွှန်း(Geographical indications-GI) နှင့်ပတ်သက်၍ ကမ္ဘာ့စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ (FAO)၏ (A Practical Manual for Producers and Exporters from Asia) စာစောင်တွင် ရှင်းလင်းဖော်ပြချက်ကို ဦးစွာတင်ပြအပ်ပါသည်။ ထွက်ကုန်များနှင့်ပတ်သက်၍ ယင်းအရည်အသွေးကို ဒေသရှိစားသုံးသူများ၊ အပြည်ပြည်ဆိုင်ရာဈေးကွက်များမှ စားသုံးသူများက အရည်အသွေးကို သတိပြုမိကြသည့် ကုန်ကြမ်း (Raw Produce) သို့မဟုတ် အဆင့်ဆင့် ပြုပြင်ထုတ်လုပ်သော အစားအစာ (Processed foods) များဖြစ်ကြသည်။ ပထဝီ ဆိုင်ရာအညွှန်း (Geographical indications-GI) ထွက်ကုန်သည် မည်သည့်ဒေသမှ လာသည်ကို ဖော်ညွှန်းရန် လိုအပ်သည်ဟု ရည်ညွှန်းထားပါသည်။


အပြည်ပြည်ဆိုင်ရာဈေးကွက်တွင် GI ထွက်ကုန်များနှင့် ပတ်သက်၍ ဗီယက်နမ်နိုင်ငံမှ ဘင်ထောင်းနဂါးမောက်သီး၊ ဖူကွင်ပြောရည်၊ ထိုင်းနိုင်ငံမှ ဒွိုင်ထန်းကော်ဖီ၊ တရုတ်နိုင်ငံမှ လောင်ဂျင်လက်ဖက်၊ အိန္ဒိယမှ ဒါဂျီလင်လက်ဖက်၊ အင်ဒိုနီးရှားမှ ဘာလီကော်ဖီတို့သည် GI ထွက်ကုန်များအဖြစ် ထင်ရှားသည်။

ပထဝီဆိုင်ရာအညွှန်း(Geographical indications-GI)အစားအစာများသည် ဥပဒေအရဒေသ၏ ထွက်ကုန်အမည်တရားမဝင်အသုံးပြုမှုကို ကာကွယ်ထားပါသည်။ ထို့အတူ အခြားဒေသများမှ ထွက်ကုန်များ၏ အမည်သည်ဒေသ ဖော်ညွှန်းချက်နှင့် ပတ်သက်၍တရားမဝင်အသုံးပြုခြင်းကို ကာကွယ်ထားပါသည်။သို့အတွက် ဒေသတွင်းနှင့် အပြည်ပြည်ဆိုင်ရာ ကူးသန်းရောင်းဝယ်မှုအတွက် ထူးခြားသော ဒေသထွက်ကုန်အဖြစ်ရောင်းဝယ်မှုလုပ်ငန်းအတွက် သင့်လျော်ပါသည်။


**ရွှေဘိုပေါ်ဆန်းမွှေးစပါးဈေး။** ၂၀၁၅ ခုနှစ် မတ်လ၁၄ ရက်နေ့တွင် ရွှေဘိုဆန်စက်မှ ပေါ်ဆန်းမွှေးစပါးအသစ်လက်ကားဝယ်ဈေးမှာ စပါးတင်း၁၀၀ (၄၆၀၀ ပေါင်) ကို ၉ ဒသမ၅ သိန်းကျပ်ဖြစ်သည်။ ကန်ဒေါ်လာအားဖြင့် တစ်တန်ကို ၄၂၇ ဒေါ်လာနှင့် ညီမျှသည်။ ရွှေဘိုပေါ်ဆန်းမွှေးစပါးသည် မြန်မာနိုင်ငံမြောက်ပိုင်း ရှိစစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမှထွက်သော စပါးအမျိုးအစားဖြစ်သည်။ စားသုံးရာတွင် အရည်အသွေးကောင်းမွန်သောကြောင့် ဧည့်မထစပါးဈေးထက် သိသာစွာဈေး ပိုမြင့်သည့် စပါးမျိုးဖြစ်သည်။

**ဖျာပုံပေါ်ဆန်းမွှေးစပါးဈေး။** ၂၀၁၅ ခုနှစ် မတ်လ ၁၄ ရက်နေ့တွင် ဖျာပုံဆန်စက်မှ ပေါ်ဆန်းမွှေးစပါးလက်ကားဝယ်ဈေးမှာ စပါးတင်း၁၀၀ (၅၂၅၀ ပေါင်) ကို ၇ ဒသမ၂၅ သိန်း ကျပ်ဖြစ်သည်။ ကန်ဒေါ်လာအားဖြင့် တစ်တန်ကို ၂၈၅ ဒေါ်လာနှင့် ညီမျှသည်။ ဖျာပုံပေါ်ဆန်းမွှေးစပါးသည် မြန်မာနိုင်ငံတောင်ပိုင်း မြစ်ဝကျွန်းပေါ်ဒေသရှိ ဧရာဝတီတိုင်းဒေသကြီးဖျာပုံမှထွက်သော စပါးအမျိုးအစားဖြစ်သည်။ စားသုံးရာတွင် အရည်အသွေးကောင်းမွန်သောကြောင့် ဧည့်မထစပါး ဈေးထက် သိသိသာသာဈေးပိုမြင့်သည့် စပါးဖြစ်သည်။ ဖျာပုံဆန်စက်မှ ပေါ်ဆန်း မွှေးစပါးလက်ကား ဝယ်ဈေးကို စပါးတင်း ၁၀၀ ( ၄၆၀၀ ပေါင်) ဖြင့်တွက်ချက်ပါက ၆ ဒသမ ၃၅ သိန်း ကျပ်ဖြစ်သည်။ တစ်တန်ကို ကန်ဒေါ်လာအခြေခံဖြင့် တွက်ချက်ပါက **ရွှေဘိုပေါ်ဆန်းမွှေးစပါးသည်** တစ်တန်ကို ၄၂၇ ဒေါ်လာဖြစ်ပြီး **ဖျာပုံပေါ်ဆန်းမွှေးစပါးဈေးသည်** တစ်တန်ကို ၂၈၅ ဒေါ်လာဖြစ်သဖြင့် **ရွှေဘိုပေါ်ဆန်းမွှေးစပါးသည် ဖျာပုံပေါ်ဆန်းမွှေးစပါးဈေးထက် တစ်တန်ကို ၅၀ ရာခိုင်နှုန်းခန့်ဈေးပိုမြင့်သည်။** ပုံ-၁ နှင့် ပုံ-၂ ကို ကြည့်ရှုရန် ဖြစ်ပါသည်။

**ပုံ-၁။ ရွှေဘိုပေါ်ဆန်းမွှေးနှင့် ဖျာပုံပေါ်ဆန်းဆန်စက်တွင် စပါးတင်း၁၀၀ လက်ကားဝယ်ဈေး ( ကျပ်=၁၀၀ တင်း)**





**ပုံ-၂။ ရွှေဘိုပေါ်ဆန်းမွှေးနှင့် ဖျာပုံပေါ်ဆန်း စပါးဆန်စက်တွင် လက်ကားဝယ်ဈေး** (USD per tonne)





ဇာစ်မြစ်၊ www.etrademyanmar.com

**ရန်ကုန်ရွှေဈေးထက်ဈေးမြင့်သော ရွှေဘိုပေါ်ဆန်းမွှေးနှင့် ဖျာပုံပေါ်ဆန်းမွှေးစပါး။** ၂၀၁၅ ခုနှစ် မတ်လ၁၄ ရက်နေ့တွင် ရန်ကုန်အကယ်ဒမီရွှေဈေးသည် တစ်ကျပ်သားကို ကျပ် ၆ ဒသမ ၆၃ သိန်းဖြစ်သည်။ ရွှေဘိုပေါ်ဆန်းမွှေး စပါးအသစ် တင်း၁၀၀ ဈေးသည် ကျပ် ၉ ဒသမ ၅ သိန်းဖြစ်သည်။ ရွှေဘိုပေါ်ဆန်းမွှေး စပါးအသစ်ဈေးသည် ရန်ကုန်အကယ်ဒမီရွှေဈေးထက် **၄၃ ရာခိုင်နှုန်း** ဈေးပိုမြင့် သည်။ **ဖျာပုံပေါ်ဆန်းမွှေးစပါးတင်း ၁၀၀ ဈေးသည်** ကျပ် ၇ ဒသမ ၂၅ သိန်း ဖြစ်သည်။ **ဖျာပုံပေါ်ဆန်းမွှေးစပါးဈေး**သည် ရန်ကုန်အကယ်ဒမီရွှေဈေးထက် **၉ ရာခိုင်နှုန်းကျော်**ဈေးပိုမြင့်သည်။ ရွှေဘိုပေါ်ဆန်းမွှေးစပါးသည် ရန်ကုန်အကယ်ဒမီရွှေဈေးထက် သိသာစွာ ဈေးပိုမြင့်သည့် အခြေအနေတွင်ရှိသည်။

**ပုံ-၃။ ရွှေဘိုပေါ်ဆန်းမွှေးနှင့် ဖျာပုံပေါ်ဆန်း စပါးတင်း၁၀၀ ဆန်စက်တွင်လက်ကားဝယ်ဈေးနှင့် ရန်ကုန်အကယ်ဒမီရွှေဈေး**




**ပုံ-၄။ ရွှေဘိုပေါ်ဆန်းမွှေးနှင့် ဖျာပုံပေါ်ဆန်းဆန် ဆန်စက်တွင် လက်ကားရောင်းဈေး**





ဇာစ်မြစ်၊ www.etrademyanmar.com


ရွှေဘိုဆန်စက်တွင် ရွှေဘိုပေါ်ဆန်းမွှေးဆန်အသစ် ထိပ်စလက်ကားရောင်းဈေးမှာ ၁၀၈ ပေါင်တစ်အိတ်ကို ၃၅၅၀၀ ကျပ် (တစ်တန်ကိုကန်ဒေါ်လာ၆၇၉ ဒေါ်လာ)၊ ဖျာပုံဆန်စက်တွင်ဖျာပုံပေါ်ဆန်းမွှေးဆန်ထိပ်စ လက်ကား ရောင်းဈေးမှာ ၁၀၈ ပေါင်တစ်အိတ်ကို ၃၀၂၅၀ ကျပ် (တစ်တန်ကိုကန်ဒေါ်လာ၅၇၉ ဒေါ်လာ) ဖြစ်သည်။ ရွှေဘိုပေါ်ဆန်းမွှေးဆန်အသစ်သည် ဖျာပုံပေါ်ဆန်းမွှေးဆန်ထိပ်စထက် ၁၇ ရာခိုင်နှုန်းဈေးပိုမြင့်သည်။

**ရန်ကုန်ဘုရင့်နောင် လက်ကားဈေးမှ ရွှေဘိုပေါ်ဆန်းမွှေးနှင့် ဖျာပုံပေါ်ဆန်းမွှေးဆန်ဈေး။** ရန်ကုန်ဘုရင့်နောင်ဆန် လက်ကားဈေးတွင် ရွှေဘိုပေါ်ဆန်း မွှေးဆန်ထိပ်စလက်ကားရောင်းဈေးသည် ၁၀၈ ပေါင်ဆန်တစ်အိတ်ကို ၃၇၀၀၀ ကျပ် **(တစ်တန်ကို ကန်ဒေါ်လာ ၇၀၈)** ဖြစ်ပြီး ဖျာပုံပေါ်ဆန်းမွှေးဆန်ထိပ်စဈေး သည် ၃၁၂၅၀ ကျပ် (တစ်တန်ကို ကန်ဒေါ်လာ ၅၉၈) ရှိသည်။ ရန်ကုန်ဘုရင့် နောင်လက်ကားဈေးတွင် ရွှေဘိုပေါ်ဆန်းမွှေးသည် ဖျာပုံပေါ်ဆန်းမွှေးဆန်ထိပ်စ ထက် **၁၈ ရာခိုင်နှုန်းဈေးပိုမြင့်**သည်။ ပုံ-၅ နှင့် ပုံ-၆ ကို ကြည့်ရှုရန် ဖြစ်ပါသည်။

**ပုံ-၅။ ရန်ကုန်ဘုရင့်နောင်တွင် ရွှေဘိုပေါ်ဆန်းမွှေးနှင့် ဖျာပုံပေါ်ဆန်းဆန် လက်ကား တစ်အိတ်ရောင်းဈေး**




ပုံ-၆။ **ရန်ကုန်ဘုရင့်နောင်တွင် ရွှေဘိုပေါ်ဆန်းမွှေးနှင့် ဖျာပုံပေါ်ဆန်းဆန် လက်ကား ရောင်းဈေး** (USD per tonne)




ဇာစ်မြစ်၊ www.etrademyanmar.com

➲ စာမျက်နှာ ၁၇ သို့

## ခတ်ဆီ/ဒီဇယ်

# ဒီတစ်ပတ် ခတ်ဆီအဝင်ပိုပြီး ဒီဇယ် အဝင်လျော့

မတ် ၈ ရက်မှ မတ် ၁၄ ရက် သီတင်းပတ်အတွင်း ကန်ဒေါ်လာ ၆၃၁၉၂၇၈ ဒသမ ၆၂ တန်ဖိုးရှိ ခတ်ဆီ ၉၆ ဒသမ ၁၄၇ တန်နဲ့ ကန်ဒေါ်လာ ၂၉၆၅၀၄၉၃ ဒသမ ၄၉ တန်ဖိုးရှိ ဒီဇယ် ၃၁၄ ဒသမ ၂၃၁ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်သွင်းဖို့ သွင်းကုန်လိုင်စင် လျှောက်ထားခဲ့တယ် လို့ သိရပါတယ်။ ယခင်သီတင်းပတ် ခတ်ဆီအဝင်နဲ့ယှဉ်ရင် ၃ ဒသမ ၂၉၈ တန်အဝင်ပိုခဲ့ပြီး ယခင်တစ်ပတ်ဒီဇယ်အဝင်နဲ့ယှဉ်ရင် ဒီတစ်ပတ်မှာ ၁၀၄ ဒသမ ၆၁၆ တန်အဝင်လျော့ခဲ့တယ်လို့ သိရပါတယ်။ ပြည်တွင်းပုဂ္ဂလိက စက်သုံး ဆီဆိုင်များမှာ မတ် ၁၆ရက်မှ ၂၀ရက်အတွင်း ရောင်းချနေတဲ့ ခတ်ဆီ၊ ဒီဇယ် ဈေးများက တောင်ကြီးနဲ့ ရန်ကုန်မှာ ဈေးငြိမ်ပြီး မော်လမြိုင်မှာ အောက်တိန်း ဈေးအနည်းငယ်မြင့်လာတယ်လို့ သိရပါတယ်။ ဒီတစ်ပတ်ပြင်ပမှာလက်လီရောင်းချနေတဲ့ ဒီဇယ်၊ ခတ်ဆီပီပါဈေးများမှာလည်း ယခင်တစ်ပတ်ဈေးနဲ့ နှိုင်းယှဉ်ကြည့်ရင် ရန်ကုန်မှာ ဒီဇယ်၊ဓါတ်ဆီဈေး အနည်းငယ်ကျကာ အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။

ဒီတစ်ပတ် ခတ်ဆီ/ဒီဇယ်အရောင်းအဝယ်အခြေအနေများမှာ-

**ရန်ကုန်ဈေးကွက်ရှိ** ပုဂ္ဂလိကစက်သုံးဆီဆိုင်များမှာ ရောင်းချနေတဲ့ ခတ်ဆီ၊ ဒီဇယ်၊ အဆင့်မြင့်ဒီဇယ်နဲ့ အောက်တိန်းမှာဈေးငြိမ်ပြီး အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ဒီတစ်ပတ်မှာပုဂ္ဂလိက စက်သုံးဆီဆိုင်မှာရောင်းချနေတဲ့ ဈေးမှာ ခတ်ဆီတစ်လီတာ ၈၁၄ကျပ်၊ ဒီဇယ် ၆၅၀ ကျပ်၊ အောက်တိန်း ၆၂၀ ကျပ်၊ အဆင့်မြင့်ဒီဇယ် ၇၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ပြင်ပလက်လီဆိုင်များမှာ အရောင်းအဝယ်ဖြစ်နေတဲ့ ပီပါဈေးများမှာမတ်လ ၁၆ ရက်နေ့ဓါတ်ဆီ ဝယ်ဈေး ၁၅၆၀၀၀ ကျပ်၊ ရောင်းဈေး ၁၅၈၀၀၀ ကျပ်နဲ့ တစ်ပတ်လုံးဒီဈေးနဲ့ အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့သိရပါတယ်။ ယခင်တစ်ပတ်ဈေးနဲ့ယှဉ်ရင် ဒီတစ်ပတ်မှာ ကျပ် ၄၀၀၀ ဈေးကျလာတယ်လို့ သိရပါတယ်။ ဒီဇယ်ဈေးမှာ မတ်လ ၁၆ ရက်မှာ ဝယ်ဈေး ၁၂၅၀၀၀ ကျပ်၊ ရောင်းဈေး ၁၂၇၀၀၀ကျပ် နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ပြီး ၁၉ ရက်မှာ ဝယ်ဈေး၊ ရောင်းဈေး ၁၀၀၀ ကျပ်ဈေးကျလာခဲ့ကြောင်း သိရပါတယ်။ တစ်ဂါလန် ဝယ်ဈေး၊ ရောင်းဈေးများမှာ ဓါတ်ဆီဈေးက ဝယ်ဈေး တစ်ဂါလန် ၃၁၀၀ ကျပ်ဖြစ်ပြီး ရောင်းဈေး ၃၅၀၀ ကျပ်၊ ဒီဇယ် တစ်ဂါလန် ၃၀၀၀ ကျပ်ဝယ်ပြီး ၃၂၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ ခတ်ဆီ၊ဒီဇယ် အရောင်းအဝယ်သမားတစ်ဦးထံမှ စုံစမ်းသိရှိခဲ့ပါတယ်။

**မန္တလေးဈေးကွက်မှာ** ခတ်ဆီ၊ ဒီဇယ်က ပုံမှန်အရောင်းအဝယ်ရှိနေတယ်။ ပုဂ္ဂလိကဆိုင်များတွင်ရောင်းချနေတဲ့ဈေးမှာ ဒီဇယ်နဲ့ အဆင့်မြင့်ဒီဇယ် ဈေးအနည်းငယ်ကျပြီး ခတ်ဆီနဲ့ အောက်တိန်းမှာဈေးငြိမ်နေတယ်လို့ သိရပါတယ်။ ဒီတစ်ပတ် ပုဂ္ဂလိကစက်သုံးဆီဆိုင်မှာ ရောင်းချနေတဲ့ဈေးမှာ ဓါတ်ဆီ တစ်လီတာ ၈၄၇ ကျပ်၊ အောက်တိန်း ၇၀၀ ကျပ်၊ ဒီဇယ် ၇၀၀ ကျပ်၊ အဆင့်မြင့်ဒီဇယ် ၇၅၀ ကျပ်နဲ့ ရောင်းချနေပါတယ်။ ပြင်ပလက်လီ ဆိုင်များမှာ အရောင်းအဝယ်ဖြစ်နေတဲ့ ပီပါဈေးများမှာ မတ်လ၁၆ ရက်မှာ ဒီဇယ် ဝယ်ဈေး ၁၂၈၀၀၀ ကျပ်၊ ရောင်းဈေး ၁၃၁၀၀၀ ကျပ်နဲ့ အရောင်းအဝယ် ဖြစ်ခဲ့ပြီး ၁၉ ရက်နေ့မှာ ဝယ်ဈေး၊ ရောင်းဈေး ၂၀၀၀ ကျပ်စီဈေးကျလာတယ်လို့ သိရပါတယ်။ ခတ်ဆီဈေးမှာ မတ် ၁၆ ရက် ဝယ်ဈေး ၁၄၀၀၀၀ ကျပ်၊ ရောင်းဈေး ၁၄၃၀၀၀ ကျပ်နဲ့ တစ်ပတ်လုံးဒီဈေးနဲ့ပဲ အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ ယခင်တစ်ပတ်ဈေးနဲ့ယှဉ်ရင် ဒီဇယ်ဈေးအနည်းငယ်ပြန်ကျလာပေမယ့် ခတ်ဆီဈေးငြိမ်နေတယ်လို့ သိရပါတယ်။ ပြင်ပလက်လီဆိုင်များမှာ တစ်ဂါလန်ဈေးမှာ ဒီဇယ် ၃၃၀၀ ကျပ်၊ ဓါတ်ဆီ ၄၀၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

**မော်လမြိုင်ဈေးကွက်ရှိ** ပုဂ္ဂလိကစက်သုံးဆီဆိုင်ရဲ့ ခတ်ဆီနဲ့ ဒီဇယ်မှာဈေးငြိမ်ပြီး အောက်တိန်းဈေးနည်းနည်းမြင့်ပြီး အရောင်းအဝယ်ဖြစ်တယ်လို့ သိရ ပါတယ်။ ဒီတစ်ပတ် ပုဂ္ဂလိကဆိုင်မှာ ရောင်းချနေတဲ့ ဈေးများက ခတ်ဆီ တစ်ဂါလန် ၃၇၈၀ ကျပ်၊ ဒီဇယ်တစ်ဂါလန် ၃၁၅၀ ကျပ်၊အောက်တိန်း ၃၀၆၀ကျပ်နဲ့ ရောင်းချတယ်လို့ သိရပါတယ်။ပြင်ပလက်လီဆိုင်များမှာ ခတ်ဆီတစ်ဂါလန် ၃၈၀၀ ကျပ်၊ ဒီဇယ်တစ်ဂါလန် ၃၂၀၀ ကျပ်၊အောက်တိန်း ၃၁၀၀ ကျပ် နဲ့အရောင်းအဝယ် ဖြစ်နေတယ်လို့ သိရှိရပါတယ်။

**တောင်ကြီးဈေးကွက်ရှိ** ခတ်ဆီ၊ ဒီဇယ်က ပုံမှန်အရောင်းအဝယ်ဖြစ်တယ်လို့သိရပါတယ်။ ဒီတစ်ပတ်ပုဂ္ဂလိက စက်သုံးဆီဆိုင်ရဲ့ခတ်ဆီနဲ့ ဒီဇယ်ဈေးမှာ ဈေးငြိမ်နေတယ်လို့ သိရပါတယ်။ ဒီတစ်ပတ် ပုဂ္ဂလိက စက်သုံးဆီဆိုင်ရဲ့ဈေးမှာ ခတ်ဆီ တစ်ဂါလန် ၂၉၀၀ ကျပ်၊ ဒီဇယ်၃၀၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ် လို့ သိရှိရပါတယ်။ ပြင်ပလက်လီဆိုင်များမှာ ခတ်ဆီ ၃၀၀၀ ကျပ်၊ ဒီဇယ် ၃၀၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့သိရပါတယ်။

**သီတာဝင်း**

### Energy NYMEX 20-3-2015

| | Price | Change | Change % |
|---|---|---|---|
| WTI Crude Future (USD/bbl.) | 43.62 | -0.34 | -0.77 |
| Brent Crude Futr (USD/bbl) | 54.28 | -0.15 | -0.28 |
| Gasoline Rbob Fut (Cent/gal) | 176.67 | -0.76 | -0.43 |
| Natural Gas Futr (USD/MMBtu) | 2.83 | 0.02 | 0.06 |
| Heating Oil Futr (Cent/gal) | 171.50 | -0.73 | -0.42 |

# ဒေါ်လာဈေးများ အတက်အကျကြမ်းလာနိုင်သည်ဟုဆို

ပြီးခဲ့သည့်ရက်သတ္တပတ်ကတည်းက မြင့်တက်လာခဲ့သည့် ဒေါ်လာဈေးများသည် ယခုတစ်ပတ်တွင်လည်း ဆက်လက်မြင့်တက်ခဲ့ကာ အတက်ကြမ်းခဲ့ ကြောင်း သိရသည်။ ရက်သတ္တတစ်ပတ်၏ နောက်ဆုံးရက်များတွင်မူ ငွေလဲနှုန်းများသည် အနည်းငယ်တန့်သွားခဲ့ကြောင်း သိရသည်။

ထိုကဲ့သို့ ဈေးများ ဆက်တိုက်မြင့်တက်ရခြင်းမှာ ဒီဇယ်သမားများ အဝယ်လိုက်လာခြင်းနှင့် ပြည်တွင်းငွေဈေးကစားသူများ၏ လှုပ်ရှားမှုများကြောင့် ဈေးများ ဆက်တိုက်မြင့်တက်လာရခြင်းဖြစ်ကြောင်း ငွေဈေးကွက်အတွင်းမှ သိရှိရသည်။

“ဒီတစ်ပတ်ထဲမှာ ဈေးက ဆက်တိုက်ကို မြင့်လာတယ်။ ၁၀၈၂ ကျပ်အထိ မြင့်တက်သွားတာကြောင့် ဈေးကွက်မှာ မငြိမ်မသက်တွေဖြစ်နေတယ်။ ပုဂ္ဂလိကဘဏ်တွေရဲ့ငွေလဲကောင်တာ တွေမှာတော့ အရောင်းပိတ်ထားတယ်။ အပြင်ငွေလဲကောင်တာတွေမှာတောင် တချို့ကောင်တာတွေက ပိတ်ထားတယ်။ တချို့ကောင်တာတွေက ပိတ်မထားပေမယ့် အရောင်းကို မလုပ်ဘူး။ ဈေးကွက်ထဲမှာ ဈေးကစားသူတွေကြောင့် အခုလို ရုတ်တရက်ဈေးမြင့်တက်လာတဲ့အတွက် ပြန်ကျတဲ့အခါမှာလည်း အကျကြမ်းနိုင်တယ်”ဟု ဈေးကွက်အတွင်းမှ ကိုယ်စားလှယ်တစ်ဦးက ဆိုသည်။

အခုရက်ပိုင်းတွင် ဒီဇယ်တင်သွင်းသူများကလည်း ၎င်းတို့၏လိုအပ်ချက်များ ပြည့်မီသွားပြီဖြစ်၍ ဒေါ်လာဝယ်ယူမှုကို ရပ်တန့်လိုက်ချိန်တွင် ဈေးကွက်အတွင်း၌ ဝယ်လိုအားများ ကျဆင်းလာနိုင်ကြောင်း၊ ယင်းကဲ့သို့ ဝယ်လိုအား ကျ ဆင်းလာပါက ဒေါ်လာဈေးများ ပြန်လည်ကျဆင်းလာမည်ဖြစ်ကြောင်း ၎င်း က ထပ်မံပြောကြားသည်။ သိမ်ဖြူငွေလဲကောင်တာတွင်မူ ရောင်းဈေး ၁၀၃၅ကျပ်၊ ဝယ်ဈေး ၁၀၃၃ ကျပ်ဖြင့် တစ်ပတ်အတွင်း ဈေးဖွင့်ထားသော်လည်း အဝယ်သာရှိပြီး အရောင်းမှာမူ ပိတ်ထားကြောင်း သိရ သည်။

ပြင်ပငွေလဲစင်တာများတွင်မူ မတ် လ ၁၆ရက်နေ့က ရောင်းဈေး ၁၀၆၆ ကျပ်၊ ဝယ်ဈေး ၁၀၄၆ကျပ်ရှိခဲ့ရာမှ မတ်လ ၁၈ရက်နေ့ တွင် ရောင်းဈေး ၁၀၇၈ ကျပ်၊ ဝယ်ဈေး ၁၀၇၄ကျပ်သို့ မြင့်တက်ခဲ့သည်။ မတ်လ ၂၀ရက်နေ့တွင် ရောင်းဈေး ၁၀၇၈ ကျပ်၊ ဝယ်ဈေး ၁၀၇၁ ကျပ်ဖြင့် ရောင်းဝယ်လျက်ရှိသည်။ **မယ်သီတာ**

# တစ်ပတ်အတွင်း မြန်မာ့ရွှေဈေး ကျပ်ငါးထောင်ခန့် မြင့်တက်လာ



ပြီးခဲ့သည့်ရက်သတ္တပတ်အတွင်းက ကျဆင်းခဲ့သည့်မြန်မာ့ရွှေဈေးသည် ယခုတစ်ပတ်တွင် အနည်းငယ်ပြန်လည် မြင့်တက်လာခဲ့ကြောင်း သိရသည်။ တရုတ်နှစ်သစ်ကူးကာလအပြီးကတည်းက ကျဆင်းခဲ့သည့်မြန်မာ့ရွှေဈေးသည် ဆက်လက်ကျဆင်းခဲ့ပြီး ယခုတစ်ပတ်တွင်မှ ပြန်လည်မြင့်တက်လာခဲ့ခြင်းဖြစ်ကြောင်း ဈေးကွက်အတွင်းမှ သိရှိရသည်။

ငွေလဲနှုန်းများ မြင့်တက်နေမှုကြောင့် ဒေါ်လာဘက်သို့ ခြေဦးလှည့်သွားကြသည့်အတွက် ယခုကဲ့သို့ ဈေးများ ကျဆင်းခဲ့ပြီး ယခုတစ်ပတ်တွင် ဒေါ်လာဈေး ပြန်လည်ကျဆင်းမည့် အရိပ်အယောင်များပြလာသဖြင့် ရွှေဘက်သို့ ပြန်လှည့်လာကြခြင်းဖြစ်ကြောင်း ရွှေကုန်သည်တချို့က သုံးသပ်ပြခဲ့သည်။

“ရွှေဈေးက ဆက်တိုက်ကျလာတယ်။ ကမ္ဘာ့ရွှေဈေးက ကျလာတော့ မြန်မာ့ရွှေဈေးလည်း ကျလာတယ်။ အဲဒီနောက်မှာ ဒေါ်လာက အားကောင်းလာတော့ ရွှေသမားတွေ ဒေါ်လာဘက်ကို လှည့်သွားကြတာ။ ခုရက်ထဲမှာ ဒေါ်လာက ပြန်ကျမယ့် အရိပ်အယောင်တွေ ပြလာတဲ့အတွက် ရွှေဘက်ကို ပြန်လှည့်လာကြတဲ့ သဘောပါ။ အဝယ်ပြန်လိုက်လာတော့ ဈေးကွက်ထဲမှာ ဈေးကပြန်ပြီးအတက်ပြလာတာပါ”ဟု ရွှေကုန်သည် ဦးစံမြင့်က ဆိုသည်။

မြန်မာ့ရွှေဈေးသည် မတ်လ ၁၆ ရက်က ၆၆၂၅၀၀ ကျပ်ရှိခဲ့သော်လည်း မတ် ၁၈ ရက်တွင် ကျပ် ၆၆၄၅၀၀သို့ မြင့်တက်ခဲ့သည်။ သို့သော် မတ် ၂၀ ရက်တွင် ကျပ် ၆၆၈၀၀၀ သို့ ဆက်လက်မြင့်တက်ခဲ့သည်။

ကမ္ဘာ့ရွှေဈေးသည် မတ်လ ၁၆ ရက်နေ့က ၁၁၅၅ ဒေါ်လာရှိခဲ့ပြီး မတ်လ ၂၀ ရက်နေ့တွင် ၁၁၇၁ ဒေါ်လာသို့ မြင့်တက်ခဲ့သည်။ **မယ်သီတာ**

## Currency Exchange Rate

March 20, 2015
Base Currency is United States Dollar - USD

| Currency Unit | | Units per USD |
|---|---|---|
| AUD | Australia Dollars | 1.30 |
| BDT | Bangladesh Taka | 78.04 |
| CAD | Canada Dollars | 1.27 |
| CNY | China Yuan Renminbi | 6.19 |
| EUR | Euro | 0.94 |
| HKD | Hong Kong Dollars | 7.76 |
| INR | India Rupees | 62.54 |
| IDR | Indonesia Rupiahs | 13129.01 |
| JPY | Japan Yen | 120.84 |
| MYR | Malaysia | 3.72 |
| PKR | Pakistan Rupees | 102.09 |
| PHP | Philippines Pesos | 44.87 |
| RUB | Russia Rubles | 60.11 |
| SGD | Singapore Dollars | 1.39 |
| KRW | South Korea Won | 1124.95 |
| LKR | Sri Lanka Rupe | 133.67 |
| THB | Thailand Baht | 32.72 |
| GBP | United Kingdom Pounds | 0.68 |
| VND | Vietnam Dong | 21505.37 |

*Source : xe.com*

## World Gold Price

March, 2015 (USD/OZ)

| Date | NY | London | Zurich |
|---|---|---|---|
| 16 | 1160 | 1161 | 1161 |
| 17 | 1153 | 1154 | 1154 |
| 18 | 1146 | 1146 | 1147 |
| 19 | 1170 | 1171 | 1171 |
| 20 | 1168 | 1169 | 1169 |

## Domestic Gold Price

Kyats(Thousand)

| Date | Yangon | Mandalay |
|---|---|---|
| 16-3- 2015 | 663.00 | 662.70 |
| 17-3- 2015 | 663.50 | 662.60 |
| 18-3- 2015 | 663.50 | 662.70 |
| 19-3- 2015 | 668.00 | 667.30 |
| 20-3- 2015 | 666.50 | 666.10 |

## နယ်စပ်ငွေလဲလှယ်နှုန်း

မတ်လ ၂၀၁၅ (1US$)

| ရက် | တရုတ် (ယွမ်) | ထိုင်း (ဘတ်) | ဘင်္ဂလားဒေ့ရှ် (တာကာ) | အိန္ဒိယ (ရူပီး) |
|---|---|---|---|---|
| 16 | 6 .24 | 32.88 | 78.40 | 62.86 |
| 17 | 6. 25 | 32.92 | 77.78 | 62.71 |
| 18 | 6 .24 | 32.90 | 77.96 | 62.67 |
| 19 | 6 .20 | 32.72 | 76.95 | 62.44 |
| 20 | 6.19 | 32.72 | 78.04 | 62.54 |

## World Metal Price (US$)

| Date | Silver/Oz | Zinc/Ton | Aluminium/Ton | Copper/Ton | Platinum/Oz |
|---|---|---|---|---|---|
| 16-March | 15.74 | 2049.82 | 1755.94 | 5982.37 | 1118.00 |
| 17-March | 15.57 | 2031.68 | 1751.90 | 5916.51 | 1098.00 |
| 18-March | 15.49 | 2021.38 | 1758.85 | 5805.63 | 1089.00 |
| 19-March | 15.95 | 2016.90 | 1753.92 | 5820.86 | 1125.00 |
| 20-March | 16.11 | 2029.66 | 1754.37 | 5890.98 | 1119.00 |

Source:kitco.com

## ဘိလပ်မြေ

# ဘိလပ်မြေတန်ချိန် တစ်သိန်းနှစ်သောင်းကျော်ဝင်




ကန်ဒေါ်လာ ၁၀၃၇၂၇၈၀ တန်ဖိုးရှိ ဘိလပ်မြေ ၁၂၄၅၂၆ ဒသမ ၈၃ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ မတ်လ ၈ ရက်မှ ၁၄ ရက်အတွင်း တင်သွင်း ခဲ့ပါတယ်။

ဒီတစ်ပတ် အိန္ဒိယမှ ၉၂၄၀ တန်၊ စင်ကာပူမှ ၂၁ ဒသမ ၄၀ တန်နဲ့ ထိုင်းနိုင်ငံမှ ၁၀၆၀၄၆ ဒသမ ၈၃ တန် တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ဝင်လာခဲ့တဲ့တံဆိပ်တွေက ဆင်၊ ANCHOR ၊ TPI၊ Mountain ၊ စိန်နဲ့ အခြားတံဆိပ်များလည်း ဝင်လာခဲ့ပါတယ်။ ယခင်သီတင်းပတ်ဘိလပ်မြေအဝင်နဲ့ယှဉ်ရင် ဒီတစ်ပတ်မှာ ၇၀၁၇၁ ဒသမ ၈၃ တန် အဝင်ပိုခဲ့တယ်လို့ သိရပါတယ်။

# ဈေးကွက်ထဲ အရောင်းအဝယ်သွက်နေဆဲ ဘိလပ်မြေ

ဒီတစ်ပတ်ဘိလပ်မြေဈေးကွက်အခြေအနေများမှာ-

မတ်လ ၈ ရက်မှ ၁၄ ရက် သီတင်းပတ်မှာ ပြည်တွင်းကို ရေလမ်းမှ ဘိလပ်မြေအဝင်မှာ တန်ချိန် တစ်သိန်းနှစ်သောင်းကျော်ရှိခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ် ဘိလပ်မြေအဝင်မှာ တန်ချိန် ငါးသောင်းလေးထောင်ကျော် ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ ဘိလပ်မြေတန်ချိန် ခုနစ်သောင်းကျော် အဝင်ပိုခဲ့တယ်လို့ သိရပါတယ်။ နယ်စပ်လမ်းမှ ဘိလပ်မြေအဝင်မှာ တန်ချိန် သုံးသောင်းနှစ်ထောင်ရှစ်ရာကျော်ရှိခဲ့ပြီး ယခင်တစ်ပတ်အဝင်မှာ တန်ချိန် သုံးသောင်း ငါးထောင့်သုံးရာကျော် ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ တန်ချိန် နှစ်ထောင့်ငါးရာကျော် အဝင်လျော့ခဲ့တယ်လို့ သိရပါတယ်။ ဒါကြောင့် ဒီတစ်ပတ်မှာ ရေလမ်းမှ အဝင်ပိုခဲ့ပြီး နယ်စပ်လမ်းမှ အဝင်လျော့ခဲ့တယ်လို့ သိရပါတယ်။

ဒီတစ်ပတ်ဘိလပ်မြေဈေးကွက်အခြေအနေများမှာ-

**မော်လမြိုင်ဘိလပ်မြေဈေးကွက်မှာ** ဒီတစ်ပတ်မှာ ဆောက်လုပ်ရေးလုပ်ငန်းများကြောင့် အရောင်းအဝယ်သွက်တယ်လို့ သိရပါတယ်။ ဒီတစ်ပတ်မှာ မြင်းခေါင်းက ထုံးစံအတိုင်းဈေးငြိမ်နေပေမဲ့ ကြံ့(မြိုင်ကလေး)နဲ့ စိန်က ဈေးနည်းနည်းမြင့်လာပြီး ဆင်ကတစ်ရာဝန်းကျင်ဈေးပြန်ကျလာတယ်လို့ သိရပါတယ်။ ဈေးကွက်ထဲအရောင်းအဝယ်ဖြစ်တဲ့ဈေးက ဆင်(ထိုင်း)၅၈၀၀ကျပ်၊ မြင်းခေါင်း ၄၂၀၀ကျပ်၊ ကြံ့(မြိုင်ကလေး) ၄၇၅၀ ကျပ်၊ စိန် ၅၅၅၀ ကျပ်နဲ့ အရောင်း အဝယ်ဖြစ်တယ်လို့ သိရပါတယ်။

**ပဲခူးဈေးကွက်မှာ** ဘိလပ်မြေကဒီတစ်ပတ်မှာ အရောင်းအဝယ် ပုံမှန်ရှိတယ်လို့ သိရပါတယ်။ ပွင့်လင်းရာသီရောက်လာတာကြောင့် အရောင်းအဝယ်က လိုက်ပေမယ့် ဈေးငြိမ်နေတယ်လို့ ဆိုပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ စိန်(ထိုင်း) ၆၀၀၀ ကျပ်၊ဆင်(ထိုင်း) ၆၁၀၀ ကျပ်၊ ကြံ့(မြိုင်ကလေး) ၅၂၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ ဘိလပ်မြေအရောင်းဆိုင်မှ စုံစမ်းသိရှိခဲ့ပါတယ်။

**ရန်ကုန်ဈေးကွက်မှာ** ဘိလပ်မြေကပွင့်လင်းရာသီကြောင့် အရောင်းသွက်တယ်လို့ သိရပါတယ်။ ဘိလပ်မြေဈေးက မတ်လလဆန်းပိုင်းဈေးနဲ့ယှဉ်ရင် ဈေးနည်းနည်းမြင့်လာတယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ် တဲ့ဈေးမှာ စိန်(ထိုင်း) ၅၈၀၀ ကျပ်၊ ဆင် ၅၉၀၀ ကျပ်၊ ကြံ့နှစ်ကောင် (အနီ)၅၂၀၀ ကျပ်၊ ကြံ့နှစ်ကောင်(အစိမ်း) ၄၈၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ ဘုရင့်နောင်ပွဲရုံတန်း အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးဆိုင်မှ သိရှိရပါတယ်။

**သီတာဝင်း (DOT) စုစည်းသည်**

## ဓာတ်မြေဩဇာ

# စင်ကာပူ၊ မလေး၊ အီတလီနဲ့ တရုတ်မှ မြေဆီများတင်သွင်း

မတ်လ ၈ ရက်မှ ၁၄ ရက်သီတင်းပတ်အတွင်း ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ ကန်ဒေါ်လာ ၁၅၈၄၆၂ ဒသမ ၀၃ တန်ဖိုးရှိ မြေဩဇာ ၄၀၀ ဒသမ ၉၃ တန်တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ်မှာ မလေးရှားနိုင်ငံမှ ၇၅ တန်၊ အီတလီမှ ၁၀၀ ဒသမ ၁၈ တန်၊ တရုတ်နိုင်ငံမှ ၁၀ တန်နဲ့ စင်ကာပူမှ ၂၁၅ ဒသမ ၇၅ တန် တင်သွင်းခဲ့ပါတယ်။ ကွန်ပေါင်း၊ ဩဂဲနစ်၊ Foliar အစရှိတဲ့ မြေဩဇာအမျိုးအစား ဝင်လာခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ်အဝင်နဲ့ယှဉ်ရင် ၂၉၃ ဒသမ ၅၈၆ တန် အဝင်ပိုခဲ့တယ်လို့ သိရပါတယ်။

# ဈေးကွက်လှုပ်ရှားမှုမရှိဘဲ ငြိမ်နေတဲ့ ဓာတ်မြေဩဇာ

မတ်လ ၈ ရက်မှ ၁၄ ရက်အတွင်း ပြည်တွင်းကို ရေလမ်းမှ မြေဩဇာတန်ချိန်လေးရာကျော်အဝင်ရှိခဲ့ပြီး ယခင်တစ်ပတ် အဝင်မှာ တန်ချိန်တစ်ရာ့ခုနစ်တန်ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ တန်ချိန်နှစ်ရာ့ကိုးဆယ်ကျော် အဝင်ပိုခဲ့ တယ်လို့ သိရပါတယ်။ နယ်စပ်လမ်းမှ မြေဩဇာအဝင်မှာ တန်ချိန် တစ်သောင်းခြောက်ထောင့်ကိုးရာကျော်ရှိခဲ့ပြီး ယခင်တစ်ပတ်အဝင်မှာ တန်ချိန် တစ်သောင်းငါးထောင့်ခြောက်ရာကျော် ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ တန်ချိန်တစ် ထောင့်သုံးရာ့သုံးဆယ်ကျော် အဝင်ပိုခဲ့တယ်လို့ သိရပါတယ်။ ဒါကြောင့် ဒီတစ်ပတ်မှာ ရေလမ်းမှ အဝင်ပိုခဲ့သလို နယ်စပ်လမ်းမှလည်း ပိုခဲ့တယ်လို့ သိရပါတယ်။

ပြည်တွင်းဈေးကွက်များဖြစ်တဲ့ ပဲခူး၊ မကွေးမှာ မြေဩဇာဈေးငြိမ်ပြီး တောင်ကြီးမှာ ဈေးအတက်အကျအနည်းငယ်ဖြင့် အရောင်း အဝယ်ဖြစ်တယ်လို့သိရပါတယ်။

**မော်လမြိုင်ဈေးကွက်မှာ** ဒီတစ်ပတ်မြေဩဇာ အရောင်းအေးနေတယ်လို့ သိရပါတယ်။ မြေဩဇာ ပုလဲ-အသေးက ဈေးနည်းနည်းကျတာကလွဲပြီး ကျန်မြေဩဇာများက ယခင်ဈေးနဲ့ပဲ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ဒီတစ်ပတ်ဈေးကွက်ထဲ အရောင်း အဝယ်ဖြစ်နေတဲ့ ဈေးနှုန်းတွေမှာ ပုလဲ-အသေး ၄၆% (ရွှေတုံး၊ရွှေပျား၊ ရွှေတောင်-တရုတ်) ၁၉၃၀၀ ကျပ်၊ ကွန်ပေါင်း (အစိမ်း) ၁၅း၁၅း၁၅ (ထိုင်း) ၃၄၀၀၀ ကျပ်၊ ကွန်ပေါင်း (ပန်းရောင်) (ထိုင်း) ၂၈၀၀၀ ကျပ်၊ကွန်ပေါင်း ၁၆း၁၆း၈ (မြင်းပျံ-ထိုင်း)၂၈၀၀၀ ကျပ်၊ တီစူပါ၄၆% (သံကွင်း-တရုတ်) ၁၈၅၀၀ ကျပ်၊ တီစူပါ၁၆% (မြားကမ္ဘာ- တရုတ်) ၁၁၅၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ စုံစမ်းရရှိခဲ့ပါ တယ်။

**တောင်ကြီးဈေးကွက်မှာ** မြေဩဇာက ဒီတစ်ပတ်မှာ အရောင်းအဝယ် အေးပြီး ယခင်တစ်ပတ်ဈေးနဲ့ပဲ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ဒီတစ်ပတ်ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်တဲ့ ဈေးမှာ ယူရီးယား(ပန်းဖူး-တရုတ်) ၁၉၀၀၀ ကျပ်၊ ယူရီးယား (ရွှေတောင်-တရုတ်) ၁၈၆၀၀ ကျပ်၊ ယူရီးယား (ကမ္ဘာလုံး-တရုတ်) ၁၈၆၀၀ ကျပ်၊ တီစူပါ ၁၂%(တရုတ်) ၉၈၀၀ ကျပ်၊ တီစူပါ ၁၆%(တရုတ်) ၁၀၆၀၀ ကျပ်၊ တီစူပါ ၁၅း၁၅း၁၅(တရုတ်) ၃၅၀၀၀ ကျပ်၊ ဓါတ်ဆား(တရုတ်) ၁၂၅၀၀ ကျပ်၊ ပိုတက်(တရုတ်) ၂၃၀၀၀ ကျပ်၊ (ယူအေအီး) ၁၉၀၀၀ ကျပ်၊ မြားကမ္ဘာ ၁၃၈၀၀ ကျပ်ဈေးရှိတယ်လို့ မြေဩဇာ အရောင်းဆိုင်မှ စုံစမ်းသိရှိရပါတယ်။

**မန္တလေးဈေးကွက်မှာ** မြေဩဇာက ဒီတစ်ပတ်မှာအရောင်းအဝယ်အေးပေမယ့် အနည်းငယ်တက်တယ်လို့ သိရပါ တယ်။ ဒီလိုဈေးတက်တာကလည်း ငွေဈေးတက်တာကြောင့်ဖြစ်တယ်လို့ သိရပါတယ်။ အရောင်းအဝယ်က သင်္ကြန်ပြီးနောက်ပိုင်းတော့ အဝယ်လိုက်နိုင်တယ်လို့ ခန့်မှန်းကြပါတယ်။ ဈေးကွက်ထဲအရောင်းအဝယ်ဖြစ်နေတဲ့ ဈေးမှာ ယူရီးယား (ရွှေတောင် -တရုတ်) ၁၇၈၀၀ ကျပ်၊ ယူရီးယား(ပန်းဖူး-တရုတ်) ၁၈၀၀၀ ကျပ်၊တီစူပါ(GTSP-၄၆% -တရုတ်) ၁၇၂၀၀ ကျပ်၊ တီစူပါ (GSSP-၁၆% -တရုတ်) ၉၀၀၀ ကျပ်၊ တီစူပါ(GTSP-၁၂% -တရုတ်) ၈၂၀၀ ကျပ်၊ ကွန်ပေါင်း ၁၀း၁၀း၅ ၁၂၀၀၀ ကျပ်ဈေးနဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ ဈေးကွက်အတွင်းမှ စုံစမ်းသိရပါတယ်။

**ရန်ကုန်ဈေးကွက်မှာ** ဒီတစ်ပ တ်မှာ မြေဩဇာကအရောင်းအဝယ် ပုံမှန်ရှိပြီး ယခင်တစ်ပတ်ဈေးနဲ့ပဲ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ် ဖြစ်နေတဲ့ ဈေးမှာ ယူရီးယား (နေရှက်လေ့-တရုတ်) ၂၀၅၀၀ ကျပ်၊ပိုတက်(အိန္ဒိယ) ၁၉၅၀၀ ကျပ်၊ တီစူပါ (သံကွင်း-တရုတ်)၁၉၈၀၀ ကျပ်၊ ကွန်ပေါင်း (၁၅း၁၅း၁၅) (နေရှက်လေ့) ၃၁၅၀၀ ကျပ်နဲ့ အရောင်းအဝယ် ဖြစ်တယ်လို့ ဈေးကွက်အတွင်းမှ စုံစမ်းသိရှိရပါတယ်။




## နို့ဆီ/နို့မှုန့်

# နို့ဆီတန် နှစ်ရာ့လေးဆယ်ကျော် နို့မှုန့်တန်ချိန် လေးရာ့သုံးဆယ်ကျော်ဝင်

မတ် ၈ ရက်မှ ၁၄ ရက် သီတင်းပတ်အတွင်း ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ ကန်ဒေါ်လာ ၆၈၄၀၂၁ ဒသမ ၉၄ တန်ဖိုးရှိ နို့ဆီ ၂၄၈ ဒသမ ၆၄၈ တန် တင်သွင်းခဲ့ပါတယ်။ ယခင်သီတင်းပတ်က နို့ဆီအဝင်မရှိခဲ့ဘဲ ဒီတစ်ပတ်မှသာ ပြန်လည်တင်သွင်းခဲ့ခြင်းဖြစ်ပါတယ်။

နို့မှုန့်က မလေးရှားမှ ၁၅ တန်၊ နယူးဇီလန်မှ ၂၅၅ ဒသမ ၆ တန်နဲ့ စင်ကာပူ မှ ၁၆၂ ဒသမ ၂၅ တန် တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ဒီတစ်ပတ်မှာ နယူးဇီလန်နိုင်ငံမှ အများဆုံး တင်သွင်းခဲ့တယ်လို့သိရပါတယ်။ ယခင်သီတင်းပတ်အဝင်နဲ့ ယှဉ်ရင် ဒီတစ်ပတ်မှာ ၂၃၈ ဒသမ ၁၃၉ တန် အဝင်ပိုခဲ့တယ်လို့ သိရပါတယ်။

**နယ်စပ်ကုန်သွယ်ရေးစခန်းအလိုက် ဘိလပ်မြေတင်သွင်းမှုအခြေအနေ**

| စဉ် | စခန်းအမည် | ယခုအပတ် တင်သွင်းမှုတန်ချိန် ၇/၃ မှ ၁၃/၃ | ယခင်အပတ် တင်သွင်းမှုတန်ချိန် ၂၈/၂ မှ ၆/၃ | နှိုင်းယှဉ်ချက် (ပို/လို) +/- | |
|---|---|---|---|---|---|
| ၁။ | မူဆယ် | ၁၉၂၇·၅၀ | ၄၇၀၀·၇၅ | (-) | ၂၇၇၁·၂၅ |
| ၂။ | လွယ်ဂျယ် | ၆၈၂·၀၀ | ၇၄၁·၀၀ | (-) | ၅၉·၀၀ |
| ၃။ | ချင်းရွှေဟော် | ၂၀၀·၀၀ | - | (+) | ၂၀၀·၀၀ |
| ၄။ | ကန်ပိုက်တီး | ၄၃၄၇·၂၀ | ၅၀၈၉·၀၀ | (-) | ၇၄၁·၈၀ |
| ၅။ | တာချီလိတ် | ၂၀၁၀·၀၀ | ၆၅၀၀·၀၀ | (-) | ၄၄၉၀·၀၀ |
| ၆။ | မြဝတီ | ၃၄၉၄·၂၆ | ၄၁၈၀·၆၀ | (-) | ၆၈၆·၃၄ |
| ၇။ | ကော့သောင်း | ၁၇၄၀၈·၅၀ | ၁၃၉၈၃·၉၅ | (+) | ၃၄၂၄·၅၅ |
| ၈။ | မြိတ် | ၂၆၃၀·၀၀ | ၁၂၅·၀၀ | (+) | ၂၅၀၅·၀၀ |
| ၉။ | မောင်တော | ၁၂၀·၀၀ | - | (+) | ၁၂၀·၀၀ |
| | စုစုပေါင်း | ၃၂၈၁၉·၄၆ | ၃၅၃၂၀·၃၀ | (-) | ၂၅၀၈·၈၄ |

မြင့်မြင့်မာ MIRT (DCCA)

**နယ်စပ်ကုန်သွယ်ရေးစခန်းအလိုက် ဓာတ်မြေဩဇာတင်သွင်းမှုအခြေအနေ**

| စဉ် | စခန်းအမည် | ယခုအပတ် တင်သွင်းမှုတန်ချိန် ၇/၃ မှ ၁၃/၃ | ယခင်အပတ် တင်သွင်းမှုတန်ချိန် ၂၈/၂ မှ ၆/၃ | နှိုင်းယှဉ်ချက် (ပို/လို) +/- | |
|---|---|---|---|---|---|
| ၁။ | မူဆယ် | ၁၅၁၃၅·၉၀ | ၁၄၀၁၇·၆၀ | (+) | ၁၁၁၈·၃၀ |
| ၂။ | လွယ်ဂျယ် | ၃၀·၀၀ | ၉၅·၀၀ | (-) | ၆၅·၀၀ |
| ၃။ | ချင်းရွှေဟော် | - | - | | - |
| ၄။ | တာချီလိတ် | - | - | | - |
| ၅။ | မြဝတီ | ၉၉၈·၈၅ | ၈၂၀·၈၃ | (+) | ၁၇၈·၀၂ |
| ၆။ | ကော့သောင်း | ၁၀၈·၅၀ | ၁၀၀·၀၀ | (+) | ၈·၅၀ |
| ၇။ | မြိတ် | - | - | | - |
| ၈။ | ရိဒ် | ၇၀၀·၀၀ | ၆၀၀·၀၀ | (+) | ၁၀၀·၀၀ |
| | စုစုပေါင်း | ၁၆၉၇၃·၂၅ | ၁၅၆၃၃·၄၃ | (+) | ၁၃၃၉·၈၂ |

တင်တင်ထွန်း MIRT (DCCA)

စီးပွားရေးအောင်မြင်ရန် သတင်းအချက်အလက်ကို အခြေခံ

## နေကြာ/နှမ်း

# သုံးနားညီတဲ့ နေကြာဆီဈေးကွက်

မုံရွာဒေသဟာ မြန်မာနိုင်ငံရဲ့ ဒုတိယဆီအိုးကြီးလို့တင်စားရတဲ့ စစ်ကိုင်းတိုင်းဒေသကြီးထဲက ဆီထွက်သီးနှံ စိုက်ပျိုးဖြစ်ထွန်းရာ နယ်မြေဖြစ်တာနဲ့အညီ ယခုရာသီမှာ နှမ်း၊ မြေပဲတို့နဲ့အတူ နေကြာတွေ ထွက်နေတာနဲ့အမျှ ကျေးရွာဒေသများမှာ တစ်နိုင်တစ်ပိုင် ဆီကြိတ်ခွဲသံတွေနဲ့ သောသောညံနေတာ တွေ့ရပါတယ်။

မုံရွာဆီဈေးကွက်အနေနဲ့ ဒေသထွက်မြေပဲနဲ့ နှမ်းတို့ စိုက်ပျိုးထွက်ရှိမှု ရာသီဥတုဖောက်ပြန်လို့ အထွက်နှုန်း လျော့ကျမှု၊ Export အဖြစ် ကုန်ကြမ်းအတိုင်း စီးထွက်မှုတွေကြောင့် ဆီထွက်သီးနှံ ဈေးမြင့်မားလာတာနဲ့အမျှ ကုန်ချောဖြစ်တဲ့ စားသုံးဆီတွေလည်း ကွဲကူးရေပါဆိုသလို မြင့်တက်လာခဲ့တာ တွေ့ရပါတယ်။ မနှစ်က ဒီရာသီမှာ နှမ်းတစ်တင်း ၄၂၀၀၀ ကျပ်ကနေ ၅၃၅၀၀ ကျပ်ထိရှိခဲ့ပြီး နှမ်းဆီဈေးက တစ်ပိဿာ ၅၀၀၀ ကျပ်နဲ့ အမြင့်ဈေး ဖြစ်ပေါ်ခဲ့ပါတယ်။ မြေပဲကတော့ ဆီဆန်တစ်ပိဿာ ၁၄၃၅ ကျပ်ဝန်းကျင်ရှိခဲ့ပြီး၊ မြေပဲဆီဈေးက တစ်ပိဿာ ၂၈၀၀ ကျပ်သာပေါက်ဈေးရှိခဲ့ပါတယ်။ ပဲဆီ၊ နှမ်းဆီ အမြင့်ဈေးနဲ့ယှဉ်ပြီး စားအုန်းဆီကပါ တစ်ပိဿာ ၁၈၅၀ ကျပ်ထိ အမြင့်ဈေးရောက်ခဲ့ပါတယ်။

ယခုရာသီမှာတော့ မနှစ်ကနဲ့ ပြောင်းပြန်။ ပဲဆီဈေးက တစ်ပိဿာ ၄၀၀၀ ကျပ်မှာ မာနေပြီး နှမ်းဆီဟာ တစ်ပိဿာ ၃၈၀၀ ကျပ်နဲ့ တန့်နေသလို စားအုန်းဆီကလည်း တစ်ပိဿာ ၁၄၅၀ ကျပ်ထိ ကျဈေးဖြစ်ပေါ်ခဲ့ပါတယ်။ အခုလို နှမ်းဆီ၊ ပဲဆီနဲ့ စားအုန်းဆီတွေဘယ်လို အခြေအနေကြောင့်ပဲဖြစ်ဖြစ် ဈေးအတက်အကျကြမ်းခဲ့ပေမယ့် နေကြာဆီဈေးကွက်ကတော့ လွန်ခဲ့တဲ့ ၃ နှစ်ခန့်ကတည်းက တစ်ပိဿာ ၂၇၀၀ ကျပ်မှ ၃၂၀၀ ကျပ်ကြား ဈေးပုံမှန် ငြိမ်နေခဲ့တာ တွေ့ရပါတယ်။

ယခုလိုမီဒီယာ ဖွံ့ဖြိုးလာတဲ့ခေတ်မှာ ကျန်းမာရေးအရသော်လည်းကောင်း၊ စီးပွားရေးအခြေအနေအရသော်လည်းကောင်း နေကြာဆီစားသုံးမှု ပိုမိုအားကောင်းလာတာ တွေ့ရပါတယ်။ နေကြာစိုက်ပျိုးတဲ့ တောင်သူအများစုက နေကြာကို ကုန်ကြမ်းအတိုင်း ရောင်းချခြင်းထက် ဆီကြိတ်ရောင်းချခြင်းဖြင့် မိသားစုအတွက် စားဆီဖူလုံစေပြီး ပိုလျှံတဲ့ဆီကို ကုန်ချောဈေးဖြင့် ရောင်းချရခြင်း၊ နေကြာဆီဖတ်ရောင်းချရခြင်းတို့ကြောင့် တွက်ခြေကိုက်သလို ကျေးလက်တွေမှာ ဖွံ့ဖြိုးလာတဲ့ ဆီစက်ပိုင်တွေအနေနဲ့လည်း နေကြာတစ်တင်းကြိတ်ခ ၈၀၀ ကျပ်နှုန်းနဲ့ တစ်ရက်တင်း ၅၀ ခန့် ကြိတ်ခွဲလည်ပတ်နိုင်ကြတဲ့အတွက် ကိုယ်တိုင် အကျိုးအမြတ်ရသလို ဒေသခံပြည်သူတွေကို အလုပ်အကိုင်နဲ့ ဝင်ငွေတွေရရှိစေတာ တွေ့ရပါတယ်။

ထို့အတူ ကျေးလက်ဒေသခံပြည်သူတွေသာမက မြို့ပြပြည်သူတွေပါ ဈေးနှုန်းချိုသာပြီး ကျန်းမာရေးနဲ့ညီညွတ်တဲ့ နေကြာဆီကို သုံးစွဲနိုင်ကြတာဖြစ်တဲ့အတွက် နေကြာနဲ့ဆက်စပ်တဲ့ လူတန်းစား သုံးရပ်စလုံး အကျိုးအမြတ်ရရှိစေတဲ့ နေကြာဆီဈေးကွက်ကို ယခုထက် ပိုမိုဖွံ့ဖြိုးလာစေဖို့ သက်ဆိုင်ရာ အဖွဲ့အစည်းများမှ ဝိုင်းဝန်းဖေးမရန် အချိန်တန်ပြီဖြစ်ပါတယ်လို့-------။

**ထွန်းလှိုင်-မုံရွာ**

## ချင်းရွှေဟော်မှ နှမ်းတင်ပို့မှု ပိုမိုပြီး မူဆယ် နှမ်းတင်ပို့မှုလျော့

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ် (၁၀၅) မိုင် ကုန်သွယ်ရေးဇုန်နဲ့ ချင်းရွှေဟော်နယ်စပ်ကုန်သွယ်ရေးစခန်းမှ မတ်လ ဒုတိယပတ်တွင် ကန်ဒေါ်လာ ၂ ဒသမ ၇၅၉ သန်းတန်ဖိုးရှိတဲ့ နှမ်းရောင်စုံ ၁၅၇၁ တန်ခွဲ တင်ပို့ခဲ့ရာ ယခင်ရက်သတ္တပတ်က မူဆယ်မှ ၇၀၄ တန်ခွဲ၊ ချင်းရွှေဟော်မှ ၁၇၆ တန်တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်ရဲ့ နှမ်းတင်ပို့မှုမှာ ချင်းရွှေဟော်မှပိုမိုခဲ့ပြီး မူဆယ်မှ နှမ်းတင်ပို့မှု လျော့ကျသွားပါတယ်။ မူဆယ်ကုန်စည်ဒိုင်မှာ ယခင်တစ်ပတ်က နှမ်းဖြူတစ်တန်ကို မိမိဘက်ဈေး ၁၇၃၅၀၀၈ ကျပ်မှ ယခု ၁၇၈၈၀၃၁ ကျပ်သို့ လည်းကောင်း၊ နှမ်းနက်တစ်တန်ကို ၁၈၉၉၇၅၃ ကျပ်မှ ၁၉၂၃၈၅၄ ကျပ်သို့လည်းကောင်း ဈေးများ ပြန်လည်မြင့်တက်လာတာ တွေ့ရပါတယ်။ မန္တလေး-မူဆယ် ကုန်စည်သယ်ယူခနှုန်းမှာလည်း ယခင်ရက်သတ္တပတ်က နှမ်းတစ်ပိဿာကို ၈၅-၉၅ ကျပ်မှ ယခုတစ်ပတ်တွင် ၁၀၀-၉၀ ကျပ်သို့ ဈေးမြင့်တက်လာပါတယ်။ ယခုတစ်ပတ်ရဲ့ စခန်းအလိုက် တင်ပို့ခဲ့တဲ့ နှမ်းရောင်စုံတွေကတော့-

**တန်ချိန်-ကိန်းပြည့်**

| နှမ်းအမျိုးအစား | မူဆယ် | ချင်းရွှေဟော် |
|---|---|---|
| နှမ်းဖြူ | ၁၅၂. ၁၀ | ၂၀၀ |
| နှမ်းနက် | ၁၇၈. ၄၅ | ၉၅၀ |
| နှမ်းဖြူ (အခွံချွတ်) | ၉၁. ၀၀ | - |

ဖြစ်ပါတယ်။

**မော်မော်အောင် MIRT( DCCA)**

## စားအုန်းဆီ

# ၂၀၀၇ ခုနှစ် နောက်ပိုင်း အင်ဒိုနီးရှားမှ စားအုန်းဆီတင်ပို့မှု အရှည်ကြာဆုံးကျဆင်း

ကမ္ဘာပေါ်မှာ စားအုန်းဆီအများဆုံးထုတ်လုပ်တဲ့ နိုင်ငံတစ်နိုင်ငံဖြစ်တဲ့ အင်ဒိုနီးရှားနိုင်ငံရဲ့ စားအုန်းဆီတင်ပို့မှုက ဖေဖော်ဝါရီလမှာ စတုတ္ထမြောက်လအဖြစ်ကျဆင်းခဲ့ပါတယ်။ ယခုလိုကျဆင်းလာတာဟာ တရုတ်နိုင်ငံအနေနဲ့ အစားအစာနဲ့ လောင်စာဆီအတွက် စားသုံးဆီဝယ်ယူမှုကို လျှော့ချလိုက်ပြီး ခုနစ်နှစ်အကြာမှာ အရှည်ကြာဆုံး ကျဆင်းမှုဖြစ်ကြောင်း ဘလွမ်းဘတ်သတင်းမှာ ဖော်ပြထားပါတယ်။

စားအုန်းဆီတင်သွင်းမှုက ဇန်နဝါရီလမှာ တန် ၁ ဒသမ ၈ သန်းရှိရာမှ ဖေဖော်ဝါရီလမှာ ၁ ဒသမ ၇၉ သန်းထိ ကျဆင်းခဲ့ကြောင်း အင်ဒိုနီးရှားစားအုန်းဆီအသင်း (Gapki )က မတ်လ ၁၉ ရက်ကပြောပါတယ်။ တရုတ်နိုင်ငံသို့ တင်ပို့မှုက ဖေဖော်ဝါရီလမှာ ၅၀ ရာခိုင်နှုန်းအထိ ကျဆင်းပြီး တန်ချိန် ၅၈၉၈၀ ရှိခဲ့ကြောင်း ကိန်းဂဏန်း အချက်အလက်တွေအရ သိရပါတယ်။ အင်ဒိုနီးရှားနိုင်ငံရဲ့ ပို့ကုန်ကျဆင်းမှုက ကမ္ဘာ့စားအုန်းဆီ ထုတ်လုပ်မှုမှာ ဒုတိယနေရာမှာရှိနေတဲ့ မလေးရှားနိုင်ငံရဲ့ တင်ပို့မှုအခြေအနေကို မီးမောင်းထိုးပြလျက်ရှိပါတယ်။ မလေးရှားနိုင်ငံရဲ့ ကျဆင်းမှုဟာ ဖေဖော်ဝါရီလ ၂၀၀၇ ခုနှစ်နောက်ပိုင်း အနိမ့်ဆုံးနှုန်းထိ ကျဆင်းခဲ့ပါတယ်။

တရုတ်နိုင်ငံရဲ့ စီးပွားရေးနှေးကွေးကျဆင်းမှုနဲ့ ပဲပုပ်ဆီအပါအဝင် အစားထိုးဆီများရဲ့ ဈေးနှုန်းသက်သာ မှုကြောင့် စားအုန်းဆီဝယ်လိုအားကို ကျဆင်းစေခဲ့ပါတယ်။ ဘာဆာမလေးရှားကုန်စည်ဒိုင်မှာ ဇွန်လအတွက် ချုပ်ဆိုထားတဲ့ စားအုန်းဆီဈေးက ၃ ရာခိုင်နှုန်းကျဆင်းပြီး တစ်တန်ကို ၂၁၃၄ ရင်းဂစ် (၅၇၆ ဒေါ်လာ) နှုန်းရှိခဲ့ပါတယ်။

အင်ဒိုနီးရှားနိုင်ငံအနေနဲ့ ဘင်္ဂလားဒေ့ရှ် အရှေ့အလယ်ပိုင်းနဲ့ အာဖရိကစတဲ့နိုင်ငံတွေကို စားအုန်းဆီတင်ပို့မှု ကျဆင်းခဲ့ပါတယ်။ စားအုန်းဆီအများဆုံးဝယ်ယူတဲ့ အိန္ဒိယနိုင်ငံကို တင်ပို့မှုက ၄၇ ရာခိုင်နှုန်းမြင့်တက်ပြီး ၄၃၉၇၂၀ တန်ရှိခဲ့ပါတယ်။ အမေရိကန်နိုင်ငံကို တင်ပို့မှုက ၆၅ ရာခိုင်နှုန်းမြင့်တက်ပြီး ၆၈၃၉၀ တန်ရှိခဲ့ကြောင်း Gapki က ပြောပါတယ်။

ဖေဖော်ဝါရီလအတွင်းမှာ မလေးရှားနိုင်ငံမှ တင်ပို့မှုက ၁၈ ရာခိုင်နှုန်းကျဆင်းပြီး ၉၇၁၆၄၀ တန်ရှိခဲ့ပါတယ်။ ဒါကြောင့် ပထမနှစ်လအတွင်း ကျဆင်းမှုက ၂၀ ရာခိုင်နှုန်းရှိခဲ့ကြောင်း မလေးရှားစားအုန်းဆီဘုတ်အဖွဲ့ရဲ့ ထုတ်ပြန်တဲ့စာရင်းတွေအရ သိရပါတယ်။ စားအုန်းဆီရဲ့ ပျမ်းမျှဈေးနှုန်းက တစ်တန်ကို ဒေါ်လာ ၇၅၀ အောက်ရှိနေဆဲဖြစ်တဲ့အတွက် စားအုန်းဆီတင်ပို့ခွန်ကို သုည ရာခိုင်နှုန်းထိ လျှော့ချထားတာကို ဧပြီလမှာ ဆက်လက်သက်တမ်းတိုးသွားမှာ ဖြစ်ကြောင်း Gapki ကပြောပါတယ်။

**ဉာဏ်တင်**

## ပြည်တွင်းဆီဈေးနှုန်းများ (၂၀-၃-၂၀၁၅)

ကျပ်/ပိဿာ

| မြို့အမည် | ပဲဆီ ယခင် | ပဲဆီ ယခု | ပဲဆီ နှိုင်းယှဉ်ချက် | နှမ်းဆီ ယခင် | နှမ်းဆီ ယခု | နှမ်းဆီ နှိုင်းယှဉ်ချက် | စားအုန်းဆီ ယခင် | စားအုန်းဆီ ယခု | စားအုန်းဆီ နှိုင်းယှဉ်ချက် |
|---|---|---|---|---|---|---|---|---|---|
| နေပြည်တော် (ပျဉ်းမနား) | ၃၄၀၀ | ၃၄၀၀ | □ | ၄၀၀၀ | ၄၀၀၀ | □ | ၁၅၅၀ | ၁၅၅၀ | □ |
| ရန်ကုန် | ၄၀၀၀ | ၄၀၀၀ | □ | ၅၀၀၀ | ၅၀၀၀ | □ | ၁၃၉၅ | ၁၃၂၅ | ▽ |
| မန္တလေး | ၃၅၀၀ | ၃၈၀၀ | △ | ၃၅၀၀ | ၃၅၀၀ | □ | ၁၄၅၀ | ၁၄၅၀ | □ |
| ပဲခူး | ၂၆၀၀ | ၂၆၀၀ | □ | ၄၉၀၀ | ၅၀၀၀ | △ | ၁၄၂၀ | ၁၄၀၀ | ▽ |
| မကွေး | ၃၂၀၀ | ၃၆၀၀ | △ | ၄၂၀၀ | ၄၂၀၀ | □ | ၁၄၃၀ | ၁၄၃၀ | □ |
| မုံရွာ | ၃၉၀၀ | ၄၀၀၀ | △ | ၃၈၀၀ | ၃၈၀၀ | □ | ၁၅၀၀ | ၁၄၇၀ | ▽ |
| စစ်တွေ | ၃၄၀၀ | ၃၄၀၀ | □ | ၃၂၀၀ | ၃၂၀၀ | □ | ၁၉၀၀ | ၁၉၀၀ | □ |

***Source: mirt-dtp***

## စားအုန်းဆီဈေးနှုန်းများ (၁၆-၃-၂၀၁၅ မှ ၂၀-၃-၂၀၁၅ နေ့ထိ)

ရေတွက်ပုံ - ဒေါ်လာ

| စဉ် | နေ့စွဲ | CIF (ရန်ကုန်) |
|---|---|---|
| (၁) | ၁၆-၃-၂၀၁၅ | ၆၈၀ |
| (၂) | ၁၇-၃-၂၀၁၅ | ၆၈၀ |
| (၃) | ၁၈-၃-၂၀၁၅ | ၆၇၀ |
| (၄) | ၁၉-၃-၂၀၁၅ | ၆၇၅ |
| (၅) | ၂၀-၃-၂၀၁၅ | ၆၇၀ |

Source: ဆီကုန်သည်များအသင်း

## မလေးရှားစားအုန်းဆီ အပတ်စဉ်ပျမ်းမျှ (FOB) ဈေးနှုန်း

၂၀-၃-၂၀၁၅ **US$/Ton**

| အမျိုးအစား | မတ်လဒုတိယပတ် | မတ်လတတိယပတ် | နှိုင်းယှဉ်ချက် |
|---|---|---|---|
| **RBD P.Oil** | ၆၄၉.၅၀ | ၆၁၈.၀၀ | ▽ |
| **RBD P.Olein** | ၆၅၆.၅၀ | ၆၂၉.၀၀ | ▽ |
| **RBD P.Strarin** | ၆၅၆.၅၀ | ၆၁၅.၅၀ | ▽ |

***Source: econ.mpob***

## ပြည်ပမှတင်သွင်းလာသော စားအုန်းဆီများ ရန်ကုန်ဆိပ်ကမ်းအရောက် တစ်ပိဿာအရင်းဈေးတွက်ချက်ပုံ (၂၀ - ၃ -၂၀၁၅ )နေ့

| အကြောင်းအရာ | တွက်ချက်နှုန်း | တစ်ပိဿာကုန်ကျစရိတ် (ကျပ်) Cloud Point 8˚CMax |
|---|---|---|
| CIF ဈေး | (CIFx Earning)/ 612 | ၁၁၈၁.၂၆ |
| FDA ထောက်ခံစာ | 58 .20/ 612 | ၀.၁၀ |
| သွင်းကုန်လိုင်စင်ကြေး | 50/ 612 | ၀.၀၈ |
| L/C စရိတ် | (CIF x 0.25% x Earning)/612 | ၂.၉၅ |
| Bill စရိတ် | (CIF x 0.50% x Earning )/612 | ၅.၉၁ |
| စားအုန်းဆီအလျော့ | 0.5% x လက်ကားဈေး | ၆.၆၃ |
| ဆီကန်သို့လှောင်ထိန်းသိမ်းခ | 5/ -1% | ၄.၉၅ |
| ကုန်သွယ်လုပ်ငန်းခွန် | (FOB x USD x 1.2 x 5%) 612 | ၆၅.၃၂ |
| ဆိပ်ကမ်းခွန် | (50000/ 1000) 612 | ၀.၀၈ |
| MITS စစ်ဆေးခ (FDA အပါအဝင်) | | ၀.၆၀ |
| အခွန်လျာထား | (CIF x 35/-)/ 612 | ၃၈.၃၂ |
| ဆိပ်ကမ်းကပ်ခ | (3x Earning )/ 612 | ၅.၂၉ |
| | ရန်ကုန်ဆိပ်ကမ်းအရောက် အရင်းဈေး | ၁၃၁၁.၄၉ |

မှတ်ချက်။
၁။ အထက်ပါတွက်ချက်မှုမှာ (၂၀-၃-၂၀၁၅)နေ့ (CIFဈေး Cloud Point 8 ˚C Max ၆၇၀ ဒေါ်လာ၊ FOB ၆၄၅ ဒေါ်လာနှင့် Earning ဈေး ၁၀၇၉ကျပ်)ဖြင့်တွက်ချက်ထားခြင်းဖြစ်ပါသည်။
၂။ (၂၀-၃-၂၀၁၅)နေ့ ဝယ်ယူပြီးနောက် ၁၀ ရက်ခန့်အကြာ ရန်ကုန်ဆိပ်ကမ်းရောက်ရှိမည့် ဈေးဖြစ်ပါသည်။
၃။ တင်သွင်းလာသော ကုမ္ပဏီ၏ အမြတ်၊ ဆိပ်ကမ်းမှ ဖြန့်ဖြူးမည့် ဈေးကွက်အရောက် သယ်ယူစရိတ်၊ လုပ်သားခ၊ လက်လီဆိုင်များ၏ အမြတ်များ မပါဝင်သေးပါ။
၄။ ငွေလဲနှုန်းတစ်ဒေါ်လာကို ဒေါ်လာဈေး ၁၀၃၃ ကျပ်ဖြင့် တွက်ချက်ထားပါသည်။
၅။ ကုန်သွယ်လုပ်ငန်းခွန်မှာ ယခင် သုညရာခိုင်နှုန်းဖြစ်ပြီး ယခု ၅ ရာခိုင်နှုန်းဖြစ်ပါသည်။
၆။ ဆိပ်ကမ်းကပ်ခမှာ ယခင်ကောက်ခံခြင်းမရှိပါ။ ယခုတစ်တန်လျှင် အမေရိကန် ၃ ဒေါ်လာနှုန်း ကောက်ခံပါသဖြင့် ထည့်သွင်းတွက်ချက်ပါသည်။
၇။ နိုင်ငံခြားစားအုန်းဆီ FOB နှင့် CIF ဈေးနှုန်းများအပါအဝင် ဖော်ပြပါဈေးနှုန်းများသည် အချိန်နှင့်အမျှအတက်အကျ အပြောင်းအလဲ ရှိနိုင်ပါသည်။

## မြန်မာသံရုံးများမှ ပေးပို့သော စီးပွားရေးသတင်းများ

# စင်ကာပူစတော့အိတ်ချိန်း၌ ရိုးမဦးပိုင်လီမိတက်၏ ရှယ်ယာဈေးနှုန်းများ မြင့်တက်

မြန်မာနိုင်ငံအခြေစိုက် ရိုးမဦးပိုင် လီမိတက်အနေဖြင့် ရန်ကုန်မြို့လယ်ရှိမြန်မာ့မီးရထားရုံးချုပ်အဆောက်အအုံ ဟောင်းကိုကြယ်ငါးပွင့်အဆင့်ဟိုတယ်အဖြစ် ပြောင်းလဲလုပ်ကိုင်နိုင်ရန်အတွက် ငှားရမ်းမှုစာချုပ်သက်တမ်းတိုးမြှင့်ခွင့်ရရှိခဲ့ခြင်းက စင်ကာပူစတော့အိတ်ချိန်းဈေးကွက်၌ ၎င်း၏ရှယ်ယာဈေးနှုန်းများအား မြင့်တက်စေခဲ့ကြောင်း စင်ကာပူနိုင်ငံရှိ သတင်းဌာနများက ဖော်ပြခဲ့ကြပါသည်။

မိမိတို့ကုမ္ပဏီလီမိတက်မှ အစုရှယ်ယာ ၈၀ ရာခိုင်နှုန်းပိုင်ဆိုင်ထားရှိသော Meeyahta International Hotel အနေဖြင့် မြန်မာ့မီးရထား ရုံးချုပ်အဆောက်အအုံဟောင်းကို BOT စနစ်ဖြင့် ကြယ်ငါးပွင့်အဆင့်ရှိ ပင်နီစူလာ-ရန်ကုန်ဟိုတယ်အဖြစ် ပြောင်းလဲလုပ်ကိုင်ရာတွင် မြန်မာနိုင်ငံ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ ငှားရမ်းမှုသက်တမ်းတိုးမြှင့်ခြင်းကို ခွင့်ပြုရန်အတည်ပြုကြောင်း ၂၀၁၅ ခုနှစ် မတ်လ ၁၀ နေ့ရက်စွဲဖြင့် အကြောင်းကြားစာအား မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်ထံမှ လက်ခံရရှိခဲ့ကြောင်း၊ ၎င်းတို့ကုမ္ပဏီအနေဖြင့် ငှားရမ်းမှု စာချုပ်သက်တမ်းတိုးမြှင့်ရန် လိုအပ်သောအဆင့်များကို ရထားပို့ဆောင်ဝန်ကြီးဌာနနှင့် ဆက်သွယ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းဖြင့် ရိုးမဦးပိုင်လီမိတက်၏ ဒါရိုက်တာအဖွဲ့မှ မတ်လ ၁၁ ရက်နေ့၌ သတင်းထုတ်ပြန်ခဲ့ပါသည်။ ဤသို့ သတင်းထုတ်ပြန်ခဲ့ပြီးနောက် ရင်းနှီးမြှုပ်နှံသူအများအပြားမှ ရိုးမလီမိတက်၏ ရှယ်ယာများအား ဝယ်ယူမှုမှာ ရုတ်ချည်းမြင့်တက်ခဲ့ပြီး ရှယ်ယာဈေးနှုန်းမှာလည်း ၂၀၁၅ ခုနှစ် မတ်လ ၁၂ ရက်နေ့တွင် အစုတစ်စုလျှင် စင်ကာပူဒေါ်လာ သုည ဒသမ ၄၄ အထိပြန်လည်မြင့်တက်လာခဲ့ပါသည်။ ဤပမာဏမှာ ယခင်ဈေးနှုန်း အပေါ် ၁၂ ဒသမ ၈ ရာခိုင်နှုန်းမြင့် တက်ခြင်းဖြစ်ပြီး စင်ကာပူစတော့အိတ် ချိန်းဈေးကွက်၌ တစ်ရက်အတွင်းရိုးမ ဦးပိုင်လီမိတက်၏ အစုရှယ်ယာများလွှဲပြောင်းရောင်းဝယ်မှုမှာ စင်ကာပူ ဒေါ်လာ ၂၆ ဒသမ ၅ သန်းခန့်ရှိရာ အဆိုပါနေ့ရက်၌ SGX တွင် ရှယ်ယာရောင်းဝယ်မှု သတ္တမမြောက် အများဆုံးဖြစ်ခဲ့ကြောင်း သိရှိရပါသည်။

ရန်ကုန်မြို့၌ နိုင်ငံတကာအဆင့်မီ ဟိုတယ်များနည်းပါးပြီး အခန်းငှားရမ်းခနှုန်းထားများ မြင့်မားမှုရှိနေခြင်းကြောင့် စီးပွားရေးလုပ်ငန်းကဏ္ဍများစွာအနက် ဟိုတယ်လုပ်ငန်းမှာ ဆွဲဆောင်မှု အကောင်းဆုံးဖြစ်ကြောင်း၊ ပင်နီစူလာ -ရန်ကုန်ဟိုတယ် စီမံကိန်းနှင့်ပတ်သက်၍ ယခုသတင်းမှာရိုးမကုမ္ပဏီလီမိတက်အတွက် အပြုသဘောဆောင်သည့်အချက်ဖြစ်ကြောင်း၊ စီမံကိန်းတည် နေရာမှာ ရန်ကုန်မြို့၏ အချက်အချာ ကျသည့်နေရာတွင်ရှိသဖြင့် တည်ဆောက်ပြုပြင်မှုပြီးစီးချိန်တွင် လုပ်ငန်းသင့်တင့်ကောင်းမွန်စွာ လုပ်ကိုင်နိုင်မည်ဟုမျှော်လင့်ရကြောင်း၊ မြန်မာနိုင်ငံ၏ တည်ဆဲဥပဒေများအရ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုသူများအနေဖြင့် နှစ် ၅၀ ငှား ရမ်းမှုပြုနိုင်ပြီး ၁၀နှစ်စီ သက်တမ်း နှစ်ကြိမ်တိုးခွင့်ရနိုင်ကြောင်း၊ သို့ရာတွင် ရိုးမဦးပိုင်လီမိတက်၏ကြေညာချက်တွင် ငှားရမ်းမှုကာလမည်မျှကြာမြင့်စွာသက်တမ်း တိုးခွင့်ရသည်ကို တိကျစွာဖော်ပြထား ခြင်းမရှိကြောင်း စသည်ဖြင့် စင်ကာပူအခြေစိုက် အိမ်ရာမြေအတိုင်ပင်ခံ လုပ်ငန်းတစ်ခုဖြစ်သည့် REMS Advisors လီမိတက်မှ အမှုဆောင် အရာရှိချုပ် Mr. Tan Kok Keong ၏ ပြောကြားချက်ကို Channel NewsAsia သတင်းဌာနမှ ဖော်ပြခဲ့ပါသည်။

ရိုးမဦးပိုင်လီမိတက်အနေဖြင့် ၂၀၁၅ ခုနှစ် မတ်လ ၁၆ ရက်နေ့တွင် ကုမ္ပဏီ၏ ထိပ်ပိုင်းစီမံခန့်ခွဲရေးတာဝန်နေရာများ၌ ပြောင်းလဲမှုအချို့ပြုလုပ်ခဲ့ရာ လုပ်ငန်းစု၏ အထွေထွေမန်နေဂျာဖြစ်သူ Jeremy Noel Westmore နှင့် အိမ်ရာမြေလုပ်ငန်း၏ ပူးတွဲအကြီးအကဲ Elmar Heinrich Antonius Busch တို့ကို ကိုယ်ပိုင်စီးပွားရေး လုပ်ငန်းဆောင်ရွက်နိုင်ရန် တာဝန်မှ နှုတ်ထွက်ခွင့်ပြုခဲ့ပြီး ဒေါ်သီရိသန့်မွန်အား ကော်ပိုရိတ်ဖွံ့ဖြိုးတိုးတက်ရေးဌာန၏ အကြီးအကဲအဖြစ် တာဝန်ယူ ဆောင်ရွက်စေလျက်ရှိကြောင်း သိရှိရပါသည်။

**နေအေးလွင်၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ စင်ကာပူမြို့**

## တောင်ကိုရီးယားအင်တာနက်မြန်နှုန်း ကမ္ဘာတွင်အမြင့်ဆုံးဖြစ်

ကိုရီးယားသမ္မတနိုင်ငံ၏ အင်တာနက်မြန်နှုန်းသည် ကမ္ဘာပေါ်တွင် အမြင့်ဆုံးအဖြစ် ဆက်လက်ရပ်တည်နေသည်။ ၂၀၁၄ ခုနှစ်တွင် broadband internet မြန်နှုန်းသည် တစ်စက္ကန့်လျှင် ၂၅မီဂါဗိုက်နှုန်းရရှိခဲ့ပြီး၊ ကမ္ဘာ့နိုင်ငံများ၏ ပျမ်းမျှမြန်နှုန်းထက် ၅ ဒသမ ၅ ရာခိုင်နှုန်းသာလွန်နေသည်ဟု အင်တာနက်ဈေးကွက် သုတေသနစာရင်းများအရ သိရှိ ရသည်။

အင်တာနက်မြန်နှုန်းတွင် တောင်ကိုရီးယားပြီးနောက် ဟောင်ကောင်၊ ဂျပန်နှင့် ဆွစ်ဇာလန်နိုင်ငံတို့သည်လည်း ဒုတိယ၊ တတိယနှင့် စတုတ္ထအမြန်ဆုံး နိုင်ငံများဖြစ်ကြသည်။ တောင်ကိုရီးယား နိုင်ငံ၏ အင်တာနက်ပျံ့နှံ့မှုနှုန်းသည်လည်း ကမ္ဘာတွင်အမြင့်ဆုံးဖြစ်သည်။ ကိုရီးယား တွင်တယ်လီဖုန်းလိုင်းသုံးစွဲသူ၁၀ယောက်တွင် ၉ယောက်သည် အင်တာနက် ဆက်သွယ်ရေးဝန်ဆောင်မှုကို ရယူထားလျက်ရှိကြသည်။ **သန့်ဇင်၊ စီးပွားရေးသံမှူး၊ မြန်မာသံရုံး၊ ဆိုးလ်မြို့**

## အမေရိကန်ဒေါ်လာနှင့်လဲလှယ်နှုန်းတွင် ဝမ်တန်ဖိုး လနှစ်ဆယ်အတွင်း အနိမ့်ဆုံးကျဆင်း

ကိုရီးယားဗဟိုဘဏ်ကရင်း၏ အခြေခံစံထားနှုန်းကို လျှော့ချခဲ့၍ တောင်ကိုရီးယားဝမ်ငွေတန်ဖိုးသည် အမေရိကန်ဒေါ်လာနှင့်လဲလှယ်နှုန်းတွင် လပေါင်းနှစ်ဆယ်အတွင်း ပထမဆုံးအကြိမ် ကျဆင်းသွားခဲ့သည်။ ယခုအခါ တစ်ဒေါ်လာလျှင် ၁၁၂၈ ဒသမ ၅၀ ဝမ်သာရှိခဲ့ပြီး၊ ၂၀၁၃ ခုနှစ်ဇူလိုင်လ ၁၀ရက်နေ့က ဖြစ်ပေါ်ခဲ့သည့် တစ်ဒေါ်လာလျှင် ၁၁၃၅ ဒသမ ၈၀ ဝမ် နောက်ပိုင်း အနိမ့်ဆုံး ငွေလဲနှုန်းဖြစ်သည်။ အစိုးရငွေတိုက်စာချုပ်များအပေါ် အတိုးနှုန်းသည်လည်း ဆက်လက်နိမ့်ကျသွားနိုင်သည်ဟု ဗဟိုဘဏ် အတိုးနှုန်း နိမ့်ကျသွားသည့်အပေါ် ထင်မြင်ယူဆချက်များ ရှိနေသည်။

သုံးနှစ်ငွေတိုက်စာချုပ်အပေါ် အတိုးနှုန်းသည် မတ် ၁၃ ရက်က ၁ ဒသမ ၈၆၅ ရာခိုင်နှုန်းဖြစ်ပြီး၊ ၃ ဒသမ ၁ပွိုင့်ကျဆင်းခဲ့သည်။ ငါးနှစ်ငွေတိုက်စာချုပ်အပေါ် အတိုးသည် သုည ဒသမ ၆ ရာခိုင်နှုန်းကျဆင်း၍ ၂ ဒသမ ၀၁၅ ရာခိုင်နှုန်းသာဖြစ်ခဲ့သည်။ဝမ်ငွေတန်ဖိုး ကျဆင်းနေခြင်းသည် ကမ္ဘာ့ငွေကြေးလျှော့ချမှုပေါ်လစီ (Global monetary easing) များကြောင့်ဖြစ်ပြီး၊အမေရိကန် ဗဟိုဘဏ်သည် ၎င်း၏အတိုးနှုန်းကို မြှင့်တင်နိုင်သည်ဟုခန့်မှန်းချက်များလည်းရှိနေပြီး၊ အခြားကမ္ဘာ့နိုင်ငံအသီးသီးရှိဗဟိုဘဏ်များသည်လည်း၎င်းတို့စီးပွားရေး တိုးတက်ကောင်းမွန်လာစေရန် Monetary easing policy များကို သုံးစွဲလာကြသည်ကို တွေ့ရသည်။ ဝမ်ငွေသည် ဂျပန်ယန်းငွေနှင့် အမေရိကန်ဒေါ်လာလဲလှယ်နှုန်းပေါ်တွင် ဒရွတ်တိုက်လိုက်ပါနေကြောင်း၊ အမေရိကန်ဗဟိုဘဏ် အတိုးနှုန်းမြင့်လာခြင်းအပေါ်တွင်လည်း ဝမ်-ဒေါ်လာလဲ လှယ်နှုန်းပိုမိုမြင့်မားလာမည်ဖြစ်ကြောင်း Eugene Investment & Securities Co. မှ ကင်မွန်အေးကသုံးသပ်ခဲ့သည်။ မတ်လ ၁၂ရက်နေ့ကကိုရီးယား ဗဟိုဘဏ်သည် ၎င်း၏အတိုးနှုန်းကို ၁ ဒသမ ၇၅ ရာခိုင်နှုန်းသို့လျှော့ချခဲ့သည်။

ကိုရီးယားဗဟိုဘဏ်သည် ၂၀၁၄ ခုနှစ်အတွင်းကလည်း အခြေခံနှုန်းပွိုင့် ၅၀ အထိ နှစ်ကြိမ်လျှော့ချခဲ့သေးသည်။ တောင်ကိုရီးယားနိုင်ငံ၏ စတော့ရှယ်ယာ KOSPI သည် ၁၅ ဒသမ ၂ပွိုင့် (သုည ဒသမ ၇၇ ရာခိုင်နှုန်း) တက်ခဲ့ပြီး မတ်လ၁၃ရက်နေ့ကဝမ်နှင့် ယန်းလဲလှယ်နှုန်းသည် ယန်း ၁၀၀ လျှင် ၉၂၉ ဒသမ ၂၀ ဖြစ်ခဲ့သည်။

**သန့်ဇင်၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ ဆိုးလ်မြို့**

## မြန်မာနိုင်ငံတွင် လူဇင်ဘတ်နိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှု အမေရိကန်ဒေါ်လာ ၄၅ သန်းကျော်ရှိ

၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ ၃၁ ရက်နေ့အထိ မြန်မာနိုင်ငံတွင် လူဇင်ဘတ်နိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုတန်ဖိုး စုစုပေါင်းမှာ **အမေရိကန်ဒေါ်လာ ၄၅ ဒသမ ၃၅၀ သန်း**ခန့်ဖြစ်ပါသည်။

မြန်မာနိုင်ငံတွင် လူဇင်ဘတ် ကုမ္ပဏီများ ဖြစ်ကြသည့် CAOG S.a.r.l.,Luxembourg သည် စွမ်းအင်လုပ်ငန်းကဏ္ဍ (ဧရာဝတီတိုင်းဒေသကြီး ရှိမြင်သာတွင် ရေနံစမ်းသပ်တူးဖော်ခြင်း) တွင် လည်းကောင်း၊ Abercrombie & Kent သည် ခရီးသွားလုပ်ငန်းကဏ္ဍ (မြစ်တွင်းအပျော်စီးသင်္ဘောပြေးဆွဲခြင်း) တွင်လည်းကောင်း ရင်းနှီးမြှုပ်နှံ လုပ်ကိုင်ဆောင်ရွက်လျက်ရှိပါသည်။ ၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက်နေ့အထိ မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံ၍ လုပ်ငန်းများလုပ်ကိုင်လျက်ရှိသော လူဇင်ဘတ်နိုင်ငံမှ ကုမ္ပဏီများမှာ ဝန်ဆောင်မှုလုပ်ငန်း ကဏ္ဍတွင် Sanctuary Retreats Myanmar Ltd.၊ Carmudi Myanmar Ltd. ၊ Daraz Myanmar Co., Ltd. နှင့် စက်မှုလုပ်ငန်းကဏ္ဍတွင် Nestle Alpine Waters Ltd. တို့ဖြစ်သည်။

**ဖြူနှင်းဝတ်ရည်၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ ဘရပ်ဆဲလ်မြို့**

## ကိုရီးယားအိမ်ထောင်စုချေးငွေများ ဇန်နဝါရီလက အမြင့်ဆုံးဖြစ်ခဲ့

ကိုရီးယားဘဏ်များအပါအဝင် ငွေရေးကြေးရေးအဖွဲ့အစည်းများက အိမ်ထောင်စုများသို့ ထုတ်ချေးငွေသည် ဇန်နဝါရီလအတွင်း အမြင့်ဆုံးစံချိန်တင် ခဲ့သည်။ ကိုရီးယားဗဟိုဘဏ်၏ မတ် ၁၀ ရက်က ထုတ်ပြန်သောစာရင်းအရ ဇန်နဝါရီလအတွင်း အိမ်ထောင်စုများသို့ ထုတ်ချေးငွေ ဝမ် ၇၄၆ ဒသမ ၅ ထရီလီယံရှိပြီး၊ ယခင်လကထက် ဝမ် ၇၀၀ ဘီလီယံပိုခဲ့သဖြင့် လစဉ်ထုတ်ချေး ငွေပိုလာနေခြင်းမှာ ၁၂ လရှိနေပြီဖြစ်ကြောင်း သိရှိရသည်။

အမှန်တကယ်တွင် ဇန်နဝါရီလသည် ချေးငွေထုတ်ပေးမှု ပုံမှန်အားဖြင့် အနည်းဆုံးဖြစ်လေ့ရှိသော်လည်း ယခုနှစ် ဇန်နဝါရီလသည် အိမ်ထောင်စုချေးငွေ အများဆုံးဖြစ်ခဲ့သည့် ဇန်နဝါရီလဖြစ်ကြောင်းဗဟို ဘဏ်၏ ၂၀၀၃ ခုနှစ်ကတည်းက စုစည်းထားသော အချက်အလက်များက ဖော်ပြခဲ့သည်။ ဇန်နဝါရီလအတွင်း အိမ်ထောင်စုချေးငွေများ တိုးလာခြင်းမှာ အိမ်ခြံမြေရောင်းဝယ်မှု/ ငွေလွှဲပြောင်းမှုများအပေါ် အစိုးရက ကြိုးနီစနစ်များ ဖြေလျှော့ပေးခဲ့ခြင်းကြောင့် ဖြစ်သည်။ ဇန်နဝါရီ လတစ်လတည်းတွင် အိမ်ခြံမြေရောင်းဝယ်မှုအတွက် ငွေလွှဲပြောင်းသည့်အကြိမ်ရေ ၇၉,၃၀၀ ကြိမ်ရှိခဲ့ပြီး၊ ယခင်နှစ်အလား တူကာလထက် ၃၄ ရာခိုင်နှုန်းတိုးလာခဲ့သည်။

**သန့်ဇင်၊ စီးပွားရေးသံမှူး ၊ မြန်မာသံရုံး၊ ဆိုးလ်မြို့**

## မြန်မာသံရုံးများမှ ပေးပို့သော စီးပွားရေးသတင်းများ

# မြန်မာနိုင်ငံအား ဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ မိတ်ဖက်နိုင်ငံအဖြစ် လူဇင်ဘတ်နိုင်ငံလျာထား

မြန်မာနိုင်ငံတွင် လူဇင်ဘတ်နိုင်ငံ၏ ပထမဦးဆုံး ဖွံ့ဖြိုးတိုးတက်မှုပူးပေါင်း ဆောင်ရွက်ရေးအစီအစဉ်မှာ ခရီးသွားလုပ်ငန်းဆိုင်ရာ သက်မွေးမှုသင်တန်းပေးခြင်း ဖြစ်ပြီး ၂၀၁၄ ခုနှစ်နှစ်ဝက်ကာလကတည်းက စတင်ဆောင်ရွက်လျက် ရှိကာ ဘတ်ဂျက်လျာထားချက်မှာ ယူရို ၅ သန်းဖြစ်ပါသည်။ ဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ဒုတိယအစီအစဉ်မှာ ရှမ်းပြည်နယ်အရှေ့ပိုင်းဒေသတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကူညီထောက်ပံ့မှုများ ပေးရန်ဖြစ်ပြီး အကောင်အထည်ဖော် နိုင်ရေးအတွက် ပြင်ဆင်ဆောင်ရွက် လျက်ရှိပါသည်။ ATTF Luxembourg သည် မြန်မာနိုင်ငံဘဏ် အသင်းနှင့် ပူးပေါင်းလျက် ပထမဦးဆုံးဆွေးနွေးပွဲအား မြန်မာနိုင်ငံတွင် ဖေဖော်ဝါရီလ ၂၃ ရက်မှ ၂၇ ရက် အထိ ငါးရက်တာပြု လုပ်ကျင်းပနိုင်ခဲ့ပါသည်။

လူဇင်ဘတ်နိုင်ငံ၏ မိတ်ဖက်နိုင်ငံ များ ရွေးချယ်မှုသည် ကမ္ဘာ့ကုလသမဂ္ဂ ၏ လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက် ရေးဆိုင်ရာညွှန်းကိန်း (Human Development Index-HDI) ပေါ်တွင် အဓိကအခြေခံပါသည်။ ယခုအခါ HDI အဆင့် ပိုမိုမြင့်မားလာသည့် အာရှနိုင်ငံတစ်နိုင်ငံဖြစ်သော ဗီယက်နမ်နိုင်ငံမှ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အကူအညီများကို တဖြည်းဖြည်းချင်း ပြန်လည်ရုပ်သိမ်းရန် လူဇင်ဘတ်နိုင်ငံ က ဆောင်ရွက်လျက်ရှိပါသည်။ ဗီယက်နမ်နိုင်ငံအစား မြန်မာနိုင်ငံအား ဖွံ့ဖြိုးတိုးတက်မှုပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ မိတ်ဖက်နိုင်ငံအဖြစ်ရွေးချယ်ရန် လျာထားသည့် အလားအလာများ ရှိနေပါသည်။

**ဖြူနှင်းဝတ်ရည်၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ ဘရပ်ဆဲလ်မြို့**

■

# အိန္ဒိယနိုင်ငံ၏သကြားပို့ကုန်ထောက်ပံ့မှုကို အရေးယူပေးရန်ထိုင်းသကြား စက်လုပ်ငန်းရှင်များ တောင်းဆို

ထိုင်းသကြားစက်လုပ်ငန်းရှင်များသည် အိန္ဒိယနိုင်ငံ၏သကြားတင်ပို့မှုအတွက် အထောက်အပံ့ပေးမှု ရပ်တန့်သွားစေရန် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ (ဒဗလျူတီအို) စည်းမျဉ်းစည်းကမ်းများအရ အရေးယူဆောင်ရွက်ပေးရန် ထိုင်းနိုင်ငံအစိုးရအား တောင်းဆိုလျက် ရှိကြပါသည်။

အိန္ဒိယကသကြားတင်ပို့မှုအတွက် အထောက်အပံ့ပေးနေသဖြင့် အိန္ဒိယသကြား ပြည်ပတင်ပို့သည့် စျေးနှုန်းကို တစ်ပေါင်လျှင် အမေရိကန်ဒေါ်လာ ၂-၁၄ဆင့်လျော့နည်းစေကြောင်း၊ ဒဗလျူတီအို၏ကုန်သွယ်မှုဆိုင်ရာစည်းမျဉ်းစည်းကမ်း များကိုချိုးဖောက်ရာရောက်ကြောင်း၊ အိန္ဒိယ၏သကြားတင်ပို့မှုအတွက် အထောက်အပံ့ပေးခြင်းသည် ထိုင်း သကြားတင်ပို့မှုအား ထိခိုက်စေကြောင်း၊ သို့ဖြစ်ရာထိုင်းနိုင်ငံအစိုးရအနေဖြင့် အိန္ဒိယ၏အထောက်အပံ့ပေးမှုကို တားမြစ်ခြင်းဖြင့် ထိုင်းသကြားစက်လုပ်ငန်းရှင်များအားပံ့ပိုးကူညီသင့်ကြောင်းသကြားစက်လုပ်ငန်းရှင်များ ကော်ပိုရေးရှင်းမှ ဒုတိယဥက္ကဋ္ဌ မစ္စတာ ဗီဘွန် ကပြောကြားခဲ့ပါသည်။

ယခင်နှစ်ကအိန္ဒိယနိုင်ငံ၏ စျေးကွက်မြှင့်တင်ရေးဝန်ဆောင်မှု အစီအစဉ်အရသကြားတင်ပို့မှုအတွက် အထောက်အပံ့ပေးခြင်းကို စတင်ခဲ့ကြောင်း၊ ယခုနှစ်တွင် အိန္ဒိယအစိုးရသည် သကြားကြမ်းတင်ပို့မှုအတွက် ထောက်ပံ့ပေးမှုကို မြှင့်တင်ခဲ့ကြောင်း၊ သို့ဖြစ်ရာအိန္ဒိယသကြားသည် အခြားနိုင်ငံများ၏ စျေးနှုန်းထက် သက်သာလျက်ရှိကြောင်း သိရှိရပါသည်။

အိန္ဒိယနိုင်ငံ၏ သကြားတင်ပို့မှုသည် ပြီးခဲ့သည့်နှစ်က တန်ချိန် ၄ သန်းရှိပြီး၊ အာရှ၌သကြားသုံးစွဲမှု၏ ၂ ရာခိုင်နှုန်းခန့်ရှိပါသည်။ အိန္ဒိယနိုင်ငံ၏ သကြားတင်ပို့မှုသည် သကြားတန်ချိန် ၇ သန်းတင်ပို့လျက်ရှိသော ထိုင်းနိုင်ငံနှင့် သကြားတန်ချိန် ၄ သန်း တင်ပို့လျက်ရှိသော ဩစတြေးလျနိုင်ငံတို့၏ သကြားတင်ပို့မှုကို တဖြည်းဖြည်း ယုတ်လျော့စေခဲ့ပါသည်။

အစိုးရအနေဖြင့် သကြားလုပ်ငန်းကို သေချာပေါက် ပံ့ပိုးကူညီမည်ဖြစ်ကြောင်း၊ ထိုင်းနိုင်ငံ၏ သကြား စျေးကွက်ဝေစု အထူးသဖြင့် အာရှစျေးကွက်ဝေစုကို ကာကွယ်ပေးနိုင်ရန် ပြဿနာကို သေချာစွာ လေ့လာစောင့်ကြည့်ဆောင်ရွက်မည်ဖြစ်ကြောင်း စက်မှုလုပ်ငန်းဝန်ကြီးဌာန ချတင်ကရာမွန်က ပြောကြားခဲ့ပါသည်။

အိန္ဒိယတွင် သကြားတင်ပို့မှုအတွက် ထောက်ပံ့ပေးခြင်းသည် ကမ္ဘာ့သကြား စျေးနှုန်းအပေါ် ဖိအားပေးလျက်ရှိသဖြင့် သကြားစျေးနှုန်းကို ထိုးကျစေခဲ့ကြောင်း ထိုင်းသကြား ကုန်သည်များက ပြောကြားခဲ့ကြပါသည်။ ယင်းပြဿနာသည် နှစ်နိုင်ငံ ကုန်သွယ်မှုဆိုင်ရာ ဆက်ဆံမှုအပေါ် အပျက်သဘောဆောင်သော အကျိုးသက်ရောက်မှု ရှိနိုင်ရုံသာမက အိန္ဒိယနှင့် ထိုင်းနှစ်နိုင်ငံအကြား ဆက်ဆံရေးကိုပါ ထိခိုက်စေနိုင်သည်ဟု စိုးရိမ်လျက်ရှိကြပါသည်။

ထိုင်း သကြားကုန်သည်များအနေဖြင့် ထိုင်းနိုင်ငံအစိုးရအား ဒဗလျူတီအိုစည်းမျဉ်းများအရ အရေးယူဆောင်ရွက်ခြင်းမပြုခင် အိန္ဒိယမှ ဆွေးနွေးဘက်များနှင့် ဆွေးနွေးညှိနှိုင်းစေလိုကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စက်မှုလုပ်ငန်းဝန်ကြီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာနအပါအဝင် အစိုးရဌာနများ အနေဖြင့် အိန္ဒိယ၏သကြားတင်ပို့မှု အတွက် ထောက်ပံ့ပေးနေခြင်းကို တုံ့ပြန်ရန် အသင့်တော်ဆုံးနည်းလမ်း ရရှိရန် ကြိုးပမ်းမည်ဖြစ်ကြောင်း သိရှိရပါ သည်။

**ရီရီမွန်၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ ဗန်ကောက်မြို့**

## မြန်မာနိုင်ငံနှင့် လူဇင်ဘတ်နိုင်ငံတို့၏ စီးပွားရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုအခြေအနေ

နှစ်နိုင်ငံ စီးပွားရေးနှင့် ကုန်သွယ်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရန် လူဇင်ဘတ်ကုန်သည်ကြီးများ အသင်းမှ စီးပွားရေးကိုယ်စားလှယ်အဖွဲ့သည် ၂၀၁၂ ခုနှစ် အောက်တိုဘာလ ၈ ရက်မှ ၁၂ ရက်အထိ မြန်မာနိုင်ငံသို့ ရောက်ရှိခဲ့ပြီး မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်နှင့် စာချုပ်လက်မှတ်ရေး ထိုးနိုင်ခဲ့သည်။ ဘဏ်လုပ်ငန်း၊ စိုက်ပျိုးရေး၊ ပညာရေး၊ ကျန်းမာရေးနှင့်ခရီးသွားလုပ်ငန်း စသည့် အကြောင်းအရာများအား ဆွေးနွေးခဲ့ပါသည်။

၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီလတွင် မြန်မာနိုင်ငံ၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် လူဇင်ဘတ်နိုင်ငံသို့ သွားရောက်ခဲ့ပြီး နှစ်နိုင်ငံ နိုင်ငံရေးနှင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များအား ဆွေးနွေးခဲ့ပါသည်။

၂၀၁၄ ခုနှစ် စက်တင်ဘာလ ၂၆ ရက်နေ့တွင် လူဇင်ဘတ်နိုင်ငံ၊ လူဇင်ဘတ်မြို့၌ Myanmar Business Chamber of Luxembourg ၏ နှစ်ပတ်လည် အထွေထွေအစည်းအဝေးကို ကျင်းပခဲ့ပါသည်။ အဆိုပါအစည်းအဝေးသို့ ဥရောပသမဂ္ဂ၊ ဘယ်လ်ဂျီယံနိုင်ငံ၊ နယ်သာလန်နိုင်ငံ၊ လူဇင်ဘတ်နိုင်ငံနှင့် ခရိုအေးရှားနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး၊ Myanmar Business Chamber of Luxembourg ၏ ဥက္ကဋ္ဌနှင့်ဒါရိုက်တာအဖွဲ့ဝင်များ၊ လူဇင်ဘတ်ကုန်သည်ကြီး များအသင်းမှ အပြည်ပြည်ဆိုင်ရာကုန်သွယ်ရေးဌာနအကြီးအကဲ၊ ဥရောပရင်းနှီးမြှုပ်နှံမှုဘဏ်မှ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ နီပေါနိုင်ငံနှင့် မြန်မာနိုင်ငံဆိုင်ရာ မန်နေဂျာ (Country Manager) နှင့် Indian Business Chamber of Luxembourg မှဥက္ကဋ္ဌတို့ တက်ရောက် ခဲ့ကြပါသည်။

**ဖြူနှင်းဝတ်ရည်၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ ဘရပ်ဆဲလ်မြို့**

# ကိုရီးယားဘဏ်လုပ်ငန်းများ ခေတ်မီတိုးတက်လာ၍ ဘဏ်ခွဲများ ပိတ်သိမ်းခဲ့



တောင်ကိုရီးယား နိုင်ငံတွင် နေ့စဉ် ဘဏ်လုပ်ငန်းမှပေးသော ဝန်ဆောင်မှုများကို အွန်လိုင်းမှလည်းကောင်း၊ စမတ်အီလက်ထရောနစ်ကိရိယာများမှ လည်းကောင်းသုံးစွဲမှု ပိုမိုလာကြသဖြင့် ဘဏ်ခွဲများကို ပိတ်သိမ်းနေကြရသည်။ နိုင်ငံတစ်ဝန်းလုံးရှိ ဘဏ်ခွဲအရေအတွက်သည် ငါးနှစ်အတွင်းအနိမ့်ဆုံးနှုန်းဖြစ်သည့် ဘဏ်ခွဲစုစုပေါင်း ၇,၄၀၀ ကျော်ကျော်သာရှိခဲ့သည်ဟု ကိုရီးယားဗဟိုဘဏ်က မတ် ၁၀ ရက်က စာရင်းထုတ်ပြန်ခဲ့သည်။

ယခုနှစ်အတွင်း တည်ရှိနေသော ဘဏ်ခွဲအရေအတွက် ၇,၄၀၀ ကျော်က ပိတ်သိမ်းခဲ့သော ဘဏ်ခွဲမှာ ၂၇၀ ရှိသည်ဟုဆိုလိုသည်။ ယမန်နှစ်က စမတ်ဖုန်းဖြင့် ဘဏ်လုပ်ငန်းဆောင်ရွက်မှုကို မှတ်ပုံတင်ထားကြသော လူဦးရေသည် ၄၈ ဒသမ ၂ သန်း ကျော်သွားပြီဖြစ်ပြီး ၂၀၁၃ ခုနှစ်ကထက် ၃၀ ရာခိုင်နှုန်းတက်လာသည်ကို တွေ့ရပါသည်။

**သန့်ဇင်၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ ဆိုးလ်မြို့**

# ကိုရီးယားစီးပွားရေးဖွံ့ဖြိုးမှုကို နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဘဏ်များ လျှော့ချခန့်မှန်း

တောင်ကိုရီးယားနိုင်ငံတွင်းနှင့် ပြင်ပစီးပွားရေးဖိအားများကြောင့် တောင်ကိုရီးယား၏စီးပွားရေးဖွံ့ဖြိုးမှုကို ယခင်ခန့်မှန်းထားသည့်နှုန်းထားနှင့် ပြန်လည်ကိုက်ညီရန် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဘဏ်များက သုံးသပ်ချက်များ အဆောတလျင်ပြုလုပ်လာခဲ့ကြသည်။ ဘာလွမ်းဘတ်၏ ခန့်မှန်းချက်အရ ကိုရီးယား၏ စီးပွားရေးဖွံ့ဖြိုးမှုနှုန်းသည် ကိုရီးယားဗဟိုဘဏ်၏ ခန့်မှန်းချက်နှင့် အညီ ၃ ဒသမ ၄ ရာခိုင်နှုန်းသာရှိ မည်ဖြစ်ကြောင်း မတ်လ ၁၂ ရက်နေ့က ပြောဆိုခဲ့သည်။

ဘာလွမ်းဘတ်၏ ဘဏ္ဍာရေးအဖွဲ့အစည်း ၂၇ခုကို စစ်တမ်းကောက်ယူချက်အရ Nomura Research Institute သည် ကိုရီးယား၏စီးပွားရေးဖွံ့ဖြိုးနှုန်းကို ယခင် ၃ရာခိုင်နှုန်းခန့်မှန်းထားရာမှ ၂ ဒသမ ၅ ရာခိုင်နှုန်းသို့လျှော့ချ ခန့်မှန်းခဲ့သည်။ ထို့ကြောင့် Nomura သည် စီးပွားရေးဖွံ့ဖြိုးနှုန်းကို ခန့်မှန်းရာတွင် နိုင်ငံတစ်နိုင်ငံအပေါ် ၂ ရာခိုင်နှုန်း အတွင်း ဖြန့်ကျက်ခန့်မှန်းသည့် တစ်ခုတည်းသော သုတေသနအဖွဲ့အစည်းတစ်ခု ဖြစ်ခဲ့သည်။ ကိုရီးယားနိုင်ငံတွင်း ပြည်တွင်းစားသုံးမှုလျော့ကျနေခြင်း၊ ပြည်ပပို့ကုန်နှေးကွေးလာခြင်းတို့သည် ကမ္ဘာ့စီးပွားရေး နာလန်ထူလာသည်ဆိုသော်လည်း ကိုရီးယားစီးပွားရေးဖွံ့ဖြိုးမှုနှုန်း လျော့ကျစေသည့် အကြောင်းရင်းများဖြစ်သည်။ ပြင်ပအချက်အလက်များအနေဖြင့် အမေရိကန်ဗဟိုဘဏ် အတိုးနှုန်းမြင့်လာနိုင်ခြင်း၊ ဂျပန်ယန်းငွေအားပျော့နေခြင်းတို့သည်လည်း ကိုရီးယားစီးပွားရေးကို ဆွဲချနေသော အချက်များဖြစ်ကြသည်။

**သန့်ဇင်၊ စီးပွားရေးသံမှူး၊ မြန်မာသံရုံး၊ ဆိုးလ်မြို့**

# မြန်မာ့ကော်ဖီ ကမ္ဘာကသိစေဖို့

|တင်မာကြည် (DOTP)|

မြန်မာ့ပို့ကုန်တွေကို လေ့လာရင် အဓိကပို့ကုန်ဖြစ်တဲ့ သဘာဝဓါတ်ငွေ့၊ ဆန်စပါးနဲ့ ပဲအမျိုးမျိုးတင်ပို့မှုကနေ နိုင်ငံခြားငွေများများ ရနေလို့ ပိုမိုတင်ပို့နိုင်ဖို့အတွက် အရည်အသွေးရော အရေအတွက်ပါ ဖွံ့ဖြိုးတိုးတက်ရန် လိုပါတယ်။ အလားအလာရှိတဲ့ ပို့ကုန်များကိုလည်း ဈေးကွက်ခိုင်မာစွာရရှိဖို့အတွက် ကြိုးပမ်းရမှာဖြစ်သလို အမယ်သစ်ပို့ကုန်များပေါ် ထွက်လာရေးကိုလည်း လုံ့လစိုက်ရမှာဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာ ကော်ဖီတင်ပို့ခြင်းလုပ်ငန်းဟာ အရေအတွက်နည်းပြီး ပုံမှန်တင်ပို့နိုင်တဲ့ ပို့ကုန်တစ်ခုအဖြစ် ရပ်တည်နိုင်တဲ့ အနေအထားမှာမရှိသေးဘူးလို့သိရပါတယ်။ သို့ပေမယ့်လည်း ကော်ဖီစိုက်ပျိုးထုတ်လုပ်ခြင်းလုပ်ငန်းဟာ မြန်မာနိုင်ငံရဲ့ ရေမြေသဘာဝအရအရည်အသွေးကောင်းမွန်တဲ့ ကော်ဖီကို ထုတ်လုပ်နိုင်တဲ့အနေအထားရှိပြီး ဝယ်လိုအားရှိနေတဲ့ ထုတ်ကုန်တစ်ခုဖြစ်တယ်လို့ သိရပါတယ်။ ဒီလိုအလားအလာရှိတဲ့ ပို့ကုန်တစ်ခုဖြစ်တဲ့ မြန်မာ့ကော်ဖီအကြောင်းကို မြန်မာနိုင်ငံကော်ဖီအသင်းက တာဝန်ရှိသူတွေနဲ့ ဆွေးနွေးရရှိချက်များအား ရေးသားဖော်ပြလိုက်ပါတယ်။

**မေး** - မင်္ဂလာပါ၊ မြန်မာနိုင်ငံ ကော်ဖီအသင်းကပါလားရှင်၊

**ဖြေ** - ဟုတ်ပါတယ်။ ကျွန်တော်က မြန်မာနိုင်ငံကော်ဖီအသင်း ဥက္ကဋ္ဌ ဦးရဲမြင့်ပါ။ အထွေထွေအတွင်းရေးမှူး က ဦးမင်းလှိုင် ဖြစ်ပါတယ်။

**မေး** - ကော်ဖီ အစုအဖွဲ့ (Coffee Cluster) ဖွဲ့တဲ့သတင်းကိုကောမတ်စ် ဂျာနယ်မှာ ဖတ်လိုက်ရပါတယ်။ မန္တလေးတိုင်းဒေသကြီး၊ ကုန်သွယ်မှု မြှင့်တင်ရေးဦးစီးဌာနမှာ ဖွဲ့ခဲ့တာနော်။

**ဖြေ** - ဟုတ်ပါတယ်။ ၂၀၁၄ ခု၊ ဩဂုတ်လ ၉ ရက်နေ့က မန္တလေးတိုင်း ဒေသကြီး၊ ကုန်သွယ်မှုမြှင့်တင်ရေး ဦးစီးဌာန၊ တိုင်းဒေသကြီး ရုံး၊ အစည်း အဝေးခန်းမမှာ ဖွဲ့ခဲ့တာပါ။ နေပြည်တော် ကုန်သွယ်မှုမြှင့်တင် ရေးဦးစီးဌာန က Cluster Development Agent ဖြစ်တဲ့ လက်ထောက်ညွှန်ကြားရေးမှူး ဦးတိုးမြင့် တက်ရောက်ခဲ့ပါတယ်။ ကော်ဖီလုပ်ငန်းလုပ်ကိုင်တဲ့ ကုမ္ပဏီ တွေ၊ ကော်ဖီစိုက်ပျိုးထုတ်လုပ်တဲ့ လုပ်ငန်းရှင်တွေနဲ့ ညီနောင် အသင်းတွေ လေ့လာသူတွေလည်း တက်ရောက်ခဲ့ပါတယ်။

**မေး** - ကျွန်မတို့တစ်တွေ နယူးဇီလန်အထောက်အပံ့အစီအစဉ်နဲ့ စက်မှုဝန်ကြီးဌာန၊ SMEs ဖွံ့ဖြိုး တိုးတက်ရေးဌာနနဲ့ ထိုင်း နိုင်ငံ၊ မဲခေါင် အင်စတီကျု့တို့ ပူးပေါင်းစီစဉ်မှုအရ "SMEs Cluster Development & Export Consortia Formation in Myanmar, 2014" အလုပ်ရုံဆွေးနွေး ပွဲ ကို ၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၂၉ ရက်နဲ့ ၃၀ ရက်နေ့က တက်ခဲ့ကြသေးတယ်နော်။

**ဖြေ** - ဟုတ်ပါတယ်။ အဲဒီအလုပ် ရုံဆွေးနွေးပွဲကို တက်ရောက်ခဲ့တဲ့ အတွက် SME Cluster တွေအကြောင်း ကျယ်ကျယ်ပြန့်ပြန့် သိခဲ့ ရပြီး Cluster ဖွဲ့ပြီးရင် ဖွံ့ဖြိုးတိုးတက် အောင်ဆောင်ရွက် ရမယ့် လုပ်ငန်းတွေကိုလည်း သိခဲ့ရတယ်။ ကျွန်တော်တို့ ကော်ဖီစိုက်တောင်သူတွေကလည်း ကော်ဖီထုတ်လုပ်မှု လုပ်ငန်းကို အဆင့်မြှင့်ချင်နေတာပါ။ နိုင်ငံခြားတင်ပို့တဲ့ နေရာမှာလည်း အခက်အခဲတွေရှိတော့ Coffee Cluster ဖွဲ့ပြီးမှ ဒီအခက်အခဲတွေကို ဖြေရှင်းဖို့ လမ်းစရမှာလေ။

**မေး** - Coffee Cluster ဖွဲ့စည်းပုံ အကြောင်းလည်း ပြောပြပေးပါ။

**ဖြေ** - ကျွန်တော်တို့က Coffee Cluster ကို ဖွဲ့စည်းရာမှာ အခြေခံ အဖွဲ့ကို အားပြုဖွဲ့စည်းတဲ့ Bottom up ပုံစံနဲ့ဖွဲ့ခဲ့တာပါ။ ပြင်ဦးလွင်၊ ရွာငံနဲ့ နောင်ချိုဆိုပြီး Cluster ၃ ခုဖွဲ့ပြီးမှ မြန်မာနိုင်ငံ ကော်ဖီအသင်းကို ဖွဲ့စည်းခဲ့တာပါ။ အခုဆိုရင် မိုးကုတ် Coffee Cluster လည်း ဖွဲ့ပြီးပါပြီ။ ပြီးခဲ့တဲ့ ဖေဖော်ဝါရီလ ၁ရက် နေ့ကလည်း Coffee Cluster (yangon) ကို ဖွဲ့ခဲ့ပါတယ်။ ဆက်ပြီးတော့လည်း တောင်ငူ၊ ကယားပြည်နယ်နဲ့ ချင်းပြည်နယ်တွေမှာ Cluster ဖွဲ့ဖို့ရှိပါတယ်။

**မေး** - ဒီ Cluster တွေက မြန်မာ နိုင်ငံကော်ဖီအသင်းရဲ့ အခြေခံအဖွဲ့ အစည်းတွေပေ့ါ။

**ဖြေ** - ဟုတ်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့ Cluster ဖွဲ့စည်းပုံ ကို Bottom ကစတယ် လို့ပြောတာပါ။

**မေး** - ဦးရဲမြင့်တို့လို Cluster ရဲ့သဘောကို နားလည်တယ်၊ Cluster ဖွဲ့ပြီး စုပေါင်းအင်အားနဲ့ အဖွဲ့ဝင် အားလုံး အကျိုးအမြတ်ပိုရ အောင် စွမ်း ဆောင်ချင်သူတွေအတွက်က အောင် မြင်မှုတွေ ရရှိလာမှာပါ။ ဒါ့ထက် ကော်ဖီအကြောင်းလည်း နည်းနည်း သိချင်ပါသေးတယ်။

**ဖြေ** - ဟုတ်ကဲ့ပါ။ ကော်ဖီနဲ့ ပတ်သက်ပြီး ဘယ်အကြောင်းကို သိချင်တာပါလဲ။

**မေး** - ကော်ဖီသောက်တဲ့ အလေ့အထကို အင်္ဂလိပ်လူမျိုးတွေဆီ ကနေ ရခဲ့တာတော့သိပါတယ်။ မြန်မာပြည်မှာ ကော်ဖီ စတင် စိုက်ပျိုးခဲ့ပုံကို သိချင်ပါတယ်။

**ဖြေ** - အင်္ဂလိပ်လူမျိုးတွေဟာ သူတို့ရဲ့ ကော်ဖီယဉ်ကျေးမှုကို လက် ဆင့်ကမ်းခဲ့သလို ကော်ဖီစိုက်ပျိုးခြင်းကိုလည်း စတင်မျိုးစေ့ချ ပေးခဲ့ပါတယ်။ ၁၈၈၅ ခုနှစ်မှာ အင်္ဂလိပ်လူမျိုး သာသနာပြု အဖွဲ့တစ်ဖွဲ့ဟာ မြန်မာနိုင်ငံတောင်ပိုင်း၊ တနင်္သာရီ၊ မြိတ်၊ ထားဝယ်တို့မှာ ကော်ဖီကို စတင်ပြီး စမ်းသပ်စိုက်ပျိုးခဲ့တယ် လို့ သိရပါတယ်။





**မေး** - စမ်းသပ်စိုက်ပျိုးတာဆိုတော့ အောင်မြင်ခဲ့လို့ ခုချိန်အထိ ဆက်ပြီးစိုက်နေတာပေ့ါနော်။

**ဖြေ** - စမ်းသပ်စိုက်ပျိုးတာ အောင်မြင်လို့ တောင်ငူ၊ သံတောင်၊ ရှမ်းပြည်နယ်တောင်ပိုင်း၊ မန္တလေးတိုင်း က ပြင်ဦးလွင်အထိ ပျံ့နှံ့စိုက်ပျိုးခဲ့တာပါ။

**မေး** - စီးပွားဖြစ်စိုက်ပျိုးတာကရော ဘယ်အချိန်မှာ စခဲ့တာပါလဲ။

**ဖြေ** - ၁၉၃၀ ခုနှစ်မှာ ရှမ်းပြည်မြောက်ပိုင်း နောင်ချိုမြို့နယ် ချောင်းကွေ့ရွာမှာ ရှမ်းတောင်တန်း ကော်ဖီခြံကို စစိုက်ခဲ့ တယ်လို့ သိရပါတယ်။ အဲဒီကမှ ကချင်ပြည်နယ်အထိ ပျံ့နှံ့ စိုက်ပျိုးတယ်လို့ သိရတာပါ။

**မေး** - ကချင်ပြည်နယ်မှာ ခုချိန်ထိရော ကော်ဖီစိုက်သေးလား။

**ဖြေ** - ကချင်ပြည်နယ်မှာ ခုချိန်အထိ စိုက်ပျိုးမှုရှိနိုင်ပေမယ့် တခြား နေရာတွေနဲ့စာရင် နည်းပါးမယ်ထင်ပါတယ်။

**မေး** - မြန်မာပြည်မှာ ခုချိန်အထိ ကော်ဖီစိုက်ပျိုးထုတ်လုပ်နေတဲ့ နေရာ တွေလည်း သိချင်ပါတယ်။

**ဖြေ** - မန္တလေးတိုင်းမှာ ပြင်ဦးလွင်၊ မိုးကုတ်ပတ်ဝန်းကျင်နဲ့ ရှမ်း ပြည်နယ် တောင်ပိုင်းက ရွာငံမြို့နယ်၊ ရှမ်းပြည်မြောက်ပိုင်းက နောင်ချိုမြို့နယ် နောက်ပြီး တောင်ငူ၊ သံတောင်နဲ့ ကရင်ပြည် နယ်၊ ချင်းပြည်နယ်တို့မှာ အစိုက်များပါတယ်။

**မေး** - မြန်မာနိုင်ငံက ထွက်ရှိတဲ့ ကော်ဖီကို ဘယ်အချိန်ကစပြီး နိုင်ငံခြားတင်ပို့ခဲ့တာပါလဲ။

**ဖြေ** - ၁၉၃၅-၃၆ ခုနှစ်ကတည်းက မြန်မာ့ကော်ဖီကို အိန္ဒိယနဲ့ ယူကေကို ရေကြောင်းကနေ သင်္ဘောနဲ့ တင်ပို့ခဲ့တယ်လို့ သိရပါတယ်။

**မေး** - အဲဒီအချိန်တုန်းက ကော်ဖီ စိုက်ပျိုးထုတ်လုပ်တဲ့လုပ်ငန်းက မြန်မာလူမျိုးပိုင် လုပ်ငန်းလား။

**ဖြေ** - အဲဒီအချိန်တုန်းကတော့ မြန်မာပိုင်မဖြစ်သေးပါဘူး။ မြန်မာ့ ရေမြေက အရည်အသွေးကောင်း ကော်ဖီကို စိုက်ပျိုး ထုတ်လုပ်နိုင်မှန်းသိလို့ အင်္ဂလိပ်တွေက ၁၉၃၅-၃၆ ကတည်း က စိုက်ပျိုးထုတ်လုပ် တင်ပို့ခဲ့တာပါ။

**မေး** - ဘယ်အချိန်မှ မြန်မာပိုင်ဖြစ် တာပါလဲ။

**ဖြေ** - ၁၉၄၀ ခုနှစ်မှာ ကော်ဖီစိုက် ပျိုးထုတ်လုပ်မှုလုပ်ငန်းက မြန်မာပိုင် ဖြစ်တယ်လို့သိပါတယ်။ ၁၉၆၈ ခုနှစ်မှာ ပြည်သူပိုင်ဖြစ်လာခဲ့ပြီး ၁၉၈၉ ခုနှစ်မှာ မြန်မာ့စိုက်ပျိုးမွေးမြူရေး လုပ်ငန်းက တာဝန်ယူခဲ့တယ်လို့ သိရပါတယ်။

**မေး** - နိုင်ငံတော်က ကော်ဖီစိုက်ပျိုးမြေတွေ ရောင်းချပေးခဲ့တဲ့ ခုနှစ်လေး သိချင်ပါတယ်။

**ဖြေ** - ၁၉၉၉-၂၀၀၀ ခုနှစ်ကပါ။

**မေး** - မြန်မာ့ကော်ဖီစိုက်ပျိုးထုတ်လုပ်မှုလုပ်ငန်းက ဘယ်အချိန် မှာစပြီး ဖွံ့ဖြိုးလာတာပါလဲ။

**ဖြေ** - ၁၉၈၀ ခုနှစ်ဝန်းကျင်မှာ ကော်ဖီစိုက်ပျိုးမှုဖွံ့ဖြိုးလာတယ် လို့ သိရပါတယ်။ မြန်မာနိုင်ငံရဲ့ ကော်ဖီစိုက်ပျိုးမှု ဧရိယာဟာ ၁၉၈၄-၈၅ ခုနှစ်မှာ ဧက ၁၀၀၀၀ ဝန်းကျင်ရှိလာပြီး နှစ်စဉ် စိုက်ပျိုးထုတ်လုပ်မှုတန်ချိန် ၁၁၄၆ ဝန်း ကျင်မှာရှိနေပါတယ်။ ထုတ်လုပ်မှုရဲ့ ၈၆ ရာခိုင်နှုန်း က ပြည်တွင်းမှာ သောက်သုံးပြီး ၁၄ ရာခိုင်နှုန်း ကို နိုင်ငံခြားတင်ပို့ခဲ့ တယ်လို့ သိရပါတယ်။ အဲဒီကနေ တဖြည်းဖြည်း ဖွံ့ဖြိုးလာတာပါ။ အလုပ်ရုံဆွေးနွေး ပွဲမှာတုန်းက ဦးဥက္ကာအောင်ရဲ့ စာတမ်းမှာ ၂၀၀၂ ခုနှစ်ကနေ ၂၀၁၀ ခုနှစ်အထိ စိုက်ပျိုးထုတ်လုပ်မှုအခြေအနေကို ဖော်ပြ တဲ့ ဇယားတစ်ခုရှိပါတယ်။

**Yearly Coffee Production of Myanmar**

| Year | Sown Ac | Production Ac | Total Yield (MT) |
|---|---|---|---|
| 2002-03 | 21467 | 11944 | 2417 |
| 2003-04 | 26870 | 13945 | 3012 |
| 2004-05 | 35750 | 16016 | 3615 |
| 2005-06 | 45800 | 17000 | 4150 |
| 2006-07 | 53759 | 20656 | 4923 |
| 2007-08 | 57640 | 22679 | 6043 |
| 2008-09 | 59230 | 24003 | 6388 |
| 2009-2010 | 60221 | 26340 | 7143 |

**မေး** - မြန်မာပိုင်ဖြစ်ပြီးတော့ နိုင်ငံခြားတင်ပို့မှုရှိသေးလား။

**ဖြေ** - ကျွန်တော်တို့ကြားဖူးသလောက်ကတော့ မြန်မာ့ပို့ကုန် အနေ နဲ့ တရားဝင်တင်ပို့တာက နည်းနည်းပဲရှိပြီး အောက်လမ်း ကနေ အိမ်နီးချင်းနိုင်ငံတွေကို ပို့နေတာတွေရှိတယ်လို့ သိရ တာပဲ။

**မေး** - ကျွန်မတို့ စီးပွား/ကူးသန်းမှာရှိတဲ့ စာရင်းတွေအရလည်း ကော်ဖီကို တရားဝင်တင်ပို့မှုတွေရှိပေမယ့် ပို့တဲ့ တန်ချိန်က နည်းပြီး ပုံမှန်တင်ပို့တဲ့ပို့ကုန်အနေနဲ့ မတွေ့ရဘူး။

**ဖြေ** - ကျွန်တော်တို့က ပုံမှန်တင်ပို့တဲ့ ပို့ကုန်အနေနဲ့ ရပ်တည်နိုင် အောင် ကြိုးစားချင်တာပါ။ ဒါကြောင့်လည်း မြန်မာနိုင်ငံ ကော်ဖီအသင်းကြီးနဲ့ Coffee Cluster တွေကို ဖွဲ့စည်းနေရတာ ပါ။

**မေး** - အောက်လမ်းကနေ ပို့နေတဲ့ အိမ်နီးချင်းနိုင်ငံတွေက ဘယ်နိုင်ငံတွေ လို့ထင်ပါသလဲ။

**ဖြေ** - တရုတ်နိုင်ငံနဲ့ ထိုင်းနိုင်ငံလို့ သိရပါတယ်။ ဗီယက်နမ်ကလည်း အခုအချိန်မှာ ဝယ်တယ်ကြားတာပဲ။

**မေး** - ကော်ဖီစိုက်ပျိုးထုတ်လုပ် တင်ပို့မှုမှာ ဗီယက်နမ်နိုင်ငံက ကမ္ဘာမှာ ဒုတိယလို့ သိရတယ်။

**ဖြေ** - ဟုတ်ပါတယ်။ ကမ္ဘာ့ကော်ဖီ စိုက်ပျိုးထုတ်လုပ်မှုမှာ ဘရာဇီး က ပထမဖြစ်ပြီး ဗီယက်နမ်က ဒုတိယပါ။ ဗီယက်နမ်မှာ ရာသီဥတုဆိုးဝါးပြီး ကော်ဖီအထွက်နှုန်းကျတာကြောင့် မြန်မာ့ကော်ဖီကို ဝယ်လာတာဖြစ်မှာပါ။ အဓိကတော့ မြန်မာ့ ကော်ဖီအရည် အသွေးကောင်းလို့ပါ။ အရည်အသွေး မကောင်းရင် ဝယ်မှာမဟုတ်ပါဘူး။ အခုဆိုရင် ဘရာဇီးက တောင် မြန်မာ့ကော်ဖီကို စိတ်ဝင်စားနေတယ်လို့ သိရပါ တယ်။

**မေး** - မြန်မာ့ကော်ဖီကို ဗီယက်နမ် တို့ ဘရာဇီးတို့ကတောင် စိတ်ဝင် စားနေပြီဆိုတော့ မြန်မာ့ကော်ဖီရဲ့ အရည် အသွေးအကြောင်း နဲ့ ပတ်သက်ပြီး အထွေထွေအတွင်းရေးမှူး ဦးမင်းလှိုင် က ရှင်းပြစေချင်ပါတယ်။

**ဖြေ** - ကော်ဖီအမျိုးအစားတွေ အများကြီးရှိပေမယ့် စီးပွားဖြစ် စိုက်ပျိုး နိုင်ပြီး သောက်သုံးသူများတဲ့ကော်ဖီက နှစ်မျိုးနှစ်စား ရှိပါတယ်။ တစ်မျိုးက အာရေဗီးကား (Arabica) ဖြစ်ပြီး မြေမြင့်ကော်ဖီခေါ် တာပေ့ါ။ နောက် တစ်မျိုးက ရိုဘတ်စတာ (Robusta)။ မြေနိမ့်ကော်ဖီပါ။

➲ဆက်လက်ဖော်ပြပါမည်။

# Ayeyar Trade Fair 2015 ကျေးလက်ဒေသအသေးစား ထုတ်ကုန်များနှင့် ပြည်ပပို့ ကုန်စည်အလားအလာရှိသော ကုန်စည်ပြပွဲနှင့် ဆန်စပါးနှီးနှော ဖလှယ်ပွဲကျင်းပ

ဧရာဝတီတိုင်းဒေသကြီး ကျေးလက်ဒေသအသေးစား ထုတ်ကုန်များနှင့် ပြည်ပပို့ကုန်အလားအလာရှိသော ကုန်စည်ပြပွဲ ၂၀၁၅ နှင့် ဆန်စပါးနှီးနှောဖလှယ်ပွဲ ဖွင့်ပွဲအခမ်းအနားကို ပုသိမ်မြို့ ကမ်းနားလမ်း မြို့တော်ခန်းမတွင် မတ်လ ၂၀ ရက် နံနက် ပိုင်းက ကျင်းပပြုလုပ်ရာ ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်ဦးသိန်းအောင်နှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ အစိုးရအဖွဲ့ဝင်များ၊ ကုန်သွယ်မှုမြှင့်တင်ရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးတိုးအောင်မြင့်နှင့် တိုင်းညွှန်ကြားရေးမှူး ဦးစိုးအောင်၊ တိုင်းအဆင့်ဌာနဆိုင်ရာများ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ခဲ့ကြောင်း သိရသည်။



ဎင်းကုန်စည်ပြပွဲနှင့် ဆန်စပါးနှီးနှောဖလှယ်ပွဲကိုဆန်/ပဲအထူးပြုကုမ္ပဏီ၊ ဆန်စပါးအသင်း၊ ဆန်စက်ပိုင်ရှင် များအသင်း၊ တောင်သူလယ်သမား အသင်းနှင့် တိုင်းအတွင်းဖွဲ့စည်းထား သောစီးပွားရေးအသင်းအဖွဲ့ ပေါင်းစုံမှ လုပ်ငန်းရှင်များစုစုပေါင်း ၂၅၀ ဦးခန့် တက်ရောက်ခဲ့ပြီး လက်ရှိပြည်ပသို့ တင်ပို့နေသော ဒေသထွက်ကုန်များ၊ ပြည်တွင်းသုံးကုန်ပစ္စည်းများ၊ စက်မှုလက်မှုလုပ်ငန်းများ၊ လက်မှုလုပ်ငန်းများ၊ ဆန်စက်အပိုပစ္စည်းပြခန်းများ၊ IT နည်းပညာပြခန်းများ၊ ရေထွက်ပစ္စည်းပြခန်းများ၊ ကျေးလက်ဒေသအသေးစားထုတ်ကုန်များနှင့်ပြည်ပပို့ကုန် အဖြစ်အလားအလာရှိသော ကုန်ပစ္စည်းများ စုစုပေါင်းပြခန်း ၆၀ ကျော် နှင့် ပြသရောင်းချပေးလျက်ရှိပြီး ညပိုင်းများတွင် လည်းဖျော်ဖြေရေးအစီအစဉ်များ ထည့်သွင်းထားကြောင်း သိရပါတယ်။

**မင်းမင်းဦး (ပုသိမ်)**

# အမျိုးသားပို့ကုန်မဟာဗျူဟာ (National Export Strategy-NES) အကောင်အထည်ဖော်ဆောင်ရွက်ခြင်း စတင်သည့် အခမ်းအနားကျင်းပမည်

မြန်မာနိုင်ငံ၏ ပြည်ပပို့ကုန်များဖွံ့ဖြိုးတိုးတက်ရေးနှင့် ကမ္ဘာ့ဈေးကွက်တွင်ယှဉ်ပြိုင်နိုင်မှုမြင့်မားလာရေး အတွက် အမျိုးသားပို့ကုန် မဟာဗျူဟာ ဒီဇိုင်းရေးဆွဲခြင်းကို သက်ဆိုင်ရာအစိုးရဌာနများ၊ ပုဂ္ဂလိကအသင်းအဖွဲ့များ၊ ပညာရှင်များပါဝင်၍ နိုင်ငံတကာကုန်သွယ်မှုဗဟိုဌာန ITC ၏ နည်းပညာအကူအညီရယူကာ ဂျာမနီနိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှုအေဂျင်စီ (GIZ) ၏ အထောက်အပံ့ဖြင့် ရေးဆွဲခဲ့ပါသည်။

အမျိုးသားပို့ကုန်မဟာဗျူဟာကို (၁) အကြိုညှိနှိုင်းဆွေးနွေးခြင်းအဆင့်၊ (၂) အသေးစိတ်ညှိနှိုင်းခြင်းအဆင့်၊ (၃) မဟာဗျူဟာဒီဇိုင်းရေးဆွဲခြင်း အဆင့်၊ (၄)အကောင်အထည်ဖော် ခြင်းအဆင့်ဟူ၍ အဆင့်လေးဆင့်ခွဲ၍ အလုပ်ရုံဆွေးနွေးပွဲ သုံးကြိမ်ကျင်းပ ဆောင်ရွက်ခဲ့ပြီးဖြစ်ပါသည်။

မဟာဗျူဟာဒီဇိုင်းရေးဆွဲခြင်း အဆင့်ရလဒ်များဖြစ်သည့် ဦးစားပေးဆောင်ရွက်မည့် ကုန်စည်ငါးမျိုး၊ ဝန်ဆောင်မှုလုပ်ငန်းတစ်မျိုး၊ အလားအလာရှိသည့်ကုန်စည်တစ်မျိုးနှင့် ပို့ကုန်မြှင့်တင်ရေး အထောက်အကူပြုရန်လိုအပ်မည့်အရေးအကြီးဆုံး ဝန်ဆောင်မှုကဏ္ဍလေးမျိုးကို ရွေးချယ်ခြင်း၊ မျှော်မှန်းချက်၊ မဟာဗျူဟာဦး တည်ချက်၊ လက်တွေ့ အကောင်အထည်ဖော်မည့် ဦးတည်ချက်များနှင့် အသေးစိတ်လုပ်ငန်းစီမံချက်များကို ရေးဆွဲချမှတ်နိုင်ခဲ့ပါသည်။

ယခုအခါ အမျိုးသားပို့ကုန်မဟာဗျူဟာအကောင်အထည် ဖော်ခြင်းအဆင့် စတင်သည့် အခမ်းအနားကို မတ်လ ၂၅ ရက်နေ့တွင်နေပြည်တော်၊ MICC- II ၌ ကျင်းပမည် ဖြစ်ပါသည်။

အမျိုးသားပို့ကုန် မဟာဗျူဟာ အကောင်အထည်ဖော် ဆောင်ရွက်ခြင်းကာလကို ၂၀၁၅-၂၀၁၆ ခုနှစ်မှ ၂၀၁၉-၂၀၂၀အထိ ငါးနှစ်တာကာလအတွင်း ဆောင်ရွက်ရန် ရွေးချယ်ထားသည့် ကဏ္ဍအသီးသီးတို့၏ အကောင်အထည်ဖော်ခြင်း လုပ်ငန်းစဉ်တစ်လျှောက် ကြီးကြပ်လမ်းညွှန်မှုပေးခြင်းနှင့် စောင့်ကြည့် အကဲဖြတ်ခြင်းများကို မြန်မာ့ကုန်သွယ်မှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီက ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

အမျိုးသား ပို့ကုန်မဟာဗျူဟာသည် နိုင်ငံတော်ဖွံ့ဖြိုးရေးကိုဆောင်ကြဉ်းပေးရန် အတွက် အစိုးရနှင့် ပုဂ္ဂလိက ကဏ္ဍအကြားကျယ်ကျယ် ပြန့်ပြန့်ဆွေးနွေးဆောင်ရွက်ခဲ့ခြင်း ကြောင့် ထွက်ပေါ်လာသည့် ရလဒ်ကောင်းများဖြစ်ပြီး စီးပွားရေးပတ်ဝန်း ကျင်တွင် တွေ့ကြုံနေရသည့် အဟန့်အတားများကို ဖြေရှင်းပေးနိုင်မည့် အပြင် အမျိုးအမည်စုံလင်သည့်ပို့ကုန် ပစ္စည်းများ၏ အရည်အသွေးများ ဖွံ့ဖြိုးတိုးတက်လာပြီး ကမ္ဘာ့ဈေးကွက်တွင် ယှဉ်ပြိုင်နိုင်မှုမြင့် မားလာမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အမျိုးသား ပို့ကုန်မဟာဗျူဟာတွင် ဦးစားပေးရွေးချယ်ထားသည့် ကဏ္ဍများသည် ပြည်သူအများစု၏ လူမှုစီးပွားဘဝဖွံ့ဖြိုး တိုးတက်ရေးကို အကျိုးသက်ရောက်နိုင်ဆုံးဖြစ်သည့် ပို့ကုန်ကဏ္ဍများကို ဦးစားပေးရွေးချယ်ထားခြင်းဖြစ်ပါသည်။ ယင်းသို့ အမျိုးသားပို့ကုန် မဟာဗျူဟာကို အကောင်အထည်ဖော်ခြင်းအားဖြင့် နိုင်ငံတော်၏ အဓိကရည်မှန်းချက်များဖြစ်သော ဆင်းရဲမှုလျှော့ချရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် အခြေခံဝင်ငွေတိုးမြှင့်ရရှိရေးတို့ကို ထိရောက်စွာ အထောက်အကူပြုမည်ဖြစ်ပြီး နိုင်ငံတော်၏ မျှော်မှန်းချက်နှင့်အညီ ထွန်းသစ်စမြန်မာနိုင်ငံအတွက် ပို့ကုန်ဦးဆောင်သော စဉ်ဆက်မပြတ်တိုးတက်မှုနှင့် ကြွယ်ဝမှုဆီသို့ အောင်မြင်စွာ တက်လှမ်း နိုင်မည်ဖြစ်ကြောင်း တင်ပြလိုက်ရပါ သည်။

**မြတ်မြတ်စိုးမိုး (DOTP)**

# ကရင်ပြည်နယ်တွင် ဒေသစီးပွားဖွံ့ဖြိုးတိုးတက်ရေး ပညာပေး ဆွေးနွေးပွဲများ ကျင်းပ

ကရင်ပြည်နယ်အတွင်း ဒေသစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် ရည်ရွယ်၍ ကရင်ပြည်နယ် ကုန်သွယ်မှု မြှင့်တင်ရေးဦးစီးဌာနမှ ဦးဆောင်ပြီး ပြည်နယ်စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန၊ ပြည်နယ်အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာနတို့နှင့် ပူးပေါင်း၍ ဒေသစီးပွားဖွံ့ဖြိုးတိုးတက်ရေး ပညာပေးဆွေးနွေးပွဲများအား မတ်လ ၉ ရက်နေ့တွင် ဘားအံမြို့ အမျိုးသမီးအိမ်တွင်းမှုသင်တန်းကျောင်းခန်းမတွင်လည်းကောင်း၊ မတ်လ ၁၂ ရက်နေ့တွင် လှိုင်းဘွဲ့မြို့နယ်၊ မြိုင်ကြီးငူ အမျိုးသမီးအိမ်တွင်းမှုသင်တန်းကျောင်းခန်းမတွင်လည်းကောင်း ကျင်းပပြုလုပ်ခဲ့ပါတယ်။ ထိုသို့ကျင်းပပြုလုပ်ခဲ့ရာတွင် မတ်လ ၉ ရက်နေ့က ဘားအံမြို့ အမျိုးသမီးအိမ်တွင်းမှုသင်တန်းကျောင်းခန်းမတွင် ဌာနဆိုင်ရာများ၊ သင်တန်းသူများနှင့် စိတ်ပါဝင်စားသူများ အင်အား ၇၉ ဦးတက်ရောက်ခဲ့ပြီး မတ်လ ၁၂ ရက်နေ့ လှိုင်းဘွဲ့မြို့နယ် မြိုင်ကြီးငူအမျိုးသမီးသင်တန်းကျောင်းခန်းမတွင် သင်တန်းသူများနှင့် စိတ်ပါဝင်စားသူများ စုစုပေါင်းအင်အား ၆၃ ဦးတက်ရောက်ခဲ့ပါတယ်။

ဒေသစီးပွားဖွံ့ဖြိုးတိုးတက်ရေးပညာပေးဆွေးနွေးပွဲများတွင် ကရင်ပြည်နယ်ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာန၊ ပြည်နယ်ဦးစီးမှူး ဦးစိုးသန်းအေးက ဆွေးနွေးပွဲကျင်းပရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းတင်ပြခြင်း၊ အာဆီယံ လွတ်လပ်သောကုန်သွယ်မှုဒေသ (AFTA) နှင့် အာဆီယံအသိုက်အဝန်း (AEC) ဖော်ဆောင်မှုများအား ရှင်းလင်းဆွေးနွေးခဲ့ပြီး ပြည်နယ်အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်သန်းသန်းမြင့်က အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာနအကြောင်း သိကောင်းစရာများနှင့် ပြည်နယ်စက်မှု ကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးနေထွန်းဝင်းက ပုဂ္ဂလိကစက်မှုလုပ်ငန်းများ မှတ်ပုံတင်ရန် လုပ်ထုံးလုပ်နည်းများအကြောင်း ဆွေးနွေးခဲ့ပြီး ဆွေးနွေးပွဲတက်ရောက်လာသူများမှ သိလိုသည်များကိုပြန်လည်ဆွေးနွေးမေးမြန်းခဲ့ရာ တာဝန်ရှိသူများမှ ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရပါတယ်။

**သန်းဝင်း - ဘားအံ**

# PLASTICS MYANMAR, COMPACK MYANMAR, MANUFACTURING EXPO- MYANMAR 2015 ပြပွဲ

ရန်ကုန်မြို့၊ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမတွင် ဧပြီလ ၃ ရက်နေ့မှ ၅ ရက်နေ့အထိ PLASTICS MYANMAR, COMPACK MYANMAR, MANUFACTURING EXPO - MYANMAR 2015ပြပွဲကို ရန်ကုန် မြို့ရှိ အိန္ဒိယသံရုံးနှင့် အိန္ဒိယနိုင်ငံမှ Enterprising Fairs (India) Pvt. Ltd တို့ကဦးစီး၍ကျင်းပမည်ဖြစ်ကြောင်း နှင့်အိန္ဒိယနိုင်ငံမှကုမ္ပဏီများက အိန္ဒိယနိုင်ငံမှထွက်ရှိသော ပလပ်စတစ် ပစ္စည်းများ၊ပလပ်စတစ်နှင့် ဆက်စပ်သော စက်များ၊ပလပ်စတစ် ထွက်ကုန်များကိုလာရောက်ပြသရောင်းချမည်ဖြစ်ကြောင်း သတင်းရရှိပါသည်။

**ဥမ္မာကြူ (IT)**

# Myanmar International Gems, Jewellery and Watch Expo 2015 ပြပွဲ

ရန်ကုန်မြို့ ၊ကမ္ဘာအေးဘုရား လမ်းရှိကျောက်မျက်ရတနာရောင်းဝယ်ရေးခန်းမ (Gem Trade Centre) တွင် မတ်လ ၂၇ ရက်နေ့မှ ၃၀ရက်နေ့အထိ Myanmar International Gems, Jewellery and Watch Expo 2015 ပြပွဲအား ပြည်တွင်းကုမ္ပဏီများ ဖြစ်သော In Time Media (Myanmar) Co., Ltd. နှင့် La Min Aung Trading Co., Ltd.တို့မှ တာဝန်ယူကျင်းပမည်ဖြစ်ကြောင်းနှင့် ဗီယက်နမ်၊ ဟောင်ကောင်၊ ထိုင်းနိုင်ငံစသည့်ကုမ္ပဏီပေါင်းခုနစ်-ခုမှ အဆင့်မြင့်ကျောက်မျက် လက်ဝတ်ရတနာအချောထည်များ၊ နာရီများနှင့် ကျောက်မျက်အရည်အသွေးစစ်ဆေးသည့် ရုံးသုံးစက်ကိရိယာများအားလာရောက် ပြသမည်ဖြစ်ကြောင်း သတင်းရရှိပါသည်။

**ဥမ္မာကြူ (IT)**

# 2015 CAEXPO Tourism Exhibition ပြပွဲကိုတရုတ်ပြည်သူ့ သမ္မတနိုင်ငံတွင်ကျင်းပမည်

"2015 CAEXPO Tourism Exhibition” ပြပွဲကို ၂၀၁၅ ခုနှစ်၊ မေလ ၂၉ ရက်နေ့မှ ၃၁ ရက်နေ့အထိ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ကွမ်ရှီးပြည်နယ်၊ ကွေ့လင်မြို့တွင်ကျင်းပသွား မည်ဖြစ်ပါသည်။ နှစ်စဉ်ကျင်းပပြုလုပ်မည့် တရုတ်-အာဆီယံ EXPO Tourism Exhibition ပြပွဲ၏ပြပွဲကုန်ကျ စရိတ်များကို အက္ခရာစဉ်အလိုက် အာဆီယံ ၁၀ နိုင်ငံ၏ Tourisms Departments နှင့် China Nation of Tourism Administration တို့မှ အလှည့်ကျ co-sponsor အဖြစ် ပူးတွဲကျခံရမည်ဖြစ်ပါသည်။ ၂၀၁၅ ခုနှစ် ပြပွဲအတွက် ဘရူနိုင်းနိုင်ငံမှ co-sponsor ဖြစ်ပါကြောင်းနှင့် “2015 CAEXPO Tourism Exhibition” ပြပွဲသို့ တက်ရောက်ရန် အာဆီယံနိုင်ငံများ၏ ခရီးသွားလုပ်ငန်းဌာနမှ အဆင့် မြင့်ကိုယ်စားလှယ်သုံးဦးအတွက် ကွေ့လင်မြို့၌ သုံးညအိပ်လေးရက် ခရီးစဉ်အတွင်းနေထိုင်စားသောက် သယ်ယူပို့ဆောင်ရေးစရိတ်များကို တရုတ်နိုင်ငံဘက်မှကျခံမည်ဖြစ်ကြောင်း သတင်းရရှိပါသည်။ **ဥမ္မာကြူ (IT)**

# ကုန်စည်ဒိုင်အသီးသီး၏ လက်ရှိအရောင်းအဝယ်ဖြစ်နေသော ဈေးနှုန်းများနှင့် ဈေးကွက်အခြေအနေ (၂၃-၃-၂၀၁၅)

ခင်မောင်မောင်အုန်း

## ဘုရင့်နောင်ဈေးကွက်မှာ မတ်ပဲနှင့် ပဲစင်းငုံနီကို အိန္ဒိယအဆွဲသွက်လို့ ဈေးမြင့်

ဘုရင့်နောင်ဈေးကွက်မှာ မတ်ပဲ (RC) ကို အိန္ဒိယဝယ်လက်က ဈေးပေးအဝယ်ရှိသလို ဝယ်လိုအားပါသွက်လာတာကြောင့် ယခင်တစ်ပတ်ဖြင့်နှိုင်းယှဉ်ပါက ဈေးသိသာစွာမြင့်လာပြီး တစ်တန်ကိုအနိမ့် ဆုံး ၉၃၉၀၀၀ ကျပ်မှ အမြင့်ဆုံး ၉၈၀၀၀၀ ကျပ်ဈေးအတွင်း အရောင်းအဝယ်ဖြစ်မှုများခဲ့ကြောင်း သိရပါတယ်။ မတ်ပဲအနေဖြင့် ဒီနှစ်မှာ ရာသီဥတုမမှန်မှုကြောင့် အထွက်နှုန်းလျော့ကျလာပေမယ့် မကြံ့စဖူး ဈေးကောင်းရရှိခဲ့ကြောင်း ဈေးကွက်အတွင်းမှ သိရပါတယ်။ ပဲစင်းငုံနီ (RC) ကိုလည်း အိန္ဒိယဝယ်လက်က ဝယ်လိုအားများလာသလို ရောင်းသူကုန်သည်များကလည်း တက်ဈေးမှာ အရောင်းပို များခဲ့ကြောင်း သိရပါတယ်။ အရောင်းအဝယ်အနေဖြင့် တစ်တန်ကိုအနိမ့်ဆုံး ၉၃၈၀၀၀ ကျပ်မှ အမြင့်ဆုံး ၉၄၀၀၀၀ ကျပ်အတွင်း အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ ပဲစင်းငုံနီအနေဖြင့် ပစ္စည်းလက်ကျန်နည်းနေကြောင်း ဒါပေမယ့် အိတ်စပို့ဝယ်လက်တွေကတော့ ဝယ်လိုအားပုံမှန်ရှိခဲ့ကြောင်း သိရပါတယ်။

## ပခုက္ကူဈေးကွက်မှာ ပဲစင်းငုံနီဈေးစွာ၊ ကုလားပဲအုပ်စုပုံမှန်အဝင်ရှိနေ

ပခုက္ကူဈေးကွက်မှာ ဒီတစ်ပတ်ပဲစင်းငုံနီကို ရန်ကုန်ဝယ်လက်က ဈေးမြှင့်အဝယ်ရှိတာကြောင့် ယခင်တစ်ပတ်ဖြင့် နှိုင်းယှဉ်ပါက ဈေးမြင့်လာပြီး တစ်ပိဿာ ၁၄၈၅ ကျပ်(တစ်တန်ကို ၉၀၉၃၉၉ ကျပ်) ဈေးဖြင့် တစ်ရက်ကို အိတ် ၄၀၀ ခန့်ဖြစ်ခဲ့ကြောင်း သိရပါ တယ်။ ကုလားပဲဖြူလုံးကြီးနှင့် ကုလားပဲ(ထိုင်ဝမ်)က ဈေးကွက်သို့ ပုံမှန်အဝင်ရှိသလို မြို့ခံပဲခွဲစက်နှင့် လှော်လက်တချို့ကလည်း ဝယ်လိုအား ပုံမှန်ရှိခဲ့ကြောင်း သိရပါတယ်။ အရောင်းအဝယ်အနေဖြင့် ကုလားပဲဖြူလုံးကြီးတစ်ပိဿာ ၉၃၁ ကျပ် (တစ်တန်ကို ၅၇၀၁၃၅ ကျပ်)၊ ကုလားပဲ(ထိုင်ဝမ်) တစ်ပိဿာ ၉၀၅ ကျပ် (တစ်တန်ကို ၅၅၄၂၁၂ ကျပ်) ဈေးဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါ တယ်။

## မူဆယ်ဈေးကွက်မှာ ပြောင်းအဝင်နည်းပေမယ့် တရုတ်ဝယ်အားပုံမှန်ရှိနေ


မူဆယ်ဈေးကွက်မှာ ဒီတစ်ပတ် ပြောင်းအနေဖြင့် နယ်စုံမှ တစ်ပတ်အတွင်း တန် ၂၉၀၀၀ ခန့် ဝင်ရောက်ခဲ့လို့ အဝင်နည်းသွားတယ်လို့ ဆိုရမှာပါ။ ပစ္စည်းအဝင်နည်းပေမယ့် တရုတ်လိုင်းကတော့ ပုံမှန်အဝယ်ရှိခဲ့ကြောင်း၊ အရောင်းအဝယ်အနေဖြင့် ၅၀ ကီလို တစ်အိတ်ကို ၉၂ ယွမ်ဈေးဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း ဈေးကွက်အတွင်းမှ သိရပါတယ်။

## မန္တလေးဈေးကွက်မှာ မတ်ပဲနှင့် ပဲစင်းငုံနီဈေးကောင်းရနေ

မန္တလေးဈေးကွက်မှာ ဒီတစ်ပတ်ပဲမျိုးစုံထဲမှာတော့ မတ်ပဲနှင့် ပဲစင်းငုံနီက ဈေးကောင်းရပြီး ဈေးကွက်မှာဦးဆောင်နေတာတွေ့ရပါ တယ်။ မတ်ပဲအနေဖြင့် ဒေသတွင်းပဲခွဲစက်တွေသာမက ရန်ကုန်ဝယ်လက်တချို့ကပါ ဝယ်လိုအားပုံမှန်ရှိတာကြောင့် တစ်ပိဿာကို ၁၅၀၀ ကျပ် (တစ်တန်ကို ၉၁၈၅၈၅ ကျပ်) ဈေးဖြင့် တစ်ရက်ကိုအိတ် ၅၀၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ ပဲစင်းငုံနီအနေဖြင့် ရောင်းသူကုန်သည်တွေထံမှာ ပစ္စည်းလက်ကျန် နည်းနေပေမယ့် Export အတွက်အဓိကဝယ်ယူနေတဲ့ ရန်ကုန်ဝယ်လက်က အရည်အသွေးအပေါ် မူတည်ပြီး ဝယ်လိုအားသွက်လာတာကြောင့် ယခင်တစ်ပတ်ဖြင့် နှိုင်းယှဉ်ပါက ဈေးမြင့်လာပြီး တစ်ပိဿာကို ၁၄၉၂ ကျပ် (တစ်တန်ကို ၉၁၃၆၈၅ ကျပ်)ဈေးဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ ကုလားပဲဖြူလုံးကြီး(သစ်) ကတော့ ဈေးကွက်သို့ပုံမှန်ဝင်ရောက်နေသလို မြို့ခံပဲခွဲစက်တွေကလည်း ဝယ်လိုအား ပုံမှန်ရှိခဲ့ကြောင်း၊ အရောင်းအဝယ်အနေဖြင့် တစ်ပိဿာ ၉၁၇ ကျပ် (တစ်တန်ကို ၅၆၁၅၆၁ ကျပ်) ဈေးဖြင့် အရောင်းအဝယ်ဖြစ်မှုများခဲ့ကြောင်း သိရပါတယ်။

## မုံရွာဈေးကွက်မှာ မတ်ပဲနှင့် ပဲစင်းငုံနီ အမြင့်ဈေးဖြင့် အရောင်းအဝယ်ဖြစ်

မုံရွာဈေးကွက်မှာ ဒီတစ်ပတ်မတ်ပဲကို ရန်ကုန်ဝယ်လက်နှင့် မြို့ခံပဲခွဲစက်တွေ ဝယ်လိုအား ဆက်တိုက်ရှိတာကြောင့် ယခင်တစ်ပတ်ဖြင့် နှိုင်းယှဉ်ပါက ဈေးမြင့်လာပြီး တစ်ပိဿာကို ၁၄၆၅ ကျပ် (တစ်တန်ကို ၈၉၇၁၅၁ ကျပ်)ဈေးဖြင့် တစ်ရက်ကို အိတ် ၄၀၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ ပဲစင်းငုံနီကတော့ ရောင်းသူကုန်သည်တွေထံမှာ ပစ္စည်းလက်ကျန်နည်းနေပေမယ့် အိန္ဒိယအတွက် အဓိကဝယ်ယူနေတဲ့ ရန်ကုန်ဝယ်လက်ကတော့ အရည်အသွေးအပေါ် မူတည်ပြီး ဈေးကောင်းပေးအဝယ်ရှိတာကြောင့် ယခင်တစ်ပတ်ဖြင့်နှိုင်းယှဉ်ပါက ဈေးမြင့်လာပြီး တစ်ပိဿာ ၁၄၈၅ ကျပ် (တစ်တန်ကို ၉၀၉၃၉၉ ကျပ်) ဈေးဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။



## မကွေးဈေးကွက်မှာ ပဲစင်းငုံနီကို ရန်ကုန်အဆွဲသွက်လို့ ဈေးမြောက်

မကွေးဈေးကွက်မှာ ဒီတစ်ပတ်ပဲစင်းငုံနီကို ရန်ကုန်ဝယ်လက်က ဝယ်လိုအားသွက်နေသလို ရောင်းသူကုန်သည်များကလည်း တက်ဈေးမှာ အရောင်းပိုများခဲ့ကြောင်း သိရပါတယ်။ ပဲလက်ကျန်ကလည်း နည်းလာပြီ၊ ဒါပေမယ့် ရန်ကုန်ဝယ်လက်က ဝယ်လိုအားသွက်တော့ ထိန်းပြီး ရောင်းနေရတယ်လို့ မြို့ခံကုန်သည်တစ်ဦးက ဆိုပါတယ်။ အရောင်းအဝယ်အနေဖြင့် တစ်ပိဿာကို ၁၄၈၅ ကျပ် (တစ်တန်ကို ၉၀၉၃၉၉ ကျပ်) ဈေးဖြင့် တစ်ရက်ကိုအိတ် ၅၀၀ ခန့်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ ကုလားပဲ(ထိုင်ဝမ်)(သစ်)က တော့ နယ်စုံမှ ဈေးကွက်သို့ ဝင်ရောက်နေသလို ပဲခွဲစက်တွေကလည်း အရည်အသွေးအလိုက် ဝယ်လိုအားပုံမှန်ရှိခဲ့ကြောင်း၊ အရောင်းအဝယ်အနေဖြင့် တစ်ပိဿာ ၉၀၀ ကျပ်(တစ်တန်ကို ၅၅၁၁၅၁ ကျပ်) ဈေးဖြင့် ဝယ်လိုအားများခဲ့ကြောင်း သိရပါတယ်။

## ဟင်္သာတဈေးကွက်မှာ မတ်ပဲကို ရန်ကုန်အဆွဲသွက်

ဟင်္သာတဈေးကွက်မှာ ဒီတစ်ပတ်မတ်ပဲ (Raw) ကို Export အတွက် အဓိကဝယ်ယူနေတဲ့ ရန်ကုန်ဝယ်လက်က ဝယ်လိုအား ကောင်းနေတာကြောင့် ယခင်အပတ်ဖြင့်နှိုင်းယှဉ်ပါက ဈေးမြင့်လာပြီး တစ်ပိဿာကို ၁၅၅၀ကျပ်(တစ်တန်ကို ၉၄၉၂၀၄ ကျပ်)ဈေးဖြင့် တစ်ရက်ကိုအိတ် ၂၀၀၀ ခန့်အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း ဈေးကွက်အတွင်းမှ သိရပါတယ်။

## တောင်ကြီးဈေးကွက်မှာ ပြောင်းကို ရန်ကုန်-မန္တလေးဝယ်လိုအားပုံမှန်ရှိနေ

တောင်ကြီးဈေးကွက်မှာ ဒီတစ်ပတ် ပြောင်းသီးနှံကို ရန်ကုန်-မန္တလေးဝယ်လိုအားပုံမှန်ရှိပေမယ့် ရောင်းသူကုန်သည်တွေထံမှာတော့ ပစ္စည်းအဝင်နည်းနေကြောင်း သိရပါတယ်။ အရောင်းအဝယ် အနေဖြင့် တစ်ပိဿာ ၃၅၅ ကျပ်ဈေးဖြင့် တစ်ပတ်အတွင်း ပိဿာ ချိန် ၄ သိန်းခန့်ဖြစ်ခဲ့ကြောင်း ဒေသခံပြောင်းကုန်သည်တစ်ဦးက ဆိုပါတယ်။

## အောင်လံဈေးကွက်မှာ ပဲစင်းငုံနီလက်ကျန်နည်းနေပေမယ့် ရန်ကုန်ဝယ်လက်က ဝယ်လိုအားသွက်နေ

အောင်လံဈေးကွက်မှာ ပဲစင်းငုံနီအနေဖြင့် ရောင်းသူကုန်သည်တွေထံမှာ ပစ္စည်းလက်ကျန်နည်းနေပေမယ့် Export အတွက်ဝယ်ယူနေတဲ့ ရန်ကုန်ဝယ်လက်ကတော့ ဝယ်လိုအားသွက်ခဲ့ကြောင်း သိရပါတယ်။ အရောင်းအဝယ်အနေဖြင့် တစ်ပိဿာကို ၁၄၉၀ ကျပ် (တစ်တန်ကို ၉၁၂၄၆၁ ကျပ်)ဈေးဖြင့် တစ်ရက်ကို အိတ် ၆၀၀ ခန့်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ ပဲစင်းငုံနီအနေဖြင့် ဒီနှစ်မှာရာသီဥတုမမှန်လို့ အထွက်နှုန်းလျော့ကျခဲ့ပေမယ့် ဈေးကောင်းရနေကြောင်း မြို့ခံကုန်သည်တစ်ဦးက ပြောပါတယ်။

## လားရှိုးဈေးကွက်မှာ ပြောင်းကို တရုတ်နှင့် လှော်လက်အဝယ်ဆုံနေ

လားရှိုးဈေးကွက်မှာ နယ်စုံမှ ပစ္စည်းအဝင်နည်းနေပေမယ့် တရုတ်ဝယ်လက်နှင့် ဒေသတွင်း အစာစပ်လုပ်ငန်းရှင်များအတွက် ဝယ်ယူနေတဲ့ လှော်လက်တွေ အဝယ်ဆုံနေပြီး တစ်ပိဿာကို ၄၀၀ ကျပ်ဈေးဖြင့် တစ်ပတ်အတွင်း ပိဿာချိန် ၆ သိန်းခန့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း ဈေးကွက်အတွင်းမှ သိရပါတယ်။

## ပြည်ဈေးကွက်မှာ ပဲစင်းငုံနီ ရန်ကုန်အဝယ်သွက်၊ ကုလားပဲ(သစ်) အဝင်များလို့ ဈေးကျ

ပြည်ဈေးကွက်မှာ ဒီတစ်ပတ်ပဲစင်းငုံနီကို ရန်ကုန်အဆွဲသွက်တာကြောင့် ယခင်တစ်ပတ်ဖြင့်နှိုင်းယှဉ်ပါက ဈေးမြင့်လာပြီး တစ်ပိဿာ ၁၄၇၅ ကျပ် (တစ်တန်ကို ၉၀၃၂၇၅ ကျပ်)ဈေးဖြင့် တစ်ရက်ကို အိတ် ၅၀၀ ခန့်အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ ကုလားပဲ (ထိုင်ဝမ်သစ်)ကတော့ ဈေးကွက်သို့ တစ်ရက်ကို အိတ် ၆၀၀ ခန့် အဝင်ရှိလို့ ဝင်ရောက်မှုပမာဏ များလာတယ်လို့ ဆိုရမှာပါ။ ဈေးကွက်ထဲဝင်လာတဲ့ ကုလားပဲ(သစ်)တွေကိုတော့ မြို့ခံပဲခွဲစက်တွေက ပုံမှန်အဝယ်ရှိခဲ့ပေမယ့် ဈေးကွက်သို့ ပစ္စည်းအဝင်လှိုင်လာတာကြောင့် ဈေးအနည်းငယ်ကျလာပြီး တစ်ပိဿာ ၈၉၅ ကျပ် (တစ်တန်ကို ၅၄၈၀၈၉ ကျပ်) ဈေးဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါ တယ်။

## ရေစကြိုဈေးကွက်မှာ ကုလားပဲ(သစ်)ပုံမှန်ဝင်ရောက်နေ

ရေစကြိုဈေးကွက်မှာ ဒီတစ်ပတ် ကုလားပဲ(ထိုင်ဝမ်)(သစ်)က ဈေးကွက်သို့ ပုံမှန်ဝင်ရောက်နေသလို မြို့ခံပဲခွဲစက်တွေကလည်း ပုံမှန်အဝယ်ရှိခဲ့ကြောင်း၊ အရောင်းအဝယ်အနေဖြင့် တစ်ပိဿာကို ၉၀၅ ကျပ်(တစ်တန်ကို ၅၅၄၂၁၂ ကျပ်)ဈေးဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။



# နိုင်ငံခြားဖြစ် ဝိုင်အမျိုးမျိုးကို မတ်လ ၁၇ ရက်နေ့မှစ၍ ပင်လယ်ရေကြောင်းနဲ့ လေကြောင်းတို့မှ တရားဝင်တင်သွင်းခွင့်ပြုလိုက်ပြီ

အရက်၊ဘီယာ၊ဝိုင်တို့ကို ယခင်က တင်သွင်းရန် ကန့်သတ်ထားခဲ့သော်လည်း ပြည်တွင်းဈေးကွက် လိုအပ်ချက်ရှိခြင်း၊ ပြောင်းလဲလာသော အခြေအနေများအရ နိုင်ငံခြားသားဝင်ထွက်မှုများပြားလာခြင်းတို့ ကြောင့်နိုင်ငံတကာမှာ ဖွင့်လှစ်ရောင်းချပေး လျက်ရှိတဲ့ Duty Free Shops(အကောက်ခွန်လွတ် အရောင်းဆိုင်များ)မှာ ရောင်းချရန်နဲ့ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီး ဌာနရဲ့ ထောက်ခံချက်နဲ့ဟိုတယ်များတွင် အသုံးပြုရန်အတွက် တင်သွင်းခွင့်ပြုပေးလျက်ရှိပါတယ်။

တင်သွင်းရန် ကန့်သတ်ထားတဲ့ပစ္စည်းများအနက် ဝိုင်ဟာတိုးတက်ပြောင်းလဲလာတဲ့ လူနေမှုပုံစံအရ ညစာစားပွဲများ၊ ဧည့်ခံပွဲများမှာ အမှတ်သင်္ကေတတစ်ခုအနေနဲ့ ထုံးတမ်းစဉ်လာအရ အရေးပါတဲ့ အခန်းကဏ္ဍမှပါဝင်လျက်ရှိခြင်း၊ အခြားအိမ်နီးချင်းနိုင်ငံများနဲ့ ASEAN နိုင်ငံများမှာလည်း တရားဝင်တင်သွင်းခွင့် ပြုလျက်ရှိခြင်း၊ ပြည်တွင်းမှာ ထုတ်လုပ်သူနည်းပါးသောပစ္စည်း ဖြစ်ခြင်းတို့ကြောင့် ယခင်កတင်သွင်းရန် ကန့်သတ်ထားခဲ့သော်လည်း ယခုအခါ ဈေးကွက်လိုအပ်ချက်ပေါ် မူတည်ပြီး အကန့်အသတ်နဲ့ ဖြေလျှော့တင်သွင်းရန် ခွင့်ပြုလိုက်ခြင်းဖြစ်တယ်လို့သိရပါတယ်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဌာန ပြည်ထောင်စုဝန်ကြီးရုံးရဲ့ ၁၇-၃-၂၀၁၅ ခုနှစ် ရက်စွဲပါ အမိန့်ကြော်ငြာ စာအမှတ် ၁၈/၂၀၁၅ဖြင့် နိုင်ငံခြားဖြစ်ဝိုင်အမျိုးမျိုးကိုပြည်ပမှ တရားဝင်တင်သွင်းခွင့်ပြုလိုက်တာ ဖြစ်ပါတယ်။

အဆိုပါ အမိန့်ကြော်ငြာစာအရဝိုင်တင်သွင်းခွင့် လျှောက်ထားသူများမှာ ကုမ္ပဏီ၊ အသင်း အဖွဲ့မှတ်ပုံတင်၊ ပို့ကုန်သွင်းကုန်လုပ်ငန်းရှင် မှတ်ပုံတင်များရှိရန်နဲ့ တင်သွင်းခွင့်လျှောက်ထားသည့်ကုမ္ပဏီများသည် သက်ဆိုင်ရာ ကုမ္ပဏီ၏ Dealership ရှိသူများ ဖြစ်ရပါမယ်။

ဝိုင်တင်သွင်းခွင့်အတွက် သွင်းကုန်လိုင်စင်လျှောက်ထားရာမှာ ပူးတွဲတင်ပြရမယ့်စာရွက်စာတမ်းများမှာ

- ကုမ္ပဏီအသင်းအဖွဲ့ Letter Head ပါလျှောက်လွှာ
- Proforma Invoice မူရင်း သို့မဟုတ် အရောင်းအဝယ်စာချုပ် (Sale Contract )မူရင်း
  (တင်သွင်းဝိုင်နှင့်သက်ဆိုင်သော အသေးစိတ်အချက်အလက်များကို ပြည့်စုံစွာဖော်ပြရမည်)
- ဝိုင်တင်သွင်းခွင့်မှတ်ပုံတင်ကတ်ပြား(မူရင်း၊ မိတ္တူ)
- တင်သွင်းလာသောဝိုင်ပုလင်းပေါ်တွင် ကပ်နှိပ်တင်သွင်းဖြန့်ချိမည့်ကုမ္ပဏီ၏ အမှတ်အသားတံဆိပ်ကို ဖော်ပြရန်
- အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန(FDA) ထောက်ခံချက်



- တင်သွင်းလာသည့်ဝိုင်များကို သိုလှောင်မည့် လိပ်စာနှင့် ရောင်းချဖြန့်ဖြူးမည့်အစီအစဉ်
- ကုမ္ပဏီ၊အသင်းအဖွဲ့၏ အဖွဲ့ဝင်ဒါရိုက်တာ ကိုယ်တိုင်မဟုတ်ပါက ကိုယ်စားလှယ်ကတ်

ဝိုင်တင်သွင်းခွင့် လျှောက်ထားသူများအနေနဲ့ အောက်ပါစည်းကမ်းချက်များကို လိုက်နာရမယ်လို့ သိရှိရပါတယ်-

- ဝိုင်တင်သွင်းခွင့်မှတ်ပုံတင်ကတ် ကိုင်ဆောင်ထားသူသည် တင်သွင်းခြင်းလုပ်ငန်းကို ကိုယ်တိုင် ဆောင်ရွက်ရမည်။
- သက်ဆိုင်ရာဌာနများ၏ တည်ဆဲဥပဒေအရပြဋ္ဌာန်းထားသော စည်းမျဉ်း ၊ စည်းကမ်း၊ မူဝါဒ လုပ်ထုံးလုပ်နည်းများနှင့် အခါအားလျော်စွာထုတ်ပြန်သော စည်းမျဉ်းစည်းကမ်းများကို လိုက်နာ ဆောင်ရွက်ရမည်။
- ကုန်ပစ္စည်းများပေါ်တွင် ဝိုင်အမျိုးအစား၊အယ်လ်ကိုဟောပါဝင်မှု ရာခိုင်နှုန်းနှင့်ပစ္စည်းတင်သွင်း ဖြန့်ချိသူ၏ (ကုမ္ပဏီအမည်၊ ကုမ္ပဏီလိပ်စာ)စသည့် အချက်များကို အင်္ဂလိပ်ဘာသာဖြင့် ဖော်ပြရမည်။
- ဝိုင်ပုလင်းတိုင်းတွင် ပြည်တွင်းအခွန်၏ Tax Paid အမှတ်တံဆိပ်ကပ်ပြီးမှသာ ဖြန့်ချိရမည်။
- တင်သွင်းထားသည့် ပစ္စည်းများအတွက် ကုန်ဝင်၊ထွက်၊ လက်ကျန် မှတ်တမ်းထားရှိပြီး လိုအပ်သည့်အချိန်တွင် သက်ဆိုင်ရာဌာနများမှ စစ်ဆေးပါကတင်ပြနိုင်ရေး Stock Ledger ရေးသွင်းထားရမည်။
- ကုမ္ပဏီတစ်ခုမှလျှောက်ထားပြီး အမျိုးအစားနှင့်တံဆိပ်တူသော ဝိုင်ကို အခြားကုမ္ပဏီ တစ်ခုမှ ထပ်မံလျှောက်ထားနိုင်သည်။
- ပင်လယ်ရေကြောင်းနှင့်လေကြောင်းမှသာ တင်သွင်းခွင့်ပြုပါမည်။
- တင်သွင်းလာသည့်ဝိုင်များ၏ Country of Origin (CO)ကို တစ်ပါတည်း ထည့်သွင်း ဖော်ပြရမည်။
- တင်သွင်းဝိုင်၏ အယ်လကိုဟော ပါဝင်မှုရာခိုင်နှုန်း (Alcohol By Volume) မှာ (၇%)မှ (၂၀%)အတွင်းရှိရမည်။

စစ်မှန်ကောင်းမွန်တဲ့ ဝိုင်တင်သွင်းမှုကို စနစ်တကျ တရားဝင်တင်သွင်းခွင့်ပြုလိုက်ခြင်းဖြင့် ပြည်တွင်းဈေးကွက်လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ခြင်း၊ ကျန်းမာရေးနဲ့ညီညွတ်ပြီး သန့်ရှင်းလတ်ဆတ်သော ဝိုင်များကိုသာ တင်သွင်းခွင့်ပြုနိုင်ခြင်း၊ တရားမဝင်ဝင်ရောက်နေတဲ့ ဝိုင်များကို စနစ်တကျထိန်းသိမ်းနိုင်မှု ရှိခြင်း၊ နိုင်ငံတော်အခွန်အခများရရှိစေနိုင်ခြင်းစတဲ့ အကျိုးရလဒ်များ ရရှိစေနိုင်မှာဖြစ်ပါတယ်။ ဝိုင်အပါအဝင် အဖျော်ယမကာများ သုံးစွဲမှုပမာဏ ထိန်းချုပ်မှုနဲ့ ပတ်သက်တဲ့ တိကျသော လုပ်ထုံးလုပ်နည်းများ၊ အခွန်နှုန်းထား၊ ဥပဒေအရ ကန့်သတ်ချက်၊ သုံးစွဲနိုင်တဲ့ အသက်အရွယ်ကန့်သတ်မှု၊ ပညာပေး အစီအစဉ်များနဲ့ မီဒီယာများကတစ်ဆင့် အသိပေးခြင်းတို့ကို ဆောင်ရွက်ခြင်းအားဖြင့် ဖြစ်ပေါ်လာမယ့်ပြဿနာများကို လျှော့ချပေးနိုင်တော့မှာ ဖြစ်ပါတယ်။

ဝန်ကြီးဌာနအနေနဲ့ ပြည်ပမှ တင်သွင်းခွင့်မပြုသော ကျန်ပစ္စည်းများကို ပြည်တွင်းဈေးကွက်လိုအပ်ချက် အခြေအနေပေါ်မူတည်ပြီးအခါအားလျော်စွာ ပြင်ဆင်ပြောင်းလဲသင့်သည်များကို ပြင်ဆင်ဆောင်ရွက်ခွင့် ပြုပေးသွားမည်လို့ ဝိုင်တင်သွင်းခွင့်ပြုတဲ့ အမိန့်ကြော်ငြာစာမှာ ထည့်သွင်းဖော်ပြထားကြောင်း သတင်းကောင်းပါးလိုက်ရပါတယ်။အသေးစိတ်သိရှိလိုသော အချက်အလက်များရှိပါက သွင်းကုန်ဌာနသို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ကြောင်းအသိပေးလိုက်ပါရစေ။

**ပန်**

## MIC (OSS) ရုံးတွင် နယ်စပ်ကုန်သွယ်ရေးစခန်းများမှတစ်ဆင့်တင်သွင်းသည့် MIC ပို့ကုန်သွင်းကုန်လိုင်စင်များ ဧပြီ ၁ ရက်နေ့မှ စတင်ထုတ်ပေးတော့မည်

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ သစ္စာလမ်းရှိ MIC (OSS) ရုံးတွင် ပင်လယ်ရေကြောင်း အတွက် လိုင်စင်များကို ခွင့်ပြုထုတ်ပေးလျက်ရှိပါသည်။ နယ်စပ်ထုတ်ကုန်သွင်းကုန်ဆိုင်ရာ MIC လိုင်စင်/ပါမစ်များ ခွင့်ပြုထုတ်ပေးနိုင်ခြင်းမရှိသေးသဖြင့် နယ်စပ်စခန်းများမှ တစ်ဆင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ပစ္စည်းများတင်ပို့တင်သွင်း ရန်လိုင်စင်ပါမစ်လျှောက်ထားလာပါက တစ်နေရာတည်းမှာ လုပ်ငန်းများပြီးမြောက် အောင်မြင်စွာဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သောစီစဉ်မှုများ (ကွန်ပျူတာနည်းပညာပိုင်း ဆိုင်ရာများ) ကို ဆောင်ရွက်နေပြီလို့ သိရပါတယ်။ အချိန်နဲ့ တစ်ပြေးညီ တစ်နေရာတည်းမှာ ပိပြင်စွာ ဆောင်ရွက်နိုင်ရန်အတွက် နယ်စပ်ထုတ်ကုန်သွင်းကုန်ဆိုင်ရာ MIC လိုင်စင်/ပါမစ် ခွင့်ပြုထုတ်ပေးခြင်းကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ဧပြီလ ၁ ရက်နေ့မှ စတင်၍ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ် သစ္စာလမ်းရှိMIC (OSS) တွင် ဆောင်ရွက်ပေးတော့မယ်လို့ သတင်းရရှိပါတယ်။

အထူးစီးပွားရေးဇုန် စီမံကိန်းကိစ္စရပ်များမှာ လာရောက်ရင်းနှီးမြှုပ်နှံသော ပြည်တွင်း/ပြည်ပလုပ်ငန်းရှင်များအတွက်လည်း ဧပြီလ ၁ ရက်နေ့မှ စ၍ ရန်ကုန်တိုင်းဒေသကြီးရုံးခွဲတွင် IELPS (Bot-trade) စနစ်နဲ့ လိုင်စင် ထုတ်ပေးတော့မယ်လို့ သိရှိရပါတယ်။

## စာမျက်နှာ ၈ - ရွှေဘိုပေါ်ဆန်းမွှေးအား ပထဝီဆိုင်ရာအညွှန်း မှ အဆက်

ရွှေဘိုပေါ်ဆန်းမွှေးဆန်သည် ရွှေဘိုတွင် ဆန်တစ်အိတ် ၃၅၅၀၀ ကျပ်ရှိပြီး၊ ရန်ကုန် ဘုရင့်နောင် လက်ကားဈေးတွင် ဆန်တစ်အိတ် ၃၇၀၀၀ ကျပ်ဖြစ်သည်။ ဖျာပုံတွင် ဖျာပုံပေါ်ဆန်းမွှေးဆန်တစ်အိတ် ၃၀၂၅၀ ကျပ် ရှိပြီး ရန်ကုန်ဘုရင့်နောင် လက်ကားဈေးတွင်ဆန်တစ်အိတ် ၃၁၂၅၀ ကျပ်ဖြစ်သည်။ ရန်ကုန်နှင့် ရွှေဘိုသည် ရန်ကုန်၊ ဖျာပုံထက် အလှမ်းကွာဝေးသောကြောင့် ရောင်းဝယ်မှုစရိတ် (Marketing cost) ပိုမိုကုန်ကျသည်။

ရွှေဘိုပေါ်ဆန်းမွှေးဆန်သည် ရွှေဘိုဆန်စက်တွင် တစ်တန်ကို ကန်ဒေါ်လာ ၆၇၉ ဒေါ်လာဖြစ်ပြီး၊ ရန်ကုန်ဘုရင့်နောင် လက်ကားဈေးတွင် ဆန်တစ်တန်ကို ကန်ဒေါ်လာ ၇၀၈ ဖြစ်သည်။ ရွှေဘိုပေါ်ဆန်းမွှေးဆန်သည် အပြည်ပြည်ဆိုင်ရာ ဆန်ဈေး ထိုင်းဆန် ၊ ထိုင်းဆန်ကွဲ၊ US long grain ထက်ဈေးမြင့်သော်လည်း၊ ပါကစ္စတန်ဘာစမာတီဆန်ဈေးအောက်တွင်ရှိကြောင်း စိစစ်သုံးသပ်ဖော်ပြအပ်ပါသည်။ ဇယား-၁ကို ကြည့်ရှုလေ့လာရန်ဖြစ်ပါသည်။

**ဇယား-၁။ ထိုင်းဆန် ၊ ထိုင်းဆန်ကွဲ၊** US long grain **နှင့် ပါကစ္စတန် ဘာစမာတီဆန်အပြည်ပြည်ဆိုင်ရာဆန်ဈေး**

| ကာလ | Thai 100% B1 Thai | Thai broken 2 | US long grain[3] | Pakistan Basmati |
|---|---|---|---|---|
| | ***International price ( USD per tonne)*** | | | |
| ၂၀၁၂-ဒီဇင်ဘာ | ၅၉၉ | ၅၄၆ | ၆၀၈ | ၁၃၁၂ |
| ၂၀၁၃-မေလ | ၅၇၄ | ၅၃၉ | ၆၅၂ | ၁၃၇၅ |

Source: Food outlook, June2013,page-116, FAO B1-White rice, 100 percent second grade, f.o.b. Bangkok, 3 United States No.2, 4 percent brokens f.o.b., Basmati ordinary, f.o.b. Karachi

# ဝါးဖောင်အောက်က တရားမဝင်သစ်လုံးများတွေ့ရှိ



မန္တလေးတိုင်းဒေသကြီး ဆိပ်ကမ်းနယ်မြေနဲ့ အပြည်ပြည်ဆိုင်ရာ လေဆိပ်(တံတားဦး)နယ်မြေတို့မှာ တရား မဝင်ကုန်သွယ်မှုတားဆီး ထိန်းချုပ်ရေးလုပ်ငန်းများနဲ့ စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိတဲ့ မန္တလေး Mobile Team အဖွဲ့ဟာ ဧရာဝတီမြစ်ကြောင်းတစ်လျှောက် မသင်္ကာဖွယ်ရာ ရေယာဉ်များကို ရှာဖွေစစ်ဆေးမှုပြုလုပ်နေစဉ် မတ်လ ၁၂ ရက် ၁၄း၀၀ အချိန်ခန့်က ဧရာဝတီမြစ်လယ်မှာ စက်လှေတစ်စီးဟာ ဝါးဖောင်တစ်ခုအားဆွဲလျက် မြောက်မှ တောင်ဖက်သို့ ဖြတ်သန်းမျှောချသွားတာကို တွေ့ရှိရတဲ့အတွက် လိုက်လံစစ်ဆေးမှုပြုလုပ်ခဲ့ပါတယ်။

ဝါးဖောင်အား စစ်ဆေးရာမှာတော့ ဝါးဖောင်အောက်မှာတရားမဝင်သစ်လုံးများ သယ်ဆောင်လာတာကို တွေ့ရှိရသဖြင့် ဂေါဝိန်ဆိပ်ကမ်းအထက် ကျွဲစွန်းဆိပ်ကမ်းမှာ ဆိုက်ကပ်စေပြီး အသေးစိတ်စစ်ဆေးမှု ပြုလုပ်ခဲ့ပါတယ်။ တွေ့ရှိရတဲ့သစ်များကတော့ ကျွန်းသစ်လုံး ၁၀ လုံး( သုည ဒသမ ၇၂၀ တန်)၊ ထောက်ကြံ့သစ်လုံး ၁၈ လုံး (၆ ဒသမ ၄၄၆ တန်)၊ သရက်သစ်လုံး ၈လုံး(၂ ဒသမ ၅၈၈ တန်)၊ ပန်းတမာသစ်လုံး ၁၅ လုံး (၅ ဒသမ ၇၄၀ တန်)၊ စုစုပေါင်း သစ်မျိုးစုံ သစ်လုံး ၅၁ လုံး (၁၅ ဒသမ ၄၉၄ တန်)အား တားဆီးနိုင်ခဲ့တယ်လို့ သတင်းရရှိပါတယ်။ သိမ်းဆည်းရမိသစ်များအား လုပ်ထုံးလုပ်နည်းနဲ့အညီ အကောက်ခွန် အမှုတွဲများဖွင့်လှစ်၍ ပုသိမ်ကြီး မြို့နယ်သစ်တောဦးစီးဌာနသို့ အပ်နှံထားပြီးဖြစ်တယ်လို့ သိရပါတယ်။ သိမ်းဆည်းရမိ သစ် ၅၁ လုံး (၁၅ ဒသမ ၄၉၄ တန်) ခန့်မှန်းတန်ဖိုးမှာ ကျပ် ၅၆ ဒသမ ၆၄၂ သိန်းလို့ သိရပါတယ်။

ဝါးဖောင်အောက်မှာ သစ်များသို ဝှက်၍ ဆွဲယူလာသော စံမင်းမင်းအမည်ရှိစက်လှေ ခန့်မှန်း တန်ဖိုး ကျပ် ၁ ဒသမ ၅၀၀ သိန်းအား အကောက်ခွန်ဦးစီးဌာနသို့ အပ်နှံထားပြီး စက်လှေပေါ်မှာ လိုက်ပါလာတဲ့ဝန်ထမ်းများကို ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်ထားတယ်လို့ သိရပါတယ်။

တရားမဝင်ကုန်သွယ်မှုတားဆီး ထိန်းချုပ်ရေးဗဟိုကော်မတီရဲ့ ကြီးကြပ်ကွပ်ကဲမှုအောက်ရှိမန္တလေး တိုင်းဒေသကြီး မန္တလေးဆိပ်ကမ်းနယ်မြေ Mobile Teamအဖွဲ့က ၂၀၁၄ ခုနှစ် နိုဝင်ဘာလမှ ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလအတွင်း ကျွန်းသစ်နဲ့ သစ်မာဖမ်းဆီးရမိမှု အမှုတွဲ ငါးမှုမှ ကျွန်းသစ်နှင့် သစ်မာသစ်လုံးခွဲသား အရွယ်စုံ ၃၃၈၉ ချောင်း၊ သစ်လုံး ၁၀၆ လုံး၊ တန်ချိန်ပေါင်း ၉၅ တန်ကျော် ဖော်ထုတ်တားဆီးနိုင်ခဲ့ပြီး ဖမ်းဆီးရမိ သစ်များ၊ သစ်တင်ရေယာဉ်နဲ့ပါရှိပစ္စည်းများအား ဥပဒေနဲ့အညီ ဆောင်ရွက်ရန် လုပ်ထုံးလုပ်နည်းများနဲ့အညီ အကောက်ခွန်ဦးစီးဌာနနဲ့ သစ်တောဦးစီးဌာနသို့ လွှဲပြောင်းအပ်နှံထားပြီးဖြစ်ပါတယ်။ **DCCA**

## တရားမဝင် တင်ဆောင်လာတဲ့ ကားတာယာများကို စစ်ဆေးတွေ့ရှိ

မတ်လ ၂ ရက်နေ့ ၁၀း၄၅ ချိန်တွင် အေးရှားဝေါလ်တိုးဂိတ်အနီး ပြည်ထောင်စုလမ်းမကြီးပေါ်တွင် ဒိုင်နာယာဉ် (5H/xxxx) ပေါ်မှ တရားမဝင်တင်ဆောင်လာတဲ့ ကားတာယာများကို မူဆယ်စခန်း ထုတ်နုတ်အင်အား Mobeile Team မှသိမ်းဆည်းရမိခဲ့ပါတယ်။ အလားတူယင်းနေ့ ၁၁း၁၀ ချိန်တွင်လည်း အဆိုပါလမ်းမကြီးပေါ် ဒိုင်နာ ယာဉ်ပေါ်မှ ကားတာယာများ ထပ်မံသိမ်းဆည်းရမိခဲ့ပါတယ်။ မတ်လ ၄ ရက်နေ့တွင်လည်း ဂျူတီ ၁၂ ဘီးယာဉ် (5D/xxxx)ပေါ်မှ ID ထက် ပိုမို တင်ဆောင်လာတဲ့ ကားကလပ်ပလိပ် ၁၀ ဖာကို သိမ်းဆည်းရမိခဲ့ပါတယ်။ အဆိုပါ ယာဉ်သုံးစီးပေါ်မှ သိမ်းဆည်းရမိ ကားတာယာများနဲ့ ကားပလိပ်များရဲ့ ခန့် မှန်းတန်ဖိုးမှာ ကျပ် ၅၅ သိန်းခန့်ဖြစ် တယ်လို့သိရပါတယ်။ သိမ်းဆည်းရမိ ကားတာယာများနဲ့ ကားအပိုပစ္စည်းများကို အဖွဲ့စုံဖြင့် စစ်ဆေးပြီး မူဆယ်မြို့နယ်၊ အကောက်ခွန်ဦးစီးဌာနသို့ အပ်နှံကာ အကောက်ခွန်အမှုတွဲဖွင့်လှစ်ပြီးဖြစ်ပါတယ်။ **DCCA**

## တရားမဝင်သစ်လုံးတင် Dump Truck သုံးစီး တားဆီးရမိ

သတင်းပေးများထံက သတင်းရရှိတဲ့အတွက် တာချီလိတ်နယ်စပ်ကုန်သွယ်ရေးစခန်းမှ စခန်းတာဝန်ခံ ဦးစီးနဲ့ Mobile Team အဖွဲ့ဟာ မိုင်းဖြတ်-မိုင်းယောင်းလမ်းကြောင်းမှာ မတ်လ ၁၃ ရက်နေ့မှ စတင် ကင်းပုန်းဝပ် စောင့်ဆိုင်းမှုပြုလုပ်ခဲ့ပါတယ်။

မိုင်းဆတ်မှ သစ်ကား ၁၀ စီး မိုင်းဖြတ်ဘက်သို့ ထွက်ခွာလာကြောင်းနဲ့ ဘိုရှီး-မိုင်းဖြတ်ကြားထိ ရောက်ရှိနေကြောင်း မတ်လ ၁၃ ရက်နေ့က သတင်းရရှိခဲ့တာဖြစ်ပါတယ်။ သတင်းအရ ဘိုရှီး- မိုင်းဖြတ်ကြား လိုက်လံပိတ်ဆို့သော်လည်း မိုင်းယောင်းဘက်ကို ထွက်လာခြင်းမရှိသေး၍ မတ်လ ၁၄ ရက်နေ့ တစ်ညလုံးဆက်လက်ပိတ်ဆို့ စောင့်ဆိုင်းခဲ့ပြီး မတ်လ ၁၅ ရက်နေ့ နံနက်ပိုင်းမှာတော့ တာချီလိတ်သို့ ပြန်လည် အခြေပြုခဲ့ပါတယ်။

Mobile Team အဖွဲ့မိုင်းယောင်းလမ်းကြောင်းပေါ်မှပြန်လည်ရုပ်သိမ်းချိန်မှာတော့ သစ်ကားများဟာ ၎င်းတို့ ခိုအောင်းသောနေရာများမှ မတ်လ ၁၅ ရက် ၀၈ း ၀၀ ချိန်ခန့်မှာ မိုင်းယောင်းဘက်သို့ ထွက်ခွာသွား ကြောင်း ဖုန်းသတင်းထပ်ရသဖြင့် အဖွဲ့နှစ်ဖွဲ့ခွဲပြီး နောက်မှ လိုက်လံဖမ်းဆီးခဲ့ရာ ၁၁း ၄၀ ချိန်ခန့်မှာ မိုင်းဖြတ်မှ ၂၃ မိုင်ခန့်အကွာ မိုင်းဖြတ်-မိုင်းယောင်း လမ်းကြောင်းပေါ်မှာ Dump Truck အမျိုးအစား သစ်တင်ယာဉ်သုံးစီးနဲ့ နောက်ပိတ်အဖြစ်လိုက်ပါလာတဲ့ Toyota Tiger တို့ကို တားဆီးနိုင်ခဲ့ပါတယ်။ ယာဉ်မောင်းများမှာ တောတွင်းသို့ ထွက်ပြေးလွတ်မြောက်သွားကြတယ်လို့ သိရပါတယ်။ သတင်းအရမှာ သစ်ကား ၁၀ စီးဖြစ်သော်လည်း သစ်ကား ၃ စီးနဲ့ နောက်ပိတ်ယာဉ်ကိုသာ တားဆီးနိုင်ခဲ့ပြီး တားဆီးရမိယာဉ်များကို တာချီလိတ်မယ်ယန်းယာဉ်စစ်ကွင်းသို့ ဖမ်းဆီးခေါ်ဆောင်ခဲ့ပြီး အဖွဲ့စုံဖြင့် ဖွင့်ဖောက်စစ်ဆေးမှုများ ဆက်လက် လုပ်ဆောင်နေတယ်လို့ သတင်းရရှိပါတယ်။ နောက်ပိတ်အဖြစ်လိုက်ပါလာတဲ့ Toyota Tiger ယာဉ်ခေါင်းခန်းမှာ ကျပ် ၁၀၀၀၀ တန် ၁၀ အုပ်ကို သားရေတုအိတ်နဲ့ ထည့်ထားသည်ကိုလည်း ရှာဖွေတွေ့ရှိသဖြင့် ပြည်သူ့ဘဏ္ဍာအဖြစ် လုပ်ထုံးလုပ်နည်းနဲ့အညီ သိမ်းဆည်းရန် စီစဉ်ထားပြီးဖြစ်တယ်လို့ သတင်းရရှိပါတယ်။ **DCCA**

## အီးဗွီဒီများနဲ့အတူလျှပ်စစ်ပစ္စည်းများ ကျပ် ၇ သိန်းကျော်ဖိုးသိမ်းဆည်းရမိ

မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန် ထုတ်နုတ်အင်အားဖြင့် Mobile Team အဖွဲ့သည် မတ်လ ၂၇ ရက်နေ့ ၁၄း၂၀ ချိန်တွင် အေးရှားဝေါလ်တိုးဂိတ်အနီး ပြည်ထောင်စုလမ်းမကြီးပေါ်တွင် ယာဉ်(5c/xxxx) တစ်စီးပေါ်မှ တရားမဝင်သယ်ဆောင်လာတဲ့ အီးဗွီဒီ ၂၆ ခု၊ Mini Power Inverter ၁၀ ခု၊ 4' Led မီးချောင်း သုံးဖာနဲ့ Led မီးချောင်း ၁၇၀ ချောင်းတို့အား စစ်ဆေးတွေ့ရှိ သိမ်းဆည်းရမိခဲ့ပါတယ်။ သိမ်းဆည်းရမိ လျှပ်စစ်ပစ္စည်းများရဲ့ ခန့်မှန်းတန်ဖိုးမှာ ကျပ် ၇ သိန်း ၉သောင်းခန့်ဖြစ်ပြီး အဖွဲ့စုံဖြင့် မူဆယ်မြို့နယ် အကောက်ခွန်ဦးစီးဌာနသို့ လွှဲပြောင်းအပ်နှံပြီး အကောက်ခွန်အမှုတွဲ ဖွင့်လှစ်နိုင်ခဲ့ပါတယ်။

**DCCA**

## ပါဂျဲရိုးယာဉ်ပေါ်က တရားမဝင် အမဲသားခြောက်နဲ့ တမလန်းလို့ ယူဆရတဲ့သစ်တုံးများဖမ်းမိ

တရားမဝင်ပစ္စည်းများတင်ဆောင်လာတဲ့ယာဉ် နှစ်စီး ရှောင်ကွင်းလမ်းအတွင်း ဖြတ်သန်းမောင်းနှင်သွားကြောင်း လာရောက်သတင်းပေးတိုင်ကြားချက်အရ Mobile Team နောင်ချိုအဖွဲ့မှ လိုက်လံပိတ်ဆို့တားဆီးခဲ့ရာ ဂုတ်တွင်းမရောက်မီ ယခင်မူးယစ်ဂိတ်ဟောင်းအနီးမှာ ပါဂျဲရိုးနှစ်စီးအား တားဆီး၍ လရ-၁ ယာယီအခြေပြုရာသို့မောင်းနှင်ခေါ်ဆောင်ပြီး အသေးစိတ်စစ်ဆေးခဲ့ပါတယ်။

ယာဉ်များအား စစ်ဆေးနေစဉ် ယာဉ်မောင်း နှစ်ဦးလုံး ထွက်ပြေးတိမ်းရှောင်သွားကြသဖြင့် တားဆီးရမိ ပါဂျဲရိုးနှစ်စီးနဲ့ အတူ ယာဉ်ပေါ်မှာ တရားမဝင်တင်ဆောင်လာတဲ့ အမဲသားခြောက်များနဲ့ တမလန်းလို့ယူဆရသော သစ်တုံး ၂၁ တုံးကို သိမ်းဆည်းရမိခဲ့ပါတယ်။

သိမ်းဆည်းရမိပစ္စည်းများကို အကောက်ခွန်လုပ်ထုံးလုပ်နည်းများနဲ့အညီ အကောက်ခွန်အမှုတွဲများ ဖွင့်လှစ်ပြီး အမဲသားခြောက်များကို မြို့နယ်စည်ပင်သို့လည်းကောင်း၊ တမလန်းဟု ယူဆရသော သစ်တုံးများကို မြို့နယ်သစ်တောဦးစီးဌာနသို့လည်းကောင်း၊ တရားမဝင်ပစ္စည်းများ တင်ဆောင်လာသော ပါဂျဲရိုးယာဉ်နှစ်စီးကို အကောက်ခွန်ဦးစီးဌာနသို့ လွှဲပြောင်းအပ်နှံရန် စီစဉ်ထားတယ်လို့ သတင်းရရှိပါတယ်။

တမလန်းခွဲသား ၃၅ ချောင်း သုည ဒသမ ၂၃၇၂ တန်ရဲ့ ခန့်မှန်းတန်ဖိုးမှာ ၁၁၈၆၀၀၀ ကျပ်ဖြစ်တယ်လို့ သိရပါတယ်။

**DCCA**

## ယာဉ် သုံးစီးပေါ်မှ တရုတ်ဘီယာများကို မူဆယ် Mobile Team မှ သိမ်းဆည်း

မူဆယ် (၁၀၅) မိုင်ကုန်သွယ်ရေးဇုန် ထုတ်နုတ်အင်အား Mobile Team အဖွဲ့သည် မတ်လ ၂ ရက်နေ့ ၁၁ း ၁၅ ချိန်တွင် အေးရှားဝေါလ်တိုးဂိတ်အနီး ပြည်ထောင်စုလမ်းမကြီးပေါ်တွင် တရားမဝင် တင်ဆောင်လာတဲ့ ဒိုင်နာယာဉ်အမှတ် 8k/ xxxx ပေါ်မှ တရုတ်ဘီယာဖာ ၅၀ ကိုသိမ်းဆည်းရမိခဲ့ပါတယ်။ ယင်းနေ့ ၁၆ း ၁၅ ချိန်တွင်လည်း အဆိုပါနေရာတွင် ထော်လာဂျီယာဉ်နဲ့ စူပါကာစတန်ယာဉ်ပေါ်မှ တရားမဝင်တင်ဆောင်လာသော တရုတ်ဘီယာဖာ ၄၀ ကိုထပ်မံသိမ်းဆည်းရမိခဲ့ပါတယ် ။ ယာဉ် သုံးစီးပေါ်မှ သိမ်းဆည်းရမိ တရုတ်ဘီယာများရဲ့ ခန့်မှန်းတန်ဖိုးမှာ ကျပ် ၅ သိန်း ၄ သောင်းခန့်ဖြစ်ပြီး အဖွဲ့စုံဖြင့် စစ်ဆေးကာ မူဆယ်မြို့နယ်အကောက်ခွန်ဦးစီးဌာနသို့ လွှဲပြောင်းအပ်နှံပြီး အကောက်ခွန်အမှုတွဲ ဖွင့်လှစ်နိုင်ခဲ့တယ်လို့ သတင်းရရှိပါတယ်။ **DCCA**

## မြန်မာ-ဘင်္ဂလားဒေ့ရှ် နယ်စပ်မှ ငါးခြောက်မျိုးစုံတန် ၂၇၀ခန့်တင်ပို့

မြန်မာ-ဘင်္ဂလားဒေ့ရှ် နယ်စပ်ရှိ မောင်တောနယ်စပ်ကုန်သွယ်ရေးစခန်းမှ မတ်လ ၇ ရက်မှ ၁၃ ရက်ထိ ကာလအတွင်းမှာ ကန်ဒေါ်လာ သုညဒသမ ၁၆၁ သန်းတန်ဖိုးရှိ ငါးခြောက်မျိုးစုံ ၂၇၉ တန်ခန့်တင်ပို့နိုင်ခဲ့ပါတယ်။တင်ပို့ခဲ့တဲ့ ငါးခြောက်အမျိုးအစားများမှာ ငါးနီတူခြောက် တန်၃၀၊ ငါးစုံလေးခြောက် ၂၃၉ တန်ခန့်နဲ့ ငါးကုန်းညှိခြောက် ၁၀ တန်ဖြစ်ပါတယ်။ ယခင်တစ်ပတ်တင်ပို့မှုထက် တန် ၁၂၀ ခန့်ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။

စစ်တွေစခန်းမှ ယခုသီတင်းပတ်မှာ ရေထွက်ကုန်တင်ပို့မှုမရှိသော်လည်း ဖေဖော်ဝါရီလ တစ်လလုံးမှာ ရေထွက်ကုန်မျိုးစုံ ၃၁၅ တန်ကျော်တင်ပို့နိုင်ခဲ့ပါတယ်။အနီးစပ်ဆုံး ဇန်နဝါရီလထက် တန်၈၀ ခန့် ပိုမိုတင်ပို့နိုင်ခဲ့ကြောင်း သိရှိရပါတယ်။စစ်တွေစခန်းမှ တင်ပို့ခဲ့တဲ့ ရေထွက်ကုန်တွေကတော့ ရေချိုငါးများဖြစ်တဲ့ ငါးမြစ်ချင်း၊ငါးခေါင်းပွနဲ့ ငါးသေတ္တာခြောက်၊ငါးနီတူခြောက်တွေပဲဖြစ်ပါတယ်။

**ယဉ်ယဉ်အေးMIRT(DCCA)**

## မှန်လုံယာဉ်ပေါ်မှ FM Radio ကျပ် ၁၄ သိန်းဖိုးခန့် သိမ်းဆည်းရမိ

အေးရှားဝေါလ်တိုးဂိတ်အနီး ပြည်ထောင်စုလမ်းမကြီးပေါ်တွင် မူဆယ် (၁၀၅) မိုင်ကုန်သွယ်ရေးဇုန် Mobile Team အဖွဲ့မှ ရှမ်းမင်းသား မှန်လုံယာဉ်အား စစ်ဆေးရာ တရားမဝင်တင်ဆောင်လာတဲ့ FM Radio 181 လုံးအား သိမ်းဆည်းရမိခဲ့ပါတယ်။ သိမ်းဆည်းရမိ FM Radio များကတော့ 1332 (FM ESON), KK-8108(Kachibo), NS-018 (NNS) Brand များဖြစ်ပါတယ်။ ခန့်မှန်းတန်ဖိုးမှာ ကျပ် ၁၄ သိန်းခန့်ဖြစ်ပြီး အဖွဲ့စုံဖြင့် မူဆယ်မြို့နယ်အကောက်ခွန်ဦးစီးဌာနသို့ လွှဲပြောင်းအပ်နှံပြီး အကောက်ခွန်အမှုတွဲဖွင့်လှစ်ခဲ့ပါတယ်။

## ရှောင်ကွင်းလမ်းတစ်ဝိုက်မှ တမလန်းလို့ယူဆရတဲ့ သစ်ခွဲသားချောင်းများသိမ်းဆည်းရမိ

မူဆယ်-မန္တလေးလမ်းကြောင်းတစ်လျှောက်တွင် စားသုံးသူအကာအကွယ်ပေးရေးနှင့် တရားမဝင် ကုန်သွယ်မှုတားဆီးထိန်းချုပ်ရေး လုပ်ငန်းများဆောင်ရွက်စဉ် မတ်လ ၁၄ ရက် ၁၀း၃၀ ချိန်ခန့်မှာ ရှောင်ကွင်းလမ်းမှာ စုပုံထားတဲ့ တမလန်းလို့ယူဆရတဲ့ သစ်ခွဲသား ၃၅ ချောင်းနဲ့ ၁၅း၃၀ ချိန်မှာ ၁၀ ချောင်းကို သိမ်းဆည်းရမိခဲ့တဲ့အတွက် လုပ်ထုံးလုပ်နည်းနဲ့အညီ အကောက်ခွန်အမှုတွဲများ ဖွင့်လှစ်ထားပြီး ဖြစ်တယ်လို့ သိရပါတယ်။သိမ်းဆည်းရမိသစ်ချောင်း စုစုပေါင်း ၄၆ ချောင်းရဲ့ခန့်မှန်းတန်ဖိုးမှာ ကျပ်၁၉ ဒသမ ၄၅၀သိန်း တန်ချိန်အားဖြင့် သုညဒသမ ၃၈၉ တန်ဖြစ်ပါတယ်။

**DCCA**

## အနီးစပ်ဆုံးကာလထက်ရော ယမန်နှစ်ကာလတူထက်ပါ ကုန်သွယ်မှုတိုးတက်နေတဲ့ မြဝတီကုန်သွယ်ရေးဇုန်

မြန်မာ-ထိုင်းနယ်စပ်မှာရှိတဲ့ မြဝတီကုန်သွယ်ရေးဇုန်က ဖေဖော်ဝါရီလ လုပ်ငန်းဆောင်ရွက်မှုဟာ အနီးစပ်ဆုံးကာလထက်ရော ယမန်နှစ်ကာလတူထက်ပါ ကုန်သွယ်မှုပိုမိုခဲ့ပါတယ်။

မြဝတီကုန်သွယ်ရေးဇုန်က ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလအတွင်း ပို့ကုန်ကန်ဒေါ်လာ၃ ဒသမ ၅၉၅ သန်း၊ သွင်းကုန် ကန်ဒေါ်လာ ၄၉ ဒသမ ၂၈၁ သန်းဆောင်ရွက်နိုင်သဖြင့် ကုန်သွယ်မှုပမာဏ ကန်ဒေါ်လာ ၅၂ ဒသမ ၈၇၆ သန်းရရှိခဲ့ပါတယ်။ အနီးစပ်ဆုံးကာလထက် ပို့ကုန် ကန်ဒေါ်လာ သုညဒသမ ၂၆၆ သန်း၊ သွင်းကုန် ကန်ဒေါ်လာ ၁၂ ဒသမ ၁၉၀ သန်း ပိုမိုခဲ့သလို ယမန်နှစ်ကာလတူထက်လည်း ပို့ကုန်ကန်ဒေါ်လာ သုည ဒသမ ၆၆၀ သန်း၊ သွင်းကုန် ကန်ဒေါ်လာ ၂၈ ဒသမ ၈၀၀ သန်း ပိုမိုခဲ့ပါတယ်။

မြဝတီကုန်သွယ်ရေးဇုန်ရဲ့ ဖေဖော်ဝါရီလ ကုန်သွယ်မှုက အနီးစပ်ဆုံးကာလထက်ရော ယမန်နှစ်ကာလတူထက်ပါ ပိုမိုရခြင်းမှာ ပို့ကုန်ပိုင်းတွင် မြေပဲဆံ၊ ကြက်သွန်နီ၊ မတ်ပဲ၊ ပဲလွန်းဖြူ၊ နနွင်းတက်၊ သီဟိုဠ်စေ့၊ ချင်းခြောက်၊ နွယ်ချို၊ ဆီးဖြူသီးခြောက်တို့ ပိုမိုတင်ပို့နိုင်ခဲ့သလို ဒေသထွက် ရာသီကုန်ဖြစ်တဲ့ ပြောင်းနဲ့ကြံလည်း ပိုမိုတင်ပို့နိုင်ခဲ့၍ဖြစ်ပါတယ်။ သွင်းကုန်ပိုင်းတွင်လည်း မော်တော်ဆိုင်ကယ်၊ ယာဉ်ယန္တရားမျိုးစုံ၊ ဘိလပ်မြေ၊ ဓာတ်ဆီ၊ အလှကုန်မျိုးစုံ၊ ဟန်းဆက်မျိုးစုံ၊ ဒီဇယ်ဆီတို့ ပိုမိုတင်သွင်းနိုင်ခဲ့လို့ဖြစ်ပါတယ်။

**ခင်မြနွယ် MIRT( DCCA)**

## မြဝတီနယ်စပ်နဲ့ မြိတ်နယ်စပ်မှ ရေထွက်ကုန် ပိုမိုတင်ပို့

မြန်မာ-ထိုင်းနယ်စပ်ရှိမြဝတီကုန်သွယ်ရေးဇုန်နဲ့မြိတ်နယ်စပ်ကုန်သွယ်ရေးစခန်းများက မတ်လ ၇ ရက် မှ ၁၃ ရက်ထိ ကာလအတွင်း ရေထွက်ကုန်တင်ပို့မှုမှာ ယခင်တစ်ပတ်နဲ့ နှိုင်းယှဉ်ပါက ၆၄၄ တန် ပိုမိုတင်ပို့နိုင်ခဲ့ပါ တယ်။

မြန်မာ-ထိုင်းနယ်စပ်ရှိ မြဝတီကုန်သွယ်ရေးဇုန်၊ မြိတ်နယ်စပ်ကုန်သွယ်ရေးစခန်းနဲ့ ကော့သောင်းနယ်စပ် ကုန်သွယ်ရေးစခန်းများမှ မတ်လ ၇ ရက်မှ ၁၃ ရက်ထိ ကာလအတွင်း ကန်ဒေါ်လာ ၃ ဒသမ ၀၀၃ သန်းတန်ဖိုး ရှိ ရေထွက်ကုန် ၃၁၈၃ တန်ကျော်တင်ပို့နိုင်ခဲ့ပါတယ်။ စခန်းတစ်ခုချင်းအလိုက် ဆောင်ရွက်နိုင်မှုများမှာ မြဝတီ ကုန်သွယ်ရေးဇုန်က ကန်ဒေါ်လာ သုည ဒသမ ၁၈၇ သန်းတန်ဖိုးရှိ ရေထွက်ကုန်များဖြစ်သော ငါးမျိုးစုံ ၉၈ တန်ကျော်၊ ကဏန်း ၁၉ တန်နဲ့ ပုစွန် ၂ တန်ကျော် တင်ပို့နိုင်ခဲ့ပါတယ်။ ယခင်တစ်ပတ်နဲ့ နှိုင်းယှဉ်ပါက ၅၄ တန် ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။

မြိတ်နယ်စပ်ကုန်သွယ်ရေးစခန်းကလည်း ကန်ဒေါ်လာ ၁ ဒသမ ၈၇၂ သန်းတန်ဖိုးရှိ ရေထွက်ကုန်များ ဖြစ်သော ငါးမျိုးစုံ ၁၅၆၅ တန်ကျော်၊ ရေငန်ပုစွန် ၂၄ တန်ကျော်၊ ကင်းမွန် ၃ တန်ကျော်၊ သဲကဏန်း ၁ တန် ကျော်နဲ့ ငါးမှုန့်တန် ၃၀၀ တင်ပို့နိုင်ခဲ့ပါတယ်။ ယခင်တစ်ပတ်နဲ့ နှိုင်းယှဉ်ပါက တန် ၅၉၀ ကျော် ပိုမိုတင်ပို့နိုင်ခဲ့ပါ တယ်။ ကော့သောင်းနယ်စပ်ကုန်သွယ်ရေးစခန်းက ကန်ဒေါ်လာ သုည ဒသမ ၉၄၄ သန်းတန်ဖိုးရှိ ငါးမျိုးစုံ ၁၁၄၆ တန်ကျော်၊ ပုစွန် ၄ တန်ကျော်၊ ကင်းမွန် ၉ တန်ကျော်၊ ပင်လယ်ငါးရှဉ့် ၅ တန်ကျော်နဲ့ ရေဘဝဲ ၃ တန်ကျော် တင်ပို့နိုင်ခဲ့ပါတယ်။ **ခင်မြနွယ်MIRT(DCCA)**

## မြိတ်နယ်စပ်မှ ဖေဖော်ဝါရီလအတွင်း ကဏန်းမျိုးစုံတင်ပို့

မြန်မာ-ထိုင်းနယ်စပ်ရှိ မြိတ်နယ်စပ်ကုန်သွယ်ရေးစခန်းသည် ၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလအတွင်း ကန်ဒေါ်လာ သုည ဒသမ ၉၂၇ သန်းတန်ဖိုးရှိကဏန်းပျော့ ၈၄ တန်ကျော်၊ကဏန်းနီ ၇၅ တန်ကျော်၊ သဲကဏန်း ၃ တန်နီးပါးနဲ့ ကဏန်းသေးအသေ ၂ တန်ကျော် တင်ပို့နိုင်ခဲ့တဲ့အပြင် ငါးမျိုးစုံ ၅၁၅၁ တန်ကျော်၊ ငါးမှုန့် ၁၂၅၀ တန်ကျော်၊ ပုစွန် ၁၈၄ တန်ကျော်၊ ရေငန်ပုစွန် ၇၄ တန်ကျော်၊ ရော်ဘာကွန်ပေါင်း RSS-3 တန် ၂၇၀၊ ကင်းမွန် ၃၄ တန်ကျော်၊ ကင်းမွန်ခြောက် ၄၇ တန်ကျော်၊ ငါးအသားလွှာ ၇၂ တန်၊ RUBBER MSR-20 တန် ၅၀၊ ပုစွန်ခြောက် ၅ တန်ကျော်၊ ငါးခြောက် ၁၂ တန်၊ ရေခူခြောက် ၆ တန်ကျော် တင်ပို့နိုင်ခဲ့ပါတယ်။

**ခင်မြနွယ်MIRT( DCCA)**

## အိန္ဒိယနိုင်ငံတွင် ရော်ဘာတင်သွင်းခွန် တိုးမြှင့်စည်းကြပ်လိုက်သော်လည်း ပြည်ပမှ ရော်ဘာတင်သွင်းခြင်းကိုတားမြစ်သည့်သဘောမဆောင်

အိန္ဒိယနိုင်ငံကုန်သွယ်ရေးဝန်ကြီးဌာနမှ ရော်ဘာတင်သွင်းခွန်ကို လက်ရှိကောက်ခံနေတဲ့ ၂၀ ရာခိုင်နှုန်းမှ ၂၅ရာခိုင်နှုန်းသို့ တိုးမြှင့်စည်းကြပ်ရန် အဆိုပြုခြင်းဟာ ရော်ဘာတင်သွင်းမှုအား တားမြစ်လိုက်သည့် သဘောဆောင်တာ မဟုတ်ကြောင်း၊ ပြည်တွင်းရော်ဘာဈေးဟာ ကမ္ဘာ့ရော်ဘာပေါက်ဈေးရဲ့ အထက်မှာရှိနေတဲ့အတွက် ပြည်တွင်းရော်ဘာသမားများခုသာခံသာရှိစေရန် ပံ့ပိုးခြင်းသာ ဖြစ်တယ်လို့ တာယာလုပ်ငန်းလုပ်ကိုင်သူများက ပြောကြားလိုက်ပါတယ်။

၂၀၁၄ ခုနှစ် ဒီဇင်ဘာလက ဘဏ္ဍာရေးဝန်ကြီးဌာနသို့ သွင်းကုန်ခွန် ပြင်ဆင်ပေးရန် ကုန်သွယ်ရေး ဝန်ကြီးဌာနက တင်ပြခဲ့ပေမယ့် ဆုံးဖြတ်ချက် မရရှိတဲ့အတွက် ကုန်သွယ်ရေးဝန်ကြီးနီမလာစီသာရာမန် က ၂၀၁၅ ခုနှစ် မတ်လ ဒုတိယပတ်မှာ ထပ်မံတင်ပြသလို ရော်ဘာစိုက်တောင်သူများရဲ့ ဆိုးဝါးတဲ့အခြေအနေကိုလည်း ပါလီမန်မှာ တင်ပြခဲ့ပါတယ်။

အိန္ဒိယဟာ ကမ္ဘာ့ရော်ဘာထုတ်လုပ်တဲ့နိုင်ငံများအနက် ပဉ္စမမြောက်နေရာမှာ ရှိသော်လည်း ရော်ဘာဈေး ကျဆင်းနေမှုများကြောင့် ရော်ဘာစိုက်တောင်သူများက လုပ်ငန်းပြောင်းလဲ လုပ်ကိုင်နေကြပြီဖြစ်ပါတယ်။ ရော်ဘာဈေးကျပြီး ရော်ဘာအစေးခြစ်လုပ်သားနဲ့ စိုက်ပျိုးရေးခြံအလုပ်သမားငှားရမ်းခများ ကြီးမြင့်တဲ့အတွက် အမြတ်အစွန်းနည်း လာတာကြောင့် ရော်ဘာစိုက်တောင်သူအတော်များများဟာ ၎င်းတို့ရဲ့ အလုပ်များကို ရပ်ဆိုင်းလာကြပြီဖြစ်ပါတယ်။

ယခင်လတွေတုန်းက ပြည်တွင်းနဲ့ နိုင်ငံတကာဈေးကွာဟမှုဟာ များစွာမြင့်မားကြောင်း အိန္ဒိယရော်ဘာလုပ်ဆောင်သူများအသင်း ဥက္ကဋ္ဌဂျော့ဗာလီက ပြောကြားခဲ့ပါတယ်။ တင်သွင်းခွန်ကို လက်ရှိစည်းကြပ်နှုန်းမှ ၅ ရာခိုင်နှုန်း ပိုမိုတိုးမြှင့်လိုက်သည့်တိုင် ပြည်ပမှ တင်သွင်းတဲ့ ရော်ဘာဈေးဟာ ပြည်တွင်း ဈေးထက်သက်သာနေဦးမှာဖြစ်တယ်လို့လည်း ပြောပါတယ်။

ယခုဘဏ္ဍာနှစ်မှာ အိန္ဒိယနိုင်ငံဟာ အဓိကအားဖြင့် ထိုင်း၊ မလေးရှား၊ အင်ဒိုနီးရှားနဲ့ ဗီယက်နမ်နိုင်ငံတို့မှ ရော်ဘာ တန်ချိန် ၄၂၅၀၀၀ ကိုတင်သွင်းရန် ရည်မှန်းထားပြီး လာမယ့် ဘဏ္ဍာနှစ်မှာ တန်ချိန် ငါးသိန်းအထိ တင်သွင်းသွားရန် လျာထားပါတယ်။

ပြည်ပမှ တင်သွင်းတဲ့ရော်ဘာ ၁ ကီလိုကို ၁၁၂ ရူပီး (၂ ဒေါ်လာ) သာရှိပေမယ့် ပြည်တွင်းရော်ဘာဈေးကတော့ ၁၃၀ ရူပီး (၂ ဒသမ ၃၂ ဒေါ်လာ) ရှိနေပါတယ်။ ဒါပေမယ့်လည်း သွင်းကုန်အပေါ် ၅ ရာခိုင်နှုန်းထပ်တိုးစည်းကြပ်သည့်တိုင် ပြည်ပမှ တင်သွင်းတဲ့ရော်ဘာဈေးဟာ ၁၁၈ ရူပီးသာရှိလာမှာမို့ ပြည်တွင်းရော်ဘာဈေးထက်တော့ သက်သာနေဆဲဖြစ်ပါတယ်။

သွင်းကုန်ခွန်တိုးမြှင့်စည်းကြပ်တဲ့အတွက် မိမိတို့ရဲ့ ထုတ်လုပ်မှုကုန်ကျစရိတ်မြင့်မားလာနိုင်သော်လည်း ပြည်ပမှ ရော်ဘာတင်သွင်းမှုကတော့ ရပ်တန့်သွားမှာမဟုတ်ကြောင်း ဦးဆောင်တာယာကုမ္ပဏီမှ တာဝန်ရှိသူ တစ်ဦးကပြောကြားပါတယ်။

အိန္ဒိယနိုင်ငံရဲ့ ဖေဖော်ဝါရီလ ရော်ဘာထုတ်လုပ်မှုဟာ ယမန်နှစ်ကာလတူထက် ၁၃ ရာခိုင်နှုန်းကျော် လျော့နည်းခဲ့ပါတယ်။ တာယာလုပ်ငန်းများရဲ့ သုံးစွဲမှုမှာ ၄ ရာခိုင်နှုန်း ပိုမိုမြင့်တက်ခဲ့တဲ့အတွက် ပြည်ပမှ ရော်ဘာတင်သွင်းမှုဟာ ၄၂ ရာခိုင်နှုန်းမြင့်တက်ခဲ့တာဖြစ်ပါတယ်။

**CMK**

# နံပါတ်မှန်ကလေးများ ဆက်ပါရစေ

|သိန်းစိုးသစ် (စစ်ကိုင်း)|



နေထိုင်မှုဘဝ တိုးတက်စေရန် လူသားတို့ တီထွင်ကြံဆလုပ်ဆောင်ခဲ့ကြခြင်းကြောင့် ကျွန်တော်တို့ နေ့စဉ်အသုံးပြုနေသော စက်ပစ္စည်းကိရိယာများ၊ ဆေးဝါးများ၊ အသုံးအဆောင်ပစ္စည်းများပေါ်ထွန်း၍ အသုံးပြုနိုင်ကြခြင်းဖြစ်ပါသည်။ တီထွင်သူများအနက် လီယိုနာဒို ဒါဗင်ချီ၊ သောမတ်စ်အက်ဒီဆင်၊ မာကိုနီတို့လို အကြိမ်ပေါင်းများစွာ စမ်းသပ်ပြီးမှ အောင်မြင်ခဲ့သူများရှိသကဲ့သို့ တချို့တွေ့ရှိမှုများကတော့ လူတကာတွေ့ကြုံနေသည့် ဖြစ်စဉ်ကလေးများကို ဖြန့်ထွက်တွေးခေါ်မှုနှင့် ကမ္ဘာကျော်တွေ့ရှိခြင်းများ ဖြစ်ပေါ်စေပြီး လူသားများအတွက် အကျိုး များစွာဖြစ်ထွန်းခဲ့သည်ကိုလည်း တွေ့ရှိရပါသည်။

ပန်းသီးကြွေကျသည်ကို လူတိုင်းတွေ့ဖူးမည်ဖြစ်သော်လည်း အိုင်ဇက်နယူတန်အပေါ်ကျသည့် ပန်းသီးကတော့ လူ့လောကကြီးအတွက် နှိုင်းဆမရလောက်အောင် ကောင်းကျိုးပြုခဲ့ပါသည်။ အီယန်ဖလဲမင်း တီထွင်ကြံဆခဲ့တဲ့ စားကြွင်းစားကျန်များပေါ်မှ မှိုများက လူသန်းပေါင်းများစွာ၏ အသက်ကို ကယ်ဆယ်ခဲ့သည်။ ယနေ့ ပင်လယ်ကူးသင်္ဘောများ အန္တရာယ်ကင်းစွာဖြင့် ကုန်စည်များစွာ သယ်ယူပို့ဆောင်နိုင်ခြင်းက အာခိမိဒိရေချိုးရင်း အမှတ်တမဲ့အဖြစ်အပျက်ကို ဖြန့်ထွက်စဉ်းစားတီထွင်ခဲ့သည့် နည်းပညာများကို အခြေခံခဲ့ခြင်းဖြစ်ပါသည်။ လူတိုင်းကိုယ်စီ အမှတ်တမဲ့ဖြစ်ရပ်များကို အလေးထား ဂရုပြုမည်ဆိုပါက လောကကောင်းကျိုး၊ လူသားကောင်းကျိုးများစွာကို ဖြစ်ပေါ်စေမည့် အခြေခံအချက်များကို ဖြစ်ပေါ်စေမည် ဖြစ်ပါသည်။

ကျွန်တော်တို့သည်လည်း နေ့စဉ်ကိုယ်တွေ့ဖြင့်လည်းကောင်း၊ စာအုပ်စာပေများကို ဖတ်ရှုလေ့လာခြင်းဖြင့်လည်းကောင်း၊ မိတ်ဆွေအပေါင်းအသင်းများဖြင့် ပြောဆိုဆက်ဆံခြင်းဖြင့်လည်းကောင်း ရယ်မောဖွယ်ရာ ဟာသများကို ကြုံတွေ့ခဲ့ဖူးပါသည်။ ကြုံတွေ့ရသည့် ဟာသကလေးများကို ဟာသအဖြစ်သာ ကျွန်တော်တို့ အမှတ်တမဲ့ မေ့မေ့ပျောက်ပျောက်ထားခဲ့ကြသည်။ ဟာသကလေးများကို ဟာသအနေဖြင့်သာမက ဖြန့်ထွက်တွေးမိပါကလည်း လောကကောင်းကျိုး၊ လူသားအကျိုးများအတွက် အတွေးအခေါ် ဒဿနများ ပေါ်ထွက်လာသည်ကို ရုပ်ရှင်ဇာတ်ကားတစ်ကားကိုကြည့်မိရင်းတွေးမိခဲ့ပါသည်။

ယခုအချိန်တွင် နိုင်ငံတစ်ဝန်းလုံး၌ GSM၊ CDMA 450MHz ၊ CDMA 800MHz၊ WCDMA၊ IP Star စသည့် အခြေခံအမျိုးမျိုးသော ဆက်သွယ်ရေးနည်းစနစ်များပေါ်မှ တယ်လီဖုန်းများစွာကို ဆက်သွယ်နိုင်ကြပြီဖြစ်ပါသည်။ ကြိုးမဲ့ဆက်သွယ်ရေးများ မထွန်းကားမီကပင် တစ်ဦးနှင့်တစ်ဦး ဆက်သွယ်ရာတွင် ဖုန်းနံပါတ်မှားယွင်းပြီးဆက်သွယ်လာသည်များကို အနည်းနှင့်အများကြုံဖူးကြပါမည်။ ထိုအခါ နံပါတ်မှားဝင်လာပါက ပြေပြေလည်လည်ပြောဆို၍ ရသောသူများနှင့် ကြုံရသလို မချေမငံ ပြောဆိုသူများလည်း ကြုံတွေ့ရပါသည်။ အချို့ကတော့ မိမိခေါ်သောဖုန်းနံပါတ်မှားနေသော်လည်း အဖန်တလဲလဲ ဆက်သွယ်ကြ၍ တစ်ဖက်နှင့်တစ်ဖက် အပြန်အလှန် အပြောအဆိုမပြေမလည်ဖြစ်သွားတတ်ပါသည်။ တချို့ကတော့ မှားဝင်လာသောဖုန်းကို ဟာသလုပ်ပစ်လိုက်ကြပါသည်။ ဖတ်ဖူးသော စာတစ်ပုဒ်တွင် အကြိမ်ကြိမ်မှားဝင် လာသောဖုန်းက ဆေးရုံတက်နေသောလူနာအကြောင်းမေးမြန်းခြင်းဖြစ်ပါသည်။ ဖြေကြားရန် စိတ်မပါတော့သော ဖုန်းအမှားခံရသူက အဲဒီလူနာဆုံးသွားပြီဖြစ်ကြောင်းဖြေကြားရာ အနီးအနားရှိ သူငယ်ချင်းက မင်းဖုန်းမှားနေတာကို ဘာလို့ဒီလိုပြောရသလဲမေးရာ ဖြေကြားခဲ့သူက "သေသွားတယ်ဆိုတဲ့ သူ့မိတ်ဆွေကိုသွားကြည့်ရင် မသေသေးတာကိုမြင်ရတော့ ပျော်သွားမှာပေါ့" လို့ပြန်ပြောပြတဲ့ ဟာသကလေးကို ဖတ်ခဲ့ဖူးပါသည်။ ဤဟာသကိုလည်း ဟာသအဖြစ်သာ မေ့မေ့ပျောက်ပျောက်ထားခဲ့ပါသည်။

ယင်းဟာသကလေးကို ဖြန့်ထွက်တွေးခေါ်တတ်သူလက်ထဲရောက်သွားသည့်အခါမှာတော့ ဤအဖြစ်အပျက်ကလေးက ဒဿနများစွာဖြစ်ပေါ်လာစေပြီး လူသားများစွာအတွက် အတွေးအခေါ်အကျိုးရှိစေသည့် ဇာတ်ကားကောင်းတစ်ကားကို ဖန်တီးခဲ့ပါသည်။ ဟောလိဝုဒ်မှထွက်သည့် ဇာတ်ကားမဟုတ်သော်လည်း ဇာတ်အိမ်၊ ဇာတ်လမ်းကောင်းများစွာကို ဖန်တီးထုတ်လုပ်နေသည့် အိန္ဒိယဘောလိဝုဒ်မှ ၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလ ၁၉ ရက်နေ့တွင် ထွက်ရှိခဲ့ပြီး ၂၀၁၄ ခုနှစ် နှစ်ကုန်ပိုင်းကာလ၌ ကမ္ဘာ့နိုင်ငံအသီးသီးသို့ ပျံ့နှံ့ကျော်ကြားခဲ့သည့် ဇာတ်ကားကောင်းတစ်ခုဖြစ်ပါသည်။ ယင်းဇာတ်ကားကို တစ်ချိန်က နာမည်ကြီး 3 Idoits ရုပ်ရှင်ကို ရေးသား၊ ရိုက်ကူး၊ တည်းဖြတ်၊ ထုတ်လုပ်ခဲ့သော ဒါရိုက်တာ ရာ့ချ်ကူးမားက ယင်းဇာတ်ကားမှ မင်းသားဖြစ်သည့် အမီရ်ခန်း နှင့်ပင်ရိုက်ကူးခဲ့ခြင်းဖြစ်ပြီး စုဟုအမည်ပေးခဲ့ပါသည်။ ဤဇာတ်ကားတွင် 3 Idoits မှ ဇာတ်ပို့အတော်များများကိုလည်း ပြန်လည်တွေ့ရှိရပြီး အဓိကအနေဖြင့် ဇာတ်ကိုဆွဲခေါ်သွားခဲ့သည့် အချက်က အထက်ပါ ဖုန်းမှားဝင်ခြင်းဇာတ်ကွက်ကလေးကို အခြေခံခြင်းဖြစ်ပါသည်။

ဖုန်းမှားဝင်ခြင်းဖြင့် လိုရာကို မရောက်တော့ဘဲ ဖြစ်ချင်ရာဖြစ်နေတတ်သည့် သဘောကိုဆိုလိုခဲ့ပြီး မိမိဘက်မှ ကြိုးစားပမ်းစားဖုန်းခေါ်သော်လည်း တစ်ဘက်သည် နံပါတ်မှားနေသောဖုန်းဖြစ်သဖြင့် မိမိအလိုရှိ ရာကိုမရောက်နိုင်တော့ခြင်း၊ မှားနေသော နံပါတ်က မိမိအတွက် အကျိုးမရှိဖြစ်စေခြင်း၊ ကြိုးစားမှု အရာမထင်နိုင်ခြင်းကို ဘာသာတရားအခြေခံ၍ လူသားအချင်းချင်း တစ်ဦးနှင့်တစ်ဦး အပြန်အလှန် လေးစားချစ်ခင်နိုင်ရေး ဒဿနပေးသည့် အကျိုးပြုဇာတ်လမ်းတစ်ခုအဖြစ် ခံစားကြည့်ရှုခဲ့ရပါသည်။

ဒီဇာတ်လမ်းကလေးကိုကြည့်ပြီး မိမိလုပ်ငန်း၊ တာဝန်များနှင့် နှိုင်းယှဉ် စဉ်းစားခဲ့မိပါသည်။ ကျွန်တော်တို့ လည်း ဖုန်းနံပါတ်မှားနေပြီလား။

စားသုံးသူများကို အကာအကွယ်ပေးရန် ရည်ရွယ်လျက် နိုင်ငံတော်၏ ဌာနဆိုင်ရာတစ်ခုအနေဖြင့် ကျွန်တော်တို့ လုပ်ငန်းဆောင်ရွက်နေကြပါသည်။ ဒီတစ်နှစ်အတောအတွင်း ကျောင်းသားကျောင်းသူလူငယ်များ၊ ဈေးဝယ်သူများ၊ ဈေးသည်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ စသည့် စားသုံးသူပြည်သူများထံ စားသုံးရန် မသင့်သည့် အစားအသောက်များအကြောင်း နယ်တကာ၊ ရပ်တကာလှည့်လည်၍ ပညာပေးဟောပြောနေကြပါသည်။ နေ့စဉ်သုံးစွဲနေသည့် စားဆီ၊ အရောအနှောပါသော အစားအစာ၊ ဆိုးဆေးအသုံးပြု ဟင်းချက်ဖွယ်ရာများ၊ ဓာတုဗေဒ ဓါတ်ကြွင်းများသော သီးနှံ၊ ပိုးသတ်ဆေး၊ ကြီးထွားဟိုမုန်းများစွာပါသော ဟင်းသီး ဟင်းရွက်၊ အသား၊ ငါးများအကြောင်း ဟောပြောပြီး အစားအသောက်ကို ဆင်ခြင်စားသုံးနိုင်ကြရန် တိုက်တွန်းပါသည်။ လူတိုင်း၏ အိမ်တံခါးကိုလာခေါက်နေသည့် ကင်ဆာအိပ်မက်ဆိုးကို တွန်းလှန်ကာကွယ်နိုင်ရန် ကျွန်တော်တို့ ကြိုးပမ်းနေကြပါသည်။ ကျန်းမာပျော်ရွှင်သော အနာဂတ်သစ်များ ဖြစ်တည်စေရန် ကျွန်တော်တို့ တတ်စွမ်းသမျှလေး ကြိုးစားနေကြသည်။ စီးကရက်အပါအဝင်ဆေးလိပ်၊ ဆေးရွက်ကြီး၊ အရက်၊ ဘီယာ၊ ဝိုင် တို့၏ ဆိုးကျိုးများကိုလည်း လက်ကမ်းစာစောင်များ၊ ပိုစတာများနှင့်တကွ ရှင်းလင်းပြောကြားခဲ့ပါသည်။ ဘုရားရှင်ကိုယ်တော်မြတ်ကြီး လက်ထက်တော်ကတည်းက တားမြစ်ခဲ့သည့် အရာများဖြစ်သည့် အပြင်နှစ်ပေါင်း ၂၅၀၀ ကျော် အနည်းဆုံးအမြစ်တွယ်နေသည့် စွဲလမ်းမှုဆိုတော့လည်း လွယ်တော့သိပ်မလွယ်လှ။

တို့အညာသားတွေကလည်း အစွဲအလမ်းကတော်တော်ကြီးတတ်ပါသည်။ စိတ်ထဲမှတ်ထင်စွဲထားပြီးပါက ဒီအစွဲ ကို တော်တော်နဲ့ဖျောက်ခိုင်းလို့မရတတ်။ ဟင်းချိုမှုန့်၊ အချိုရည်တို့တွင်ပါဝင်သည့် ဓာတုဒြပ်ပေါင်း တွေကြောင့် ဆိုးကျိုးတွေဖြစ်တတ်သည့်အကြောင်းကို နိုင်ငံပိုင် သတင်းစာတွေ၊ ရုပ်မြင်သံကြားတွေမှ တစ်ဆင့် လွန်ခဲ့သည့် ၁၈ နှစ်လောက်ကတည်းက ကျယ်ကျယ်ပြန့်ပြန့် အသိပညာပေးခဲ့သော်လည်း စားသုံးသူတွေက စားသုံး၊ နိုင်ငံတော်က တင်သွင်းမှုတားမြစ်ပိတ်ပင်ခဲ့သော်လည်း ခိုးသွင်းသူက ခိုးသွင်း၊ ဖြန့်ချိပေးသူတွေ၊ ရောင်းချပေးသူတွေကလည်း ကျယ်ကျယ် ပြန့်ပြန့်ဖြန့်ချိခဲ့ကြ။ လျော့သွားတယ်လို့မရှိခဲ့။ နိုင်ငံတော်အနေဖြင့်သာ အခွန်၊ အကောက်ငွေတွေဆုံးရှုံးရတာပဲ အဖတ်တင်ဖြစ်ခဲ့ရတာကို လေ့လာမိပါသည်။ ထို့အပြင် **လူများစားသုံးရန်မသင့်သည့် ဓာတုဗေဒဆေးတွေ အသုံးပြုထားသည့် ဆိုးဆေးတွေအသုံးပြုထားသည့် အစားသောက်တွေမစားကြပါနဲ့လို့ စာစောင်တွေ၊ ရုပ်သံတွေမှာ ဘယ်လိုပဲ ဖြန့်ဝေပညာပေးပေး၊ တားမြစ်ပစ္စည်းမှ ပိုလို့ရောင်းကောင်းသလား ထင်ရလောက်အောင်ကို ရောင်းဝယ်သူတွေ ပိုမိုချမ်းသာသွားတာလက်တွေ့ပါ။**

မိတ်ဆွေတစ်ယောက်ကတော့ လွန်ခဲ့တဲ့ နှစ် ၂၀ လောက်ကတည်းက ငါးပိ၊ ငါးခြောက်ရောင်းဝယ်ရေးလုပ်ငန်းကို လုပ်ကိုင်ပါသည်။ တော်တော်လည်း စီးပွားရေးအရ အောင်မြင်ခဲ့ပါသည်။ စီးပွားရေးပြေလည်တာနဲ့အမျှ နိုင်ငံတကာသို့ သွားရောက်ပြီး လေ့လာမှုတွေအရ စီးပွားရေး၊ လူမှုရေးအမြင်တွေ ကျယ်ပြန့်လာခဲ့ပါသည်။ အတွေးအမြင်ကျယ်ပြန့်လာသည်နှင့်အမျှ ကျန်းမာရေးအရ ထိခိုက်စေနိုင်တဲ့ ဓာတုပစ္စည်းတွေကို သူရောင်းချသည့် ကုန်စည်တွေမှာ ထည့်သွင်းခြင်းမရှိတော့ဘဲ အချိန်မရွေး ကျန်းမာရေးရှုထောင့်မှ စစ်ဆေးခြင်းခံနိုင်တဲ့ ကုန်စည်တွေအဖြစ် ပြောင်းလဲရောင်းချခဲ့ပါသည်။ သူ့ရဲ့စေတနာ ကတော့ အကျိုးပေးပါသည်။ ဘယ်လိုအကျိုးပေးသွားသလဲဆိုတော့ သူ့ရဲ့ဖောက်သည်မိတ်ဆွေတွေက စီးပွားပြိုင်ဘက် ဆိုင်တွေဆီကို ပြောင်းသွားခြင်းဖြစ်သည်။

ယင်မနားတဲ့ ငါးပိ၊ ငါးခြောက်တန်းကို မိတ်ဆွေတို့ ဖြတ်သန်းသွားလာဖူးကြမှာပါ။ ယင်တောင်မနားတဲ့ စားသောက်ကုန်တွေက ကိုယ့်ရဲ့ ခန္ဓာကိုယ်ထဲမှာလည်း ယင်မနားအောင်စီစဉ်တော့မှာပါ။ တင်ပြပါ စားသောက်ကုန်တွေကို စားသုံးရန်မသင့်လို့ နိုင်ငံတော်က အကြိမ်ကြိမ်၊အခါခါ ပြောပြခဲ့ပါတယ်။ ဘယ် လောက်ပဲဟောဟော တစ်နှစ်ထက်တစ်နှစ် ကင်ဆာဖြစ်ပွားမှုနှုန်းတွေတက်လာတာက စားသုံးသူတွေဘက်က လိုက်နာမှု မရှိကြဘူးဆိုတာ ပေါ်လွင်နေတာပါပဲ။

ကျွန်တော်တို့ စားသုံးသူရေးရာဌာနသည် စားသုံးသူတွေဘက်က နစ်နာမှုတွေ မရှိအောင်ဆောင် ရွက်ရန် ရည်ရွယ်ချက်ဖြင့်ဖွဲ့စည်းခဲ့ပါသည်။ စားသောက်ကုန်ပစ္စည်းတွေမှာ ပြည်တွင်းက ထုတ်လုပ်သည့် ကုန်စည်များကို စားသုံးရန်သင့်/မသင့် စိစစ် ခွင့်ပြုရုံသာမက စားသုံးရန်မသင့်သည့် ကုန်စည်များ ပြည်ပမှ ဝင်ရောက်လာခြင်း မရှိစေရန် ဆောင်ရွက်လျက်ရှိပါသည်။ ဤကဲ့သို့ စစ်ဆေးရာတွင် ကျန်းမာရေးဝန်ကြီးဌာန၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၏ ခွင့်ပြုချက်အထောက်အထားများကို အခြေခံစစ်ဆေးခြင်းဖြစ်ပါသည်။ ပြည်ပမှ အစားအသောက်တင်သွင်းရာတွင်လည်း ယင်းဌာန၏ ခွင့်ပြုချက်အထောက်အထား ရယူခွင့်ပြုခြင်းဖြစ်ပါသည်။ အခါအားလျော်စွာ ဝန်ကြီးဌာနအသီးသီးက တင်သွင်းရန် ခွင့်မပြုကြောင်း အကြောင်းကြားချက်တွေအရလည်း တင်သွင်းခွင့် ပိတ်ပင်တားမြစ်ပါသည်။ နိုင်ငံတော်နှင့် ဌာနဆိုင်ရာများက ကြေညာချက်တွေထုတ်ပြီး မစားရန်ကြေညာသည့်ဌာနက ကြေညာ၊ တားမြစ်သည့်ဌာနကတားမြစ် စသည်ဖြင့် ဆောင်ရွက်နေကြပြီ၊ လက်တွေ့ အရပ်ထဲ၊ ဈေးထဲမှာရော ဘယ်လောက်ထိ ကျင့်သုံးနေပြီလဲ။ ကျွန်တော်တို့ စားသုံးသူတွေဆီ ဖုန်းဆက်နေပါပြီ။ အကြောင်းကြားနေပါပြီ။

၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလအတွင်း စားသုံးသူရေးရာဌာနနှင့် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၊ စည်ပင်သာယာရေးဦးစီးဌာနတို့ ပူးပေါင်းလျက် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ မုံရွာမြို့၊ ရွှေဘိုမြို့၊ စစ်ကိုင်းမြို့ကြီးများရှိ စည်ပင်သာယာဈေးများ အတွင်းရောင်းချလျက်ရှိသည့် စားသောက်ကုန်များကို နမူနာရယူစစ်ဆေးခဲ့ပါသည်။

နမူနာယူရမည့် စားသောက်ကုန်များကို ကြည့်ရှုလိုက်သောအခါ တရုတ်စာတမ်းများပါသော ပါကင်ကို အသုံးပြုထားသည့် ကုန်အမှတ်တံဆိပ်မပါသော မုန့်များ၊ ထုတ်လုပ်သည့် လိပ်စာမပါသော မုန့်များကို တွေ့ရပါသည်။ ➡ စာမျက်နှာ ၂၃ သို့

➲ စာမျက်နှာ ၂၀ မှအဆက်

လိပ်စာတောင်မပါမှတော့ ထိုမုန့်တွင် ထုတ်လုပ်သည့်ရက်စွဲ၊ ကုန်ဆုံးသည့်နေ့စွဲများ မပါတော့တာ မဆန်းတော့ပါ။ ထို့အပြင် ဆိုးဆေးသုံးထားမှန်း မျက်မြင်ပင်သိသာလွန်းသည့် အချဉ်မျိုးစုံ၊ နန္ဒင်းမှုန့်၊ ငရုတ်သီးမှုန့်များ၊ တင်သွင်းခွင့်ပိတ်ပင်ထားသည့် ကွမ်းယာသုံး အမွှေးအကြိုင်အတုများ၊ ဆက်သွယ်ရန်လိပ်စာမပါ ဒေသတွင်းထွက် ငံပြာရည်မျိုးစုံ၊ အမြင်လှသည့် ယင်မနားငါးပိ၊ ငါး ခြောက်များ၊ ပါကင်လှလှဖြင့် ထုတ်လုပ် ထားသော်လည်း ကျန်းမာရေး ဌာန ထောက်ခံချက်မပါ၊ ထုတ်လုပ်ခွင့်မပါသည့် ကွမ်းစားနှပ် ဆေးမျိုးစုံတို့ကို ပြောင်ပြောင်တင်းတင်းရောင်းချနေသည်ကို တွေ့ရှိရပါသည်။ ဈေးဆိုင်ပိုင်ရှင်များကို စုံစမ်းမေးမြန်းကြည့်မိတော့ ဒီလိုပစ္စည်းမရောင်းရမှန်းကို သိပင်မသိတဲ့။ ထုတ်လုပ်သူများကလည်း ကျန်းမာရေးထောက်ခံချက်ယူရမှန်း၊ ထုတ်လုပ်ခွင့်တောင်းခံရမှန်းကို မသိချင်ယောင်ဆောင်နေကြ၊ ကွမ်းယာသုံး အမွှေးအကြိုင်ရောင်းချသူကိုတော့ ပြည်ပမှ တရားမဝင် တင်သွင်းတာမဟုတ်ဘဲ ပြည်တွင်းဖြစ်ကို အားပေးလို့ ချီးကျူးရတော့မလို။

နမူနာယူပြီး စစ်ဆေးရန်ပင် အားမရှိတော့၊ တွေ့နေရတာတွေ အားလုံးနီးပါးက မျက်မြင်နှင့်ပင် တားမြစ်ရမည့် ပစ္စည်းများသာဖြစ်လို့နေပါသည်။ ပိုဆိုးတာက ပြည်ပမှ တင်သွင်းရာလမ်းကြောင်း တစ်လျှောက် တားမြစ်ပိတ်ပင်ထားသည်။ စစ်ဆေးတွေ့ရှိပါက ဖမ်းဆီးဖျက်ဆီးနေသည့် တရားမဝင် စားသောက်ကုန်စည်များ ရောင်းချနေခြင်းကို တွေ့မြင်နေရခြင်းဖြစ်သည်။ စားသုံးသင့်ကြောင်း ခွင့်ပြုလက်မှတ် မပါသည့် မုန့်မျိုးစုံနှင့် ကြက်အူချောင်း၊ ဝက်အူချောင်းများ။ တရားမဝင်ကုန်သွယ်မှုများကို တားဆီးနေသည့်ဌာနမှ ဝန်ထမ်းတစ်ဦးအနေဖြင့် အတွေ့အကြုံအရ မျက်မြင်အခြေအနေဖြင့်ပင် ကုန်စည်ကို ပြည်တွင်းထွက်ပစ္စည်း၊ ပြည်ပမှ တရားမဝင် ကုန်ပစ္စည်းဆိုသည်ကို ခွဲခြားသိရှိပါသည်။ ဈေးနှုန်းကတော့ ပြည်တွင်းထုတ်ပစ္စည်း တန်ဖိုး၏ လေးပုံတစ်ပုံသာရှိသည်။ သိမ်းဆည်းပြီး မီးရှို့ဖျက်ဆီးသည့်တာဝန်ကို ထမ်းဆောင်ခဲ့သူအနေဖြင့် မချိတင်ကဲ ခံစားရသည်။ သူတို့ရောင်းဝယ်ရေး လုပ်ငန်းကလည်းစနစ်တကျ လည်ပတ်နေခြင်းဖြစ်သည်။ တရားမဝင် ကုန်စည်များဖြစ်နေပါလျက် နိုင်ငံတော်အသိအမှတ်ပြု စည်ပင်သာယာဈေးကြီးများအတွင်း ရောင်းချနေခြင်းဖြစ်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန၊ အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ မကြာခဏဆိုသလို စားသုံးရန်မသင့်သည့် အစားအသောက်များစာရင်း၊ သုံးစွဲရန်မသင့် သောက်ရေသန့်များစာရင်း ထုတ်ပြန်လေ့ရှိပါသည်။ ယခုလည်း Mobile Lab ဖြင့် စားသောက်ကုန်နှင့် အလှကုန်များကို နိုင်ငံတစ်ဝန်း စစ်ဆေးနေသည်ကို သတင်းစာများ၊ ရုပ်သံများမှ တွေ့မြင်ကြားသိနေရပါသည်။ သုံးစွဲရန်မသင့် စားသောက်ကုန်စည်နှင့် သောက်ရေသန့်များ ကြေညာတိုင်း လိုက်နာဆောင်ရွက်ခြင်းမရှိပါက "အမျိုးသား အစားအသောက် ဥပဒေပုဒ်မ ၂၈(က) အရ တရားစွဲဆို အရေးယူမည်ဖြစ်ကြောင်း သတိပေးအပ်ပါသည်" ဆိုသည့် စကားရပ် အမြဲပါရှိသည်ကို တွေ့ရှိရပါသည်။ **သို့သော် မည်သည့် ကုန်စည်ကိုတော့ ဆက်လက်ထုတ်လုပ်ရောင်းချ နေသည်ကို တွေ့ရှိရသဖြင့် မည်သို့ အရေးယူ လိုက်သည်ဆိုသည့် သတင်းများ မကြားရ။** ထုတ်ပြန်ချက်ကို လေးစားလိုက်နာနေသည်ဟု မှတ်ယူထားခဲ့ပါသည်။ ၂၀၁၄ ခုနှစ်၊ မတ်လ ၁၄ ရက်နေ့က ထုတ်ပြန်ခဲ့သော စားသုံးသူအကာအကွယ်ပေးရေးဥပဒေ တွင်လည်း" ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းကို ခံရလျှင် သုံးနှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်သိန်းငါးဆယ်ထက် မပိုသော ငွေဒဏ်ဖြစ်စေ၊ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ခြင်းခံရမည်" ဟုပါရှိပါသည်။ သို့ရာတွင် **ဈေးများအတွင်း စစ်ဆေးကြည့်မှ ကြေညာထားသည့် စားသောက်ကုန်များအပြင် စားသောက်ကုန်ထုတ်လုပ်သည့် လုပ်ငန်းစဉ် စည်းကမ်းချက်များကိုလည်း လိုက်နာခြင်းမရှိသည်ကို တွေ့ရှိရသည်။ ထို့ပြင် စားသောက်ကုန်ထုတ်လုပ်ရန် စည်းကမ်းများလိုက်နာခြင်းမရှိရုံသာမက ခွင့်ပြုချက်ကိုပင် တောင်းခံခြင်း မရှိကြောင်းစုံစမ်းသိရှိရပါသည်။**

တယ်လီဖုန်းဆက်ရာတွင် နံပါတ်မှန်ကိုရောက်မှသာ မိမိဆန္ဒအောင်မြင်မည်ဖြစ်ပါသည်။ နံပါတ် အမှားကို ဆက်သွယ်မိပါက မလိုလားအပ်သောအဖြစ်အပျက်များဖြစ်မည့်အပြင် မမျှော်မှန်းနိုင်သည့် ဆုံးရှုံးမှုများလည်း ဖြစ်လာနိုင်ပါသည်။ နံပါတ်အမှန်ကို ဆက်သွယ်သော်လည်း ကြားခံဆက်သွယ်ရေးကိရိယာများ ဖြစ်သည့် တယ်လီဖုန်းကြိုးလည်းမပြတ်ဖို့လိုပါသည်။ အိပ်ချိန်းတွင်လည်း လျှပ်စစ်မီးမပြတ်ဖို့လိုပါသည်။ ဖုန်းကြိုး တိုင်များလည်း မလဲစေဖို့လိုပါသည်။ ထို့အပြင် မိမိလက်ခံဖုန်းခွက်လည်း ကောင်းဖို့လိုပါသည်။

ကျွန်တော်တို့ဌာနများအနေဖြင့် စားသုံးသူများ အန္တရာယ်မဖြစ်စေရန် အသိပညာပေးဟောပြောနေပါသည်။ စားသုံးရန်မသင့်သည်များကို ထုတ်လုပ်ခြင်း၊ တင်သွင်းခြင်းများမရှိစေရန် တားဆီးပိတ်ပင်နေပါသည်။ လူထုအတွင်း၊ စားသုံးသူများအတွင်း ကွင်းဆင်းစစ်ဆေးလျက်ရှိပါသည်။ စားသုံးသူရေးရာဌာနမှ စားသုံးသူများထံ ဖုန်းဆက်နေပါသည်။

နိုင်ငံပိုင်သတင်းစာများ၊ ရုပ်သံအစီအစဉ်များမှ စားသုံးရန်မသင့်ဟု ကြေညာသည့်ကုန်စည်များ၊ တင်သွင်းရာလမ်းတစ်လျှောက် ဖမ်းဆီးအရေးယူနေသည့် ကုန်စည်များကိုတွေ့ရှိပါက တွေ့သည့်နေရာတွင်ပင် ချက်ချင်းဖမ်းဆီးအရေးယူနိုင်ရပါမည်။ ဈေးများအတွင်း ရောင်းချခြင်းမပြုရန် တားမြစ်နိုင်ရပါမည်။ ကျန်းမာရေးဌာန၏တာဝန်၊ စားသုံးသူရေးရာဌာန၏ တာဝန်ဟူ၍ တာဝန်ခွဲခြားနေရန်မလိုပါ။ နိုင်ငံ့ဝန်ထမ်းအားလုံးသည် နိုင်ငံသားအားလုံးကို အလုပ်အကျွေးပြုရမည့် မွေးရာပါ တာဝန်ဖြစ်ပါသည်။ ကျွန်တော်တို့ ဆက်သွယ်ရေးလိုင်းများ ကောင်းနေစေချင်ပါသည်။ ဖုန်းကြိုးတိုင်များလဲမနေစေချင်ပါ။

နိုင်ငံတော်မှ ကြေညာသည့် စားသောက်ကုန်စည်များကို စားသုံးသူများအနေဖြင့် မှတ်မိသိရှိနေသင့်ပါသည်။ ကြေညာသူ၊ တားဆီးပိတ်ပင်သူဝန်ထမ်းအင်အားသည် စားသုံးသူများ၏ အင်အားဖြင့် နှိုင်းစာလျှင် အလွန်ပမာဏနည်းသဖြင့် လက်ယှက်ထိုးမကာကွယ်နိုင်ပါ။ စားသုံးသူရှေ့သို့ ရောက်ရှိလာသည့် စားသုံးရန်မသင့် စားသောက်ကုန်စည်များအား တွေ့ရှိပါက မိမိတို့ ကိုယ်ပိုင်အသိစိတ်ဓါတ်ဖြင့် မိမိကိုယ်မိမိ ကာကွယ်ရန်လိုအပ်ပါသည်။ အဓိကကတော့ မိမိကို ဌာနဆိုင်ရာများက ကာကွယ်နေခြင်းဖြစ်၍ မိမိ ကိုယ်မိမိတော့ ချစ်မြတ်နိုးရန် ဖြစ်ပါသည်။ တယ်လီဖုန်းခွက်ကိုယ်တိုင်ကလည်းကောင်းနေမှသာလျှင် ဆက်သွယ်မှုရရှိမည် ဖြစ်ပါသည်။

ကျွန်တော်တို့ နံပါတ်အမှန်ကလေးများကို မှန်မှန်ကန်ကန် ဆက်သွယ်လိုပါသည်။

➲ စာမျက်နှာ ၃ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး မှအဆက်

EIF Global Platform ဆွေးနွေးပွဲဖွင့်ပွဲအခမ်းအနား၌မြန်မာ၊ ကိုမိုဂိုနှင့် လိုက်ဘေးရီးယားနိုင်ငံတို့မှ အဖွင့်အမှာစကားများပြောကြားခွင့် ရရှိခဲ့ပါသည်။ မြန်မာနိုင်ငံကိုယ်စား စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးဒေါက်တာပွင့်ဆန်းက အဖွင့်အမှာစကားပြောကြားရာတွင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ဦးဆောင်သော လက်ရှိအစိုးရသစ်လက်ထက်၌ မိမိတို့အနေဖြင့် မြန်မာနိုင်ငံကို ကမ္ဘာ့အလယ်တွင် အများနည်းတူရပ်တည်ကာ နိုင်ငံတကာ အသိုင်းအဝိုင်းနှင့်အတူ လက်တွဲလိုက်ပါဆောင်ရွက်ခြင်းကို ပိုမိုတက်ကြွစွာဆောင်ရွက်လျက်ရှိပါကြောင်း၊ ယင်းသို့ဆောင်ရွက်ရာတွင် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ဝင်မြန်မာနိုင်ငံအတွက် ပထမအကြိမ်ကုန်သွယ်မှုဆိုင်ရာ မူဝါဒဆန်းစစ်ခြင်းလုပ်ငန်းစဉ်ကြီးကို ၂၀၁၄ ခုနှစ် မတ်လတွင် အပြီးဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ မြန်မာနိုင်ငံမှကျင့်သုံးနေသော ကုန်သွယ်မှုဆိုင်ရာမူဝါဒများကိုတစ်စု တစ်စည်းတည်းရေးသားပြုစုတင်ပြကာ အဖွဲ့ဝင်နိုင်ငံများအကြားကုန်သွယ်မှုဆိုင်ရာ ပွင့်လင်းမြင်သာရှိမှုကို ချပြနိုင်ခဲ့သဖြင့် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ဝင်နိုင်ငံများအကြား မြန်မာနိုင်ငံ၏ ပူးပေါင်းဆောင်ရွက်မှုများကိုတိုးမြှင့်လုပ်ဆောင်နိုင်ခဲ့သည့်အပြင်ယုံကြည်မှုကိုလည်း ပြန်လည်တည်ဆောက်နိုင်ခဲ့ပါကြောင်း၊ ၎င်းလုပ်ငန်းစဉ်ပြီးဆုံးပြီးနောက် လက်ရှိဖြစ်ပေါ်တိုးတက်ပြောင်းလဲနေမှုများနှင့် ချိတ်ဆက်ပေါင်းစပ်၍ ကုန်သွယ်မှုမူဝါဒဆန်းစစ်ခြင်းလုပ်ငန်းစဉ်အားပြန်လည်သုံးသပ်ခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ယခုနှစ်အစောပိုင်းတွင် နေပြည်တော်နှင့် ရန်ကုန်မြို့တို့၌ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ဦးဆောင်ကာ အီးယူ၏ ပံ့ပိုးကူညီမှုဖြင့် ကျင်းပပြီးစီးခဲ့ပြီး ဆက်လက်ဆောင်ရွက်သွားရမည့် ဦးစားပေးလုပ်ငန်းစဉ်များကို ချမှတ်နိုင်ခဲ့ပါကြောင်း၊ ယင်းဦးစားပေးလုပ်ငန်း စဉ်များကို EIF အစီအစဉ်နှင့် ချိတ်ဆက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းဖြင့် ထည့်သွင်းပြောကြားခဲ့ပါ သည်။

ထို့အပြင် EIF အစီအစဉ်နှင့်ပတ်သက်၍ မြန်မာနိုင်ငံသည် EIF အစီအစဉ်ကို ၂၀၁၃ ခုနှစ်တွင် စတင်ချိတ်ဆက်ခဲ့ကာ လုပ်ငန်းအကောင်အထည်ဖော်မှုကို ၂၀၁၄ ခုနှစ်တွင် စတင်နိုင်ခဲ့ပါကြောင်း၊ ယင်းသို့ဆောင် ရွက်ရာတွင် EU မှ Donor Facilitator အဖြစ် ကူညီဆောင်ရွက်ပေးထားပါကြောင်း၊ လက်ရှိတွင် EIF လုပ်ငန်းစဉ် မှ Diagnostic Trade Integration Study (DTIS) ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့အပြင် Capacity မြှင့်တင်နိုင်ရေးအတွက် လိုအပ်သည့်လုပ်ငန်းများကို အကောင်အထည်ဖော်နိုင်ရန် Tier 1 အဆင့်ကို တစ်ပြိုင်တည်းလုပ်ဆောင်သွားရန် Project Proposal ကိုလည်း EIF အတွင်းရေးမှူးရုံးသို့ ရေးဆွဲတင်ပြထားပြီးဖြစ်ကြောင်း၊ ကုန်သွယ်မှုဖွံ့ဖြိုးတိုးတက်ရေးအကူအညီဖြစ်သည့် EIF လုပ်ငန်းစဉ်သည် ရေရှည်ဆောင်ရွက်သွားရမည့်လုပ်ငန်းစဉ်ဖြစ်ကြောင်း၊ EIF လုပ်ငန်းစဉ်ကို ဆောင်ရွက်ရာတွင် ဖွံ့ဖြိုးမှုမိတ်ဖက်များ၏အကူအညီဖြင့် ဆောင်ရွက်ရမည်ဖြစ်ပြီး ထိုလုပ်ငန်းစဉ်များကို လက်တွေ့အကောင်အထည်ဖော်ရာ၌ Public Private Partnership ပုံစံဖြင့် ပူးပေါင်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ယင်းအတွက် Stakeholders များအားလုံး အထူးသဖြင့် နိုင်ငံတကာ အသိုင်းအဝိုင်း၏ ပံ့ပိုးကူညီလက်တွဲဆောင်ရွက်မှု အထူးလိုအပ်ပါကြောင်း တိုက်တွန်းဆွေးနွေးခဲ့ပါသည်။

ဒုတိယဝန်ကြီးက ဆက်လက်ပြောကြားရာတွင် EIF သည် ဖွံ့ဖြိုးမှု အနည်းဆုံးနိုင်ငံများ၏ ကုန်သွယ်ရေးလိုအပ်ချက်များနှင့် ကြီးမားစွာဆက်စပ်နေခြင်း၊ ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံများအတွက် အနာဂတ်ရေရှည်မျှော်လင့်ချက်များနှင့် ရလဒ်များကိုပြသနေပြီး LDC Graduation အတွက် အထောက်အကူများစွာဖြစ်ခြင်း၊ နိုင်ငံတော်အဆင့် ဖွံ့ဖြိုးတိုးတက်မှုအစီအစဉ် များ ချမှတ်ရာတွင် EIF အထောက်အပံ့သည် ကုန်သွယ်မှုနှင့် ဆက်စပ်သော ဦးစားပေးမှုများနှင့် စဉ် ဆက်မပြတ်ကုန်သွယ်ရေးကို ချမှတ်လေ့ရှိခြင်းနှင့် အဖွဲ့အစည်းနှင့် စီမံခန့်ခွဲမှုစွမ်းရည်ကို နိုင်ငံများ၏ အပြောင်းအလဲနှင့်အညီ တည်ဆောက်ရခြင်းတို့ကြောင့် Ownership Right အပြည့်အဝ ရှိခြင်းတို့ ကြောင့် အကျိုးကျေးဇူးများစွာ ရရှိနိုင်သဖြင့် မိမိတို့အနေဖြင့် ဆက်လက်ပူးပေါင်းအကောင်အထည် ဖော်သွားမည်ဖြစ်ကြောင်း၊ သို့ရာတွင် လုပ်ငန်းအကောင်အထည်ဖော်ရာတွင် ပိုမိုနားလည်ရှင်းလင်း လွယ်ကူမှုရှိပြီးဒေသတွင်း အစီအစဉ်များနှင့်လည်း ချိတ်ဆက်ဆောင်ရွက်သွားနိုင်ရန်တို့အတွက် အကြံ ပြုလိုကြောင်းဖြင့် ထည့်သွင်းဆွေးနွေးခဲ့ပါသည်။

မြန်မာကိုယ်စားလှယ်အဖွဲ့သည် EIF Global Platform သို့တက် ရောက်နေစဉ်ကာလအတွင်း ကမ္ဘာ့ဘဏ် (World Bank) မှ ကုန်သွယ်မှုဆိုင်ရာ ဘဏ္ဍာရေးကျွမ်းကျင်သူနှင့် Trade Financing ကိစ္စရပ်များ အတွက်လည်းကောင်း၊ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ (WTO) အောက်ရှိ LDC Unit မှ တာဝန်ရှိသူများနှင့် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ (WTO) မှ နည်းပညာအကူအညီများပိုမိုရရှိရေး၊ EIF အတွင်းရေးမှူးရုံးမှ တာဝန်ရှိသူများနှင့် ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်အသေးစိတ်အတွက်လည်းကောင်းသီးသန့်အစည်းအဝေးများ (Bilateral Meeting) ကျင်းပပြုလုပ် ပြီးနှစ်ဖက်ရင်းနှီးခင်မင်စွာ ဆွေးနွေးခဲ့ကြပါသည်။

ကုန်သွယ်မှုဖွံ့ဖြိုးတိုးတက်ရေး အကူအညီတစ်ရပ်ဖြစ်သော Enhanced Integrated Framework (EIF) လုပ်ငန်းစဉ်ကိုဖွံ့ဖြိုးမှုနောက်ကျသည့် နိုင်ငံများဖြစ်သည့် LDCs နိုင်ငံအားလုံးအား ပေးအပ်ခြင်းဖြစ်ပြီး LDCs နိုင်ငံများအနေဖြင့် LDCs နိုင်ငံအဖြစ်မှ Graduation မဖြစ်မခြင်းရရှိခံစားနိုင်သည့် ရေရှည်လုပ်ငန်းစဉ်တစ်ရပ်ဖြစ်ကြောင်း သိရှိရပါသည်။ LDCs နိုင်ငံများအနေဖြင့် ကုန်သွယ်မှုဖွံ့ဖြိုးတိုးတက်ရေး အကူအညီတစ်ရပ်ဖြစ်သော Enhanced Integrated Framework (EIF) လုပ်ငန်းစဉ်ပါ ကုန်သွယ်မှုဖွံ့ဖြိုးတိုးတက်ရေးအကူအညီများကိုရယူကာ မိမိတို့နိုင်ငံ၏ ကုန်သွယ်မှုဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်များကို အကျိုးရှိရှိ ရယူဆောင်ရွက်လျက်ရှိပါသည်။ Enhanced Integrated Framework (EIF) လုပ်ငန်းစဉ်သည် နိုင်ငံ၏ကုန်သွယ်မှုအား စဉ်ဆက်မပြတ်တိုးတက် ဖြစ်ထွန်းစေကာ ယင်းမှတစ်ဆင့်နိုင်ငံ ၏ဖွံ့ဖြိုးတိုးတက်မှုမဟာဗျူဟာ (Development Strategies) နှင့် နည်းဗျူဟာများနှင့်အတူ လိုက်လျောညီထွေမှုရှိရှိ ပေါင်းစပ်ဆောင်ရွက်စေခြင်းဖြင့် နိုင်ငံ၏ဆင်းရဲနွမ်းပါးမှု (Poverty Reduction) ကို လျော့ကျရန်နှင့် ရေရှည်ဖွံ့ဖြိုးတိုးတက်မှု (Sustainable Development) ဆီသို့ လျှောက်လှမ်းနိုင်ရန်အတွက် မျှော်မှန်းချက်ထားရှိဆောင်ရွက်ကြောင်း ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ (WTO) မှ ယင်းတို့၏လုပ်ငန်းစဉ်တွင် ဖော်ပြထားကြောင်းသိရှိရ ပါသည်။ EIF လုပ်ငန်းစဉ်အောက်တွင် ကုန်သွယ်မှုဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ဘက်စုံဆက်စပ်လေ့လာမှု အကြိုအဆင့် [Pre Diagnostic Trade Integration Study Phase (Pre-DTIS Phase)]၊ ကုန်သွယ်မှုဖွံ့ဖြိုး တိုးတက်ရေးဆိုင်ရာ ဘက်စုံဆက်စပ်လေ့လာမှုအဆင့် (DTIS Phase)၊ လုပ်ငန်းစီမံ ကိန်းများ အကောင်အထည်ဖော်ခြင်းအဆင့်-၁ (Tier 1 Phase) နှင့် လုပ်ငန်းစီမံကိန်းများ အကောင်အထည်ဖော်ခြင်း အဆင့်- ၂ (Tier 2 Phase) စသော အဆင့်(၄)ဆင့် ပါဝင်ကြောင်း သိရှိရပါသည်။ မြန်မာနိုင်ငံသည် လက်ရှိတွင် Pre DTIS အဆင့်ကိုပြီးစီးအောင် ဆောင်ရွက်ခဲ့ပြီး လက်ရှိအချိန်တွင် DTIS အဆင့်နှင့် Tier 1 အဆင့်တို့ကို တစ်ပြိုင်တည်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိပါသည်။ **DOT**

## ပြောင်း



### စစ်ကိုင်းအစေ့ထုတ်ပြောင်း တက်ဈေးမျှော်

မုံရွာကုန်စည်ဒိုင်သို့ ချောင်းဦး၊ ဘုတလင်၊ တန့်ဆည်မြို့နယ်များမှ အစေ့ထုတ်ပြောင်း (CP) ပြောင်းများ တစ်ရက်ပျမ်းမျှ တင်း ၃၀၀၀ ကျော်ခန့် ဝင်ရောက်လျက်ရှိပါတယ်။ မုံရွာမြို့တွင် ပုံမှန်အသုံးရှိပြီး မန္တလေးဝယ်လက် အဆွဲရှိခြင်း၊ လှောင်လက်သမားများက တက်ဈေးမျှော်ပြီး ဝယ်ယူသိုလှောင်နေကြလို့ မုံရွာကုန်စည်ဒိုင်သို့ရောက်ရှိတဲ့ အစေ့ထုတ်ပြောင်းများ အရောင်းအဝယ်ဖြစ်နေပါတယ်။ ယခုနှစ်မတ်လအတွင်း အစေ့ထုတ်ပြောင်း အမြင့်ဆုံးဈေးမှာ တစ်တင်း ၆၅၀၀ ကျပ်ဈေးပေါက်ပြီး၊ ယခင်နှစ်ကာလတူ အမြင့်ဆုံးဈေးမှာ ၇၃၀၀ ကျပ်ဈေးပေါက်ခဲ့ပါတယ်။

**သန်းသန်းတင်-မုံရွာ**

### ပြောင်းအဝယ်ပြန်လိုက်လာ

မတ်လ ဒုတိယပတ်အတွင်း မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ် (၁၀၅) မိုင်ကုန်သွယ်ရေးဇုန်မှ ကန်ဒေါ်လာ ၈ ဒသမ ၂ သန်းဖိုးရှိ ပြောင်းဖူးစေ့ ၂၉၂၈၄ တန်ကျော်၊ ချင်းရွှေဟော်မှ ကန်ဒေါ်လာ သုည ဒသမ ၁၃၂ သန်းဖိုးရှိ ပြောင်း ၄၇၀ တန်နဲ့ ကန်ပိုက်တီးမှ ကန်ဒေါ်လာ သုည ဒသမ ၀၂၄ သန်းဖိုးရှိပြောင်း ၈၁ တန်တင်ပို့နိုင်ခဲ့ပါတယ်။

ယခင်သီတင်းပတ်က မူဆယ်၊ လွယ်ဂျယ်နဲ့ ကန်ပိုက်တီးမှ ပြောင်းဖူးစေ့ ၁၉၇၉၃ တန်ကျော်တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်ရဲ့ ပြောင်းတင်ပို့မှု ၁၀၀၄၂ တန်ကျော် ပိုမိုလာတာတွေ့ရပါတယ်။ မူဆယ်ကုန်စည်ဒိုင်မှာ တရုတ်နှစ်ကူးပြီးလို့ အဝယ်ပြန်လိုက်လာတယ်လို့ သိရပါတယ်။ ဒါ့ကြောင့်လည်း ပြောင်း တစ်တန်ကို ယခင်တစ်ပတ်က မိမိဘက်ဈေး ၂,၈၅,၂၅၅ ကျပ်မှ ယခုတစ်ပတ်တွင် ၂,၉၃,၉၇၃ ကျပ်သို့ ဈေးဆက်လက်မြင့်တက်လာခဲ့ပါတယ်။ ပြောင်းဝယ်လိုအားမှာ ကောင်းမွန်နေပြီး တစ်ရက်ကို ပျမ်းမျှတန်ချိန် နှစ်ထောင်ကျော်ထိ မန္တလေးဈေးကွက်မှ တစ်ဆင့် တရုတ်နိုင်ငံသို့ တင်ပို့နေရကြောင်း၊ ယခုအချိန်မှာ ဝယ်လိုအားရော ရောင်းလိုအားပါကောင်းနေကြောင်း သိရပါတယ်။

**မော်မော်အောင် MIRT( DCCA)**

| ၁၆-၃-၂၀၁၅ မှ ၂၀-၃-၂၀၁၅ ထိ CO Form များ ထုတ်ပေးမှုစာရင်း ရန်ကုန်တိုင်းဒေသကြီးရုံး | | | |
|---|---|---|---|
| Sr.No. | Forms | Copies | Total Value (US$) |
| 1 | Form A | 158 | 8,079,293.849 |
| 2 | Form D | 66 | 5,132,050.480 |
| 3 | Form E | 58 | 1,235,031.548 |
| 4 | Korea GSP | 7 | 152,304.160 |
| 5 | Form AK | 49 | 2,710,738.030 |
| 6 | Form AJ | 7 | 511,140.100 |
| 7 | Form AI | 37 | 1,250,889.005 |
| 8 | AANZ | - | - |
| 9 | Form DFTP | - | - |
| Grand Total | | 382 | 19,071,447.172 |

## ရော်ဘာ

### မလေးရှား၊စင်ကာပူနဲ့ ပါကစ္စတန်နိုင်ငံများသို့ မြန်မာ့ရော်ဘာတန် ၂၇၅၀ ခန့်တင်ပို့

ပင်လယ်ရေကြောင်းကုန်သွယ်မှုမှ မလေးရှား၊ စင်ကာပူနဲ့ ပါကစ္စတန်နိုင်ငံများသို့ မတ်လ ၈ ရက်နေ့မှ ၁၄ ရက်နေ့ထိ ကာလ အတွင်းမှာ ကန်ဒေါ်လာ ၃ ဒသမ ၅၇၂ သန်း တန်ဖိုးရှိမြန်မာ့ရော်ဘာအဆင့်စုံ တန်ချိန် ၂၇၅၀ ခန့်တင်ပို့နိုင်ခဲ့ပါတယ်။

နိုင်ငံအလိုက် တင်ပို့နိုင်မှုများမှာ မလေးရှားနိုင်ငံသို့ RSS-3 ၁၅၉၂ တန်၊ MSR -20 တန် ၄၅၀ ၊ MSR -50 တန် ၆၀၊ စင်ကာပူနိုင်ငံသို့ RSS-3 တန် ၄၀၊ MSR -50တန် ၈၀ ၊ MSR -20 ၄၈၈ တန်၊ ပါကစ္စန်နိုင်ငံကို RSS-3 တန် ၄၀ တင်ပို့ခဲ့တာဖြစ်ပါတယ်။ ယခင်ရက်သတ္တပတ်က မလေးရှားတစ်နိုင်ငံတည်းကို ၂၈၇ တန်သာ တင်ပို့ခဲ့တာမို့ ယခုတစ်ပတ်မှာ ၂၄၆၃ တန်ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။

ယခုရက်သတ္တပတ်အတွင်းမှာ နိုင်ငံတကာရော်ဘာဈေးများ အတက်အကျ၊ အပြောင်းအလဲ သိပ်မရှိတဲ့အတွက် ပြည်တွင်းမှ FOB ရော်ဘာဈေးနှုန်းလည်း အပြောင်းအလဲမရှိကြောင်းနဲ့ မြန်မာနိုင်ငံ ရော်ဘာစိုက်ပျိုးထုတ်လုပ်သူများအသင်းက ယခင်တစ်ပတ်ဈေးနှုန်းအတိုင်း ထုတ်ပြန်ခဲ့ပါတယ်-

| | | |
|---|---|---|
| **RSS 1** | တစ်တန်လျှင် | ဒေါ်လာ ၁၄၀၀-၁၅၀၀ |
| **RSS 2** | တစ်တန်လျှင် | ဒေါ်လာ ၁၃၅၀-၁၄၅၀ |
| **RSS 3** | တစ်တန်လျှင် | ဒေါ်လာ ၁၃၀၀-၁၄၀၀ |
| **RSS 4** | တစ်တန်လျှင် | ဒေါ်လာ ၁၂၅၀-၁၃၅၀ |
| **RSS 5** | တစ်တန်လျှင် | ဒေါ်လာ ၁၂၀၀-၁၃၀၀ |
| **MSR 10** | တစ်တန်လျှင် | ဒေါ်လာ ၁၃၀၀-၁၄၀၀ |
| **MSR 20** | တစ်တန်လျှင် | ဒေါ်လာ ၁၂၅၀-၁၃၅၀ |
| **MSR 50** | တစ်တန်လျှင် | ဒေါ်လာ ၁၁၅၀-၁၂၅၀ |
| **Crepe Rubber** | တစ်တန်လျှင် | ဒေါ်လာ ၁၁၀၀-၁၂၀၀ |

**ယဉ်ယဉ်အေး MIRT (DCCA)**

# နယ်စပ်ရော်ဘာဈေး အနည်းငယ်မြင့်တက်

မတ်လ ဒုတိယပတ်ဖြစ်တဲ့ ၇ ရက် မှ ၁၃ ရက်ထိကာလအတွင်းမှာ မူဆယ်(၁၀၅)မိုင်ကုန်သွယ်ရေးဇုန်မှ ကန်ဒေါ်လာ ၁ ဒသမ ၀၅၅ သန်းတန်ဖိုးရှိ ရော်ဘာ RSS-3 ၆၀၉ တန်နဲ့ MSR -20 ၁၃၁ တန်၊ ချင်းရွှေဟော်စခန်းမှ ကန်ဒေါ်လာ သုည ဒသမ ၆၇၄ သန်းဖိုးရှိ RSS-3 တန် ၄၃၀ နဲ့ MSR -50တန် ၁၀၀ တင်ပို့ခဲ့ရာ စခန်းနှစ်ခုစလုံးမှ ရော်ဘာ အဆင့်စုံတန်ချိန် ၁၂၇၀ တင်ပို့ခဲ့ပါတယ်။

ယခုတစ်ပတ်မှာ ရော်ဘာ ၅၄ တန်ခန့် အပို့လျော့ခဲ့ပါတယ်။ ရော်ဘာတင်ပို့မှုအနည်းငယ် လျော့ကျခဲ့သော်လည်း မူဆယ်ကုန်စည်ဒိုင်မှာ ရော်ဘာဈေးအနည်းငယ်မြင့်တက်လာတယ်လို့ သိရှိရပါတယ်။ RSS-3တစ်တန်ကို ယခင်တစ်ပတ်က မိမိဘက်ဈေး ၁၄,၂၅,၂၈၈ ကျပ်ရှိရာမှ ယခုတစ်ပတ်မှာ ၁၄,၆၈,၈၄၆ ကျပ်သို့ ဈေးအနည်းငယ်မြင့်တက်လာခဲ့ပါတယ်။ တစ်ဖက်နိုင်ငံဈေးကတော့ ပြောင်းလဲမှုမရှိဘူးလို့ သိရပါတယ်။

**ယဉ်ယဉ်အေးMIRT( DCCA)**



# ၂၀၁၅ ခုနှစ်တွင် မလေးရှား ပြည်တွင်းရော်ဘာထွက်ရှိမှု ၂၂ ရာခိုင်နှုန်း မြင့်တက်မယ်လို့ ရော်ဘာဘုတ်အဖွဲ့က မျှော်မှန်း

၂၀၁၅ ခုနှစ်မှာ မလေးရှား ပြည်တွင်းရော်ဘာထွက်ရှိမှုဟာ ၂၂ရာခိုင်နှုန်းခန့် တိုးမြှင့်နိုင်ပြီး၊ တန်ချိန်အားဖြင့် ၈ သိန်းခန့်ထိရှိနိုင်ခြင်းကြောင့် ဖြစ်ပါတယ်။ အကြောင်းကတော့ ရော်ဘာဈေး မြင့်တက်ခြင်း ရော်ဘာစိုက်တောင်သူများ ရော်ဘာအစေးခြစ်လုပ်ငန်း ပိုမိုလုပ်ကိုင်လာစေရန် အစိုးရက မက်လုံးများပေးခြင်း စတဲ့အချက်တွေကြောင့်လို့ မလေးရှား ရော်ဘာဘုတ်အဖွဲ့ အကြီးအကဲက ပြောကြားပါတယ်။

လွန်ခဲ့တဲ့ငါးနှစ်ခန့်က ပေါက်ခဲ့တဲ့အနိမ့်ဆုံး ကမ္ဘာ့ရော်ဘာဈေးရဲ့ လေးပုံတစ်ပုံခန့်ထိ တက်လာနိုင်ဖွယ်ရှိတယ်လို့ ခန့်မှန်းထားတာဖြစ်ပါတယ်။ အစိုးရက ရော်ဘာစိုက်တောင်သူများကို မက်လုံးများပေးထားတာကြောင့် ရော်ဘာအစေးခြစ် လုပ်ငန်းများ ပြန်လည်လုပ်ကိုင်နိုင်ဖွယ်ရှိတယ်လို့ မလေးရှားရော်ဘာဘုတ်အဖွဲ့မှ ညွှန်ကြားရေးမှူးချုပ် Salmiah Ahmad က ရော်ဘာလုပ်ငန်း ကွန်ဖရင့်တစ်ခုဖြစ်တဲ့ India Rubber Meet မှာ ပြောကြားခဲ့ပါတယ်။

မလေးရှားနိုင်ငံအနေနဲ့ ၂၀၁၄ ခုနှစ်အတွင်း ရော်ဘာထုတ်လုပ်မှုဟာ ၆၅၅၀၀၀ တန်သာရှိခဲ့ပြီး ယခု ၂၀၁၅ ခုနှစ်မှာ တန်ချိန် ၈,၀၀,၀၀၀ ခန့်ထိ ထွက်ရှိနိုင်မယ်လို့ မျှော်မှန်းထားပါတယ်။

**CMK**


# ယခုတစ်ပတ်အတွက် ပြည်တွင်းဈေးကွက်ပဲစင်းငုံနီဈေးသုံးသပ်ချက် (၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလတတိယပတ်ထိ)

ကျော်မြင့်


**ယခင်တစ်ပတ်မှ အဆက်**

**မွမ်ဘိုင်းမှ မြန်မာ့ပဲစင်းငုံနီဈေးနှင့် ရန်ကုန်ပဲစင်းငုံနီဈေး အချိန်တူကာလ အတွင်း နှိုင်းယှဉ်ခြင်း။** ၂၀၁၄ ခုနှစ် ဖေဖော်ဝါရီလ တတိယပတ်တွင် မွမ်ဘိုင်းမှ မြန်မာ့ပဲစင်းငုံနီဈေးသည် တစ်တန်ကို ကန်ဒေါ်လာ ၆၄၇ ဖြစ်သည်၊ ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလ တတိယပတ်တွင် မွမ်ဘိုင်းမှ မြန်မာ့ပဲစင်းငုံနီဈေးသည် တစ်တန် ကို ကန်ဒေါ်လာ ၉၃၃ ဖြစ်သည်။ ထို့ကြောင့် ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလ တတိယပတ်မွမ်ဘိုင်းမှ မြန်မာမတ်ပဲဈေးသည် အချိန်တူကာလ ၂၀၁၄ ခုနှစ်ထက် ၄၄ ရာခိုင်နှုန်းဈေးပိုမြင့်သည်။ **ပုံ-၄ နှင့် ပုံ-၅** ကိုကြည့်ရှုရန်ဖြစ်ပါသည်။

**ပုံ-၄။ ရန်ကုန်ပဲစင်းငုံနီအပတ်စဉ် ပျမ်းမျှဈေးပြောင်းလဲမှု (၂၀၁၃၊၂၀၁၄ နှင့် ၂၀၁၅ ခုနှစ်)**





**ပုံ-၅။ မွမ်ဘိုင်းတွင် မြန်မာ့ပဲစင်းငုံနီအပတ်စဉ် ပျမ်းမျှဈေးပြောင်းလဲမှု (၂၀၁၃၊၂၀၁၄ နှင့် ၂၀၁၅ ခုနှစ်)**





**၂၀၁၅ ခုနှစ်ရန်ကုန်ပဲစင်းငုံနီဈေး အချိန်တူကာလအတွင်း နှိုင်းယှဉ်ခြင်း။** ၂၀၁၄ ခုနှစ် ဖေဖော်ဝါရီလ တတိယပတ် ရန်ကုန်ပဲစင်းငုံနီဈေးသည် တစ်တန် ကိုကန်ဒေါ်လာ ၅၉၄ ဖြစ်ခဲ့သည်။ ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလ တတိယပတ် ရန်ကုန်ပဲစင်းငုံနီဈေးသည် တစ်တန်ကို ကန်ဒေါ်လာ ၈၈၁ ဖြစ်သည်။ ထို့ကြောင့် ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလ တတိယပတ် ရန်ကုန်ပဲစင်းငုံနီဈေးသည် အချိန်တူကာလ ၂၀၁၄ ခုနှစ်ထက် ၃၃ ရာခိုင်နှုန်း ဈေးပိုမြင့်လာသည်။

**ပုံ-၆။ ရန်ကုန် ပဲစင်းငုံနီနှင့် မွမ်ဘိုင်းတွင် မြန်မာ့ပဲစင်းငုံနီ အပတ်စဉ်ပျမ်းမျှဈေးပြောင်းလဲမှု (၂၀၁၃ မှ ၂၀၁၅ ထိ)**





**ပုံ-၇။။ ရန်ကုန် ပဲစင်းငုံနီနှင့် မွမ်ဘိုင်းတွင်မြန်မာ့ပဲစင်းငုံနီ ယခုတစ်ပတ် ပျမ်းမျှဈေးအရ ကွာခြားချက် (၂၀၁၅ ခုနှစ်)**





ဇာစ်မြစ်။ www.etrademyanmar.com

မွမ်ဘိုင်းမှ မြန်မာ့ပဲစင်းငုံနီဈေးသည် တစ်တန်ကို ကန်ဒေါ်လာ ၉၃၃ ဖြစ်ပြီး ရန်ကုန် ပဲစင်းငုံနီဈေးမှာ တစ်တန်ကို ကန်ဒေါ်လာ ၈၈၁ ဖြစ်သည်။ မွမ်ဘိုင်းမှ မြန်မာ့ပဲစင်းငုံနီဈေးနှင့် ရန်ကုန်ပဲစင်းငုံနီဈေး ကွာခြားချက်မှာ တစ်တန်ကို ကန်ဒေါ်လာ ၅၂ ဖြစ်သည်။ ပုံ-၇ ကိုကြည့်ရှု ရန်ဖြစ်ပါသည်။ (FOB) ရန်ကုန်ဈေးဖြင့် ရန်ကုန်တွင် အရောင်းအဝယ်ဖြစ်သော မတ်ပဲဈေးမှာ တစ်တန်ကိုကန်ဒေါ်လာ ၉၀၀ ဖြစ်သဖြင့် မွမ်ဘိုင်းမှ မြန်မာ့ပဲစင်းငုံနီဈေး တစ်တန်ကို ကန်ဒေါ်လာ ၉၃၃ နှင့် နှိုင်းယှဉ်ပါက တစ်တန်ကို ကန်ဒေါ်လာ ၃၃ ကွာခြားသည်။

**ပုံ-၈။ ရန်ကုန်ပဲစင်းငုံနီ အပတ်စဉ်ပျမ်းမျှဈေး ပြောင်းလဲမှု (၂၀၁၃ ဇန်နဝါရီမှ ၂၀၁၅ ဖေဖော်ဝါရီ)**




**ပုံ-၉။ မွမ်ဘိုင်းမှ မြန်မာ့ပဲစင်းငုံနီ အပတ်စဉ်ပျမ်းမျှ ဈေးပြောင်းလဲမှု (၂၀၁၃ ဇန်နဝါရီမှ ၂၀၁၅ ဖေဖော်ဝါရီထိ)**




ဇာစ်မြစ်။ www.etrademyanmar.com

**၂၀၁၄ ခုနှစ်အတွင်း အမြင့်ဆုံးဖြစ်သော (Peak level) ဈေးနှင့် ၂၀၁၅ ခုနှစ် လက်ရှိ အခြေအနေနှိုင်းယှဉ်ခြင်း။** ၂၀၁၄ ခုနှစ်အတွင်း ရန်ကုန်တွင် ပဲစင်းငုံနီအမြင့်ဆုံးဖြစ်ပေါ်ခဲ့ သော(**Peak level**)ဈေးမှာ တစ်တန်ကို ကန်ဒေါ်လာ ၇၆၇ ဖြစ်သည်။ **၂၀၁၅ ခုနှစ် လက်ရှိ အခြေအနေအရ** ရန်ကုန်ပဲစင်းငုံနီဈေးမှာ တစ်တန်ကိုကန်ဒေါ်လာ ၈၈၁ ဖြစ်သည်။ လက်ရှိအခြေအနေသည် ၂၀၁၄ ခုနှစ် အတွင်းအမြင့်ဆုံးဖြစ်သော (Peak level) ဈေးထက် ၁၅ ရာခိုင်နှုန်းဈေးပိုမြင့်သည်။


မွမ်ဘိုင်းတွင် ၂၀၁၄ ခုနှစ်အတွင်း အမြင့်ဆုံးဈေးဖြစ်ပေါ်ခဲ့သော (Peak level)ဈေးသည် တစ်တန်ကို ကန်ဒေါ်လာ ၈၂၆ ဖြစ်ခဲ့သည်။ ၂၀၁၄ ခုနှစ်အတွင်း အမြင့်ဆုံးဈေး ဖြစ်ပေါ်ခဲ့သော (Peak level)ဈေးသည် တစ်တန်ကို ကန်ဒေါ်လာ ၉၃၃ ဖြစ်ပြီး လက်ရှိမတ်ပဲဈေးထက် ၁၃ ရာခိုင်နှုန်းဈေးပိုမြင့်သည်။ ပုံ-၈ နှင့် ပုံ-၉ကို ကြည့်ရှုရန် ဖြစ်ပါသည်။

**ပဲစင်းငုံနီနှင့်မတ်ပဲဈေး။** ။ ပဲစင်းငုံနီနှင့် မတ်ပဲဈေးမည်သည့်ပဲက ပို၍ဈေးကောင်းလာသည်ကို စိစစ်သုံးသပ်ဖော်ပြထားပါသည်။ ပုံ-၁၀ နှင့် ပုံ-၁၁ တွင် လေ့လာကြည့်ရှုရန် ဖြစ်ပါသည်။


* မွမ်ဘိုင်းတွင် ၂၀၁၄ ခုနှစ် ဇန်နဝါရီလမှ ဒီဇင်ဘာလအထိ မြန်မာ့မတ်ပဲသည် မြန်မာ့ ပဲစင်းငုံနီထက် ဈေးမြင့်လာခဲ့ပြီး ရန်ကုန်တွင်လည်း အလားတူဖြစ်ပေါ်ခဲ့သည်။ သို့သော် ၂၀၁၅ ခုနှစ်တွင် မွမ်ဘိုင်းတွင် မြန်မာ့မတ်ပဲနှင့် မြန်မာ့ပဲစင်းငုံနီမှာ ဈေးကွာဟမှု နည်းပါးလာခဲ့သော်လည်း ရန်ကုန်တွင် မတ်ပဲ (RC) နှင့် ပဲစင်းငုံနီဈေးမှာ ကွာဟချက်များလာခဲ့သည်။ ပဲစင်းငုံနီသည် တစ်တန်ကို ကန်ဒေါ်လာ ၈၈၁ ဖြစ်ပြီး မတ်ပဲ (RC) တစ်တန်ကို ၈၂၇ ကန်ဒေါ်လာရှိသည်။ ထို့ကြောင့် **ရန်ကုန်တွင် ၂၀၁၅ ခုနှစ် ယခု တစ်ပတ်တွင် ပဲစင်းငုံနီဈေးသည် မတ်ပဲ (RC) ထက် ၆ ရာခိုင်နှုန်း ဈေးပိုမြင့်လာသည်။ ပုံ-၁၀ ကိုကြည့်ရှုရန်ဖြစ်ပါသည်။**

* မွမ်ဘိုင်းတွင်မြန်မာ့ပဲစင်းငုံနီသည် တစ်တန်ကို ကန်ဒေါ်လာ ၉၃၃ ဖြစ်ပြီး၊ မြန်မာ့ မတ်ပဲတစ်တန်ကို ၉၄၆ ကန်ဒေါ်လာရှိသည်။ မြန်မာ့မတ်ပဲသည် မြန်မာ့ပဲစင်းငုံနီ ထက်အနည်းငယ်ဈေးပိုမြင့်သည်။ ပုံ-၁၁ ကိုကြည့်ရှုရန်ဖြစ်ပါသည်။

**ပုံ-၁၀။ ရန်ကုန်တွင်ဖြစ်ပေါ်သည့် ပဲစင်းငုံနှင့် ရန်ကုန်မတ်ပဲ အပတ်စဉ်ပျမ်းမျှဈေး (၂၀၁၃ မှ ၂၀၁၅ ခုနှစ်)**




**ပုံ-၁၁။ မွမ်ဘိုင်းတွင် ဖြစ်ပေါ်သည့် မြန်မာ့ပဲစင်းငုံနှင့် မြန်မာ့မတ်ပဲ အပတ်စဉ် ပျမ်းမျှဈေး (၂၀၁၃ မှ ၂၀၁၅ ခုနှစ်)**




ဇာစ်မြစ်။ www.etrademyanmar.com

**အိန္ဒိယနိုင်ငံ၏ ပဲစင်းငုံစိုက်ပျိုးထုတ်လုပ်မှုအခြေအနေ**

ယခုနှစ်တွင် အိန္ဒိယနိုင်ငံသို့ မုတ်သုံမိုးနောက်ကျမှ ဝင်ရောက်ခဲ့မှု၏ တန်ပြန်သက်ရောက်မှုအဖြစ် ပဲစင်းငုံနီစိုက်ဧရိယာ စုစုပေါင်းမှာ ယမန်နှစ်အောက်သို့ ၈ ရာခိုင်နှုန်းကျဆင်းသွားခဲ့သည်။ ရာသီဥတုအခြေအနေမှာ ဇူလိုင်လလယ်အထိ စိုက်ပျိုးမှုလုပ်ငန်းစဉ်များအပေါ် အနှောင့်အယှက်ဝင်ခဲ့သည်။

➡ စာမျက်နှာ ၂၈ သို့

# အင်ဒိုနီးရှားနိုင်ငံတွင် ပြည်တွင်းဖြစ်ထုတ်ကုန်များအား ပိုမိုအားပေးဝယ်ယူစေရန် အမျိုးသားစားသုံးသူပွဲတော် ၂၀၁၅ ကျင်းပမည်

အင်ဒိုနီးရှားနိုင်ငံတွင် ကုန်သွယ်ရေးဝန်ကြီးဌာန၊ စားသုံးသူကာကွယ်ရေးနှင့်စံချိန်စံညွှန်းဦးစီးဌာနမှ ကြီးမှူး၍ ခုနှစ် ဧပြီလ ၂၀ ရက်နေ့တွင် အမျိုးသား စားသုံးသူနေ့ကို ကျင်းပပြီး ပြည်တွင်း ဖြစ်ထုတ်ကုန်များ၏အရေးပါပုံကို အလေးထားပြသသွားမည်ဖြစ်ပါသည်။ အင်ဒိုနီးရှားနိုင်ငံသည် အာဆီယံဒေသ အတွင်း စားသုံးသူအများဆုံးနိုင်ငံဖြစ်ပြီး လူဦးရေ ၂၅၃ သန်းရှိသဖြင့် ကမ္ဘာပေါ်တွင် စတုတ္ထလူဦးရေ အများဆုံး နိုင်ငံ ဖြစ်ပါသည်။

စားသုံးသူကာကွယ်ရေးနှင့်စံချိန်စံညွှန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ပြည်သူများအား အမျိုးသားရေး စိတ်ဓာတ်ခိုင်မာစေရေးနှင့် ပြည်တွင်း ဖြစ်ထုတ်ကုန်များကို ပိုမို အားပေးဝယ်ယူကြရန်မျှော်လင့်ကြောင်း၊ ထိုသို့ဖြင့် ပြည်တွင်းကုန်စည်ဈေးကွက်ကို ထိန်းသိမ်းနိုင်ပြီး အာဆီယံစီးပွားရေးအသိုက်အဝန်းကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။ ထို့ပြင် ၎င်းက အင်ဒိုနီးရှားနိုင်ငံသားများအနေဖြင့် စီးပွားရေးဆိုင်ရာ အမျိုးသားရေး စိတ်ဓါတ်ရှိခြင်းဖြင့် အာဆီယံစီးပွားရေးအသိုက်အဝန်းကို ယှဉ်ပြိုင်နိုင်ရန် အသိဉာဏ်ပြည့်ဝလာမည်ဖြစ်ကြောင်း၊ အာဆီယံစီးပွားရေး အသိုက်အဝန်းကြောင့် အင်ဒိုနီးရှားနိုင်ငံအတွင်းသို့ သွင်းကုန်ပစ္စည်းများ အများအပြားဝင်ရောက်လာနိုင်သဖြင့် အင်ဒိုနီးရှားနိုင်ငံထုတ်ပစ္စည်းများကို ဝယ်ယူအားပေးလိုသည့် အသိစိတ်ဓါတ် မွေးမြူရမည်ဖြစ်ကြောင်းလည်း ပြောကြားခဲ့ပါသည်။

အင်ဒိုနီးရှားပြည်သူများအနေဖြင့် ပြည်တွင်းဖြစ်များကို ဝယ်ယူအားပေးခြင်းဖြင့် ထုတ်ကုန်များ၏ အရည်အသွေးသည်လည်း မြင့်တက်လာမည်ဖြစ်ကြောင်း၊ ယခုကျင်းပမည့် ၂၀၁၅ အမျိုးသား စားသုံးသူနေ့သည် စတုတ္ထအကြိမ်မြောက်ကျင်းပခြင်းဖြစ်ပြီး အဆိုပါနေ့တွင် ဆွေးနွေးပွဲများ၊ အလုပ်ရုံဆွေးနွေးပွဲများ၊ ပြည်တွင်းထုတ်ကုန်ပြပွဲများနှင့် ပျော်ပွဲရွှင်ပွဲများကိုလည်း ကျင်းပမည်ဖြစ်ကြောင်း လည်းသိရှိရပါသည်။

**မျိုးမျိုးထိုက်၊**
**စားသုံးသူရေးရာဌာနခွဲ**

## မုံရွာမြို့နယ် ကြက်၊ ငုံးမွေးမြူရေးဇုန် ပြန်လည်ထူထောင်ရေးလုပ်ငန်း အရှိန်အဟုန်မြင့် ဆောင်ရွက်လျက်ရှိ

မုံရွာခရိုင်၊ မုံရွာမြို့နယ် ကြက်၊ ငုံးမွေးမြူရေးဇုန်ကို ၂၀၀၇ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်နေ့တွင် စတင်တည်ထောင်ခဲ့ပြီး မြို့နယ်မွေးမြူရေး လုပ်ငန်းရှင်များ အသင်းကို ကော်မတီဝင်ခုနစ်ဦးဖြင့် စတင်ဖွဲ့စည်း၍ လူမှုကူညီရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် လူမှုထောက်ပံ့ကူညီရေးအသင်းအား အသင်းဝင် ၁၀၁ ဦးဖြင့် ထပ်မံဖွဲ့စည်းထားသည့် မွေးမြူရေးဇုန်ဖြစ်ပါသည်။ ကြက်၊ ငုံးမွေးမြူရေးအထူးဇုန်ရှိ မွေးမြူရေးလုပ်ငန်းရှင်များသည် လွန်ခဲ့သော ၂၀၀၆ခုနှစ်တွင် H5N1 ကူးစက်ရောဂါ ကူးစက်မှုများ ဖြစ်ပေါ်ခဲ့ပြီး ၂၀၁၂ခုနှစ်တွင်လည်း မီးလောင်ဆုံးရှုံးမှု ဖြစ်ပွားခဲ့သည့် အပြင် ယခုနှစ်တွင်လည်း H5N1ရောဂါကူးစက်မှု ထပ်မံဖြစ်ပွားခဲ့သည့်အတွက် ဆုံးရှုံးမှုများစွာဖြစ်ပေါ်ခဲ့ရပါသည်။ အချို့မွေးမြူရေးလုပ်ငန်းရှင်များသည် ဆုံးရှုံးနစ်နာမှုကာမိစေရန်အတွက် နာနေသော ကြက်၊ ငုံးများကို ဇုန်မှခိုး ထုတ်၍ ရောင်းချခဲ့မှုများကြောင့် ပတ်ဝန်းကျင်မြို့များသို့ ရောဂါကူးစက်မှုများ အနည်းငယ် ဖြစ်ပေါ်ခဲ့ကြောင်း သိရှိ ရပါသည်။

H5N1 ကူးစက်ရောဂါ ဖြစ်ပွားမှုနှုန်း တစ်စထက်တစ်စ တိုးတက်လာရာ ရေရှည်တွင် ဆုံးရှုံးမှု ပိုမိုများပြားလာနိုင်သည့်အတွက် ဇုန်အတွင်းရှိ ခြံပိုင်ရှင်များက ရောဂါကူးစက်မှု ထပ်မံမဖြစ်ပွားစေရန် ကျန်ရှိသည့် ကြက်၊ ငုံးများအားလုံးကို သုတ်သင်ရှင်းလင်းရန် သဘောတူသဖြင့် စနစ်တကျဆောင်ရွက်ခဲ့ကြောင်းနှင့် သုတ်သင် ရှင်းလင်းခဲ့သည့် ခန့်မှန်းကုန်ကျစရိတ်မှာ ကျပ်သိန်း ၁၂၀ ခန့်ရှိသည်ဟု သိရှိရပါသည်။

ထိုသို့ဆုံးရှုံးမှုများကြောင့် တိုင်းဒေသကြီးအစိုးရအဖွဲ့က ကြီးမှူး၍ မတ်လ၅ရက်နေ့တွင် ဇုန်ပြန်လည် ထူထောင်ရေး အစည်းအဝေးကို ကျင်းပပြုလုပ်ခဲ့ပါသည်။ ထို့နောက် စစ်ကိုင်းတိုင်းဆန်စက်လုပ်ငန်းရှင်များ အသင်းမှလှူဒါန်းသည့် ကြက်ပေါက်ငယ် တစ်သိန်း (သို့မဟုတ်) ယင်းတန်ဖိုးနှင့် ညီမျှသည့် ကျပ် ၃၇၅ သိန်း၊ မြန်မာနိုင်ငံမွေးမြူရေးအဖွဲ့ချုပ်မှ လှူဒါန်းသည့် ကျပ်သိန်း ၁၂၀ နှင့် 'မြန်မာစီပီ လိုက်ဖ်စတော့' ကုမ္ပဏီမှ လှူဒါန်းသည့် ကျပ်သိန်း ၂၀၊ စုစုပေါင်း ကျပ် ၅၁၅ သိန်းကို ကြက်၊ ငုံးများ သုတ်သင်ရှင်းလင်းရာတွင် လည်းကောင်း၊ ဇုန်ပြန်လည်ထူထောင်ရေးလုပ်ငန်း များတွင်လည်းကောင်း အသုံးပြုသွားမည် ဖြစ်ကြောင်း သိရှိရပါသည်။



အကူအညီ အထောက်အပံ့များ အနေဖြင့် မတ်လ ၁၇ ရက်နေ့တွင် ကြက်၊ ငုံးမွေးမြူရေးဇုန် ရှင်းလင်းဆောင်ခန်းမ၌ ကမ္ဘာ့ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့(FAO) မှ နိုင်ငံခြားသား ပညာရှင်နှစ်ဦးသည် ဇုန်ကော်မတီဝင်များ၊ ကြက်၊ ငုံး အစာနှင့်ဆေးဝါးလုပ်ငန်းရှင်များ၊ ခရိုင်၊ မြို့နယ် မွေးမြူရေးနှင့် ကုသရေးဝန်ထမ်းများ၊ မွေးမြူရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံ၍ ပြန်လည် ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အကူအညီများ ပေးအပ်နိုင်ရန်အတွက် လာရောက်ဆွေးနွေးသွားကြောင်း သိရှိရပါသည်။

မုံရွာခရိုင်၊ မုံရွာမြို့နယ်ရှိ ကြက်၊ ငုံး မွေးမြူရေးအထူးဇုန် အနီးတစ်ဝိုက်တွင် ဖြစ်ပွားလျက်ရှိသော ကြက်ငှက်တုပ်ကွေးရောဂါဖြစ်ပွားမှုနှုန်းမြင့်မားရခြင်း အကြောင်းအရင်းမှာ အဖွဲ့အစည်းနှင့် ဆောင်ရွက်မှုအားနည်းခြင်း၊ ပွင့်လင်းမှုမရှိခြင်းများကြောင့် ဖြစ်ပါသည်။ ယခုအခါ တိုင်းဒေသကြီးအစိုးရ၏ ဦးဆောင်လမ်းညွှန်မှုများဖြင့် ကြက်၊ ငှက်တုပ်ကွေးရောဂါ ထိန်းချုပ်ကာကွယ်တားဆီးရေး၊ ပြန်လည်ထူထောင်ရေးနှင့် နောင်အနာဂတ်တွင် အလားတူရောဂါများ မပြန့်ပွားစေရေးအတွက် လုပ်ဆောင်လျက်ရှိရာ ရောဂါဖြစ်ပွားလျက်ရှိသည့် ကြက်နှင့် ငုံးခြံများ သန့်ရှင်းရေး၊ ရောဂါပိုးများ ထိန်းချုပ်ကာကွယ်ရေး လုပ်ငန်းစဉ်များ၊ ဇီဝလုံခြုံမှု မြင့်တင်ခြင်းလုပ်ငန်းများ၊ ပညာပေးခြင်းလုပ်ငန်းများကို အရှိန်အဟုန်မြင့် ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိပါသည်။

**ကေသီအောင်(စစ်ကိုင်း)**

## မြန်မာနိုင်ငံတွင် မှတ်ပုံတင်ထားခြင်းမရှိသော တရားမဝင်ဆေးဝါးများ စားသုံးသူပြည်သူများသတိပြုရန်

ကျန်းမာရေး ဝန်ကြီးဌာန အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး ဦးစီးဌာနမှအရည်အသွေး စစ်မှန်ကောင်းမွန်ပြီးဘေးဥပဒ်အန္တရာယ်ကင်းရှင်းကာ အကျိုးအာနိသင်ရှိသော ဆေးဝါးများကိုလည်း အများပြည်သူတို့ သုံးစွဲနိုင်ရန်ရည်ရွယ်၍ဈေးကွက်အတွင်းရှိ ဆေးဝါးများကို စိစစ်ခဲ့ရာ မြန်မာနိုင်ငံတွင် မှတ်ပုံတင်ထားခြင်းမရှိသော တရားမဝင် ဆေးဝါးများဖြစ်ကြောင်း စိစစ်တွေ့ရှိရသဖြင့် မတ်လ ၁၆ ရက်နေ့ ထုတ် မြန်မာ့အလင်းသတင်းစာနှင့် ကြေးမုံသတင်းစာတို့တွင် အများပြည်သူ သိရှိရအောင် ဆေးဝါး ၁၀ မျိုးကို ကြေညာပေးခဲ့ပါသည်။ ကြေညာခဲ့သည့် ဆေးဝါး ၁၀ မျိုးမှာ (၁) Testosterone propionate Injection (25mg/ml)၊ (၂) Vitamin c Injection (0.25g/2ml)၊ (၃) Vitamin $B_1$ Injection (50 mg/2ml)၊ (၄) Vitamin $B_{12}$ Injection (0.5mg/ml)၊ (၅) Vitamin $B_6$ Injection၊ (၆) Analgin Injection (0.5g/2ml)၊ ၇။ Banlangen Zhusheye Injection၊ (၈) Phenolphthalein Tablet၊ (၉) Oxytetracycline Tablet (Hua Sha တံဆိပ်)၊ (၁၀) Vitamin c Injection (0.25g/2ml) တို့ဖြစ်ပါတယ်။ ထို့အပြင် မကြာသေးမီကာလအတွင်း ကလည်း ပြည်သူများသိရှိရအောင် ဆေးဝါးအမျိုး ၂၀ ကို အသိပေး ကြေညာပေးခဲ့ပြီး ဖြစ်ပါတယ်။

၎င်းအပြင် ကျန်းမာရေးဝန်ကြီးဌာနမှ မြန်မာနိုင်ငံတွင်မှတ်ပုံတင်ထားခြင်းမရှိသော ဆေးဝါးများကို ဝယ်ယူသုံးစွဲခြင်း မပြုကြရန်နှင့် မြန်မာနိုင်ငံတွင် မှတ်ပုံတင်ရရှိထားသော ဆေးဝါးများကိုလည်း ဆရာဝန်ညွှန်ကြားချက်ဖြင့်သာ ဝယ်ယူသုံးစွဲရန်၊ ဆေးဝါးတင်သွင်းဖြန့် ဖြူးသည့်ကုမ္ပဏီ၊ ဆေးဝါးရောင်းချသည့် ဆေးဆိုင်များသည် မြန်မာနိုင်ငံတွင် မှတ်ပုံတင်ထားခြင်းမရှိသော ဆေးဝါးများ၊ ဆေးဝါးအတု၊ စံမညီဆေးဝါးများ၊ မှတ်ပုံတင်သက်တမ်းကုန်ဆေးဝါးများကို တင်သွင်းဖြန့်ဖြူးရောင်းချခြင်း လုံးဝမပြုရန်နှင့် လိုက်နာဆောင်ရွက် ခြင်းမရှိပါက သက်ဆိုင်ရာအာဏာပိုင် အဖွဲ့အစည်းက အမျိုးသားဆေးဝါး ဥပဒေပုဒ်မ (၁၈) အရ တရားစွဲဆို အရေးယူမည်ဖြစ်ကြောင်း အသိပေး ကြေညာထားတာကိုတွေ့ရှိခဲ့ရပါတယ်။

ဒ့ါအပြင် စားသုံးသူပြည်သူများကို အကာအကွယ်ပေးရန်အတွက် နိုင်ငံ တော်မှ ၂၀၁၄ ခုနှစ် မတ်လ ၁၄ ရက် နေ့တွင် ပြည်ထောင်စုလွှတ်တော် ဥပဒေ အမှတ် (၁၀) ဖြင့် စားသုံးသူအကာ အကွယ်ပေးရေးဥပဒေကိုပြဋ္ဌာန်းခဲ့ပြီး ဖြစ်ပါတယ်။ အဆိုပါ ဥပဒေပြဋ္ဌာန်းချက်တွင်ပါရှိသည့် စီးပွားရေး လုပ်ငန်း ရှင်တို့က စားသုံးသူအကာအကွယ်ပေး ရေးလုပ်ငန်းအပေါ် အလေးထား လိုက်နာခြင်းဖြင့် လုပ်ငန်းများဆောင်ရွက်ရာတွင် တာဝန်ယူမှုရှိသော အပြုအမူများ ဖြစ်ပေါ်စေရန် ရည်ရွယ်ချက်ဖြင့်ဆောင် ရွက်ရမှာဖြစ်ပါတယ်။ စားသုံးသူပြည်သူများမှလည်း ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုကို ဘေးဥပဒ်အန္တရာယ်ကင်း ရှင်းစွာအသုံးပြုနိုင်ခြင်း၊ ကုန်စည် သို့မဟုတ် ဝန်ဆောင်မှု၏ အခြေအနေ အာမခံချက်တို့နှင့်စပ်လျဉ်းသည့် သတင်းအချက်အလက်များကို ပြည့်စုံမှန်ကန်စွာရယူခွင့်ရှိခြင်းစသည်ဖြင့် မိမိတို့ရရှိနိုင်မည့် အခွင့်အရေးများနှင့်အညီ ရွေးချယ်ဝယ်ယူစားသုံးရမှာဖြစ်ပါတယ်။

သို့ပါ၍ ကျန်းမာရေးဝန်ကြီးဌာန မှ သတင်းစာတွင်ကြေညာထားသည်များကို ဖတ်ရှုသိရှိသည့် ပြည်သူများ အတွက် ဝယ်ယူအသုံးပြုခြင်းမှ ရှောင်ရှားနိုင်သော်လည်း မသိရှိသေးသည့် အများပြည်သူအတွက် အလွန်အန္တရာယ်ကြီးမားလှသဖြင့် ကျန်းမာရေး အတွက် ဘေးဥပဒ်အန္တရာယ်ကင်းစေရန် ဈေးကွက်အတွင်းဝင်ရောက်လျက်ရှိသည့် မြန်မာနိုင်ငံတွင် မှတ်ပုံတင်ထားခြင်းမရှိသော တရားမဝင်ဆေးဝါးများကို စားသုံးသူ ပြည်သူများသတိပြုကြရန်နှင့် ဝယ်ယူသုံးစွဲခြင်းမပြုကြပါရန် အသိပေးလိုက်ရပါသည်။

**ခင်ဒီဇင်ဘာဝမ်း**

# မလေးရှားစားသုံးသူများအသင်းအဖွဲ့ချုပ်မှ "သင်၏အစားအစာကိုသိပါ" လှုပ်ရှားဆောင်ရွက်မှုလုပ်ဆောင်ရန်စီစဉ်

FOMCA

မလေးရှားနိုင်ငံတွင် အစားအစာများ၌ အာဟာရဓာတ် ပါဝင်မှုချို့တဲ့ခြင်းသည် ကူးစက်ခြင်းမရှိသောရောဂါများ ဖြစ်ပွားစေသောအကြောင်းအရာများအနက် တစ်ခုအဖြစ်ပါဝင်လျက်ရှိပါသည်။ ကူးစက်ခြင်းမရှိသောရောဂါများဆိုသည်မှာ နှလုံးရောဂါ၊ လေငန်းရောဂါ၊ ကင်ဆာရောဂါ၊ နာတာရှည် အသက်ရှူလမ်းကြောင်းရောဂါ၊ဆီးချိုရောဂါစသည်တို့ဖြစ်ကြပါသည်။ အပြည်ပြည်ဆိုင်ရာစားသုံးသူ အဖွဲ့အစည်း၏ အဖွဲ့ဝင်ဖြစ်သည့် မလေးရှားစားသုံးသူများအသင်း အဖွဲ့ချုပ်သည် ကမ္ဘာ့စားသုံးသူ အခွင့်အလမ်းများနေ့ လှုပ်ရှားဆောင်ရွက်မှုအဖြစ် အစားအစာများ၌ အာဟာရဓာတ် ပါဝင်မှုချို့တဲ့ခြင်းအား မီးမောင်းထိုးပြခဲ့ပါသည်။ ကျွမ်းကျင်ပညာရှင်များမှ ရောဂါအများစု၏ ၇၀ ရာခိုင်နှုန်း-၈၀ ရာခိုင်နှုန်းမှာ ကျန်းမာရေးနှင့် မညီညွတ်သော နေထိုင်စားသောက်မှု ကြောင့်ဖြစ်ကြောင်း ပြောကြားခဲ့ကြပါသည်။

ကျန်းမာရေးနှင့် မညီညွတ်သော နေထိုင်စားသောက်မှုသည် ကမ္ဘာပေါ်တွင် သေဆုံးမှုအများဆုံးဖြစ်ပွားစေသော အကြောင်းရင်း ၁၀ ခု ရှိသည့်အနက် လေးခုမှာဆက်နွယ်နေပါသည်။ အဝလွန်ကဲမှုကြောင့် တစ်နှစ်လျှင် ဒေါ်လာ နှစ်ထရီလီယံခန့် ဆုံးရှုံးလျက်ရှိနေပါသည်။ ပြုပြင်ထားသော အစားအစာများတွင် သကြားဓာတ် လွန်ကဲစွာပါဝင်ခြင်း၊ သန့်စင်ထားသော ကာဗိုဟိုက်ဒရိတ်နှင့် ဖြည့်စွက်ဓာတုပစ္စည်းများ ပါဝင်ခြင်းတို့ကို တွေ့ရှိရပါသည်။

မလေးရှားနိုင်ငံတွင် လူဦးရေ သန်း ၃၀ ရှိပြီး အဝလွန်ကဲခြင်းသည် မလေးရှားလူမျိုး ၈ ဒသမ ၅ သန်း အတွက် လက်ရှိကျန်းမာရေးပြဿနာဖြစ်ပြီး လူဦးရေ ၄ ဒသမ ၄ သန်းအနက် သုံးဦးလျှင် တစ်ဦးမှာ အဝလွန်ကဲလျက်ရှိပါသည်။ ထိုကဲ့သို့ အဝလွန်ကဲခြင်းကို ကျန်းမာရေးနှင့် ညီညွတ်သော နေထိုင်စားသောက်မှုနှင့် ပုံမှန်ရုပ်ပိုင်းဆိုင်ရာ လှုပ်ရှားမှုကို ဆောင်ရွက်ခြင်းဖြင့် ရှောင်ရှားနိုင်ပါသည်။ ၂၀၁၅ ခုနှစ် အတွင်း မလေးရှားစားသုံးသူများအသင်း အဖွဲ့ချုပ်သည် ပညာရေးနှင့် သုတေသနအသင်းအဖွဲ့နှင့် Selangor and Federal Territory Consumers Association တို့နှင့်ပူးပေါင်း၍ လှုပ်ရှားမှုတစ်ရပ်ကို လုပ်ဆောင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပြီး "သင်၏ အစားအစာကိုသိပါ။ (Know Your Food)" လှုပ်ရှားဆောင်ရွက်မှုကိုလည်း မလေးရှားကိုယ်အလေးချိန်လျှော့ချသူများအသင်းနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။

၂၀၁၅ ခုနှစ် မတ်လ ၁၄ ရက်နေ့တွင် ဆီလန်ဂေါရှိ ဟိုက်ပါမာ့ခ်တစ်ခု၌ ကလေးသူငယ် ၁၅ ဦးမှ ၂၀ ဦးခန့်အား ဒေါ်လာ ၃၀ ဖိုးအထိ ၎င်းတို့ စိတ်ကြိုက်အစားအစာများ ရွေးချယ်ဝယ်ယူစေပြီးနောက် ပညာရှင်တစ်ဦးမှ ၎င်းတို့၏ရွေးချယ်မှုများကို သုံးသပ်ပြီးအကြံဉာဏ်ပေးခဲ့ပါသည်။ သတင်းစာရှင်းလင်းပွဲတစ်ခုကိုလည်း အဆိုပါလှုပ်ရှားဆောင်ရွက်မှု၏ ရလဒ်များကို ကြေညာရန်နှင့် ကျန်းမာစေသော အစားအသောက်များအပေါ် အလေးထားမှုမြှင့်တင်ပေးရန် ကျင်းပပြုလုပ်ခဲ့ပါသည်။ အဆိုပါ သတင်းစာရှင်းလင်းပွဲသို့ ပြည်တွင်းကုန်သွယ်ရေး၊ ပူးပေါင်းဆောင်ရွက်ရေးနှင့် စားသုံးသူရေးရာ ဝန်ကြီးဌာနမှ ကိုယ်စားလှယ်များလည်း တက်ရောက်ခဲ့ပါသည်။

**မျိုးမျိုးထိုက်၊ စားသုံးသူရေးရာဌာနခွဲ**

# ဟုမ္မလင်းမြို့တွင် သစ်သီးဝလံ အခြေခံနည်းပညာ သင်တန်းဖွင့်လှစ်

စစ်ကိုင်းတိုင်းဒေသကြီးအစိုးရ၊ ကျေးလက်ဒေသအသေးစားကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီ၏ ပံ့ပိုးမှု၊ စစ်ကိုင်းတိုင်းဒေသကြီး ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာနမှူးကြီးမှူးစီစဉ်ကာ ရက်ကန်းနဲ့ အသက်မွေးပညာသင်တန်းကျောင်း (မုံရွာ) တို့ပူးပေါင်းစီစဉ်မှုဖြင့် စစ်ကိုင်းတိုင်းဒေသကြီး၊ ခန္တီးခရိုင်၊ ဟုမ္မလင်းမြို့တွင် သစ်သီးဝလံအခြေခံစားသောက်ကုန်ထုတ်လုပ်မှုနှင့် ဖျော်ရည်နည်းပညာပေး သင်တန်းဖွင့်ပွဲ အခမ်းအနားကို ဟုမ္မလင်းမြို့၊ မြို့နယ်အားကစားခန်းမမှာ မတ်လ ၁၁ ရက်နေ့ နံနက် ၈ နာရီက ကျင်းပခဲ့ပါတယ်။

အဆိုပါအခမ်းအနားသို့ စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ရှမ်းတိုင်းရင်းသားရေးရာဝန်ကြီး ဦးစန်းရွှေ၊ စစ်ကိုင်းတိုင်းဒေသကြီး ကျေးလက်ဒေသ အသေးစားကုန်ထုတ်လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီအတွင်းရေးမှူး ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး၊ ညွှန်ကြားရေးမှူး ဦးအောင်မောင်း၊ ဟုမ္မလင်းမြို့နယ် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးဂိုဆွမ်းခိုင်နဲ့ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာန ကလေးခရိုင်ဦးစီးမှူးနှင့် ကလေးခရိုင်လက်အောက်ရှိ မြို့နယ်များမှ မြို့နယ်တာဝန်ခံများ၊ သင်တန်းနည်းပြဆရာ/ ဆရာမများ၊ အသင်းအဖွဲ့များနှင့်သင်တန်းသူ သင်တန်းသားများ စုစုပေါင်းအင်အား ၁၀၃ဦးတက်ရောက်ခဲ့ပြီး စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ရှမ်းတိုင်းရင်းသားရေးရာဝန်ကြီး ဦးစန်းရွှေ၊ စစ်ကိုင်းတိုင်းဒေသကြီး ကျေးလက်အသေးစား ကုန်ထုတ်လုပ်ငန်းကော်မတီအတွင်းရေးမှူး၊ ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးအောင်မောင်း၊ ဟုမ္မလင်းမြို့နယ် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးဂိုဆွမ်းခိုင်တို့က သင်တန်းနဲ့ပတ်သက်ပြီး အမှာစကားများပြောကြားခဲ့ပါတယ်။

သင်တန်းကို မတ်လ ၁၁ ရက်မှ ၁၅ ရက်နေ့အထိ ၅ ရက်ကြာပြုလုပ်ခဲ့ပြီး၊ သင်တန်းသို့ ဟုမ္မလင်းမြို့နယ်ရှိ ရပ်ကွက်ကျေးရွာများမှ သင်တန်းသား/သူ ၄၆ ဦး၊ မုံရွာမြို့နယ်မှ ၃ ဦး၊ ဖောင်းပြင်မြို့နယ်မှ ၁၅ ဦး၊ ကလေးဝမြို့ နယ်မှ ၁ ဦး၊ မော်လိုက်မြို့နယ်မှ ၁ ဦး စုစုပေါင်း သင်တန်းသား/သူ ၆၆ ဦးတက်ရောက်ခဲ့ကြပါတယ်။ အဆိုပါသင်တန်းမှာ သစ်သီးဝလံအခြေခံထွက်ကုန် ၁၆ မျိုးရဲ့ ထုတ်လုပ်မှုနည်းပညာများကို စာတွေ့လက်တွေ့ သင်ကြားပေးခဲ့ပြီး သင်တန်းမှ ဇီးဖျော်ရည်၊ မန်ကျည်းဖျော်ရည်၊ ရှားစောင်းလက်ပတ်ဖျော်ရည်၊ သံပုရာဖျော်ရည်၊ ခရမ်းချဉ်သီးဆော့စ်၊ မန်ကျည်းဆော့စ်၊ ခရမ်းချဉ်သီးအလုံးယို၊ ကျောက်ဖရုံယို၊ သင်္ဘောသီးချဉ်စပ်ယို၊ သင်္ဘောသီးအချိုယို၊ ဆီးသီးယို၊ မန်ကျည်းတော်ဖီ၊ ဂျယ်လီ (စတော်ဘယ်ရီ၊ ချောကလက်သံပုရာ၊ စပျစ်)၊ သံပုရာပေါင်း၊ စောင်းလျားသီးပေါင်းနဲ့ ပန်းသီးဝိုင်တို့ကို လက်တွေ့အသုံးချထုတ်လုပ်ခဲ့ပါတယ်။

အဆိုပါသင်တန်းဆင်းပွဲအခမ်းအနားကို မတ်လ ၁၅ ရက်နေ့ ညနေ ၃နာရီမှာ ဟုမ္မလင်းမြို့နယ် အားကစားခန်းမမှာ ကျင်းပပြုလုပ်ခဲ့ရာ အခမ်းအနားသို့ စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ရှမ်းတိုင်းရင်းသားရေးရာဝန်ကြီး ဦးစန်းရွှေ၊ ဟုမ္မလင်းမြို့နယ် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးဂိုဆွမ်းခိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ကလေးခရိုင် ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူးနှင့်ဝန်ထမ်းများ၊ အသင်းအဖွဲ့များ၊ ဆရာ၊ ဆရာမများ၊ သင်တန်းသူ၊ သင်တန်းသားများနဲ့ ဖိတ်ကြားထားသူများ စုစုပေါင်းအင်အား ၉၀ ဦး တက်ရောက်ခဲ့ပါတယ်။

**သက်နိုင်-ဟုမ္မလင်း**

# Macaroni & Cheese ဘူးအချို့နှင့် သစ်ကြားသီးများအား ဈေးကွက်အတွင်းမှ ပြန်လည် သိမ်းဆည်း




Kraftစားသောက်ကုန် လုပ်ငန်းစုအနေဖြင့် Macaroni & Cheese ဘူးအချို့မှာ သတ္တုစငယ်များပါဝင်နေသဖြင့် ကာတွန်းပုံး ၂၄၂၀၀၀ ကို မတ်လ ၁၇ ရက်နေ့ကဈေးကွက်အတွင်း မှ ပြန်လည်သိမ်းဆည်းခဲ့ပါတယ်။ Kraft စားသောက်ကုန်လုပ်ငန်းစုမှ ပြောရေးဆိုခွင့်ရှိသူ ဂျိုက်စ်ဟိုဒဲလ်က ထုတ်လုပ်မှုလုပ်ငန်းစဉ်မှာ အသုံးပြုတဲ့ စက်ပစ္စည်းတစ်ခုခုရဲ့ အစိတ်အပိုင်းတစ်ခုခုမှ သံမဏိအပိုင်းအစတစ်ခုခုဟာ ပွတ်တိုက်အားကြောင့် ကြေမွပြီး Macaroni & Cheese ထုတ်လုပ်တဲ့ကုန်ထဲသို့ ပြုတ်ကျသွားခဲ့ဟန်တူတယ်လို့ ပြောကြားပါတယ်။ Kraft စားသောက်ကုန်လုပ်ငန်းစုအနေနဲ့ပြန်လည်သိမ်းဆည်းသော ကုန်ပစ္စည်းရဲ့ Code နံပါတ်မှာ "C-2" ဖြစ်ပြီး ၎င်းရဲ့သက်တမ်းကုန်ဆုံးရက်မှာ ၂၀၁၅ ခုနှစ် စက်တင်ဘာလ ၁၈ ရက်မှ အောက်တိုဘာလ ၁၁ ရက် မတိုင်မီထိဖြစ်ပါတယ်။

Kraft စားသောက်ကုန် လုပ်ငန်းစုအနေနဲ့ အဆိုပါကုန်ပစ္စည်းများကို အမေရိကန်၊ ပွာတိုရီကိုနိုင်ငံ၊ ကာရေဘီယံ ဒေသရှိနိုင်ငံအချို့နဲ့ တောင်အမေရိကတို့သို့ဖြန့်ဖြူးခဲ့ကြောင်း၊ သို့သော် ကနေဒါနိုင်ငံသို့သင်္ဘောတင်ပို့ခြင်း သို့မဟုတ် ရောင်းချထားခြင်းမရှိသေးဘူးလို့ Kraft စားသောက်ကုန်လုပ်ငန်းစုမှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့ပါတယ်။ ပြောရေးဆိုခွင့်ရှိသူ ဟိုဒဲလ်က ကုမ္ပဏီအနေနဲ့ သံမဏိအစငယ်လေးများနဲ့ပတ်သက်တဲ့ တိုင်ကြားချက်ရှစ်ခုကို လက်ခံရရှိထားပြီးဖြစ်သော်လည်း အန္တရာယ်ဖြစ်စေလောက်တဲ့အထိ ဖြစ်လာတာ မတွေ့ရသေးဘူးလို့ ဆိုပါတယ်။

ဒါ့အပြင် Trader's Joe ကုမ္ပဏီက ထုတ်လုပ်တဲ့ သစ်ကြားသီးများမှာ အစာအဆိပ်သင့်စေတဲ့ ဆယ်လမွန်နဲလား ဘက်တီးရီးယားများပါရှိနေတယ်လို့ယူဆရတဲ့အတွက် ဈေးကွက်အတွင်းမှပြန်လည်သိမ်းဆည်း ရန်စီစဉ်ခဲ့ရပါတယ်။ Trader's Joe မှထုတ်လုပ်တဲ့ ကုန်အမှတ်တံဆိပ်များဖြစ်တဲ့ Raw California Walnut Pieces, Raw California Walnut Halves & Pieces, Raw California Walnut Baking Pieces နဲ့ Raw California Premium Walnut Halves တို့မှာ အစာအဆိပ်သင့် စေတဲ့ ဆယ်လ်မွန်နဲလား ဘက်တီးရီးယား တွေ ပါရှိနေတယ်လို့ အမေရိကန် FDA က ထုတ်ပြန်လိုက်ခြင်း ဖြစ်ပါတယ်။

၁၆ အောင်စ ပါရှိတဲ့အဆိုပါသစ်ကြားသီးအထုပ်များဟာ ၂၀၁၅ ခုနှစ် ဒီဇင်ဘာလမှာ သက်တမ်းကုန်မှာဖြစ်ပါတယ်။ ဒါ့အပြင် ဒီဇင်ဘာလ ၁ ရက်နေ့မှာ သက်တမ်းကုန်မဲ့ ၁၂ အောင်စပါ ဩဂဲနစ်သစ်ကြားသီး ထုပ်များမှာလည်း ဆယ်လ်မွန်နဲလားများပါရှိနေတယ်လို့ FDA ကထုတ်ပြန်ထားပါတယ်။

ဈေးကွက်အတွင်းရှိ သစ်ကြားသီးအထုပ်အချို့မှာ ဆယ်လ်မွန်နဲလားများကို စစ်ဆေးတွေ့ရှိပြီးနောက် နိုင်ငံအနှံ့ရှိဈေးကွက်အတွင်းမှ သစ်ကြားသီးထုပ်များကိုပြန်လည်သိမ်းဆည်းဖို့FDA မှတာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့တာဖြစ်ပါတယ်။ ဖြန့်ဖြူးထားတဲ့သစ်ကြားသီးများကြောင့် အန္တရာယ်ဖြစ်ပေါ်ခဲ့တယ်လို့ ပြောကြားလာခြင်းမရှိသေးဘူးလို့ ဆိုပါတယ်။ ဆယ်လ်မွန်နဲလားဟာ အစားအသောက်ကို အခြေခံပြီး ပေါက်ပွားလာတဲ့ ဘက်တီးရီးယားတစ်မျိုးဖြစ်ပြီး နှစ်စဉ် လူ ၁ ဒသမ ၂ သန်းခန့် နာမကျန်းဖြစ်ပွားကာ လူ ၄၅၀ ခန့် သေဆုံးမှု ရှိခဲ့ပါတယ်။

ရောဂါထိန်းချုပ်ရေးနဲ့ကာကွယ်ရေးဌာန (Centers for Disease Control and Prevention) က ဆယ်လ်မွန်နဲလားဟာ ကလေးငယ်များ၊ သက်ကြီးရွယ်အိုများစတဲ့ ခံနိုင်ရည်အားမရှိတဲ့သူများကို ဝမ်းသွားခြင်း၊ ဖျားနာခြင်းနဲ့ ဗိုက်နာဗိုက်အောင့်ခြင်းများကို ဖြစ်ပွားစေနိုင်တယ်လို့ ထုတ်ပြန်ထားပါတယ်။

**မယ်စားသုံး**

# ထိုင်းနိုင်ငံ TECB မှ မြန်မာစီးပွားရေးလုပ်ငန်းရှင်များအတွက် ဆွဲဆောင်မှုများစွာပေးမည့် ကုန်စည်ပြပွဲများအား ဖိတ်ကြား

ထိုင်းနိုင်ငံ ယဉ်ကျေးမှုနှင့် ပြပွဲဗျူရို (TECB) သည် ထိုင်းနိုင်ငံ၏ Roadshow တစ်ခုဖြစ်သည့် Business in Thailand: Your Borderless Business Potential & New Incentive Program Lunch for Myanmar Market အစီအစဉ်ကို စတင်လိုက်ပြီဖြစ်ကြောင်း သိရသည်။ အဆိုပါအစီအစဉ်တွင် TECB မှပြုလုပ်လျက်ရှိသည့် ကုန်စည်ပြပွဲများတွင် လာရောက်လေ့လာမည့် မြန်မာစီးပွားရေးလုပ်ငန်းရှင်များနှင့် ကုန်သည်များအား ဆွဲဆောင်မှုများစွာဖြင့် လာရောက်ကြည့်ရှုလေ့လာကြရန် စည်းရုံးလျက်ရှိကြောင်း သိရသည်။

TECB အနေဖြင့် အဆိုပါအစီအစဉ်ကို MICE နှင့်ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်ပြီး ၂၀၁၅ခုနှစ်ကုန်ပိုင်းတွင် ဖြစ်ထွန်းလာမည့် အာဆီယံစီးပွားရေး အသိုက်အဝန်းဆီသို့ ချဲ့ထွင်နိုင်ရန်နှင့် အနာဂတ်ရည်မှန်းချက်များအတွက် နားလည်မှုစာချွန်လွှာကို UMFCCI နှင့် ၂၀၁၄ခုနှစ်က လက်မှတ်ရေးထိုးခဲ့ကြောင်း သိရသည်။ TECB အနေဖြင့် မြန်မာနိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်များအား လာရောက်လေ့လာလည်ပတ်ရန်အတွက် ၂၀၁၄ ခုနှစ်ကလည်း ယခုကဲ့သို့လုပ်ဆောင်ခဲ့သည်။ သို့သော် ၂၀၁၄ ခုနှစ်တွင် မြန်မာနိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်များ လာရောက်လေ့လာခြင်းမပြုသည်ကို TECB မှ ထုတ်ပြန်သည့်စာရင်းများအရသိရသည်။

အဆိုပါ TECB မှထုတ်ပြန်သည့် စာရင်းများအရ TECB မှ ၂၀၁၄ ခုနှစ်အတွင်းပြုလုပ်သည့်ပြပွဲများ၊ ဆွေးနွေးပွဲများသို့ လာရောက်လေ့လာသည့် ဧည့်သည်တော်များအနက် ဂျပန်နိုင်ငံမှ အများဆုံးဖြစ်ပြီး လာရောက်ပြသသည့် စီးပွားရေးလုပ်ငန်းရှင်များအနက် တရုတ်နိုင်ငံမှအများဆုံးဖြစ်ကြောင်းသိရသည်။ TECB အနေဖြင့် ယခု ၂၀၁၅ ခုနှစ်အတွင်း ပြသမည့် ကုန်စည်ပြပွဲများ၊ ဆွေးနွေးပွဲများသို့ ဧည့်သည်တော်များ၊ စီးပွားရေးလုပ်ငန်းရှင်စုစုပေါင်း ၁,၀၃၆,၃၀၀ ခန့်လာရောက်ရန် ရည်မှန်းထားပြီး အဆိုပါလာရောက်မှုမှ အမေရိကန်ဒေါ်လာ ၃ ဒသမ ၃၄သန်းရရှိ ရန် မျှော်မှန်းထားကြောင်း သိရသည်။

ယခုနှစ်အတွင်းပြသမည့်ပြပွဲများသို့ လာရောက်လည်ပတ်သည့် မြန်မာနိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင် ၁၀၀ မှ ၂၄၉ ဦးကိုခေါ်ဆောင်လာပါက ပံ့ပိုးပေးအပ်ငွေအပြင် အမေရိကန်ဒေါ်လာ ၅၀၀ မှ ၁၂၄၅အထိရရှိမည်ဖြစ်သည်။ လုပ်ငန်းရှင် ၂၅၀မှ ၄၉၉ ဦးအထိ ခေါ်ဆောင်လာပါက ပံ့ပိုးပေးအပ်ငွေအပြင် အမေရိကန်ဒေါ်လာ ၂၅၀၀မှ ၄၄၉၀ အထိရရှိမည်ဖြစ်သည်။ ထို့ပြင် စီးပွားရေးလုပ်ငန်းရှင် ၄၅၀အထက်ကို ခေါ်ဆောင်လာပါက အမေရိကန်ဒေါ်လာ ၆၇၅၀ အထိ ငွေသားပြန်လည်ထုတ်ပေးမည့် အစီအစဉ်များကို ပြုလုပ်ထားကြောင်း သိရသည်။ အဆိုပါအစီအစဉ်သည် မြန်မာနိုင်ငံအတွက် ပြုလုပ်သည့်အထူးအစီအစဉ်သစ်ဖြစ်ပြီး Business Matching ပြုလုပ်နိုင်မည့် အဖွဲ့အစည်းများအတွက် ပြန်လည်ပေးအပ်မည့်အထူးအစီအစဉ်ဖြစ်ကြောင်း သိရသည်။

**မယ်သီတာ**




## Huawei ကုမ္ပဏီမှ မြန်မာနိုင်ငံရှိ တက္ကသိုလ် ကျောင်းသား၊ ကျောင်းသူများအား ပညာသင်ဆုများ ချီးမြှင့် သန်လျင်နည်းပညာတက္ကသိုလ်သို့ HANA Program လှူဒါန်း

Huawei နည်းပညာကုမ္ပဏီသည် မြန်မာနိုင်ငံရှိ တက္ကသိုလ်လေးခုမှ ကျောင်းသား၊ ကျောင်းသူ အယောက် ၅၀ ကိုပညာသင်ဆုချီးမြှင့်ခြင်းနှင့် သန်လျင်နည်းပညာတက္ကသိုလ်သို့ ဆက်သွယ်ရေးနည်းပညာသင်ရိုးညွှန်းတမ်း (HANA Program) လှူဒါန်းပွဲကို မတ်လ ၁၃ ရက်နေ့က ဆီဒိုနားဟိုတယ်တွင် ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါ အခမ်းအနားတွင် သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ကျော်မြတ်က "ပညာရပ်ဆိုင်ရာ ကျွမ်းကျင်သူတွေနဲ့ သုတေသနပညာရှင်တွေအတွက် အထောက်အကူဖြစ်စေမယ့် အီလက်ထရောနစ် သင်ကြားခြင်းနဲ့လိုအပ်တဲ့ပံ့ပိုးမှုတွေပါဝင်တဲ့ နည်းပညာဆိုင်ရာ ဓာတ်ခွဲခန်းတပ်ဆင်ပေးတဲ့ HANA အစီအစဉ်အတွက် Huawei ကုမ္ပဏီကို အထူးကျေးဇူးတင်ရှိပါတယ်။ ဒီအစီအစဉ်ကနေ ဆရာ၊ ဆရာမတွေအနေနဲ့ ပူးတွဲသုတေသနလုပ်ငန်းများဆောင်ရွက်ခြင်း၊ လေ့လာခြင်းနဲ့ အတွေ့အကြုံဖလှယ်ခြင်းတွေကို အကောင်းဆုံးလုပ်ဆောင်နိုင်မှာဖြစ်ပြီး ပူးပေါင်းဆောင်ရွက်မှုနဲ့ ဖွံ့ဖြိုးတိုးတက် မှုတွေ ပိုမိုမြင့်မားလာလိမ့်မယ်လို့ ယုံကြည်ပါတယ်"ဟု ပြောကြားခဲ့သည်။

တက္ကသိုလ်လေးခုမှ ကျောင်းသား ကျောင်းသူ ၅၀ ဦးတို့အား ပညာသင်ဆုအစီအစဉ်နှင့် HANA Program တို့သည် မြန်မာနိုင်ငံ၏ပညာရေးကဏ္ဍအတွက် အရေးပါပြီး စဉ်ဆက်မပြတ်လုပ်ဆောင်သွားမည့် ရင်းနှီးမြှုပ်နှံမှုတစ်ခုဖြစ်ရုံသာမက HANA Program သည် မြန်မာနိုင်ငံတက္ကသိုလ်များရှိ ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမအားလုံးသတင်းအချက်အလက် နှင့်ဆက်သွယ်ရေးနည်းပညာနယ်ပယ်တွင် ၎င်းတို့၏စွမ်းဆောင်ရည်ကို ပိုမိုမြှင့်တင်မည့် အစီအစဉ်တစ်ခုဖြစ်လာလိမ့်မည်ဟု ယုံကြည်ကြောင်း Huawei ကုမ္ပဏီမှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

ထို့နောက် HANA Program လှူဒါန်းခြင်းသဘောတူစာချုပ်အား သန်လျင်နည်းပညာတက္ကသိုလ်မှ ပါမောက္ခချုပ် ဒေါက်တာဒေါ်ကေသီလွင်နှင့် Huawei (ရန်ကုန်)မှ မန်နေးဂျင်းဒါရိုက်တာ Mr. Li Zhao တို့က လက်မှတ်ရေးထိုးခဲ့ကြကြောင်း သိရသည်။

**မယ်သီတာ**

# အမည်ပေါက်ကားများ ဈေးအနည်းငယ် မြင့်တက်လာ၍ အက္ခရာနိမ့်ကားများ အဝယ်လိုက်နေ




မတ်လကုန်ဆုံးခါနီး တတိယသီတင်းပတ်၏ မော်တော်ယာဉ်ဈေးကွက်အခြေအနေမှာ ခရီးသွားရာသီဖြစ်သဖြင့် ခရီးသွားကောင်းမွန်သည့် ကားများ အရောင်းအဝယ်ရှိပြီး ထပ်မံတင်သွင်းလာသောကားများမှာ အမေးသာရှိပြီးအဝယ်မရှိဖြစ်နေကြောင်း သိရသည်။

ရန်ကုန်မြို့ ကားဈေးကွက်ထဲတွင် အမည်ပေါက်ရရန် ဆောင်ရွက်ရသည့် ကားအမျိုးအစားများမှာဖရီးပါမစ်ဖြစ်စေ၊ စလစ်ကပ်ပြီး ဝယ်ယူရသည့် ယာဉ်ဟောင်းအပ် စလစ်ကပ်သွင်းကားများဖြစ်စေ အရောင်းအဝယ်ပါးနေပြီး အထူးသဖြင့် ဖရီးပါမစ်ကားလေးများမှာ ပြည်ပ လေလံဈေးနှုန်းမြင့်တက်သည့်အလျောက် ကားပါကင် ထောက်ခံချက်ပါပြသရသဖြင့် ဈေးတန်းမြင့်တက်လာသောကြောင့် အရောင်းအဝယ်ပါးကြောင်း၊ စလစ်ကပ်ကားများမှာ မတ်လကုန်အထိ အခွန်သက်သာခွင့်ရရှိသော်လည်း၊ အများဆုံးဝယ်ယူကပ်ကြသည့် စက်မှုဇုန်စလစ်မှာ ပြီးခဲ့သည့် ဖေဖော်ဝါရီလကုန်ပိုင်းခန့်က စက်မှုဇုန်ယာဉ်အပ်နှံမှုတွင် တွေ့ကြုံရသည့်ပြဿနာများကြောင့် အပ်နှံခွင့်ပိတ်ပစ်ခဲ့ပြီး ယခုမှ ပြန်လည်စိစစ်၍ အပ်နှံခွင့်ပေးမည်ဟု သိရသဖြင့် ဇုန်ကားများ ၃၈ သိန်း မှ သိန်း ၄၀ ခန့်ပြန်ဖြစ်လာကြောင်း၊ စက်မှုဇုန်စလစ်ထုတ်ပြီးသားမှာ ၄၆ သိန်းခန့်ရှိနေကြောင်း၊ ၁၈၊၂၈၊၂၀၁၅ အတွက် စလစ်မှာ ၅၅ သိန်းခန့်ရှိ ကြောင်း၊ မတ်လကုန်ပိုင်းအထိ ယာဉ်တင်သွင်းမှုမှာ စီးရေများပြားနေပြီး မတ်လကုန်ပိုင်းတွင် ကျန်စလစ်ကားများ တင်သွင်းမှုလျော့ကျလာနိုင်ကြောင်း ဝါရင့်ယာဉ် ဝယ်/ရောင်း ကိုမြင့်ကျော်မှ သုံးသပ်ပြောကြားသည်။

မတ်လကုန်ပြီးနောက်ပိုင်းတွင် စလစ်ကပ်ကားများ အခွန်သက်သာခွင့် မရနိုင်တော့သဖြင့် ယခုအချိန်ကတည်းက ဈေးတန်းများမှာ သိန်း ၂၀-၃၀ ခန့်မြင့်တက်လာသည်ကို တွေ့ရကြောင်း၊ ယင်းအချိန်တွင် အသွင်းနည်းလာနိုင်ပြီးမှာ သလောက်/လိုသလောက်သာသွင်းမည်ဖြစ်သဖြင့် ပြည်ပလေလံဈေးများကျဆင်းလာနိုင်သော်လည်း လတ်တလောတွင်မူ ခရီးသွားနိုင်၊ ပေါ့ပါးစွာစီးနိုင်ပြီး ဈေးသက်သာသောကားများဖြစ်သည့် ပစ်ကပ်လေးများ၊ အေဒီဗင်၊ ယခင် အက္ခရာဟောင်း သိန်း ၇၀ သိန်း ၈၀ ဝန်းကျင် ရုပ်ထွက်ကောင်းသော ဒီဇယ် ဆလွန်းများ ပြန်လည်အရောင်းအဝယ်ရှိနိုင်ကြောင်း ၎င်းမှပြောကြားခဲ့သည်။

**SN**

## ရန်ကုန်မြို့ တစ်ပတ်အတွင်း မော်တော်ယာဉ်ဈေးနှုန်းများ

| စဉ် | အမျိုးအစား/MDL | အက္ခရာ | ဈေးနှုန်း | မှတ်ချက် |
|---|---|---|---|---|
| ၁။ | ကိုရိုလာအက်ဇီယို | ယာယီ | ၁၆၀ သိန်း | (1.5 ဓာတ်ဆီ) |
| ၂။ | ရက်ဖိုး (2001) | ယာယီ | ၁၇၅ သိန်း | (1.8 ဓာတ်ဆီ) |
| ၃။ | စီအာဗွီ (2002) | ယာယီ | ၁၆၀ သိန်း | (2.0 ဓာတ်ဆီ) |
| ၄။ | ဟွန်ဒါ (အဲဝေ့ဗ်) (2009) | ယာယီ | ၁၅၀ သိန်း | (1.5 ဓာတ်ဆီ) |
| ၅။ | ဖီလ်ဒါ (2009) | ယာယီ | ၁၇၅ သိန်း | (1.5 ဓာတ်ဆီ) |
| ၆။ | တိုယိုတာ(ရက်တစ်) (2009) | ယာယီ | ၁၀၇ သိန်း | |
| ၇။ | ကလူဂျာ (2002) | ယာယီ | ၂၂၀ သိန်း | (2.4 ဓာတ်ဆီ) |
| ၈။ | မတ်(ခ်)တူး (2004) | ယာယီ | ၁၆၅ သိန်း | (2.0 စီစီ) |
| ၉။ | စက်မှုဇုန်ကား | - | ၄၀ သိန်း | |

SN

သင့်ကျန်းမာရေး

# အသံပျောက်အောင်ငိုတဲ့ကလေး ဒေါသကြီးတဲ့ကလေး

ဒေါက်တာလွင်သန့်

ကလေးတွေမှာ မကောင်းတဲ့ဉာဉ် တစ်ခုရှိတယ်။ တစ်ဦးတည်းကလေး၊ သား၊ သမီး၊ မြေးမှ သားဦး၊ သားထွေး၊ တစ်ဦးတည်းသမီး၊ ချစ်လို့အလိုလိုက်ခဲ့ တဲ့ကလေးစသဖြင့်၊ ကလေးရဲ့စိတ်စွဲနေတဲ့အပြုအမူများ၊ အလိုလိုက်မှုများက သူ့ကိုဦးစားပေးဖို့ ထင်နေတော့တယ်။ ဘယ်သူဘယ်လောက်အရေးကြီးနေပါစေ။ သူ့အလုပ်ကို၊ သူခိုင်းတာဦးစားပေးမှ ကျေနပ်တော့တယ်။ သည်လိုကလေးမျိုးကို၊ မဆော့ရ၊ မစားရ၊ မသောက်ရ၊ မယူရစသဖြင့် တားဆီးပိတ်ပင်လိုက်ရင်၊ ကလေးကအသံပျောက်အောင် ငိုတတ်တယ်။ တချို့ငိုရင်း၊ အသံပြာ၊ အသံတိတ်သွားကာ လဲကျသွားတယ်။ တချို့တက်သွားတယ်။ အတက်ပြန်ကျရင် ငိုကြပြန်တယ်။ အငိုထူတဲ့၊ အငိုသန်တဲ့ကလေးမှာ လူကြီးမိဘတွေ ခြေမကိုင်မိ၊ လက်မကိုင်မိဖြစ်တတ်တယ်။ ကလေးကိုပြုစုဖို့မေ့နေတတ်တယ်။

**ပြန်ကောင်း။** တကယ်တမ်းမှာလည်း ကလေးကတက်ခြင်းမဟုတ်ဘူး။ ကလေးငိုရင်း စိတ်တင်းလာလို့၊ အသက်ရှူရပ်သွားတာကနေ ကလေးရဲ့ ခန္ဓာကိုယ်တွင်း အောက်စီဂျင်မရလို့ ပြာပြီး သတိလစ်သွားတာဖြစ်တယ်။ အောက်စီဂျင်မရ လို့ သတိမေ့သွားတာနှင့် တစ်ပြိုင်နက် စိတ်တင်းအားလည်း လျော့သွားကာ၊ အသက်ပြန်ရှူတဲ့အခါ ကလေးဟာပြန်ကောင်းလာတယ်။

တက်ခြင်းနဲ့မသက်ဆိုင်ဘဲ ကလေးရဲ့ စိတ်ဓာတ်၊ မျိုးရိုးနဲ့ဆိုင်တယ်။ အဖေကိုယ်တိုင်က ဂျစ်ကန်ကန်၊ ငယ်စဉ်ဘဝ မြေကြီးထဲလှဲအိပ်၊ လာခေါ်မှထ၊ ငိုကြောရှည်တဲ့ မျိုးရိုးဆိုရင်၊ ကလေးလည်းငိုကြောရှည်တယ်။ ဒေါသကြီးတယ်။ သတိလစ်၊ သတိမေ့တတ်တယ်။ အလိုလိုအသက်ရှူပြန်ကောင်းလာမယ်။

ယင်းသို့တက်ခြင်း၊ အသက်ရှူရပ်ခြင်းဟာ ဒေါသကြီးလို့ဖြစ်တာပါ။ ကလေးရဲ့စိတ်ဓာတ်နဲ့ ဆိုင်တယ်။ ကလေးကိုအစစအရာရာ



အလိုမလိုက်ဘဲ စိတ်ဓာတ်မှန်ကန်အောင် မိဘများ ကြိုးစားကြဖို့ လိုပါတယ်။

ကလေးငယ်များဟာ ပကတိအပြစ်ကင်းကြပါတယ်။ ပတ်ဝန်းကျင်ကိုလိုက် ပြီး အရောင်ဆိုး၊ အရောင်ကွဲသွားတတ်ပါတယ်။ ယဉ်ကျေးလိမ္မာဖြစ်အောင် ကလေးရဲ့အသိမှာ မကောင်းတာလုပ်ရင် မကောင်းတာခံရပုံ၊ ဗုဒ္ဓဝင်၊ ဇာတ်နိပါတ်တော်၊ ပုံပြင်စသဖြင့် လိမ္မာယဉ်ကျေးအောင် သင်ကြားပေးသင့်တယ်။ အချိန်နဲ့ထမင်းစားတာ၊ ဆော့တာ၊ အိပ်တာစသည်ဖြင့် ကိုယ့်ရဲ့စည်းကမ်းထဲဝင်လာအောင် ကလေးကို ပြင်ယူရတယ်။ ညဖက်သေးတည်ပေးရင် အိပ်ရာထဲဘယ်သေးပေါက်တော့မလဲ။ ကလေးဆော့ချိန်၊ ပေးဆော့ရင်၊ ကလေးပျော်မှာပဲ၊ ကျေနပ်မှာပဲ၊

**အမည်။** ကလေးဆိုးတတ်၊ ဇွဲကောင်းတတ်၊ ငိုကြောရှည်တတ်၊ ဒေါသကြီး တတ်တာ ကလေးမျိုးရိုးအပြင်၊ အမည်ပေးတာပါသက်ရောက်မှုရှိတယ်။ အစဉ်အလာအရ နာမည်ပေးတတ်တယ်။ မောင်ကြီး၊ မောင်ငယ်တွေ၊ မကြီး၊ မမလတ်၊ မမငယ်ဆိုတာရှိတယ်။ တချို့ နေ့သင့်နံသင့်မှည့်ခေါ်တတ်တယ်။ တချို့နာမည်စီးပြီး ကလေးမကြာခဏ နေမကောင်းဖြစ်တတ်တယ်။ ရဲထွဋ်၊ အောင်ဆန်း၊ အောင်သန်းပေးပြီး၊ လူက ချူချာလို့ အေးမောင်၊ အောင်အောင် ပေးမှပြန်ပြီး သန်မာလာတာတွေ့ဖူးတယ်။ တချို့ မဝါဝါဝင်းနွယ်ထွေး၊ မခိုင်ယဉ်ယမုံဦး၊ မသဥ္ဇာအိန္ဒြေဆင့်စသဖြင့် အခွန်မဆောင်ရတိုင်း ကိုယ့်သားသမီးကိုကိုယ့်နာမည်ကိုယ်မရေးတက်လောတ်အောင် မှည့်ခေါ်တတ်ကြတယ်။ နာမည်ရှည်တဲ့ကလေးကို ဘယ်လိုခေါ်မှာတုန်း တချို့က ဖခင်မျိုးရိုး၊ နောက်ကထည့်ပေးတတ်တယ်။ စောသူရကြည်ဖေ၊မဟေမာဝင်းကြည်ဦး၊ မောင်မိုးထက်အာကာအောင် စသဖြင့် အဖေနာမည်ရှည်ရှည်၊ ကလေးနာမည် ရှည်ရှည်ပေးတတ်ကြတယ်။ အနောက်နိုင်ငံသားများ၊ ဗြိတိန်နိုင်ငံသားများလည်း နာမည်ပေးတာပါပဲ။ ကိုယ့်ကို မစွတာ စမစ်ဂျွန်အဲလက်ခေါ်ရာမှ မစ္စတာမန်ချက်စတာယူနိုက်တက် ပြောင်းလဲမှည့်ခေါ်တာလည်းတွေ့ဖူးပါတယ်။ မှည့်ခေါ်တဲ့နာမည်ဟာ၊ သူ့ကိုကိုယ်စားပြုနိုင်ဖို့တော့လိုပါတယ်။ ဖခင်နာမည်နောက်ကထားဖြည့်စွက်မှည့်ခေါ် တာက ကလေးမျိုးရိုးသိနိုင်တယ်။ ကလေးအတွက် မှီခိုအားထားဖြစ်နိုင်တယ်။ ဒေါသပြေနိုင်တယ်လို့ ယူဆပါတယ်။

■

# ကင်ဆာရောဂါဖြစ်ကြောင်း စမ်းသပ်တွေ့ရှိပြီးနောက် လူ ၃ ဦးအနက် ၂ ဦးဟာ၅ နှစ်ကြာသည်ထိ အသက်ပိုမိုရှည်နိုင်

ရောဂါထိန်းချုပ်မှုနဲ့ တားဆီးရေးဌာန( Centers for Disease Control & Preverstion CDC) က လေ့လာမှုအသစ်တစ်ခုကိုဖော်ထုတ်နိုင်ခဲ့ပါတယ်။ ဒီဖော်ထုတ်ချက်ကတော့ အမေရိကန်မှာ ကင်ဆာရောဂါ ဖြစ်ပွားကြောင်း သိရှိပြီးနောက် ကုသမှု ခံယူပြီးနောက်ပိုင်းမှာ ကင်ဆာကြောင့်သေဆုံးမှုကို ကြည့်လျှင် ကင်ဆာ ဝေဒနာသည် ၃ ဦးအနက် ၂ ဦးဟာ ၅ နှစ်ကျော်ကြာထိ အသက်ရှင်နိုင်ခြေရှိတယ်လို့ဆိုပါတယ်။



ကင်ဆာရောဂါဟာ အမေရိကန်မှာ နှလုံးရောဂါပြီးလျှင် အများဆုံးသေစေနိုင်တဲ့ ဒုတိယရောဂါ ဖြစ်ပါတယ်။ ယခုအခါ ကင်ဆာရောဂါဟာ ဆေးဝါးကုသမှုခံယူနိုင်လျှင် သေမိန့်ကျတဲ့ ဝေဒနာသည်အဖြစ် မှတ်ယူစရာမလိုတော့ဘဲ နာတာရှည် ဝေဒနာသည်အဖြစ်သာ မှတ်ယူရတော့မှာဖြစ်ပါတယ်။

ပထမဆုံးအကြိမ်လေ့လာမှု ပြုလုပ်ချက်အရ ကင်ဆာရောဂါသည်များ အနေနဲ့အသက်၅နှစ်ကျော်ရှင်နိုင်တယ်ဆိုတာ ဖော်ထုတ်နိုင်ခဲ့ကြောင်း အမေရိကန်ကင်ဆာလူမှုအဖွဲ့အစည်းမှ Surveillance & Health Services Research Program ဒါရိုက်တာ ရီဘက်ကာဆာဂျီးလ်က ပြောကြားပါတယ်။ ရှေးဦးဖော်ထုတ်ချက်အရ ကင်ဆာဝေဒနာသည်များအနက် ၂၈ ရာခိုင်နှုန်း အသက်ရှင်နိုင်ပြီး နောက်ဆုံးဖော်ထုတ်ချက်အရ ၇၁ ရာခိုင်နှုန်းထိ အသက်ရှင်နိုင်ခြေရှိနေပြီဖြစ်ပါတယ်။

ကင်ဆာကြောင့် သေဆုံးမှုနှုန်းများ သိသိသာသာကျဆင်းလာတာကို တွေ့ရကြောင်း၊ ဆေးလိပ်သောက်မှု ကိုလျှော့ချနိုင်တဲ့အတွက် အဆုတ်ကင်ဆာဖြစ်ပွားမှု လျော့နည်းလာတာကိုလည်း တွေ့ရကြောင်း CDC's **ဌာနခွဲတာဝန်ခံ** Dr.Lisa Richardison ကပြောကြားလိုက်ပါတယ်။ ဆေးလိပ်သောက်သုံးခြင်းကြောင့် အဆုတ်ကင်ဆာကို အဓိကဖြစ်ပွားစေနိုင်သော်လည်း တစ်ဆင့်ခံဆေးလိပ်သောက်ခြင်းကြောင့်လည်း အမေရိကန် ၁၆၀၀၀မှ ၂၄၀၀၀ ခန့်မှာ အဆုတ်ကင်ဆာဖြစ်ပွားတာကို တွေ့ရှိခဲ့ရပါတယ်။ ကင်ဆာဖြစ်ပွားစေနိုင်တဲ့ အခြားအကြောင်း အရာများကတော့ အာဟာရချို့တဲ့မှု၊ အဝလွန်မှု၊ လေ့ကျင့်ခန်း မရှိမှုတို့ဘဲဖြစ်ပါတယ်။ ဒီလိုလူနေ မှုပုံစံကို ရှောင်ရှားရန်လိုအပ်တယ်လို့ Siegel ကပြောပါတယ်။

အမေရိကန်နိုင်ငံရဲ့ ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ ဥပဒေအရ ကျန်းမာရေးအာမခံချက်လည်းရရှိတဲ့အပြင် ကျန်းမာရေးစောင့်ရှောက်မှုများကို ပုံမှန်ပြုလုပ်ပေးနေပြီဖြစ်ရာ ရောဂါရှာဖွေစစ်ဆေးမှုများကိုလည်း ကုန်ကျစရိတ်မရှိဘဲ လုပ်ဆောင်နိုင်နေပြီဖြစ်ပါတယ်။ ကင်ဆာရောဂါစတင်ဖြစ်ပွားနေသည်ကို သိရှိတာနဲ့ တစ်ပြိုင်နက် အချိန်မီဆေးဝါးကုသမှုခံယူခြင်းဖြင့် ကင်ဆာဝေဒနာသည်အများစုဟာ သေမိန့်ကျခံရသူ မဟုတ်တော့ဘဲ ၅ နှစ်ကျော် အသက်ပိုမိုရှည်ခွင့်ရရှိနိုင်တဲ့ အလားအလာကောင်းများရှိနေပြီဖြစ်တယ်လို့ ဆိုပါတယ်။ **ပန်**

# အငန်ဓာတ်လွန်ကဲစွာပါဝင်သည့် မုန့်အမျိုးမျိုးကို စားသုံးသောဆယ်ကျော်သက်ရွယ်များ သွေးတိုးရောဂါဖြစ်ပွားနိုင်

အငန်ဓာတ်လွန်ကဲစွာပါဝင်သည့် မုန့်အမျိုးမျိုးကို စားသုံးသည့်ဆယ်ကျော်သက်ရွယ်လူငယ်များသည်အသက် ငယ်ရွယ်စဉ်မှာပင် သွေးတိုးရောဂါကို ခံစားရနိုင်ကြောင်း လေ့လာဆန်းစစ် ချက်တစ်ရပ်တွင် ဖော်ပြထားကြောင်း ရိုက်တာသတင်းဌာနက ထုတ်ဖော်ရေး သားခဲ့သည်။

အဆိုပါသုတေသနအဖွဲ့သည် အီတလီနိုင်ငံရှိအလယ်တန်းကျောင်း တစ်ကျောင်းမှ ကျောင်းသားကျောင်းသူများ၏ မုန့်အမျိုးမျိုးစားသုံးမှုကို လေ့လာခဲ့ရာတွင် တွေ့ရှိခဲ့ရခြင်းဖြစ်သည်ဟု ဆိုသည်။

ဆား သို့မဟုတ် ဆိုဒီယမ်အများ အပြားပါဝင်သည့်မုန့်အမျိုးမျိုးကို စားသုံးခြင်းသည် သွေးတိုးရောဂါကိုဖြစ်ပွားစေကြောင်း၊ သို့သော် ကလေးငယ်များတွင်မူ ဆားကို စားသုံးခြင်းဖြင့် ကလေးငယ်များအတွက် အာဟာရဓာတ်ကို ဖြည့်စွမ်းပေးနိုင်သည်ဟု ထင်မြင်ခဲ့ကြကြောင်းဖြင့် သုတေသီများက တင်ပြခဲ့ကြသည်။

“ကျွန်တော်တို့ရဲ့လေ့လာချက်မှာတော့ ဆိုဒီယမ်ဟာ နေ့စဉ်စားသုံးနေတဲ့မုန့်အမျိုးမျိုးမှာ ထက်ဝက်လောက်ပါနေပါတယ်”ဟု တိုရီနိုတက္ကသိုလ်မှ တာဝန်ရှိသူတစ်ဦးကပြောကြားခဲ့သည်။


အမေရိကန်နိုင်ငံရှိ ကလေးငယ်များအနေဖြင့် တစ်နေ့လျှင် ဆားကို ၂၃၀၀ မီလီဂရမ် စားသုံးပေးရမည်ဖြစ်ကြောင်း၊ အသက် ၆နှစ်မှ၁၈နှစ်အရွယ်အတွင်းရှိ လူငယ်လူရွယ်များသည် တစ်နေ့လျှင် ဆား ၃၃၀၀ မီလီဂရမ်ကို စားသုံးပေးရမည်ဖြစ်ကြောင်း အမေရိကန် နိုင်ငံရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ပေးရေးစင်တာမှ ပြောကြားချက်များအရ သိရသည်။

အာဖရိကနွယ်ဖွားအမေရိကန်လူမျိုးများနှင့် နာတာရှည်ရောဂါဝေဒနာများကို ခံစားနေရသည့်လူမမာများအနေဖြင့် တစ်နေ့လျှင် ဆား ၁၅၀၀ မီလီဂရမ်သာ စားသုံးသင့်သည်ဟု ဆို သည်။

တိုရီနိုတက္ကသိုလ်မှ လေ့လာတွေ့ ရှိချက်တွင်အဆိုပါအလယ်တန်းကျောင်းမှ ကျောင်းသူကျောင်းသားများသည် တစ်နေ့ လျှင် ဆား ၃ ဒသမ ၁ မီလီဂရမ်အထိ စားသုံးနေကြသဖြင့် ပုံမှန်စားသုံးသင့်သည်ထက် ပမာဏများပြားစွာ ပါဝင်နေသည်ကို လေ့လာတွေ့ရှိရကြောင်းဖြင့် ဖော်ပြထားသည်။ **MTD**

# (၇) နေ့ သားသမီးများအတွက်
## စီးပွားရေး အကြံပေး ဟောကိန်း
## ၂၃-၃-၂၀၁၅ မှ ၂၉-၃-၂၀၁၅ ရက်နေ့ထိ

**ဒေါ်မြတ်မြတ်အေး**
**(မြန်မာနိုင်ငံ ဝေဒသုတေသနအဖွဲ့)**




**တနင်္ဂနွေသားသမီးများအတွက်** မိတ်ဆွေများနှင့် တွဲဖက်လုပ်ကိုင်သောစီးပွားရေးလုပ်ငန်းများတွင် ထင်ပေါ်ကျော်စောမှုရှိနေမည်။ ဟိုတယ်လုပ်ငန်း၊ ရွှေတွင်းလုပ်ငန်း၊ ဓာတ်သတ္တုနှင့် ပတ်သက်သော စီးပွားရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းမှု အားကောင်းနေမည်။ ပညာရေးအောင်မြင်မှုရရှိလိမ့်မည်။ အချစ်ရေး၊ အိမ်ထောင်ရေးတို့တွင် အဆင်ပြေနေလိမ့်မည်။ ကျန်းမာရေးအနေဖြင့်အပူကြောင့်ဖြစ်သောဝေဒနာ သွေးတိုးခြင်း၊ အပြင်းဖျားခြင်း တိုက်ဖွိုက်ရောဂါများခံစားရတတ်ပါသည်။

**ယတြာ။ မိမိမွေးနေ့တွင် ရွှေထီးလှူပါ။**




**တနင်္လာသားသမီးများအတွက်** ဖွဲ့၊ သတ္တိနှင့် ကြိုးစားအားထုတ်မှုပေါ်မူတည်ပြီး စီးပွားရေးအောင်မြင်မှုရရှိလိမ့်မည်။ ရေထွက်ပစ္စည်းများ ထုတ်လုပ်ရောင်းဝယ်ပါက အောင်မြင်မှုရရှိမည်ဖြစ်ပါသည်။ ရေထွက်ပုလဲသန္တာများနှင့် စီးပွားဖြစ်ထွန်းလိမ့်မည်။ ပညာရေးတွင် အခက်အခဲမရှိအောင်မြင်လိမ့်မည်။ အချစ် ရေး၊ အိမ်ထောင်ရေးတွင် သည်းခံခွင့်လွှတ်ပြီး ညှိနှိုင်းဆွေးနွေးနိုင်လျှင် ပြေလည်မှုများရရှိပါလိမ့်မည်။ ကျန်းမာရေးအနေဖြင့် အရေပြားနှင့်ပတ်သက်သောရောဂါဖြစ်တတ်သည်။ စိုးရိမ်စရာမရှိပါ၊ ကုသပျောက်ကင်းနိုင်စွမ်းရှိပါသည်။

**ယတြာ။ မိမိမွေးနံထောင့်တွင် ယပ်အဖြူရောင်လှူပါ။**



**အင်္ဂါသားသမီးများအတွက်** ပူးတွဲ ပေါင်းစပ်ရှယ်ယာများနှင့် လုပ်ကိုင်သောကြီးမားသည့် စီးပွားရေးလုပ်ငန်းများတွင် အောင်မြင်မှုများရရှိပြီး ဝင်ငွေအားကောင်းနေတတ်ပါသည်။ ကုမ္ပဏီလုပ်ငန်း၊ ခရီးသွားလုပ်ငန်းများ အထူးအကျိုးပေးအားကောင်းနေမည်။ လူမှုရေး၊ ပညာရေးကောင်းနေမည်။ အချစ်ရေးနှင့် အိမ်ထောင်ရေးတွင် ပျော်ရွှင်စရာများကြုံဆုံနေရတတ်ပါသည်။ ကျန်းမာရေးအနေဖြင့် ထိခိုက်ဒဏ်ရာဖြစ်မှုကြောင့်ဝေဒနာခံစားရတတ်ပါသည်။

**ယတြာ။ မိမိမွေးနံထောင့်တွင် တံခွန်လှူပါ။**




**ဗုဒ္ဓဟူးသားသမီးများအတွက်** စာပေနှင့်ပတ်သက်သော စီးပွားရေးလုပ်ငန်း ပုံနှိပ်ခြင်း၊ စာပေထုတ်ဝေခြင်း၊ စာစောင်ဂျာနယ်များ ထုတ်လုပ် ခြင်းလုပ်ငန်းများ အကျိုးပေးအားကောင်းနေလိမ့်မည်။ အနုပညာလုပ်ငန်းများအဆင်ပြေမှုများမည်။ ပညာရေးဉာဏ် ထွန်းလင်းနေမည်။ အချစ်ရေးတွင် ချစ်သူ၏လှည့်စားမှုခံရတတ်သည်။ အိမ်ထောင်ရေးသင့်တင့်မှုရှိနေမည်။ ကျန်းမာရေးအနေဖြင့် အပူအအေး မညီမျှမှုကြောင့် အသံဝင်ခြင်း မျက်ရည်ပူကျခြင်း၊ ချောင်းဆိုးခြင်း၊ အဆုတ်အအေးမိသောဝေဒနာ ခံစားရတတ်ပါသည်။

**ယတြာ။ သောက်ရေသုံးရေများလှူဒါန်းပါ။**




**ကြာသပတေးသားသမီးများအတွက်** ဘာသာရေးနှင့်ပတ်သက်သော စီးပွားရေး လုပ်ငန်းများအောင်မြင်ဖြစ်ထွန်းနေတတ်ပါသည်။ နိုင်ငံခြားဆက်သွယ်ရေးလုပ်ငန်း သွင်းကုန်ထုတ်ကုန်လုပ်ငန်းများ အကျိုးပေး အားကောင်းနေမည်။ စီးပွားဖြစ်ထွန်းမည်၊ ဝင်ငွေကောင်းမည်။ ပညာရေး ထူးချွန်မည်။ အချစ်ရေးတွင် ဂုဏ်သိက္ခာထိန်းသိမ်းနေရတတ်သည်။ အိမ်ထောင်ရေးတွင်ပျော်ရွှင်မှုရှိနေမည်။ ကျန်းမာရေးအနေဖြင့်သင့်တင့်ကောင်းမွန်သောအနေအထားတွင် ရှိနေမည်။ အထွေအထူးရောဂါ မဖြစ်နိုင်ပါ။

**ယတြာ။ မိမိမွေးနေ့တွင်သင်္ကြားလှူပါ။**



**သောကြာသားသမီးများအတွက်** ယာဉ်နှင့်ပတ်သက်သော စီးပွားရေးလုပ်ငန်း ခရီးသွားလုပ်ငန်းများအောင်မြင်မည်။ ရတနာပစ္စည်းရောင်း ဝယ်ရေး၊ ကုမ္ပဏီလုပ်ငန်းများ အကျိုးပေးလိမ့်မည်။ ပညာဉာဏ် ထက်မြက်ဖွံ့ဖြိုးတိုးတက်နေမည်။ အချစ်ရေးတွင် ချစ်သူ၏အရေးဆိုခြင်းကိုလိုက်လျောရလိမ့်မည်။ ချစ်ခင်သူဝိုင်းဝိုင်းလည်နေတတ်သောကာလဖြစ်သည်။ ကျန်းမာရေးအနေဖြင့် အဆီအဆိမ့်စားများခြင်းကြောင့် ဝမ်းဗိုက်ဥပဒ်ပေးသော ဝေဒနာခံစားရမှုရှိတတ် ပါသည်။

**ယတြာ။ ဘုရားရှေ့တွင်ကောဇောအခင်းလှူပါ။**



**စနေသားသမီးများအတွက်** အလုပ်သမားများစွာနှင့် လုပ်ရသောလုပ်ငန်းစက်ရုံ အလုပ်ရုံလုပ်ငန်းများ အကျိုးပေးအားကောင်းနေတတ်ပါသည်။ ဘယဆေးနှင့်ပတ်သက်သောစီးပွားရေးလုပ်ငန်း ဆေးထုတ်လုပ်ခြင်း၊ ဆေးကုသခြင်း၊ ဆေးရောင်းခြင်းတို့မှ ဝင်ငွေအားကောင်းတတ်ပါသည်။ ဉာဏ်ကောင်းသည်နှင့်အမျှ ပညာရေးထူးချွန်နေမည်။ အချစ်ရေး၊ အိမ်ထောင်ရေးကံကောင်းနေ မည်။ ကျန်းမာရေးသင့်တင့်နေမည်။

**ယတြာ။ ဖိနပ်လှူပါ။**

# အချိန်အခါမဟုတ် မိုးကြောင့် ကိုင်းသီးနှံအထွက်နှုန်းကျ၍ တောင်သူများအရှုံးပေါ်



မကွေးမြို့နယ်မှ ကိုင်းတောင်သူများ ဒီဇင်ဘာလအတွင်းကရွာခဲ့သောမိုးကြောင့် သီးနှံအထွက်နှုန်းကျဆင်းကာ အရည်အသွေးနှင့် အရောင်အဆင်းညံ့ဖျင်းသဖြင့် ဈေးကွက်တွင် အရှုံးပေါ်ခဲ့ကြောင်း သိရသည်။

"ထောပတ်ပဲဆိုရင် မျိုးတစ်တင်း ကျပ် ၄၅၀၀၀ ထိပေးပြီး ဝယ်ခဲ့ရတာ၊ ပဲပေါ် တော့တစ်တင်း ကျပ် ၁၅၀၀၀ ပဲရတယ်။ ဒီဇင်ဘာလက အချိန်အခါမဟုတ်မိုးကြောင့် အထွက်နှုန်းက သုံးချိုးတစ်ချိုးထိ ကျသွားတယ်။ ထောပတ်ပဲမှာ တောင်သူတွေ အထိအနာဆုံးပဲ" ဟုမကွေးမြေနုကျွန်းတွင် စိုက်ပျိုးရေးလုပ်ကိုင်နေသော တောင်သူတစ်ဦးက ပြောသည်။

ယခုနှစ်တွင် ကုလားပဲအထွက်နှုန်းလျော့ကာ ပစ္စည်းလည်းရှားနေသည်။ မကွေးကမ်းနားလမ်းတွင် ပွဲရုံများရှိရာ ဝင်လာသော ကုလားပဲမှန်သမျှ အကုန်သိမ်းဝယ်နေကြသည်။ လက်ရှိကုလားပဲဈေးမှာ ဟော်လန်တစ်တင်း ကျပ် ၁၆၅၀၀နှင့် 929 တစ်တင်း ကျပ် ၁၅၉၀၀ ဈေးရှိသည်။ ဧပြီလအတွင်း ကုလားပဲဈေး တစ်တင်း ကျပ် ၂၀၀၀၀ အထိဈေးတက်လာနိုင်သည့် မျှော်လင့်ချက်ဖြင့် မြစ်ကြောင်းမှဝင်လာသော ကုလားပဲများကို သိမ်းကျုံးဝယ်ယူနေခြင်းဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ကျွန်းထွက်စားတော်ပဲတွေ တအားညံ့တယ်။ ဒီဇင်ဘာမိုးကြောင့် စားတော်ပဲတွေ အရည်အသွေးရော၊ အရောင်အဆင်းပါ ညံ့တယ်။ အထွက် နှုန်းလည်းကျတယ်။ ဒီနှစ်စားတော်ပဲဈေးက အသစ်ဆိုရင် ကျပ်၂၃၅၀၀-၂၂၅၀၀ အထိ ဈေးရှိတယ်။ အဟောင်းဈေးက ကျပ် ၂၅၀၀၀ ရှိတယ်။ ရန်ကုန်ဝယ်လက်က အသစ်မကြိုက်ဘူး။ ပဲဟောင်း ကျပ် ၂၅၀၀၀ ကို ရှယ်ဝယ်တယ်။ နေကြာကတော့ သီးနှံမအောင်မြင်တဲ့အတွက် ဈေးကွက်တစ်ခုအနေနဲ့ ဖန်တီးပြီး ရောင်းဝယ်ဖို့ခက်နေတယ်။ ပဲလွန်းက အရည်အသွေးမဆိုးဘူး။ အလုံးညှက်သွားတာတော့ ရှိတယ်။ သို့သော်ဈေးက ကျနေတယ်။ ယမန်နှစ်ကတော့ ကျပ် ၁၈၀၀၀၊ ၁၇၅၀၀ ဈေးရှိတယ်။ ခုနှစ်မှာ ကျပ် ၁၄၀၀၀ ဈေးပဲရှိတယ်။ ပြီးတော့ နှမ်းဈေးလည်းကျတယ်။ ကျပ် ၃၀၀၀၀ တစ် ပတ်လည်ပဲရှိတယ်။ အောင်လံနဲ့ တောင်တွင်းကြီးကဝင်တဲ့ နယ်စတွေ ဆိုရင် ကျပ် ၂၉၅၀၀၊ ၂၉၃၀၀ ပဲရှိတယ်။ သိပ္ပံနှမ်း နက်ကတော့ ဈေးမကျဘူး ကျပ် ၆၁၀၀၀၊ ၆၂၀၀၀ ရှိတယ်။ ဆီစက်သမားတွေကလည်း နှမ်းကို တအားကြီး မဝယ်ဘူး။ လိုသလောက်ပဲဝယ်တယ်။ ဈေးကျနေတဲ့ အတွက် ရောင်းသူကလည်း ထိန်းရောင်းနေတယ်။ မြေပဲဆန်ကတော့ ဈေးမာ နေဆဲပါ။ ဆီဆန် တစ်ပိဿာ ကျပ် ၁၉၀၀၊ လုံးဆန် ကျပ် ၂၁၀၀၊ ၂၂၀၀ ရှိတယ်။ အချုပ်ကတော့ ကိုင်းတောင်သူတွေ ယမန်နှစ်ကလောက် ဈေးမရကြဘူး။ ဈေးညံ့ အထွက်ညံ့၊ အရည်အသွေးညံ့ ဆိုတော့ကာ "ပစ္စည်းကောင်းမှဈေးရတာ" ဟု မကွေးဒေသခံ ဝယ်ရောင်းသမားတစ်ဦးကသုံးသပ်ဝေ ဖန်သည်။

**နေလင်းသူရိန်**

# တီအန်ကျင်းစီးပွားရေးလုပ်ငန်းရှင်များနှင့် မြန်မာ့စီးပွားရေးလုပ်ငန်းရှင်များ နားလည်မှုစာချွန်လွှာလက်မှတ်ရေးထိုး




တရုတ်နိုင်ငံ၊ တီအန်ကျင်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသမှ စီးပွားရေးလုပ်ငန်းရှင် ၄၀ဦးတို့နှင့် မြန်မာ့စီးပွားရေးလုပ်ငန်းရှင်တို့၏ စီးပွားရေးလုပ်ငန်းများနှင့် စက်မှုလုပ်ငန်းဆိုင်ရာ စီမံကိန်းများကို သုံးနှစ်အတွင်း အကောင်အထည်ဖော်နိုင်ရေးအတွက် သဘောတူညီချက်လေးရပ်ကို လက်မှတ်ရေးထိုးခဲ့ကြကြောင်း သိရသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလုပ်ငန်းရှင်များအသင်းချုပ်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတီအန်ကျင်းဒေသန္တရ ပြည်သူ့အစိုးရ (State-Owned Assets Supervision and Administration Commission of Tianjin Municipal People's Government) တို့ ပူးပေါင်း၍ Yangon(Myanmar)-Tianjin (China) Business Matching ကို မတ် ၁၀ ရက်ကပြုလုပ်ခဲ့ရာ ယင်းအခမ်းအနားတွင် လက်မှတ်ရေးထိုးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ သဘောတူညီချက်လေးရပ်ကို UMFCCI လက်အောက်ရှိ စီးပွားရေးလုပ်ငန်းရှင်များနှင့် တီအန်ကျင်းအစိုးရလက်အောက်ရှိ ကုမ္ပဏီ ၂၄ ခုတို့က လက်မှတ်ရေးထိုးခဲ့ကြခြင်းဖြစ်သည်။

နှစ်နိုင်ငံစီးပွားရေးဆိုင်ရာ သဘောတူညီချက်လေးရပ်အဖြစ် နှစ်နိုင်ငံအစိုးရများအချင်းချင်း ဆက်ဆံရေး၊ ပူးပေါင်းဆောင်ရွက်ရေးအားကောင်းလာစေရန်၊ UMFCCI နှင့် တီအန်ကျင်းအစိုးရကြားတွင်ရှိသော လုပ်ငန်းကုမ္ပဏီအချင်းချင်း ပူးပေါင်းဆောင်ရွက်မှုအားမြှင့်တင်ခြင်း၊ မြန်မာနိုင်ငံနှင့် တီအန်ကျင်းတို့ကြားရှိ ကုန်သွယ်မှုနှင့်ရင်းနှီးမြှုပ်နှံမှုတို့ကို တိုးမြှင့်ရန်နှင့် မြန်မာနိုင်ငံ၏စက်မှုလုပ်ငန်း၊ ဆောက်လုပ်ရေးစီမံကိန်းများအား ပူးပေါင်းဆောင်ရွက်ပြီး ရင်းနှီးမြှုပ်နှံမှုကို တိုးမြှင့်လုပ်ဆောင်ရန်တို့ဖြစ်သည်။

**မယ်သီတာ**

➲ စာမျက်နှာ ၂၃ မှအဆက်

ဇူလိုင်လလယ်ရောက်မှ မိုးရွာသွန်းမှုများ စတင်အားကောင်းလာပြီး ထိုအချိန်ကျမှ စိုက်ပျိုးမှုလုပ်ငန်းစဉ်များကို စတင်ခဲ့ရခြင်းဖြစ်သည်။ အောက်တိုဘာလနှင့် နိုဝင်ဘာလလယ်တွင် ခြောက်သွေ့ပူပြင်းခဲ့သည့်အတွက် အခက်အခဲ အနည်းငယ်ရှိခဲ့သည်။ ဇူလိုင်လ ဒုတိယသီတင်းပတ်တွင် ပဲစင်းငုံနီကို စတင်စိုက်ပျိုးခဲ့ပြီး ဩဂုတ်လ ၃ ရက်နေ့တွင် စိုက်ပျိုးမှုအများစုပြီးစီးခဲ့သည်။ ဒီဇင်ဘာလတွင် ပူပြင်းခြောက်သွေ့ခဲ့မှုသည် ပဲပင်များ ကြီးထွားရင့်သန်ရန်နှင့် ရိတ်သိမ်းမှုများအတွက် အခြေအနေကောင်းကို ပံ့ပိုးပေးခဲ့သည်။ ရာသီဥတုမှာ ပူပြင်းခြောက်သွေ့နေပြီး မြေဆီလွှာမှာလည်း စက်နှင့် ရိတ်သိမ်းမှုများပြုလုပ်ရန် တောင့်ခံနိုင်အားရှိသည့်အတွက် ရိတ်သိမ်းမှုများကို စတင်ခဲ့ပြီး ဆက်လက်ပြုလုပ်လျက်ရှိသည်။ ကာနာတာကာနှင့် အန်ဒရာပရာဒေ့ရှ်ပြည်နယ်များတွင် ရိတ်သိမ်းမှုများကို အချိန်မှန် လုပ်ဆောင်နိုင်ခဲ့သော်လည်း မိုးရွာသွန်းမှုမရှိခဲ့သည့်အတွက် အထွက်နှုန်းလျော့ကျခဲ့သည်။ မဟာသျှတ္တရ၊ မဒ္ဒရာပရာဒေ့ရှ်နှင့် တောင်ပိုင်းပဲစိုက်ပျိုးသည့်ပြည်နယ်များတွင် နိုဝင်ဘာလနှောင်းပိုင်းနှင့် ဒီဇင်ဘာလဆန်းပိုင်း၌ အနည်းငယ်ရွာ သွန်းခဲ့သော မိုးများက ထိုပြည်နယ်များတွင် စိုက်ပျိုးသော ပဲများကို အကျိုးပြုခဲ့သည်။ မဒ္ဒရာ ပရာဒေ့ရှ်နှင့် ဥတ္တရာပရာဒေ့ရှ်ပြည်နယ်များတွင် ဒီဇင်ဘာလအတွင်း ရွာသွန်းခဲ့သော မိုးများကြောင့် ရိတ်သိမ်းမှု များ နှောင့်နှေးကြန့်ကြာမှုဖြစ်ပေါ်နေသော်လည်း အထွက်နှုန်းကို ပြန်လည်အဖတ်ဆယ်နိုင်ခဲ့သည်။

ယခု ၂၀၁၄ ခုနှစ်တွင် အိန္ဒိယ၏ ပဲစင်းငုံနီစိုက်ဧရိယာ စုစုပေါင်းမှာ ယခင်နှစ်ကနှင့် နှိုင်းယှဉ်ပါက ၈ ရာခိုင်နှုန်း ကျဆင်းသွားခဲ့သဖြင့် အထွက်နှုန်းမှာ ယမန်နှစ်အောက် ၁၇ ရာခိုင်နှုန်း နိမ့်ဆင်းသွားနိုင်ပြီး ထုတ်လုပ်အားမှာလည်း ယခင်နှစ်အောက်သို့ ၂၄ ရာခိုင်နှုန်း **ကျဆင်းသွားမည်ဟု** ခန့်မှန်းထားသည်။ GGN ၏ စစ်တမ်းအရ ယခုနှစ်တွင် ပဲစင်းငုံနီ ဟက်တာ ၃၅၆၃၀၀၀ ခန့်သာ စိုက်ပျိုးနိုင်ခဲ့ပြီး ယမန်နှစ်က ၃၈၅၄၀၀၀ ခန့် စိုက်ပျိုးနိုင်ခဲ့သည်။

# မြို့ကြီးများ၏ ၂၃-၃-၂၀၁၅ မှ ၂၇-၃-၂၀၁၅ နေ့အထိ မိုးလေဝသခန့်မှန်းချက်

| မြို့ | တနင်္လာ(၂၃-၃-၂၀၁၅) | အင်္ဂါ(၂၄-၃-၂၀၁၅) | ဗုဒ္ဓဟူး(၂၅-၃-၂၀၁၅) | ကြာသပတေး(၂၆-၃-၂၀၁၅) | သောကြာ(၂၇-၃-၂၀၁၅) |
|---|---|---|---|---|---|
| နေပြည်တော် | နေသာ ၃၉°C/၁၀၃°F | နေသာ ၃၉°C/၁၀၂°F | နေသာ ၃၆°C/၉၇°F | နေသာ ၃၇°C/၉၈°F | နေသာ ၃၇°C/၉၉°F |
| ရန်ကုန်မြို့ | နေသာ ၃၈°C/၁၀၀°F | နေသာ ၃၇°C/၉၉°F | ၄၀% ၃၆°C/၉၇°F | နေသာ ၃၇°C/၉၉°F | နေသာ ၃၇°C/၉၉°F |
| မန္တလေးမြို့ | နေသာ ၄၀°C/၁၀၄°F | နေသာ ၄၁°C/၁၀၅°F | နေသာ ၃၉°C/၁၀၃°F | နေသာ ၃၉°C/၁၀၃°F | နေသာ ၃၉°C/၁၀၂°F |
| မြစ်ကြီးနား | နေသာ ၃၈°C/၁၀၀°F | နေသာ ၃၉°C/၁၀၃°F | နေသာ ၃၉°C/၁၀၃°F | နေသာ ၃၇°C/၉၉°F | နေသာ ၃၇°C/၉၉°F |
| လားရှိုး | နေသာ ၃၄°C/၉၄°F | နေသာ ၃၄°C/၉၃°F | ၅၀% ၃၁°C/၈၈°F | နေသာ ၃၁°C/၈၈°F | နေသာ ၃၂°C/၈၉°F |
| ကျိုင်းတုံ | နေသာ ၃၄°C/၉၄°F | နေသာ ၃၂°C/၈၉°F | ၆၀/ ၂၈°C/၈၃°F | ၃၀% ၂၉°C/၈၅°F | ၅၀% ၃၁°C/၈၇°F |
| လွိုင်ကော် | နေသာ ၃၃°C/၉၂°F | နေသာ ၃၄°C/၉၃°F | ၅၀% ၂၉°C/၈၅°F | ၄၀% ၃၁°C/၈၈°F | ၄၀% ၃၁°C/၈၈°F |
| တောင်ကြီး | နေသာ ၂၉°C/၈၄°F | နေသာ ၂၈°C/၈၃°F | ၃၀% ၂၇°C/၈၀°F | ၃၀% ၂၆°C/၇၉°F | ၄၀% ၂၇°C/၈၀°F |
| မော်လမြိုင် | ၄၀% ၃၅°C/၉၅°F | နေသာ ၃၅°C/၉၅°F | ၅၀% ၃၄°C/၉၄°F | နေသာ ၃၇°C/၉၉°F | နေသာ ၃၇°C/၉၉°F |
| ဘားအံ | ၄၀% ၃၆°C/၉၇°F | နေသာ ၃၆°C/၉၇°F | ၄၀% ၃၆°C/၉၆°F | နေသာ ၃၇°C/၉၈°F | နေသာ ၃၇°C/၉၉°F |
| တောင်ငူ | နေသာ ၃၉°C/၁၀၂°F | နေသာ ၃၉°C/၁၀၂°F | နေသာ ၃၇°C/၉၈°F | နေသာ ၃၈°C/၁၀၀°F | နေသာ ၃၈°C/၁၀၀°F |
| မုံရွာ | နေသာ ၃၉°C/၁၀၃°F | နေသာ ၄၀°C/၁၀၄°F | နေသာ ၄၀°C/၁၀၄°F | နေသာ ၃၉°C/၁၀၃°F | နေသာ ၃၉°C/၁၀၃°F |
| ပုသိမ် | နေသာ ၃၇°C/၉၈°F | နေသာ ၃၇°C/၉၉°F | နေသာ ၃၇°C/၉၉°F | ၄၀% ၃၇°C/၉၉°F | ၅၀% ၃၇°C/၉၉°F |
| မြိတ် | ၅၀% ၃၃°C/၉၂°F | ၈၀% ၃၄°C/၉၃°F | ၈၀% ၃၄°C/၉၄°F | နေသာ ၃၄°C/၉၄°F | နေသာ ၃၄°C/၉၄°F |
| စစ်တွေ | နေသာ ၃၁°C/၈၈°F | နေသာ ၃၂°C/၈၉°F | နေသာ ၃၁°C/၈၇°F | တိမ်အသင့်အတင့် ၃၁°C/၈၇°F | တိမ်အသင့်အတင့် ၃၂°C/၉၀°F |
| မကွေး | ၅၀% ၃၃°C/၉၂°F | ၈၀% ၃၃°C/၉၁°F | ၈၀% ၃၃°C/၉၀°F | ၈၀% ၃၃°C/၉၁°F | ၆၀% ၃၃°C/၉၂°F |
| ဖလမ်း | နေသာ ၂၉°C/၈၅°F | နေသာ ၃၀°C/၈၆°F | နေသာ ၂၈°C/၈၃°F | တိမ်အသင့်အတင့် ၂၈°C/၈၃°F | တိမ်အသင့်အတင့် ၂၇°C/၈၁°F |



## ဗင်နွာတူနိုင်ငံတွင် မုန်တိုင်းတိုက်ခတ်ပြီးနောက် စားနပ်ရိက္ခာများ ပြတ်လပ်လျက်ရှိ

ပြီးခဲ့သည့်မတ် ၁၃ရက်မှ ၁၄ရက်အထိ တိုက်ခတ်ခဲ့သည့် အင်အားအလွန်ပြင်းထန်သည့်မုန်တိုင်းပန်မ်ကြောင့် ဗင်နွာတူနိုင်ငံတွင် ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့ရကြောင်း သိရသည်။

အဆိုပါမုန်တိုင်းသည် ဗင်နွာတူနိုင်ငံ၏ သုံးပုံနှစ်ပုံကျော်ခန့်ကို တိုက်ခတ်ခဲ့ခြင်းဖြစ်သည်။ ထို့ပြင် မုန်တိုင်းတိုက်ခတ်ခံရသည့် ဒေသများတွင် စားနပ်ရိက္ခာပြတ်လပ်မှုများလည်းဖြစ်ပေါ်လျက်ရှိကြောင်း ဒေသဆိုင်ရာသတင်းများတွင် ဖော်ပြထားသည်။

မုန်တိုင်းတိုက်ခတ်မှုကြောင့် လူပေါင်း သုံးသောင်းကျော်မှာ အိုးမဲ့အိမ်မဲ့များဖြစ်ခဲ့ရပြီး ကျန်နေအိမ်များမှာလည်း ၈၀ ရာခိုင်နှုန်းခန့် ပျက်စီးခဲ့ရကြောင်းဖြင့် ဗင်နွာတူနိုင်ငံသဘာဝဘေးအန္တရာယ်ကာကွယ်တားဆီးရေးအဖွဲ့က ထုတ်ဖော်ပြောကြားခဲ့သည်။


တစ်နာရီလျှင် ကီလိုမီတာ ၃၀၀ (၁၈၅မိုင်) နှုန်းတိုက်ခတ်ခဲ့သည့် အဆိုပါမုန်တိုင်းကြောင့် အနည်းဆုံးလူ ၁၁ ဦးသေဆုံးခဲ့ပြီး သေဆုံးသူအရေအတွက် ထပ်မံတိုးလာနိုင်ကြောင်း၊ လူနေအိမ်များ အများအပြားပျက်စီးသည့်အပြင် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများလည်း အများအပြားပျက်စီးဆုံးရှုံးမှုနှင့် ကြုံတွေ့ခဲ့ရကြောင်း၊ ယင်းဖြစ်ရပ်များကြောင့် စားနပ်ရိက္ခာပြတ်လပ်မှုများ ဖြစ်ပေါ်ကာ ဘေးဒုက္ခများနှင့်ရင်ဆိုင်နေရကြောင်း ကုလသမဂ္ဂလူသားချင်း စာနာထောက်ထားမှုဆိုင်ရာအဖွဲ့က ထုတ်ဖော်ကြေညာခဲ့သည်။

ကုလသမဂ္ဂလူသားချင်း စာနာထောက်ထားမှုဆိုင်ရာအဖွဲ့မှ ကယ်ဆယ်ရေးလုပ်သားများကို စေလွှတ်လျက်ရှိပြီး ဗင်နွာတူနိုင်ငံ၏မြို့တော်ဖြစ်သည့် ပို့တ်ဗီလာတွင် ကယ်ဆယ်ရေးလုပ်ငန်းများကို စတင်လုပ်ဆောင်နေပြီဖြစ်ကြောင်း သိရသည်။

ထို့ပြင် အဆိုပါ ကယ်ဆယ်ရေးအဖွဲ့သည် C130 လေယာဉ်နှစ်စင်းဖြင့် စားနပ်ရိက္ခာများ၊ အရေးပေါ်ကူညီကယ်ဆယ်ရေးပစ္စည်းများနှင့်အတူ အင်ဂျင်နီယာများကိုလည်း မြို့တော် ဗီလာသို့ စေလွှတ်ပေးလျက်ရှိကြောင်း အဆိုပါအဖွဲ့မှ တာဝန်ရှိသူတစ်ဦးဖြစ်သည့် ဆူနီက ပြောကြားခဲ့သည်။

**မယ်သီတာ**

# မီးခိုးငွေ့များရောက်ရှိလာသည့်အတွက် အိမ်နီးချင်းနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်ကြရန် ထိုင်းဝန်ကြီးချုပ် ညွှန်ကြား




ထိုင်းနိုင်ငံဝန်ကြီးချုပ် ပရာယွတ်ချန်အိုချာက မိမိနိုင်ငံတွင်းသို့ မီးခိုးငွေ့များ ရောက်ရှိလာခြင်းအတွက် အိမ်နီးချင်းနိုင်ငံများနှင့်ပူးပေါင်းဆောင်ရွက်ကြရန် ၎င်း၏အစိုးရအဖွဲ့များအား တိုက်တွန်းပြောကြားလိုက်ကြောင်း ဗန်ကောက်ပို့စ်သတင်းတွင် ဖော်ပြထား သည်။

ထိုင်းနိုင်ငံ၏ မြောက်ပိုင်းပြည်နယ်များတွင် မီးခိုးငွေ့များရှိနေခြင်းကြောင့် အဆိုပါဒေသတွင် နေထိုင်ကြသည့် အာဏာပိုင်များအနေနှင့် ဒေသနှင့်နီးစပ်သည့် အိမ်နီးချင်းနိုင်ငံများမှ တာဝန်ရှိသူများ နှင့်ပူးပေါင်းဆောင်ရွက်ရန်နှင့် ရေတိုရေရှည်စီမံချက်များချမှတ်ဆောင်ရွက်ရန်လိုကြောင်း ဗိုလ်ချုပ်ကြီးချန်အိုချာက ပြောကြားခဲ့သည်။

"မြောက်ပိုင်းဒေသတွေမှာ မီးခိုးတွေရှိနေတာကြောင့် နိုင်ငံခြားသားခရီးသည်တွေ ဝင်ရောက်လာမှုကို ဟန့်တားရာ ရောက်စေပါတယ်။ အဲဒီလို နိုင်ငံခြားသားဝင်ရောက်မှုတွေ ကျဆင်းသွားရင် နိုင်ငံရဲ့ စီးပွားရေးဟာလည်း ကျဆင်းသွားပါလိမ့်မယ်။ ပြည်တွင်းမှာ တောမီးလောင်ကျွမ်းတာတွေ၊ လယ်မြေကို မီးရှို့မှုတွေကို တားမြစ်နိုင်ဖို့အတွက် စည်းရုံးလုပ်ဆောင်ရာမှာ ခက်ခဲပါလိမ့်မယ်။

ဒါကြောင့် အာဏာပိုင်တွေအနေနဲ့ ဥပဒေနဲ့တားမြစ်တာမျိုးကို အလေ့အကျင့်ရအောင်လုပ်ဖို့ လိုအပ်ပါလိမ့်မယ်"ဟု ၎င်းက ပြောကြားခဲ့သည်။

ထို့ပြင် ဗိုလ်ချုပ်ကြီးချန်အိုချာက သဘာဝအရင်းအမြစ်များ စီမံခန့်ခွဲရေးနှင့်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ဝန်ကြီးကိုလည်း အဆိုပါမီးခိုးငွေ့များနှင့်ပတ်သက်၍ တာဝန်ယူဖြေရှင်းပေးရန် ပြောကြားခဲ့ကြောင်း သိရသည်။

ပြီးခဲ့သည့်နှစ် နိုဝင်ဘာလအတွင်းက မဟာမဲခေါင်ဒေသခွဲနိုင်ငံများအနေဖြင့် မီးခိုးငွေ့များ လျော့ပါးစေရေးအတွက် ပူးပေါင်းလုပ်ဆောင်ကြရန် သဘောတူညီမှုများ ပြုလုပ်ထားခဲ့ကြကြောင်း အဆိုပါသတင်းတွင် ဖော်ပြထားသည်။

**မယ်သီတာ**

Domestic Sport News
Vol: 15, No.12 Monday March 23 2015

# အိန္ဒိယအသင်းကို ဂိုးပြတ်သွင်းယူပြီး မြန်မာအမျိုးသမီးအသင်း အုပ်စုဒုတိယအဆင့်သို့တက်လှမ်း ထိုင်း၊ ဗီယက်နမ်၊ ဂျော်ဒန်အသင်းတို့နှင့် တစ်အုပ်စုတည်းကျနေ

ဘရာဇီးနိုင်ငံ၊ ရီအိုဒီဂျနေးရိုးမြို့၌ကျင်းပမည့် နွေရာသီအိုလံပစ်ပြိုင်ပွဲအတွက် အာရှဇုန် ခြေစစ်ပွဲများကို ကျင်းပလျက်ရှိရာ မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပလျက်ရှိသည့် အမျိုးသမီး ဘောလုံးပွဲစဉ် အုပ်စု(က) ခြေစစ်ပွဲတွင် မြန်မာ့လက်ရွေးစင်အမျိုးသမီးအသင်းသည် အိန္ဒိယအသင်းကို ခုနစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ယူကာ ခြေစစ်ပွဲ ဒုတိယအဆင့်ကို တက်လှမ်းသွားခဲ့ပြီဖြစ်သည်။

မြန်မာအသင်းအတွက် အနိုင်ဂိုးများကို ခင်မိုးဝေက တစ်ဂိုး(၈မိနစ်)၊ ခင်မာလာထွန်းက နှစ်ဂိုး(၁၅၊ ၆၁မိနစ်)၊ နော်အားလိုဝါးဖောကတစ်ဂိုး(၂၁မိနစ်)၊ ရိရိဦးက နှစ်ဂိုး(၂၈၊ ၇၇မိနစ်)၊ ဝင်းသိင်္ဂီထွန်းက တစ်ဂိုး(၉၂မိနစ်) စုစုပေါင်း ခုနစ်ဂိုး သွင်းယူကာ အုပ်စုဒုတိယအဆင့်ခြေစစ်ပွဲသို့ တက်ရောက်သွားခဲ့ခြင်းဖြစ်သည်။

အုပ်စု(က)ပွဲစဉ်များနှင့် အတူတူကျင်းပခဲ့သည့် အုပ်စု(ခ)ပွဲစဉ်များတွင် ဂျော်ဒန်အသင်းက ဥဇဘက်ကစ္စတန်အသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သဖြင့် ဂျော်ဒန်အသင်းက သုံးပွဲကစား သုံးပွဲနိုင်ဖြင့် အုပ်စုဒုတိယအဆင့်သို့ တက်လှမ်းနိုင်ခဲ့သည်။

မြန်မာအသင်းသည် အုပ်စုဒုတိယအဆင့်တွင် ဗီယက်နမ်၊ ထိုင်း၊ ဂျော်ဒန်နှင့်အုပ်စု(ဂ)မှ တက်ရောက်လာမည့် အသင်းတစ်သင်းနှင့် ခြေစစ်ပွဲကို ဆက်လက်ယှဉ်ပြိုင်ရမည်ဖြစ်သည်။

အုပ်စု(ဂ)ပွဲစဉ်များကို တရုတ်(တိုင်ပေ)တွင် မတ်လ ၂၀ရက်နေ့မှစတင်၍ ကျင်းပမည်ဖြစ်ရာ အဆိုပါအုပ်စု(ဂ)တွင် အိမ်ရှင်တရုတ်(တိုင်ပေ)၊ အီရန်နှင့် လာအိုနိုင်ငံတို့ ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

အဆိုပါ အုပ်စု(ဂ)တွင် အိမ်ရှင်တရုတ်(တိုင်ပေ)အသင်းမှ ခြေစစ်ပွဲအောင်မြင်ရန် ရေပန်းအစားဆုံးဖြစ်နေကြောင်း သိရသည်။



မတ်လ ၂၀ ရက်တွင် လာအိုနှင့် တရုတ်(တိုင်ပေ)တို့ ယှဉ်ပြိုင်ကစားကြရာ တရုတ်(တိုင်ပေ)က လာအိုကို လေးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။ မတ် ၂၂ရက်တွင် အီရန်နှင့် လာအို၊ မတ် ၂၄ ရက်တွင် အိမ်ရှင် တရုတ်(တိုင်ပေ)နှင့် အီရန်တို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

နွေရာသီအိုလံပစ် ခြေစစ်ပွဲအတွက် အုပ်စု(က)နှင့်အုပ်စု(ခ)တို့ ယှဉ်ပြိုင်အပြီးတွင် မြန်မာ့လက်ရွေးစင်အသင်းမှ ခင်မိုးဝေနှင့် ဝင်းသိင်္ဂီထွန်းတို့က ခြောက်ဂိုးစီသွင်းယူထားခဲ့သဖြင့် ၎င်းတို့နှစ်ဦးအား ဂိုးသွင်းအများဆုံး ကစားသမားများအဖြစ် မှတ်တမ်းတင်ခံထားရသည်။

အုပ်စု ဒုတိယအဆင့် ခြေစစ်ပွဲများကို စက်တင်ဘာလ ၁၄ရက်မှ ၂၂ရက်အထိ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သော်လည်း ကျင်းပမည့်နေရာကိုမူ ရွေးချယ်ထားခြင်းမရှိသေးကြောင်း သိရသည်။

**အုပ်စု(က)**

| အသင်း | ပွဲ | နိုင် | သရေ | ရှုံး | ရဂိုး | ပေးဂိုး | ရမှတ် |
|---|---|---|---|---|---|---|---|
| မြန်မာ | ၂ | ၂ | ၀ | ၀ | ၂၃ | ၀ | ၆ |
| အိန္ဒိယ | ၂ | ၁ | ၀ | ၁ | ၄ | ၇ | ၃ |
| သီရိလင်္ကာ | ၂ | ၀ | ၀ | ၂ | ၀ | ၂၀ | ၀ |

**အုပ်စု(ခ)**

| အသင်း | ပွဲ | နိုင် | သရေ | ရှုံး | ရဂိုး | ပေးဂိုး | ရမှတ် |
|---|---|---|---|---|---|---|---|
| ဂျော်ဒန် | ၃ | ၃ | ၀ | ၀ | ၉ | ၀ | ၉ |
| ဥဇဘက် | ၃ | ၂ | ၀ | ၁ | ၇ | ၂ | ၆ |
| ဟောင်ကောင် | ၃ | ၀ | ၁ | ၂ | ၂ | ၄ | ၁ |
| ပါလက်စတိုင်း | ၃ | ၀ | ၁ | ၂ | ၂ | ၁၄ | ၁ |



# အဝေးကွင်းတွင် ရောဝတီအသင်း နိုင်ပွဲစယူ ရတနာပုံအသင်း အိမ်ကွင်းတွင် သုံးမှတ်စတင်ရရှိ

အေအက်ဖ်စီဖလားဘောလုံးပြိုင်ပွဲ အုပ်စု(ဆ)ပွဲစဉ်အဖြစ် ရတနာပုံအသင်းနှင့် ဖိလစ်ပိုင်ကလပ် ဂလိုဘယ်အသင်းတို့ မတ် ၁၇ရက်က ရတနာပုံအသင်း၏ အိမ်ကွင်းဖြစ်သည့် မန္တလာသီရိအားကစားကွင်း၌ ယှဉ်ပြိုင်ကစားခဲ့ကြသည်။

အဆိုပါပွဲတွင် ရတနာပုံအသင်းက ဂလိုဘယ်အသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။ ရတနာပုံအသင်းအတွက်အနိုင်ဂိုးများကို ပွဲချိန် ၅၁ မိနစ်တွင် တိုက်စစ်မှူး မက်ဆီမင်က သွင်းယူပေးခဲ့ပြီး ဒုတိယပိုင်းပွဲပြီးခါနီးတွင် ဝင်းဌေးကျော်က ဒုတိယဂိုးကို သွင်းယူပေး ခဲ့သည်။

ရတနာပုံအသင်းသည် သုံးပွဲကစားရာတွင် တစ်ပွဲနိုင်၊ နှစ်ပွဲရှုံးဖြင့် သုံးမှတ်စတင်ရရှိခဲ့သည်။ ရတနာပုံအသင်းသည် ဧပြီ ၁၅ ရက်တွင် ဂလိုဘယ်အသင်းနှင့် အဝေးကွင်းတွင် သွားရောက်ယှဉ်ပြိုင်ရမည်ဖြစ်ပြီး ဧပြီ ၂၉ရက်တွင် ပါဟန်းအသင်းနှင့်အဝေးကွင်းတွင် သွားရောက်ယှဉ်ပြိုင်ရမည်ဖြစ်သည်။ ထို့ပြင် မေ ၁၃ ရက်တွင် ဆောက်သ်ချိုင်းနားအသင်းကို အိမ်ကွင်းတွင် လက်ခံကစားရမည်ဖြစ်သည်။

အုပ်စု(ဇ)ပွဲစဉ်အဖြစ် အဝေးကွင်း၌ သွားရောက်ယှဉ်ပြိုင်ကစားခဲ့သည့် ရောဝတီယူနိုက်တက်အသင်းသည် နယူးရေးဒီးယန့်အသင်းကို သုံးဂိုးပြတ်ဖြင့် အနိုင်ယူကာ အဝေးကွင်းနိုင်ပွဲ စတင်ရယူနိုင်ခဲ့သည်။ ရောဝတီယူနိုက်တက်အသင်းသည် သုံးပွဲကစားအပြီးတွင် တစ်ပွဲနိုင်၊ နှစ်ပွဲသရေ ငါးမှတ်ဖြင့် အုပ်စုဒုတိယနေရာတွင် ရပ်တည်လျက်ရှိသည်။

ရောဝတီအသင်းသည် ဧပြီ ၁၅ ရက်တွင် နယူးရေးဒီးယန့်အသင်းနှင့် ဧပြီ ၂၉ ရက်တွင် လာအိုတိုယိုတာအက်ဖ်စီအသင်းတို့ကို အိမ်ကွင်းတွင် လက်ခံကစားရမည်ဖြစ်ပြီး မေ ၁၃ ရက်တွင် ပါဆစ်ဘန်ဒန်အသင်းနှင့် အဝေးကွင်းတွင် သွားရောက်ယှဉ်ပြိုင်ရမည်ဖြစ်သည်။ ရောဝတီအသင်းနှင့် ရတနာပုံနှစ်သင်းစလုံးအနေဖြင့် လက်ကျန်ပွဲစဉ်များတွင် အခြေအနေကောင်းမှသာ အုပ်စုအဆင့်မှလွတ်မြောက်နိုင်မည်ဖြစ်သည်။

# ဆီးဂိမ်းပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာအားကစားအဖွဲ့ ၁၈ ဖွဲ့ တရုတ်နိုင်ငံသို့ သွားရောက်လေ့ကျင့်မည်

စင်ကာပူနိုင်ငံတွင် ကျင်းပမည့် (၂၈)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာအားကစားအဖွဲ့ ၁၈ဖွဲ့တို့သည် တရုတ်နိုင်ငံသို့ သွားရောက်၍ လေ့ကျင့်မှုများ ပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။

ယင်းကဲ့သို့ သွားရောက်လေ့ကျင့်ခြင်းသည် နှစ်နိုင်ငံသဘောတူညီမှုအစီအစဉ်အရ သွားရောက်လေ့ကျင့်ခြင်းမဟုတ်ဘဲ အားကစားဝန်ကြီးဌာနမှ အကုန်အကျခံ၍ သွားရောက်လေ့ကျင့်ခြင်းဖြစ်သည်ဟု ဆိုသည်။

ယင်းကဲ့သို့ သွားရောက်နေထိုင်လေ့ကျင့်မှုများပြုလုပ်ရာတွင် အားကစားတစ်ဖွဲ့နှင့်တစ်ဖွဲ့ တူညီမှုများမရှိနိုင်ဘဲ အနည်းဆုံးတစ်လမှ သုံးလခန့်အထိ နေထိုင်လေ့ကျင့်ကြမည်ဖြစ်ကြောင်း သိရသည်။

တရုတ်နိုင်ငံသို့ သွားရောက်လေ့ကျင့်ကြမည့် အားကစားနည်းများမှာ မြားပစ်၊ ပြေးခုန်ပစ်၊ ဘိလိယက်နှင့်စနူကာ၊ အနောက်တိုင်းလက်ဝှေ့၊ ကျွမ်းဘား၊ ဝူရှူး၊ ဘောလုံး၊ ဘော်လီဘော၊ ဘတ်စကက်ဘော၊ သေနတ်ပစ်၊ရေကူး၊ ကြက်တောင်၊ စားပွဲတင်တင်းနစ်၊ စက်ဘီး၊ တင်းနစ်၊ သုံးမျိုးစုံနှင့် Squash အားကစားနည်းတို့ဖြစ်ကြောင်း သိရသည်။

မြန်မာရေကူးအားကစားအဖွဲ့အနေဖြင့်မူ နေပြည်တော်ရှိ အားကစားလေ့ကျင့်ရေးစခန်းတွင်သာ လေ့ကျင့်ကြမည်ဖြစ်သော်လည်း ဒိုင်ဗင်အားကစားနည်းကိုမူ တရုတ်နိုင်ငံသို့ စေလွှတ်၍ လေ့ကျင့်စေမည်ဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် ပြုလုပ်ခဲ့သည့် (၂၇)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲတွင် မြန်မာနိုင်ငံအနေဖြင့် အားကစားနည်း ၃၃ မျိုးအနက် ၃၁ မျိုး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ နိုင်ငံအလိုက် ဒုတိယရရှိခဲ့သည်။

# မြန်မာယူ-၂၀အသင်း ခြေစွမ်းပြကာ မလေးရှားယူ-၂၂အသင်းကို သုံးဂိုးပြတ်ဖြင့် အနိုင်ယူ

နယူးဇီလန်တွင်ကျင်းပမည့် ယူ-၂၀ကမ္ဘာ့ဖလားပြိုင်ပွဲသို့သွားရောက်ယှဉ်ပြိုင်ရမည့် မြန်မာ့လက်ရွေးစင်ယူ-၂၀အသင်းနှင့် မလေးရှားယူ-၂၂လက်ရွေးစင်အသင်းတို့ မတ်လ ၁၉ရက်နေ့က ရန်ကုန်မြို့သုဝဏ္ဏအားကစားကွင်း၌ ခြေစမ်းပွဲယှဉ်ပြိုင်ကစားခဲ့ရာ မြန်မာ့လက်ရွေးစင်ယူ-၂၀အသင်းက မလေးရှား ယူ-၂၂ အသင်းကို သုံးဂိုးပြတ်ဖြင့် အနိုင်ရရှိခဲ့သည်။

အဆိုပါခြေစမ်းပွဲတွင် မြန်မာ ယူ- ၂၀အသင်းသည်လူစုံတက်စုံဖြင့် ပွဲထွက်ကစားခဲ့သလိုမလေးရှား ယူ-၂၂ အသင်းကလည်း အတောင့်တင်းဆုံး လူစာရင်းဖြင့် ပွဲထွက်ခဲ့သည်။

မြန်မာ ယူ-၂၀ အသင်းသည် ပွဲစတင်သည်နှင့် မလေးရှားယူ-၂၂ဘက်သို့ တရစပ် ထိုးဖောက်တိုက်စစ်ဆင်ကစားခဲ့ရာ ပွဲချိန် ၁၄မိနစ်တွင် တိုက်စစ်မှူး သန်းပိုင်ကအဖွင့်ဂိုးသွင်းယူနိုင်ခဲ့သည်။

ထို့နောက် ပွဲချိန် ၄၃ မိနစ်တွင် ကွင်းလယ်လူ ကျော်မင်းဦးက ၁၈ကိုက်စည်းအတွင်းမှနေ၍ လှလှပပ ကန်သွင်းယူခဲ့သည်။

ဒုတိယပိုင်းတွင်လည်း မြန်မာ ယူ- ၂၀အသင်းသည် မလေးရှားယူ-၂၂ အသင်းအား တိုက်စစ်ဆင်ကစားခဲ့ရာ ပွဲချိန် မိနစ် ၅၀ တွင် အောင်သူက တတိယဂိုးကို သွင်းယူပေးခဲ့သည်။

မလေးရှား ယူ-၂၂အသင်းသည် ချေပဂိုးရရှိရေးအတွက် အစွမ်းကုန်ကြိုးစားကစားခဲ့သော်လည်း မြန်မာ ယူ-၂၀အသင်း၏စုဖွဲ့မှုကောင်းကောင်းဖြင့် ပြန်လည်တုံ့ပြန်ကစားခဲ့သဖြင့် ချေပဂိုးမရရှိဘဲ သုံးဂိုးပြတ်ဖြင့် အရှုံးပေးခဲ့ရသည်။

ပွဲအပြီးတွင် မလေးရှား ယူ-၂၂ အသင်းနည်းပြချုပ် မိုဟာမက်ရာဇတ် အစ္စမေးလ်က နောက်ပွဲများတွင် ယခုပွဲနှင့် မတူညီသည့်ပုံစံမျိုးဖြင့် ကစားသွားမည်ဖြစ်ကြောင်းပြောကြားခဲ့သည်။



မလေးရှား ယူ-၂၂အသင်းသည် AFC U-23 Championship ခြေစစ်ပွဲအတွက်ပြင်ဆင်သည့်အနေဖြင့်မြန်မာနိုင်ငံသို့ လာရောက်ကာ ပူးတွဲလေ့ကျင့်မှုများပြုလုပ်စဉ် ယခုကဲ့သို့ ခြေစမ်းပွဲများ ယှဉ်ပြိုင်ကစားစေခြင်းဖြစ်သည်။ မလေးရှားယူ-၂၂အသင်းသည် မတ်လ ၂၂ရက်နေ့တွင် မြန်မာယူ-၂၂အသင်းနှင့် ခြေစမ်းပွဲ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

## ပက်ကွီအိုနှင့်မေဝဲသားတို့၏ထိုးသတ်ပွဲတွင် အမေရိကန်ဒေါ်လာတစ်သန်း တန်ကြေးရှိ စိန်စီမြခါးပတ်ကို ချီးမြှင့်မည်

မေ ၂ရက်တွင် ကျင်းပမည့် ဖိလစ်ပိုင်လက်ဝှေ့ကျော်ပက်ကွီအိုနှင့် အမေရိကန်လက်ဝှေ့ကျော် မေဝဲသားတို့၏ စိန်ခေါ်ထိုးသတ်ပွဲတွင် အမေရိကန်ဒေါ်လာတစ်သန်း တန်ကြေးရှိသည့် စိန်စီထားသည့်မြခါးပတ်ကို ကမ္ဘာ့လက်ဝှေ့ကောင်စီက ချီးမြှင့်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါလက်ဝှေ့ပွဲသည် သမိုင်းဝင်လက်ဝှေ့ပွဲတစ်ပွဲ ဖြစ်သည့်အပြင် စံချိန်တင်လောက်သည့် ထိုးသတ်ကြေးနှင့် လက်မှတ်ခ ဈေးနှုန်းများကြောင့် ကမ္ဘာတစ်ဝန်းလုံးရှိ ဝါသနာရှင်များ စိတ်ဝင်တစားနှင့်စောင့်မျှော်ကြည့်ရှုကြမည့် ပွဲတစ်ပွဲဖြစ်ကြောင်း၊ ထို့ကြောင့် ယင်းပွဲတွင် အမှတ်တရဖြစ်စေရန်အတွက် စိန်စီထားသည့် မြခါးပတ်ကို ချီးမြှင့်ရခြင်းဖြစ်ကြောင်း ကမ္ဘာ့လက်ဝှေ့ကောင်စီမှ ဘီဘီစီသို့ ပြောကြားခဲ့သည်။

ထို့ပြင် ကမ္ဘာ့လက်ဝှေ့ကောင်စီမှ အစီအစဉ်တစ်ရပ်အနေဖြင့် မေဝဲသားနှင့် ပက်ကွီအိုတို့နှစ်ဦးအနက် မည်သူက အဆိုပါစိန်စီမြခါးပတ်ကို ရယူရန် ထိုက်တန်သနည်းဆိုသည်ကို မဲပေးရွေးချယ်ပေးကြရန်လည်း စီစဉ်ထားကြောင်း သိရသည်။ ယင်းအစီအစဉ်အား ကမ္ဘာတစ်ဝန်းလုံးရှိ ပရိသတ်များက ပါဝင်ကူညီကြရန်လည်း ကမ္ဘာ့လက်ဝှေ့ကောင်စီမှ တိုက်တွန်းထားကြောင်း ဘီဘီစီက ဖော်ပြသည်။

အဆိုပါလက်ဝှေ့ပွဲတွင် ထိုးသတ်ကြေးမှာ အမေရိကန်ဒေါ်လာသန်း ၃၀၀ ဖြစ်ရာ ထိုးသတ်ကြေးအများဆုံးရရှိမည့် လက်ဝှေ့ပွဲတစ်ပွဲဖြစ်သည်။

## ဒုတိယအကြိမ် တားမြစ်ဆေးဝါးသုံးစွဲမှုဖြင့် အမေရိကန်တင်းနစ်ကစားသမားတစ်ဦး တင်းနစ်ကစားခွင့် ၁၅နှစ်ပိတ်ပင်ခံရ

အမေရိကန်တင်းနစ်ကစားသမား တစ်ဦးဖြစ်သူ ဝိန်းအိုဒက်စ်နစ်ခ်ဆိုသူသည် တားမြစ်ဆေးဝါးသုံးစွဲသဖြင့် အပြည်ပြည်ဆိုင်ရာတင်းနစ်အဖွဲ့ချုပ်က တင်းနစ်ကစားခွင့် ၁၅ နှစ် ပိတ်ပင်ခဲ့ကြောင်း သိရသည်။

အဆိုပါပိတ်ပင်မှုကြောင့် ဝိန်းအိုဒက်စ်နစ်သည် ၂၀၃၀ ပြည့်နှစ်၊ ဇန်နဝါရီ ၂၉ ရက်နောက်မှသာ တင်းနစ် ပြန်လည်ကစားခွင့်ရရှိတော့မည်ဖြစ်သည်။ အသက် ၂၉ နှစ်အရွယ်ရှိ အဆိုပါကစားသမားသည် အသက် ၄၄ နှစ်အရွယ်ရောက်မှသာ တင်းနစ်ပြန်လည်ကစားခွင့်ရရှိမည်ဖြစ်သည်ဟု သတင်းများက ရေးသားဖော်ပြထားသည်။

ကမ္ဘာ့အဆင့်သတ်မှတ်ချက်တွင် အဆင့် ၂၆၇ရှိသည့် အဆိုပါကစားသမားသည် လွန်ခဲ့သည့်၂၀၁၀ ပြည့်နှစ်အတွင်းကလည်း တင်းနစ်ပြိုင်ပွဲဝင်ခွင့် နှစ်နှစ် ပိတ်ပင်ခံခဲ့ရသေးသည်။



မဲလ်ဘုန်းမြို့တွင် ကျင်းပသည့် ၂၀၁၀ ပြည့်နှစ် ဩစတြေးလျပွင့်တင်းနစ်ပြိုင်ပွဲသို့ လာရောက်ခဲ့သည့် ၎င်းထံမှ ဟော်မုန်းအားတိုးဆေးများကို မဲလ်ဘုန်းလေဆိပ်တာဝန်ရှိသူများက တွေ့ရှိခဲ့ရသဖြင့် အပြည်ပြည်ဆိုင်ရာ တင်းနစ်အဖွဲ့ချုပ်က ၎င်းအား ပြိုင်ပွဲဝင်ခွင့် နှစ်နှစ် ပိတ်ပင်ခဲ့သည်။

ယခုအခါတွင်လည်း ဝိန်းသည် အမေရိကန်နိုင်ငံတွင်ကျင်းပလျက်ရှိသည့် အင်ဒီယန်းဝဲလ် တင်းနစ်ပြိုင်ပွဲတွင် တားမြစ်ဆေးဝါးများ သုံးစွဲခဲ့သည်ကိုစစ်ဆေးတွေ့ရှိခဲ့ရသဖြင့် ယခုကဲ့သို့ ပြစ်ဒဏ်ချမှတ်ခံရခြင်းဖြစ်ကြောင်း သိရသည်။

"သူဟာ ပြိုင်ဘက်တွေကိုလိမ်လည်ပြီး ယှဉ်ပြိုင်ခဲ့တယ်။ နှစ်ကြိမ်စလုံး ခုလိုမျိုးဖြစ်တာကိုတော့ ဘယ်လိုမှ ခွင့်လွှတ်လို့မရပါဘူး"ဟု အပြည်ပြည်ဆိုင်ရာ တင်းနစ်အဖွဲ့ချုပ်မှတာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

ယင်းကဲ့သို့ ပြိုင်ပွဲဝင်ခွင့် ပိတ်ပင်ခံရပြီးနောက် ဗြိတိသျှတင်းနစ်ချန်ပီယံ အန်ဒီမိုရေးက ၎င်း၏တွစ်တာစာမျက်နှာထက်တွင် "နှုတ်ဆက်ပါတယ် ဝိန်းရေ၊ တကယ့်ကိုကောင်းသောထွက်ခြင်းပါပဲ"ဟု ရေးသားခဲ့သည်။

## ၂၀၁၅ လန်ဒန်မာရသွန်ပြိုင်ပွဲမှ ဘီကီလီ နုတ်ထွက်သွားသော်လည်း မူတိုင်းပါဝင်ယှဉ်ပြိုင်မည်

လာမည့် ဧပြီ ၂၆ ရက်တွင် ကျင်းပမည့် (၃၅)ကြိမ်မြောက် လန်ဒန်မာရသွန်ပြိုင်ပွဲမှ အိုလံပစ်ချန်ပီယံဟောင်း ကီနီနီဆာဘီကီလီ နုတ်ထွက်သွားသော်လည်း မာရသွန်ချန်ပီယံဆုများစွာ ဆွတ်ခူးထားသည့် ကင်ညာမှ ဂျော့ဖရေးမူတိုင်းပါဝင် ယှဉ်ပြိုင်မည်ဟု သိရသည်။ အိုလံပစ်မီတာ ၅၀၀၀ နှင့် မီတာ ၁၀၀၀၀ပြိုင်ပွဲတို့တွင် ရွှေတံဆိပ်သုံးခုဆွတ်ခူးထားသော ဘီကီလီမှာ ၎င်းစတင်ယှဉ်ပြိုင်သည့် မာရသွန်ပြိုင်ပွဲဖြစ်သော ၂၀၁၄ ပဲရစ် မာရသွန်တွင် ပြိုင်ပွဲစံချိန်သစ်တင်၍ ဗိုလ်စွဲခဲ့သူဖြစ်သည်။

သို့ရာတွင် ယခုနှစ်ဇန်နဝါရီလအတွင်းက ကျင်းပခဲ့သည့် ဒူဘိုင်းမာရသွန် ပြိုင်ပွဲတွင်ရရှိခဲ့သော ဖနောင့်ကြောဒဏ်ရာ မသက်သာသေးသဖြင့် လန်ဒန်မာရသွန်ပြိုင်ပွဲမှ နုတ်ထွက်သွားခြင်းဖြစ်သည်။ ဘီကီလီနုတ်ထွက်သွားသော်လည်း အမျိုးသားပြိုင်ပွဲတွင် သမိုင်းတစ်လျှောက် အမြန်ဆုံးစံချိန်ရှင် ၁၀ ဦးအနက်မှ ၆ ဦး ပါဝင်ယှဉ်ပြိုင်မည်ဖြစ်သည်။ မူတိုင်းသည် လွန်ခဲ့သည့်နှစ် အနည်းငယ်အတွင်း နယူးယောက်မာရသွန်နှင့် ဘာလင်မာရသွန်ပြိုင်ပွဲများတွင် ချန်ပီယံဖြစ်ခဲ့ပြီး ၂၀၁၁ ဘော်စတွန်မာရသွန်ပြိုင်ပွဲတွင် ၂ နာရီ ၃ မိနစ် ၂ စက္ကန့်ဖြင့် ဒုတိယအမြန်ဆုံးမာရသွန်စံချိန်တင်နိုင်ခဲ့သည်။ သို့ရာတွင် တောင်ဆင်းလမ်းများခဲ့၍ IAAF က အသိအမှတ်မပြုခဲ့ပေ။

## ငါးလအတွင်း တတိယမြောက်ချန်ပီယံဆု ဂျော်ဒန်စပိုက်ရယူ ကမ္ဘာ့အဆင့် ၆ သို့လည်း တက်လာ



အမေရိကန် ဂေါက်သီးရိုက်ကစားသမားဖြစ်သူ ဂျော်ဒန်စပိုက်သည် ပီဂျီအေတိုးပြိုင်ပွဲတစ်ပွဲဖြစ်သည့် Valspar Championship ပြိုင်ပွဲတွင် Play Off ကစားပြီး အနိုင်ရရှိသွားခဲ့သည်။

နောက်ဆုံးနေ့ ပွဲစဉ်အပြီးတွင် စပိုက်အပါအဝင် တစ်နိုင်ငံတည်းသားများဖြစ်သော ပက်ထရစ်ရိဒ်နှင့်ရှောင်အိုဟဲယားတို့သုံးဦးမှာ လျော့ရိုက်ချက် ၁၀ ချက်စီတူညီနေသဖြင့် Play Off ကစားခဲ့ရသည်။ထိုသို့ကစားရာတွင် တတိယမြောက်ကျင်းပိုင့် စပိုက်က ဘာဒီရရှိခဲ့ကာ ပြီးခဲ့သည့်ငါးလအတွင်း တတိယမြောက်ချန်ပီယံဆုကို ပိုင်ဆိုင်ခဲ့ခြင်းဖြစ်သည်။

၂၀၁၄ တက်သစ်စဂေါက်သီးသမားဆုရှင်စပိုက်မှာ နိုဝင်ဘာတွင် ဩစတြေးလျအိုးပင်း၊ ဒီဇင်ဘာတွင် တိုက်ဂါးဝုဒ်စီစဉ်ကျင်းပသော Hero World Challenge ပြိုင်ပွဲများတွင်လည်း ဗိုလ်စွဲထားသေးသည်။

သို့သော် ပီဂျီအေတိုးချန်ပီယံဆုကိုမူ ဒုတိယအကြိမ်မြောက်ရယူနိုင်ခဲ့ခြင်းဖြစ်သည်။ အသက် ၂၁နှစ်သာရှိသေးသော စပိုက်မှာလွန်ခဲ့သည့်နှစ်ပေါင်း ၇၀ အတွင်း အသက် ၂၂ နှစ်မပြည့်မီ ပီဂျီအေတိုးဖလား နှစ်ကြိမ်ဆွတ်ခူးခဲ့သည့် လေးယောက်မြောက်ကစားသမားလည်းဖြစ်လာသည်။

ပြီးခဲ့သည့်မတ်လ ၁၆ ရက်က ထုတ်ပြန်ခဲ့သောကမ္ဘာ့အဆင့်သတ်မှတ် ချက်တွင်လည်း စပိုက်သည် အဆင့် ၆ သို့တက်လာခဲ့သည်။ ယခုရာသီ၏ ပွဲဦးထွက်ဂရင်းဆလင်းပြိုင်ပွဲဖြစ်သော မာစတာပြိုင်ပွဲကို လာမည့်လတွင် ကျင်းပတော့မည်ဖြစ်ရာ မနှစ်က ပူးတွဲဒုတိယရခဲ့သော စပိုက်မှာ ဗိုလ်စွဲရန်ရေပန်းအစား ဆုံးစာရင်းတွင် ပါဝင်နေသည်။

## ပရီးမီးယားလိဂ်ဘောလုံးသမားဟောင်းမက်ကင်ဇိုင်း လက်ဝှေ့သမားဘဝ ပထမဆုံးအောင်မြင်မှု ဆွတ်ခူး



ပရီးမီးယားလိဂ် ဘောလုံးသမားဟောင်းတစ်ဦးဖြစ်သူ လီယွန်မက်ကင်ဇိုင်းသည် ဆုကြေးစားလက်ဝှေ့သမားဘဝတွင် ပထမဆုံးအောင်မြင်မှုကို ရယူ နိုင်ခဲ့ပြီဖြစ်သည်။

ခရစ္စတယ်ပဲလေ့စ်၊ ပီတာဘာရော့၊ နော့ဝစ်စ်၊ ကိုဗင်ထရီ၊ ချာလ်တန်စသည့်အသင်းများတွင် တိုက်စစ်မှူးအဖြစ် ၁၈ နှစ်ကြာ ကျင်လည်ခဲ့ဖူးသော မက်ကင်ဇိုင်းသည် ၂၀၁၃ခုနှစ် ဇန်နဝါရီ ၁ ရက်တွင် ဘောလုံးကစားခြင်းမှ အနားယူခဲ့သူဖြစ်သည်။

မက်ကင်ဇိုင်း၏ဖခင်နှင့် ဦးလေးတို့ နှစ်ဦးမှာ လက်ဝှေ့သမားများဖြစ်ကြရာ ဘောလုံးလောကမှ အနားယူပြီးနောက် သူသည် လက်ဝှေ့လောကသို့ ခြေစုံပစ်၍ ဝင်ခဲ့သူတစ်ဦးဖြစ်သည်။ ၎င်းသည် ၂၀၁၃ ခုနှစ် ဇွန်လမှစတင်ကာ ဆုကြေးစား လက်ဝှေ့ကြိုးဝိုင်းအတွင်းသို့ ဝင်ရောက်ခဲ့သည်။

ပြီးခဲ့သည့် မတ် ၁၄ ရက်က လန်ဒန်မြို့ York Hall ၌ထိုး သတ်ခဲ့သောပွဲမှာ ၎င်း၏ဆုကြေးစားလက်ဝှေ့ပွဲ ခုနစ်ပွဲမြောက်ဖြစ်ပြီး ခရိုအေးရှားမှ အီဗန်စတူပါလိုကို အမှတ်ဖြင့် အနိုင်ရခဲ့သည်။

ထို့ကြောင့် ဗြိတိန်တောင်ပိုင်းဒေသတွင် စိန်ခေါ်သူ အဆင့်တစ်ဖြစ်လာသလို အပြည်ပြည်ဆိုင်ရာ မာစတာချန်ပီယံခါးပတ်ကိုလည်း ဆွတ်ခူးနိုင်ခဲ့သည်။

ဂီတကိုလည်း ဝါသနာပါ၍ အယ်လ်ဘမ်ထုတ်ခဲ့ဖူးသော မက်ကင်ဇိုင်းသည် ချာလ်တန်၌ကစားစဉ် စိတ်ကျဝေဒနာကြောင့် ကိုယ့်ကိုယ်ကိုသတ်သေရန်ကြိုးစားခဲ့ဖူးသေးသည်။

## ဦးခေါင်းထိခိုက်သဖြင့် သတိမေ့သွားခဲ့သော လက်ဝှေ့သမား လက်ဝှေ့ပွဲအပြီး နှစ်ရက်အကြာတွင် သေဆုံး

အသက် ၂၃နှစ်သာရှိသေးသော ဩစတြေးလျလူငယ်လက်ဝှေ့သမားတစ်ဦးသည် လက်ဝှေ့ပွဲတွင် ဦးခေါင်းထိခိုက်မိ၍ သတိမေ့သွားခဲ့ပြီးနောက် ဆေးရုံပေါ်တွင်ကွယ်လွန်သွားခဲ့ပြီဖြစ်သည်။ ဥပဒေပညာရပ်ဖြင့် နောက်ဆုံးနှစ်တွင် ပညာသင်ကြားနေသော ဘရေးဒန်စမစ်ဆိုသူ လက်ဝှေ့သမားသည် ပြီးခဲ့သည့်မတ်လ ၁၄ ရက်က ဖိလစ်ပိုင်မှ ဂျွန်မိုရယ်ဒီနှင့်ထိုးသတ်ခဲ့သည့် WBC လက်အောက်ခံ အာရှလက်ဝှေ့ကောင်စီ၏ ဒေသဆိုင်ရာ ဖယ်သာဝိတ်တန်း ရွှေခါးပတ်လုပွဲတွင် အမှတ်ဖြင့်ရှုံးနိမ့်ခဲ့သည်။ ပွဲအပြီးတွင် ပြိုင်ဘက်ကို ချီးကျူးစကားဆိုပြီး အဝတ်လဲခန်းအတွင်းသို့ ပြန်လာခဲ့သော စမစ်သည် အဝတ်လဲခန်းအတွင်း စကားများ ပြောဆိုနေသေးသည်။ ထို့နောက်သူသည် ရုတ်တရက် သတိလစ်လဲကျသွားခဲ့သည်။

ရုတ်တရက်လဲကျသွားသော ၎င်းကို ဘရစ္စဘိန်းဆေးရုံတစ်ရုံသို့ ပို့ဆောင်ပေးခဲ့ပြီး သတိလစ်မေ့မြောနေမှုကိုအစွမ်းကုန်ကုသခဲ့သော်လည်း သတိပြန်လည်လာခြင်းမရှိဘဲ လက်ဝှေ့ပွဲအပြီး နှစ်ရက်အကြာ မတ် ၁၆ရက်က သေဆုံးသွားခဲ့ခြင်းဖြစ်သည်။

# မြန်မာနိုင်ငံတွင် ပြည်ပမှ လာရောက်ကျင်းပသည့် ပြည်တွင်းကုန်စည်ပြပွဲများကျင်းပခွင့်၊ ပြည်ပကုန်စည်ပြပွဲများသို့ သွားရောက်ပြသခွင့်နှင့် ကုန်စည်များ တင်သွင်း/တင်ပို့ခွင့်ပြုချက်လိုင်စင် ထုတ်ပေးမှုအကြောင်းသိကောင်းစရာများ

လှဝေ (ကုန်စည်ပြပွဲ)

**ယခင်တစ်ပတ်မှ အဆက်**

ပြည်တွင်းကုန်စည်ပြပွဲများသို့ ပြည်ပမှ တင်သွင်းပြသခွင့်ပြုသည့် ပစ္စည်းများမှာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ သွင်းကုန်ပစ္စည်းများ တင်သွင်းခြင်းဆိုင်ရာ တည်ဆဲဥပဒေအရ တင်သွင်းရန် ကန့်သတ်ထားသည့် ကုန်ပစ္စည်းများမှအပ ကျန်ပစ္စည်းများကို ကုန်သွယ်မှုမြှင့်တင်နိုင်ရေးအလို့ငှာ တင်သွင်းပြသခွင့်ပြုလိုင်စင်များ ထုတ်ပေးလျက်ရှိပါသည်။ ပြပွဲတွင် ပြသမည့်ပစ္စည်းများကို ယေဘုယျအားဖြင့် ပြပွဲပြသပြီးပါက သက်ဆိုင်ရာနိုင်ငံသို့ (Draw Back) စနစ်ဖြင့် ယာယီတင်သွင်း/တင်ပို့ခြင်း ခွင့်ပြုထားသော်လည်း ပြပွဲကာလအတွင်းနှင့် ပြပွဲပြီးနောက် ရောင်းချခြင်း၊ လှူဒါန်းခြင်း၊ လက်ဆောင်ပေးခြင်းများ ဆောင်ရွက်လိုပါက စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသို့ ပြပွဲမတိုင်မီ ကြိုတင်တင်ပြလျှောက်ထား၍ ခွင့်ပြုချက်ရရှိပြီးမှသာ ရောင်းချခွင့်၊ လှူဒါန်းခွင့်၊ လက်ဆောင်ပေးခွင့် ရှိပါမည်။ ပြသမည့်ပစ္စည်းများအနက် ပြန်လည်တင်ပို့သည့်ပစ္စည်းမှလွဲ၍ ပြပွဲတွင် ရောင်းချ၊ လှူဒါန်းခဲ့သည့် ပစ္စည်းများအားလုံးအတွက် အကောက်ခွန် ဦးစီးဌာနနှင့် ပြည်တွင်းအခွန်ဦးစီးဌာနသို့ သတ်မှတ်ထားသည့် အခွန်အခများ ပေးဆောင်ခြင်းကိုပြည်ပမှ လာရောက်ပြသသည့် ကုမ္ပဏီ/လုပ်ငန်းရှင်များ ကိုယ်စားပြပွဲတာဝန်ခံ (Local Organizer) က တာဝန်ယူဆောင်ရွက်ပေးရမည် ဖြစ်ပါသည်။

ဆက်လက်၍ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်စည်ပြပွဲများကျင်းပပြုလုပ်ခြင်းဆိုင်ရာ ကြီးကြပ်မှုကော်မတီမှ ကုန်စည်ပြပွဲကျင်းပခွင့်၊ ပြသခွင့်၊ ပြသမည့် ပစ္စည်းများ ယာယီတင်သွင်းတင်ပို့ခြင်း ခွင့်ပြုမိန့်အတည်ပြုချက်ရရှိပြီးပါက သက်ဆိုင်သည့် အသင်းအဖွဲ့များ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်နှင့် ပြပွဲတာဝန်ခံ ကျင်းပမည့် သံရုံး၊ အဖွဲ့အစည်း၊ ပြည်တွင်းကုမ္ပဏီ (Local Organizer) နှင့် ပြသမည့်ပစ္စည်းများ အကောက်ခွန်ရှင်းလင်းရေးဆိုင်ရာ လုပ်ငန်းများ ဆောင်ရွက်မည့် ကုမ္ပဏီသို့ ပြပွဲကျင်းပခွင့်နှင့် ပြပွဲတွင်ပြသမည့် ပစ္စည်းများ(ယာယီတင်သွင်း/တင်ပို့ခွင့်) ခွင့်ပြုခြင်းအတွက်စာထုတ်ပေးပါသည်။ (ယာယီတင်သွင်း/တင်ပို့ခွင့်) ခွင့်ပြုစာ မိတ္တူများကိုလည်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး၊ ကုန်သွယ်ရေး ညွှန်ကြားမှုဦးစီးဌာန၊ ကူးသန်းရောင်းဝယ်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန၊ အကောက်ခွန်ဦးစီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာန၊ မြန်မာနိုင်ငံခြား ကုန်သွယ်မှုဘဏ်၊ မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့် ကူးသန်းရောင်းဝယ်ရေးဘဏ်၊ မြန်မာ့စီးပွားရေးဘဏ်၊ ကွပ်ကဲမှု တာဝန်ခံ (တရားမဝင်ကုန်သွယ်မှု တားဆီးထိန်းချုပ်ရေး ဗဟိုကော်မတီ ရုံး)နှင့် ပြသမည့်ပစ္စည်းများနှင့် သက်ဆိုင်သည့်အစိုးရဌာန၊ အသင်း အဖွဲ့များသို့ ဖြန့်ဝေပေးပါသည်။

ကုန်စည်ပြပွဲတွင် လာရောက် ပြသသည့် ပြည်ပလုပ်ငန်းရှင်များ၊ ပြည်တွင်းလေ့လာသူများအားလုံး၏ လုံခြုံရေးအတွက် ကျင်းပမည့် ပြပွဲတာဝန်ခံ (Local Organizer) က သက်ဆိုင်ရာ ပြည်နယ်/တိုင်းဒေသကြီးအစိုးရ အဖွဲ့၏ လမ်းညွှန်မှုဖြင့် တိုင်းဒေသကြီး ရဲတပ်ဖွဲ့ လုံခြုံရေးအင်အားများအပြင် ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှုကုမ္ပဏီများမှ လုံလောက်သော လုံခြုံရေးအင်အား ထပ်မံငှားရမ်း၍ ဆောင်ရွက်ရန် လိုအပ်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန လက်အောက်ရှိ တိုင်းကျန်းမာရေးအဖွဲ့၊ မြို့နယ်ကျန်းမာရေးအဖွဲ့များမှလည်း ပြပွဲတွင် ခင်းကျင်းရောင်းချမည့် စားသောက်ဆိုင်များ၏ အစားအသောက်များ အန္တရာယ်ကင်းရှင်းရေးအတွက် လုပ်ထုံးလုပ်နည်းနှင့်အညီ စစ်ဆေးကြပ်မတ်ပေးခြင်း၊ ပြပွဲလေ့လာကြည့်ရှုသူများအတွက် ကျန်းမာရေး စောင့်ရှောက်မှုများ ကူညီဆောင်ရွက်ပေးလျက်ရှိပြီး ယင်းကိစ္စရပ်များအတွက် လိုအပ်သည့် အထောက်အကူပစ္စည်း များကို(Local Organizer) က ကူညီ ဆောင်ရွက်ပေးရပါမည်။

စီးပွားရေးနှင့်ကူးသန်းရောင်း ဝယ်ရေးဝန်ကြီးဌာနမှလည်း ပြပွဲအောင်မြင်စွာ ကျင်းပပြီးစီးနိုင်ရေး အတွက် သက်ဆိုင်ရာဝန်ကြီးဌာနများဖြစ်သည့် အကောက်ခွန်ဦးစီးဌာန၊ ကျန်းမာရေးဦးစီးဌာန၊ မီးသတ်ဦးစီးဌာနတို့နှင့် ညှိနှိုင်းပေါင်းစပ်၍ ကြီးကြပ်ကွပ်ကဲရေးအဖွဲ့၊ ပြပွဲ ပြသမည့်ပစ္စည်းများအား စျေးနှုန်းစိစစ်ရန်နှင့် သွင်းကုန်လိုင်စင်ထုတ်ပေးရေးအဖွဲ့ (One Stop Services)၊ အကောက်ခွန်ရှင်းလင်းရေးအဖွဲ့၊ ကျန်းမာရေးစောင့်ရှောက်ရေး အဖွဲ့များကို ဖွဲ့စည်း၍ ကူညီဆောင်ရွက်ပေးပါသည်။ ပြပွဲပြီးစီးပါက ပြပွဲ ကျင်းပခဲ့မှုအခြေအနေနှင့် ပြပွဲတွင် ရောင်းချခဲ့သည့်အခြေအနေ၊ အခွန်ဆောင်ပြီးစီးမှုအခြေအနေများကို ပြပွဲတာဝန်ယူကျင်းပသည့် ဌာနဆိုင်ရာ၊ အသင်းအဖွဲ့၊ ကုမ္ပဏီတို့မှ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသို့ အစီရင်ခံစာပြုစုတင်ပြပေးရပါမည်။

## ပြည်ပသို့ သွားရောက်ပြသမည့် ကုန်စည်ပြပွဲများအတွက် ကုန်ပစ္စည်းများ သွားရောက်ပြသခွင့်နှင့် ပြသမည့်ပစ္စည်းများ ယာယီ တင်ပို့/တင်သွင်း ခွင့်ပြုမိန့်ထုတ်ပေးရာတွင် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ

ပြည်ပနိုင်ငံတွင် ကျင်းပပြုလုပ်မည့် ကုန်စည်ပြပွဲများသို့ ပါဝင်ပြသရန် အတွက် နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ပနိုင်ငံရှိမြန်မာနိုင်ငံသံရုံး၊ ပြည်တွင်း ရှိနိုင်ငံခြားသံရုံး၊ အဖွဲ့အစည်း/ ကုမ္ပဏီများမှ ဖိတ်ကြားစာကို စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနသို့ ဖိတ်ကြားလာပါက မိမိတို့ဌာနမှ သက်ဆိုင်သည့်ဝန်ကြီးဌာနများ၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်၊ သမဝါယမဦးစီးဌာန လက်အောက်ရှိ အသင်းအဖွဲ့များသို့ ပါဝင်ပြသနိုင်ရန် အကြောင်းကြားစာများ ဆက်လက်ညှိနှိုင်းပေးပို့ပေးပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်နှင့် သက်ဆိုင်သည့် ဝန်ကြီးဌာနများမှ ပြသလိုသည့်ပစ္စည်း၊ သွားရောက်ပြသမည့်သူစာရင်း၊ အချက်အလက်များ စုံလင်စွာဖြင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသို့ ပြပွဲသို့ သွားရောက် ပြသခွင့်နှင့် တင်ပို့/တင်သွင်းခွင့် လျှောက်ထားရပါမည်။ ပြသမည့် ကုန်ပစ္စည်းများထဲတွင် အခြားသက်ဆိုင်ရာ ဝန်ကြီးဌာနများ၏ ခွင့်ပြုထောက်ခံချက်များရယူရန် လိုအပ်ပါက သက်ဆိုင်ရာ ဝန်ကြီးဌာနများသို့ ပြသ မည့်ပစ္စည်းများ၏ စျေးနှုန်းများ၊ တန်ဖိုးများ၊ အရည်အသွေး၊ အရေအတွက်ပမာဏ ခွင့်ပြုကြောင်း ခွင့်ပြုထောက်ခံချက်တောင်းခံရပါသည်။

**ကုန်စည်ပြပွဲဆိုင်ရာ လုပ်ထုံး လုပ်နည်းများအရ - ပြည်ပပြပွဲသို့ ပြသမည့် ပစ္စည်းအမျိုးအမည်၊ အရေအတွက်၊ တန်ဖိုးစာရင်းများကို စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနသို့ အနည်းဆုံး တစ်လကြိုတင်၍ တင်ပြလျှောက်ထားရပါမည်။**

ပြသမည့်ပစ္စည်းများနှင့်ပတ်သက် ၍ သက်ဆိုင်ရာဝန်ကြီးဌာနများ၏ ခွင့်ပြုထောက်ခံချက်ရရှိပါက စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနရှိ ကုန်စည်ပြပွဲများ ကျင်းပပြုလုပ်ခြင်းဆိုင်ရာ ကြီးကြပ်မှုကော်မတီသို့ ပြည်ပပြပွဲသို့ သွားရောက်ပြသခွင့်နှင့် ပြသမည့်ပစ္စည်းများ ယာယီတင်ပို့/ တင်သွင်းခွင့်ရရှိရန် အမှာစာပြုစုတင်ပြ၍ ခွင့်ပြုမိန့်ယူရမည်ဖြစ်ပါသည်။

ပြည်ပကုန်စည်ပြပွဲများသို့ ကျောက်မျက်လက်ဝတ်ရတနာများနှင့် တန်ဖိုးရှိ ကျောက်မျက်များ သွားရောက်ပြသလိုပါက သတ္တုတွင်းဝန်ကြီးဌာန၊ မြန်မာ့ကျောက်မျက်ရတနာရောင်း ဝယ်ရေးလုပ်ငန်း၏ လုပ်ထုံးလုပ်နည်း များအရပြသမည့် စီးပွားရေးလုပ်ငန်း ရှင်အနေဖြင့် မြန်မာ့ကျောက်မျက် ရတနာရောင်းဝယ်ရေးလုပ်ငန်းမှ စိစစ်ခွင့်ပြုသော ရတနာပစ္စည်းများ၊ ရောင်းချခြင်း၊ လုပ်ငန်းလုပ်ကိုင်ရန် လိုင်စင်ရယူ၍ လက်ဝတ်ရတနာ အရောင်းဆိုင် ဖွင့်လှစ်ရောင်းချလျက်ရှိသူဖြစ်ရပါမည်။ ထို့ပြင် နိုင်ငံခြားငွေဖြင့် ရောင်းချနိုင်ရန် မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ခွင့်ပြုထုတ်ပေးထားသော နိုင်ငံခြားငွေ လက်ခံကိုင်ဆောင်ခွင့်လိုင်စင် (Acceptor & Holder Licence) ရယူထားသူဖြစ်ရမည့်အပြင် နိုင်ငံခြားငွေဖြင့် ဘဏ်စာရင်း ဖွင့်လှစ်ထားရှိသူဖြစ်ရပါမည်။ ကျောက်မျက်ရတနာပစ္စည်းများအနေဖြင့် သတ္တုတွင်းဝန်ကြီးဌာနမှ ကျောက်မျက်ရတနာ အရိုင်းများနှင့်သွေးပြီး ကျောက်မျက်ရတနာ အချောထည်အလွတ်များ (Loose Stones) များနှင့် သတ္တုများ၊ ရွှေရည်စိမ်သတ္တု စပ်များဖြင့် ပြုလုပ်ထားသည့် လက်ဝတ်ရတနာများကို ပြသရောင်းချခွင့်မပြုကြောင်းလည်း သိရှိရပါသည်။ ပြည်ပ၌ ရောင်းချရာတွင် မြန်မာ့ကျောက်မျက်ရတနာဥပဒေနှင့် အညီ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းမှ ရတနာပစ္စည်းများ ရောင်းချခြင်း လုပ်ငန်းလိုင်စင်အရ သတ်မှတ်ချက်နှင့်အညီ စိစစ်ခွင့်ပြုထုတ်ပေး ထားသည့် ငွေလက်ငင်းပြေစာ(CASH MEMO) ဖြင့်သာ ရောင်းချရန်နှင့် ရောင်းချပြီးရရှိသည့် နိုင်ငံခြားငွေများကို မြန်မာနိုင်ငံသို့ ပြန်လည်ယူဆောင်လာရာတွင် အမေရိကန်ဒေါ်လာကို သာ ယူဆောင်လာရမည်ဖြစ်ကြောင်း သိရှိရပါသည်။

ပြည်ပကုန်စည်ပြပွဲများသို့ သစ်တောထွက်ပစ္စည်းများဖြစ်သည့် သစ်ပရိဘောဂပစ္စည်းများ၊ ပန်းပုရုပ်များကိုပြသလိုပါက သစ်တောဦးစီးဌာန၏ လုပ်ထုံးလုပ်နည်းများအရ ပြသမည့် သစ်ကုန်ကြမ်းသည် မြန်မာ့သစ်လုပ်ငန်းမှ နိုင်ငံခြားငွေဖြင့် ဝယ်ယူထားသည့် ကုန်ကြမ်းဖြင့်ပြုလုပ်ထားသည့် အချောထည်၊ ပရိဘောဂနှင့် ၂၀၁၃ - ၂၀၁၄ ခုနှစ်နောက်ပိုင်း အိတ်ဖွင့်တင်ဒါတွင် မြန်မာကျပ်ငွေဖြင့် ဝယ်ယူထားသည့် ကုန်ကြမ်းမှ ထုလုပ်ထားသည့် အချောထည်ပရိဘောဂများကိုသာ တန်ပမာဏ ကန့်သတ်ခြင်းမပြုဘဲ ပြပွဲသို့ သွားရောက် ပြသရန်အတွက် ဝန်ကြီးဌာန၏ “မူ” အဖြစ် ချမှတ်၍ စိစစ်ခွင့်ပြုပေးလျက်ရှိကြောင်း သိရှိရပါသည်။

ပြသမည့်ပစ္စည်းများကို အကောက်ခွန်ဦးစီးဌာန၊ ပစ္စည်းနှင့် သက်ဆိုင်သည့် အစိုးရဌာန( မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း ၊ သစ်တောဦးစီးဌာန ၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန)နှင့် ပစ္စည်းပိုင်ရှင်တို့မှ ပူးတွဲစစ်ဆေးပြီးမှသာလျှင် ပြည်ပသို့ စနစ်တကျသယ်ယူခွင့်ပြုပါသည်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ ကုန်စည်ပြပွဲများ ကျင်းပပြုလုပ်ခြင်းဆိုင်ရာ ကြီးကြပ်မှုကော်မတီမှ ပြည်ပပြပွဲများသို့ ပြသမည့်ပစ္စည်းများ သွားရောက်ပြသရန် ခွင့်ပြုချက်၊ ပြသမည့်ကုန်ပစ္စည်းများ ယာယီတင်ပို့တင်သွင်းခွင့်ပြုချက်များ ရရှိပြီးပါက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်၊ ပြပွဲသွားရောက်ပြသမည့် စီးပွားရေးလုပ်ငန်းရှင် အဖွဲ့ခေါင်းဆောင်၊ ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံးတို့သို့ ပြသမည့်ကုန်ပစ္စည်းများ တင်ပို့ခွင့်ပြုခြင်းနှင့် ပြပွဲပြီးဆုံးသည့်အခါ ပြန်လည်တင်သွင်း ခွင့်ပြုခြင်း ခွင့်ပြုစာများ ထုတ်ပေးပါသည်။ ကုန်စည်ပြပွဲသို့ပြသမည့်ကုန် ပစ္စည်းများတင်ပို့ခြင်း၊ တင်သွင်းခြင်း ခွင့်ပြုစာ မိတ္တူများကိုလည်း စီးပွားရေး နှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး၊ ကုန်သွယ်ရေး ညွှန်ကြားမှုဦးစီးဌာန၊ ကူးသန်းရောင်းဝယ်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန၊ အကောက်ခွန်ဦးစီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန၊ မြန်မာနိုင်ငံခြားကုန်သွယ်မှုဘဏ်၊ မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့် ကူးသန်းရောင်းဝယ်ရေးဘဏ်၊ မြန်မာ့စီးပွားရေးဘဏ်၊ ပြသမည့်ပစ္စည်းများနှင့် သက်ဆိုင်သည့် အစိုးရဌာန၊ အသင်းအဖွဲ့များသို့ ဖြန့်ဝေပေးပါ သည်။

အထက်ပါကုန်စည်ပြပွဲသို့ ပါဝင်ပြသသည့် အစိုးရဌာန၊ သမအသင်း၊ ကုမ္ပဏီများမှပြပွဲပြသပြီးပါက ပြပွဲတွင် ပါဝင်ပြသခဲ့မှုနှင့် ရောင်းချခဲ့မှုအခြေအနေများကို ဓာတ်ပုံမှတ်တမ်းများနှင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသို့ အစီရင်ခံစာတင်ပြပေးရပါမည်။

ကုန်စည်ပြပွဲများနှင့် ပတ်သက်၍ အသေးစိတ်သိရှိလိုပါက နေပြည် တော်တွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုမြှင့်တင်ရေးဌာနခွဲ၊ ကုန်စည်ပြပွဲဌာနစိတ်၊ ဖုန်း-၀၆၇-၄၃၀၁၂၈၊ ၀၆၇-၄၃၀၂၉၀၊ ဖက်စ်- ၀၆၇-၄၃၀၁၃၈ နှင့် အီးမေးလ်- moctrade fair@gmail.com သို့ လည်းကောင်း၊ ရန်ကုန်မြို့တွင် မြန်မာကုန်သွယ်မှုဗဟို ဌာန၊ ဖုန်း-၀၁-၂၅၄၀၂၄ သို့လည်းကောင်း စုံစမ်းမေးမြန်းနိုင်ပါကြောင်းနှင့် ကုန်စည်ပြပွဲ အတွက် လိုအပ်သည်များ၊ အကူအညီများ ဝန်ဆောင်မှုအပြည့်အဝပေးသွားပါမည်ဖြစ်ပါကြောင်း တင်ပြလိုက်ရပါသည်။

# Trade Facilitation & Trade Promotion

## သဘာဝသီးနှံများ စိုက်ပျိုးထုတ်လုပ်နိုင်ရေး ဧရာပုသိမ်ကုမ္ပဏီနှင့် တောင်သူများ ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်

ဧရာပုသိမ်ဖွံ့ဖြိုးမှု အများနှင့် သက်ဆိုင်သော ကုမ္ပဏီက ကျန်းမာရေးနှင့်ညီညွတ်သော သဘာဝသီးနှံများ စိုက်ပျိုးထုတ်လုပ်နိုင်ရေးအတွက် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းဦးစီးဌာနနှင့် ပူးပေါင်း၍ သာပေါင်းမြို့နယ် ဘိုမွဲဇာ ကျေးရွာ သို့ ကွင်းဆင်းကာ အော်ဂဲနစ်သီးနှံများ စိုက်ပျိုးထုတ်လုပ်နိုင်ရေး၊ ခိုင်မာသော ဈေးကွက်ဝေစု ရရှိစေရေးနဲ့ ရေရှည်အကျိုးစီးပွားဖြစ်ထွန်းရေး၊ ပြည်ပဈေးကွက်ယှဉ်ပြိုင်နိုင်ရေး၊ သဘာဝသီးနှံများရဲ့ အားသာချက်များကို တောင်သူများအား ရှင်းလင်းပြောကြား၍ ဧက ၅၀ ခန့် စိုက်ပျိုးလိုကြောင်း ဒေသခံ တောင်သူများနှင့် ဆွေးနွေးရာ တောင်သူများ၏ စိတ်ဝင်တစားပူးပေါင်း ပါဝင်မှုကြောင့် ၁၁၆ ဧကအထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ ဧရာပုသိမ်ကုမ္ပဏီ အုပ်ချုပ်မှုဒါရိုက်တာဦးဝင်း မြင့်လှိုင်က ကျေးရွာဆွေးနွေးပွဲတွင် ပြောကြားပါတယ်။

သဘာဝသီးနှံများ စိုက်ပျိုးရာတွင် အခြားစိုက်ခင်းများနဲ့ သီးခြားစီဖြစ်အောင်စိုက်ခင်းကို တာပတ်၍ စနစ်တကျ စိုက်ပျိုးရမှာဖြစ်ပြီး၊ အခြား စိုက်ခင်းများတွင် ယခင်အသုံးပြုထားသော ဓာတ်မြေသြဇာ ဓာတ်ကြွင်းများ ဝင်ရောက်မှုမရှိအောင် တားမြစ်ခြင်းဖြစ်ကြောင်း၊ ယခုနှစ်မှ စတင်စိုက်ပျိုး၍ သုံးနှစ်ကြာမှသာ ထွက်ရှိလာသော သီးနှံများကို ဓာတ်ခွဲစမ်းသပ်စစ်ဆေးပြီး အောင်မြင်မှသာ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းဦးစီးဌာန၏ သဘာဝသီးနှံများဖြစ်သည်ကို ထောက်ခံချက်ရရှိမှာဖြစ်ကြောင်း၊ ဈေးကွက်ဝင် အော်ဂဲနစ်တန်းမြင့် ဆန်များစိုက်ပျိုး ထုတ်လုပ်နိုင်ရေး တောင်သူအကျိုးစီးပွားနဲ့ တိုင်းဒေသကြီး စီးပွားရေးကဏ္ဍများ ပိုမိုဖွံ့ဖြိုးလာစေရန် ရည်ရွယ်ပြီး၊ ယခုလက်ရှိ စိုက်ပျိုးမည့် ရေကျနောက်စိုက် အော်ဂဲနစ်စိုက်ခင်း ၁၁၆ ဧကအပြင် ထပ်မံတိုးချဲ့ စိုက်ပျိုးရန်လည်း လျာထားကြောင်း အုပ်ချုပ်မှုဒါရိုက်တာက ဆက်လက်ပြောကြားပါတယ်။

လူတိုင်းသက်တမ်းစေ့ နေနိုင်ရေး၊ သဘာဝသီးနှံများ စိုက်ပျိုးထုတ်လုပ်စားသုံးနိုင်ရေးအတွက် ဧရာပုသိမ်ကုမ္ပဏီ၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းဦးစီးဌာနနဲ့ ဒေသခံတောင်သူများ ပူးပေါင်းဆောင်ရွက်ရာတွင် ကုမ္ပဏီမှ တောင်သူများကို နည်းပညာ၊ ငွေကြေး၊ သွင်းအားစုနဲ့ လိုအပ်သည်များကို ပံ့ပိုးကူညီပေးသွားမှာဖြစ်ကြောင်းနဲ့ လက်ရှိပြည်ပဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိသော ဆင်းသွယ်လတ်စပါးမျိုးများကို အော်ဂဲနစ်သီးနှံအဖြစ် စိုက်ပျိုးမှာဖြစ်ကြောင်း ၎င်းက ထပ်မံပြောကြားပါတယ်။

**မင်းမင်းဦး - ပုသိမ်**

## မန္တလေးတိုင်းဒေသကြီး ကုန်သွယ်မှုမြှင့်တင်ရေး ဦးစီးဌာနမှ တတိယအကြိမ်မြောက် “ ဝါးအခြေခံသင်တန်း ” ဖွင့်လှစ်

မန္တလေးတိုင်းဒေသကြီး ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာနမှ ကျေးလက်ဒေသ အသေးစားကုန်ထုတ် လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန် ကျေးလက်ဒေသ အသေးစားကုန်ထုတ်လုပ်ငန်းရှင်များအတွက် အရင်းအနှီး၊ နည်းပညာနှင့် ဈေးကွက်ရရှိအောင် ဆောင်ရွက်ရာတွင် မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ အစီအမံဖြင့် ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ် မှစတင်၍ ယခုအချိန်အထိ အရင်းအနှီးများကို ထုတ်ချေးပေးလျက်ရှိပါတယ်။ ကျေးလက်လုပ်ငန်းရှင်များရဲ့ ပထမလိုအပ်ချက်ဖြစ်တဲ့ အရင်းအနှီးကို ထုတ်ချေးပြီးသည့်နောက် နည်းပညာများရရှိရေးအတွက် ဆက်လက်ဆောင်ရွက်ပေးသည့်အနေဖြင့် သင်တန်းများကို ဖွင့်လှစ်ပေးခဲ့ကြောင်း သိရပါတယ်။

မန္တလေးတိုင်းဒေသကြီး မန္တလေးခရိုင်၊ ပုသိမ်ကြီးမြို့နယ် နှမ်းကြဲကျေးရွာတွင် မတ်လ ၂၀ ရက်နေ့က ဝါးနှင့်ပတ်သက်သော“ ဝါးလုပ်ငန်းအခြေခံသင်တန်း” အား တတိယအကြိမ်မြောက် ဖွင့်လှစ်ကြောင်း သိရပါတယ်။

အဆိုပါဖွင့်ပွဲသို့ မန္တလေးတိုင်းဒေသကြီး၊ စီမံကိန်းနှင့် စီးပွားရေးဝန်ကြီးဌာန ဝန်ကြီး ဦးအောင်ဇံက အဖွင့်အမှာစကားပြောကြားပြီး ဝါးနှင့်ပတ်သက်သည့် အကြောင်းအရာများကို တိုင်းဒေသကြီးဦးစီးမှူး၊ ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးမျိုးသူက သင်တန်းဖွင့်လှစ်ရခြင်းရဲ့ ရည်ရွယ်ချက်များကို ပြောကြားကြောင်း သိရပါတယ်။ ၎င်းဝါးလုပ်ငန်းအခြေခံသင်တန်းဖွင့်ပွဲသို့ စီမံကိန်းနှင့် စီးပွားရေးဝန်ကြီးဌာနဝန်ကြီး၊ ကုန်သွယ်မှု မြှင့်တင်ရေးဦးစီးဌာနမှ တိုင်းဒေသကြီးဦးစီးမှူး နှင့် ဒုတိုင်းဒေသကြီးဦးစီးမှူး၊ ခရိုင်အထွေထွေအုပ်ချုပ်ရေးမှူး၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး၊ ကူးသန်းရောင်းဝယ်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာနမှ တိုင်းဒေသကြီးဦးစီးမှူးနှင့် သင်တန်းသားသင်တန်းသူများနှင့် အခြားဖိတ်ကြားထားသော ဧည့်သည်များ တက်ရောက်ကြောင်း သိရပါတယ်။ **စိုးအောင် - မန္တလေး**

## ဟင်္သာတမြို့တွင် “Seminar one-Government, e-Commerce for SMEs Development & Preparing Readiness to AEC ” အလုပ်ရုံဆွေးနွေးပွဲကျင်းပ



ဧရာဝတီတိုင်းဒေသကြီး၊ ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာန၊ ဧရာဝတီတိုင်းဒေသကြီး သတင်းနှင့်ဆက်သွယ်မှု နည်းပညာဖွံ့ဖြိုးရေးကော်မတီတို့ပူးပေါင်း၍ ဟင်္သာတခရိုင်၊ ဟင်္သာတမြို့နယ်၊ မြို့တော်ခန်းမတွင် မတ်လ ၁၆ ရက်နေ့က “ Seminar on e - Government, e-Commerce for SMEs Development & Preparing Readiness to AEC ” အလုပ်ရုံဆွေးနွေးပွဲကို ပြုလုပ်ခဲ့ပါတယ်။

အဆိုပါအခမ်းအနားတွင်ဟင်္သာတခရိုင်အုပ်ချုပ်ရေးမှူး ဦးစန်းဌေးက နိုင်ငံတော်ဖွံ့ဖြိုးရေးအတွက် နိုင်ငံသားတိုင်း အသိပညာရှိမှုနှင့် တတ်မြောက်ကျွမ်းကျင်ရန်၊ ပြောင်းလဲနေတဲ့ သတင်းအချက်များရယူနိုင်ရန် အတွက်နဲ့ ဌာနဆိုင်ရာရုံးများ၊ စီးပွားရေးလုပ်ငန်းရှင်များ e-Government, e- Commerce စနစ်များထိရောက်စွာ အသုံးပြုနိုင်ရန်အတွက် သင်တန်းပို့ချခြင်းဖြစ်ကြောင်း အမှာစကားပြောကြားခဲ့ပါတယ်။ ဧရာဝတီတိုင်းဒေသကြီး၊ ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူး ဦးစိုးအောင်နှင့် ဧရာဝတီတိုင်းဒေသကြီး သတင်းနှင့် ဆက်သွယ်မှုနည်း ပညာဖွံ့ဖြိုးတိုးတက်ရေးကော်မတီ ဥက္ကဋ္ဌ ဦးမောင်မောင်ဦးတို့က အစိုးရလုပ်ငန်းသုံး e-Government စနစ်အကြောင်း၊ စီးပွားရေးလုပ်ငန်းသုံး e-Commerce စနစ်အကြောင်းများအား ရှင်းလင်းဆွေးနွေး ဟောပြောခဲ့ကြပါတယ်။ ဆွေးနွေးပွဲသို့ ခရိုင်၊ မြို့နယ်ဌာနဆိုင်ရာအရာထမ်း၊ အမှုထမ်းများ၊ အသင်းအဖွဲ့များ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ ၁၅၅ ဦးခန့် တက်ရောက်ခဲ့ကြောင်း သိရပါတယ်။

**အေးအေးခိုင် - ဟင်္သာတ**

## ပြည်နယ်နှင့် တိုင်းဒေသကြီး အသီးသီးရှိ Trade Promotion and Information Service(TPIS) များ၏ Contact Points များ

| | | |
|---|---|---|
| (၁) | ရန်ကုန်တိုင်းဒေသကြီး | ၂၂၈/၂၄၀၊ ဒုတိယထပ်၊ ကမ်းနားလမ်းနှင့်ရွှေဘုံသာလမ်းထောင့်၊ ရန်ကုန်မြို့။ Fax:01-254023, Ph:01-250270,254019 email: ygnmapt@gmail.com |
| (၂) | ပဲခူးတိုင်းဒေသကြီး(အနောက်) | ရတနာမာန်အောင်ဘုန်းကြီးကျောင်းအနီး၊ ပြည်မြို့။ Fax : 053-28220, Ph : 053-28032,28020 |
| (၃) | ပဲခူးတိုင်းဒေသကြီး(အရှေ့) | အောင်မြေသာရပ်ကွက်၊ ပိုလန်ဝင်း၊ ပဲခူးမြို့။ Ph : 052-21844, 21108 |
| (၄) | ဧရာဝတီတိုင်းဒေသကြီး | ပုသိမ်မြို့။ Fax : 042-21811, Ph: 042-24520,24522 email: yiyinaingwin@gmail.com |
| (၅) | မန္တလေးတိုင်းဒေသကြီး | မန္တလေးမြို့။ Fax : 02-36340, Ph: 02-36342,36339 email: mdymapt@gmail.com |
| (၆) | ရခိုင်ပြည်နယ် | စစ်တွေမြို့။ Fax:043-23426,Ph:043-23426 |
| (၇) | မကွေးတိုင်းဒေသကြီး | အစိုးရရပ်ကွက်၊အနော်ရထာလမ်း၊မကွေးမြို့။ Fax : 063-23199, Ph : 063-23196,23197 |
| (၈) | ရှမ်းပြည်နယ်(တောင်ပိုင်း) | အရှေ့မြို့ပတ်လမ်း၊ ရေအေးကွင်းရပ်ကွက်၊ အမှတ်(၅)ဈေးမြောက်ဘက်၊ တောင်ကြီးမြို့။ Fax:081-21093,Ph:081-21627 email:m.myintmaungmaung@gmail.com |
| (၉) | ရှမ်းပြည်နယ်(အရှေ့ပိုင်း) | ရပ်ကွက်(၁)၊ နောင်ရေး၊ ကျိုင်းတုံမြို့။ Fax:084-21034,Ph:084-21034 |
| (၁၀) | ရှမ်းပြည်နယ်(မြောက်ပိုင်း) | အမှတ်(၉)၊ လေယာဉ်ကွင်းလမ်း၊ ထပရတပ်ရင်း(၆၂၆)နှင့် မျက်နှာချင်းဆိုင်၊ လားရှိုးမြို့။ Fax:082-23493,Ph:082-23039 |
| (၁၁) | ကရင်ပြည်နယ် | ဘားအံမြို့။ Fax:058-21666,Ph:058-21041 |
| (၁၂) | တနင်္သာရီတိုင်းဒေသကြီး | ကမ်းနားလမ်း၊ ဆိပ်ငယ်ရပ်ကွက်၊ မြိတ်မြို့။ Fax:059-41012,Ph:059-41012 |
| (၁၃) | ကချင်ပြည်နယ် | အမှတ်(၁၉၉)၊ မြို့သစ်ရပ်ကွက်၊ မြစ်ကြီးနားမြို့။ Fax:074-22459,Ph:074-22459 |
| (၁၄) | ကယားပြည်နယ် | (၈/၉)လမ်းကြား၊ ကန္တာရဝတီလမ်းနှင့် သီရိဒေါလမ်းကြား၊ နောင်ယား(က)ရပ်ကွက်၊ လွိုင်ကော်မြို့။ Fax:083-21005,Ph:083-21005 |
| (၁၅) | မွန်ပြည်နယ် | အမှတ်(၄)ကမ်းနားလမ်း၊ ရွှေတောင်ရပ်၊ ဘုရင့်ရုံးရှေ့ မော်လမြိုင်မြို့။ Fax:057-24728, Ph:057-24318 |
| (၁၆) | စစ်ကိုင်းတိုင်းဒေသကြီး | သာစည်လမ်း၊ ဒေါနခြံရပ်၊ မီးရထားသံလမ်းနှင့် ပိုလ်ချုပ်ကြေးရပ်ကြား၊ မုံရွာမြို့။ Fax : 071-23630, Ph:071-23630,22924 |

Organizations News
Vol: 15, No.12 Monday March 23 2015

# အမေရိကန်ပြည်ထောင်စုက စက္ကူချောများအတွက် ကောက်ခံခွန်နှင့်ပတ်သက်ပြီး အင်ဒိုနီးရှားက ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ကို တိုင်တန်း

အင်ဒိုနီးရှားနိုင်ငံကတင်ပို့တဲ့ စက္ကူချောတွေကို အမေရိကန်ပြည်ထောင်စု အာဏာပိုင်တွေက ပြစ်ဒဏ်များ ချမှတ်ကောက်ခံနေတဲ့အတွက် အရေးယူဆောင်ရွက်ပေးပါရန် အင်ဒိုနီးရှားနိုင်ငံက ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ (ဒဗလျူတီအို)သို့ တိုင်တန်းခဲ့ကြောင်း ဂျာကာတာပို့စ်သတင်းမှာဖော်ပြပါတယ်။

ပုံမှန်အားဖြင့် အရည်အသွေးမြင့် စက္ကူများအဖြစ် အသုံးပြုတဲ့ အင်ဒိုနီးရှား စက္ကူချောတွေအတွက် တန်ပြန်စုပုံခွန် ၂၀ ဒသမ ၁၃ ရာခိုင်နှုန်းနဲ့ Countervailing အခွန် ၁၇ ဒသမ ၉၄ ရာခိုင်နှုန်းကို အမေရိကန်ပြည်ထောင်စုက ကောက်ခံခဲ့ပါတယ်။ ဒီ အခွန်တွေကို ၂၀၁၀ ပြည့်နှစ်ကစတင် ပြဋ္ဌာန်းခဲ့ပြီး ဒီဥပဒေပြဋ္ဌာန်းချက်ကို သက်တမ်းတိုးချဲ့ဖို့ရှိမရှိကို ယခုနှစ်ထဲမှာ ပြန်လည်သုံးသပ်မှာဖြစ်ပါတယ်။

အမေရိကန်ပြည်ထောင်စုရဲ့ ဆောင်ရွက်မှုတွေက Anti-dumping Agreement နဲ့Subsidies and Countervailing (SCM) Agreement သဘောတူစာချုပ်တွေကို ဖောက်ဖျက်နေကြောင်း မတ်လ ၁၃ ရက်ကထုတ်ပြန်တဲ့ ဒဗလျူတီအိုရဲ့ကြေညာချက်မှာ ဖော်ပြထားပါတယ်။

"ကုန်သွယ်ရေးအငြင်းပွားမှုနဲ့ပတ်သက်ပြီး အယူခံဝင်ရာမှာတရုတ်နိုင်ငံက အောင်မြင်မှုရခဲ့ပါတယ်။ ဒီလို တရုတ်နိုင်ငံက ရရှိထားတဲ့အောင်မြင်မှုကို တခြားနိုင်ငံတွေမှာ ဈေးနှုန်းတွေချမှတ်တဲ့အခါ နမူနာအဖြစ်ယူပြီး ကျွန်တော်တို့ကဆောင်ရွက်ခဲ့တာဖြစ်ပါတယ်" လို့ မတ်လ ၁၅ ရက်နေ့က ကုန်သွယ်ရေးဝန်ကြီးဌာန ကုန်သွယ်မှုလုပ်ငန်းကာ ကွယ်ရေးညွှန်ကြားရေးမှူး အိုလဲနာဝန်က ဂျကာတာပို့စ်သတင်းကို ပြောပါတယ်။

တရုတ်နိုင်ငံကတင်ပို့တဲ့ အလားတူစက္ကူချောတွေကိုလည်း အမေရိကန်ပြည်ထောင်စုအာဏာပိုင်တွေက တန်ပြန်စုပုံခွန်နဲ့ Countervailing Duties တွေ ကောက်ခံခဲ့ဖူးတာကို တွေ့ရပါတယ်။ ဂလော့စီစက္ကူတွေက ယေဘုယျအားဖြင့် ရောင်စုံဂရပ်ဖစ် ကက်တလောက်များ၊ စာအုပ်များ၊ မဂ္ဂဇင်းများ၊ စာအိတ်များ၊ တံဆိပ်များ၊ ထုပ်ပိုးပစ္စည်းများနဲ့ လိပ်စာကတ်များအဖြစ် အသုံးပြုပါတယ်။ ဒီစက္ကူတွေအတွက် ကောက်ခံတဲ့အခွန်ကို ၂၀၁၀ ပြည့်နှစ်မတိုင်မီက ဒေါ်လာ ၉၆ ဒသမ ၁၆ သန်းကောက်ခံခဲ့ရာမှ ယခုအခါ ဒေါ်လာ ၁၆ ဒသမ ၇ သန်းထိလျှော့ချပေးခဲ့ကြောင်း ကုန်သွယ်ရေးဝန်ကြီးဌာနက ပြောပါတယ်။

ဉာဏ်တင်-စုစည်းတင်ပြသည်




# အာရှဒေသမှာ စီးပွားရေးအင်အားကြီးအဖွဲ့အစည်းဖြစ်လာဖို့ အာဆီယံကြိုးပမ်း

အာဆီယံဒေသက လူဦးရေသန်း ၆၀၀ ကျော်ပြီးသတ္တုသယံဇာတနဲ့ ကုန်စည်တွေ ပေါကြွယ်တဲ့ စွမ်းအားကြီးအဖွဲ့အစည်းတစ်ခု ဖြစ်လာနိုင်ကြောင်း SME Malaysia ရဲ့အမှုဆောင်အရာရှိချုပ် ဒါတွတ်ဟာဆာရှင်ရဲ့ ပြောကြားချက်ကိုကိုးကားပြီး ဘာနားမားသတင်းမှာဖော်ပြပါတယ်။

စီးပွားရေးမှာ အပြောင်းအလဲဖြစ်တဲ့ပုံစံက အနောက်မှအရှေ့ကို ရွှေ့ပြောင်းတဲ့ပုံစံဖြစ်ခဲ့တဲ့အတွက် အာဆီယံဒေသက တရုတ်နိုင်ငံပြီးရင် အင်အားကြီးတဲ့ စီးပွားရေးအင်အားကြီးဒေသဖြစ်လာလိမ့်မယ်။ စီးပွားရေးအသိုက်အဝန်းအတွက်လည်း ကောင်းမွန်တဲ့ အခွင့်အလမ်းတွေပေးလိမ့်မယ်လို့ သူမက ပြောပါတယ်။

"အာဆီယံဒေသက အလားအလာတွေ ပြည့်နေတဲ့နေရာဖြစ်ပါတယ်။ ကျွန်မတို့မှာ စားအုန်းဆီ၊ ရော်ဘာနဲ့ တွင်းထွက်သတ္တုတွေရှိတယ်။ ပိုပြီးထူးခြားတာက ဒီနိုင်ငံတွေမှာ ယဉ်ကျေးမှုတွေက တူညီသလောက် နီးပါးရှိနေတယ်။ ဒါကြောင့် စီးပွားရေးလုပ်ငန်း ဆောင်ရွက်ရတာ ပိုမိုလွယ်ကူပါတယ်"လို့လာမယ့် အာဆီယံအက်စ်အမ်အီးပြပွဲနဲ့ ၂၀၁၅ ခုနှစ် ကွန်ဖရင့်ကိစ္စအတွက် ဘာနားမားသတင်းစာနဲ့ တွေ့ဆုံမေးမြန်းခန်းမှာ သူမက ပြောပါတယ်။

မလေးရှားနိုင်ငံက ယခုနှစ်မှာ အာဆီယံဥက္ကဋ္ဌ တာဝန်ကိုယူထားရတဲ့အတွက် အာဆီယံအကြောင်းကိုလူတွေနားလည်အောင်ဆောင်ရွက်ဖို့နဲ့ နောင်ဖြစ်လာမယ့်ကုန်သွယ်ရေးနဲ့ရင်းနှီးမြှုပ်နှံမှုစင်တာဖြစ်လာအောင် ဘယ်အခန်းကဏ္ဍကပါဝင်မယ်ဆိုတာကိုနားလည်ဖို့အတွက် မလေးရှားနိုင်ငံမှာ တာဝန်ရှိပါတယ်။ ယခုနှစ်အကုန် အာဆီယံစီးပွားရေးအသိုက်အဝန်း (အေအီးစီ)ကို အကောင်အထည်ဖော်တဲ့အခါ ဒီအချက်က အထူးတလည်အရေးပါတဲ့အချက်ဖြစ်ပါတယ်။

အေအီးစီက စီးပွားရေးဖြေလျှော့ရေး အစီအစဉ်ဖြစ်ပါတယ်။ အပြည်ပြည်ဆိုင်ရာမှာ အာဆီယံရဲ့ယှဉ်ပြိုင်နိုင်မှုစွမ်းရည်ကို တိုးမြှင့်ပေးဖို့လည်း ရည်မှန်းချက်ထားပါတယ်။ နောက်ပြီး အာဆီယံဒေသကို ဆွဲဆောင်မှုရှိတဲ့ ရင်းနှီးမြှုပ်နှံမှုဒေသ ဖြစ်လာအောင် ဆောင်ရွက်ဖို့ဖြစ်ပါတယ်။

# ၂၀၂၂ ခုနှစ်မှာ အိန္ဒိယ-အာဆီယံကုန်သွယ်မှုကို ဒေါ်လာဘီလီယံ ၂၀၀ ထိ တိုးမြှင့်မည်

ဒေသတွင်း ဘက်စုံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှု (Regional Comprehensive Economic Partnership-RCEP) ကို ယခုနှစ်ကုန်မှာ အပြီးသတ်ဆောင်ရွက်ဖို့ ရည်မှန်းထားပြီး အဲဒီစာချုပ်အရ ၂၀၂၂ ခုနှစ်မှာ ကုန်သွယ်မှုကို ဒေါ်လာဘီလီယံ ၂၀၀ အထိ ဆောင်ရွက်မှာဖြစ်ကြောင်း အိန္ဒိယအစိုးရတာဝန်ရှိသူတစ်ဦးက မတ်လ ၁၁ ရက်မှာ ပြောပါတယ်။ ဒါပေမယ့် အိန္ဒိယ- အာဆီယံကုန်သွယ်မှုကဖြစ်နိုင်တဲ့ အလားအလာအထိ အပြည့်အဝ မဆောင်ရွက်နိုင်သေးဘူးလို့ သူကပြောပါတယ်။

အာဆီယံ-အိန္ဒိယကုန်ပစ္စည်း လွတ်လပ်စွာကုန်သွယ်မှုသဘောတူစာချုပ်ကို ၂၀၀၉ ခုနှစ်က ချုပ်ဆိုခဲ့ပါတယ်။ ဒီစာအချုပ်အရနှစ်နိုင်ငံအပြန်အလှန်ကုန်သွယ်မှုသဘောတူစာချုပ် အဖြစ်ပြောင်းလဲဖြစ်ပေါ်စေခဲ့ပါတယ်။ ဒီသဘောတူစာချုပ်အရ ဆောင်ရွက်တဲ့အတွက် ကုန်သွယ်မှုက ၂၀၀၉-၁၀ ခုနှစ်မှာ ဒေါ်လာ ၄၄ ဘီလီယံ အကောင်အထည်ဖော်နိုင်ခဲ့ရာမှ ၂၀၁၃-၁၄ ခုနှစ်မှာ ဒေါ်လာ ၇၄ ဘီလီယံအထိအကောင်အထည်ဖော် နိုင်ခဲ့ပါတယ်။

"RCEP အတွက် စေ့စပ်ညှိနှိုင်းမှုတွေကို ယခုနှစ်အကုန်မှာအပြီးသတ်ဆောင်ရွက်မှာ ဖြစ်ပါတယ်။ နှစ်နိုင်ငံ အပြန်အလှန်ကုန်သွယ်မှုနဲ့ ရင်းနှီးမြှုပ်နှံမှုတွေကို တိုးမြှင့်ဆောင်ရွက်နေတာက လောလောဆယ်မှာ ဖြစ်နိုင်တဲ့အလားအလာကို အပြည့်အဝ ဆောင်ရွက်နိုင်ခြင်း မရှိသေးပါဘူး။ ဒီလုပ်ငန်းတွေအတွက် အပြီးသတ်သဘောတူညီချက်ရဖို့က အလှမ်းဝေးနေဆဲဖြစ်ပါတယ်" လို့ အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ ဒုတိယအထွေထွေအတွင်းရေးမှူးချုပ် ဒေါက်တာကေပီမောက်တန်က ဒေလီဆွေးနွေးပွဲ (Delhi Dialogue) မှာ ပြောပါတယ်။

RCEP ဆိုတာက အာဆီယံနိုင်ငံ တွေနဲ့ တခြားမိတ်ဖက်နိုင်ငံတွေဖြစ်တဲ့ ဩစတြေးလျ၊ တရုတ်၊ အိန္ဒိယ၊ ဂျပန်၊ တောင်ကိုရီးယားနဲ့ နယူးဇီလန်နိုင်ငံတို့ ဘက်စုံလွတ်လပ်စွာကုန်သွယ်မှုစာချုပ် ချုပ်ဆိုဖို့ အဆိုပြုထားတဲ့စာချုပ်ဖြစ်ပါတယ်။ ဒီစာချုပ်မှာ ကုန်ပစ္စည်း၊ ဝန်ဆောင်မှု၊ ရင်းနှီးမြှုပ်နှံမှု၊ ပြိုင်ဆိုင်မှုနဲ့ ဉာဏပစ္စည်းပိုင်ဆိုင်မှုတွေပါဝင်အောင် ဆောင်ရွက်နိုင်မယ့် နည်းလမ်းတွေ ရှာဖွေပြီးယခုနှစ်မှာ အပြီးသတ်ဆောင်ရွက်ဖို့ ရည်ရွယ်ထားပါတယ်။

# အရှေ့တောင်အာရှရဲ့ အရေးပါမှုကို အသိအမှတ်ပြုဖို့ အနောက် နိုင်ငံတို့ပျက်ကွက်

အရှေ့တောင်အာရှဒေသက ကမ္ဘာပေါ်မှာ အရေးပါဆုံးဖြစ်တယ်ဆိုတဲ့အချက်ကို အနောက်နိုင်ငံသားတွေက သိရှိမှုနည်းပါးကြောင်း ဗန်ကောက်မြို့မှာ မတ် ၁၃ ရက်ကကျင်းပတဲ့ ဖိုရမ်တစ်ခုမှာ ပင်ဆယ်ဗေးနီးယားတက္ကသိုလ် ဝှာတန်မဟာဌာနရဲ့ မဟာဌာနမှူးက ပြောပါတယ်။

လူလတ်တန်းစား အရေအတွက် တိုးတက်လာမှုနဲ့ အခြေခံအဆောက်အအုံတည်ဆောက်ရေးမှာ ရင်းနှီးမြှုပ်နှံမှုတွေမှာ လွန်ခဲ့တဲ့နှစ်တွေကနဲ့မတူဘဲ တိုးတက်လာတာတွေကိုကြည့်ရင် အာဆီယံဒေသအနေနဲ့ လာမယ့်နှစ်တွေမှာ အာရှဒေသရဲ့ ကမ္ဘာ့စီးပွားရေးဖွံ့ဖြိုးမှုအတွက် မောင်းနှင်အားတစ်ခုဖြစ်လာလိမ့်မယ်ဆိုတဲ့သဘောကို တွေ့ရမှာဖြစ်ကြောင်း မဟာဌာနမှူးဂျက်ဖရီဂါးရက်က ပြောပါတယ်။

"အရှေ့တောင်အာရှဒေသအကြောင်းနဲ့ပတ်သက်ပြီး နားလည်ထားရမယ့် အချက်တစ်ချက်ကတော့ အာရှဒေသမှာ လူလတ်တန်းစားရဲ့ တိုးတက်မှုက ဘယ်တုန်းကမှ မကြုံခဲ့ဖူးတဲ့ အတိုင်းအတာပမာဏနဲ့ တိုးတက်နေပါတယ်"လို့ "Wharton Global Forum: Asia in Borderless World" ဆိုတဲ့ ခေါင်းစဉ်နဲ့ကျင်းပတဲ့ ဖိုရမ်မှာ ဂါးရက်က ပြောပါတယ်။

တရုတ်နိုင်ငံမှာသာမက အရှေ့ တောင်အာရှဒေသ အပါအဝင် အာရှတစ်ခုလုံးမှာ လူလတ်တန်းစားတွေ အမြောက်အမြားပေါ်ထွန်းလာတော့မှာ ဖြစ်ကြောင်း သူကပြောပါတယ်။ အာဆီယံဒေသလူဦးရေကလည်း တစ်ဘီလီယံကျော်လာပြီး တရုတ်နိုင်ငံလူဦးရေလောက်ထိ ရောက်ရှိမှာဖြစ်သလို လူလတ်တန်းစားဦးရေကလည်း မြင့်မားလာမှာဖြစ်ကြောင်းလည်း သူကပြောပါတယ်။ ဒီဒေသရဲ့ စီးပွားရေးက အချိုးညီညီဖွံ့ဖြိုးတိုးတက်လာပြီး ပြည်တွင်း ဝယ်လို အားကို ပိုမိုမှီခိုလာနိုင်တော့မယ့်သဘောကို ဆောင်နေပါတယ်။

ဒီဒေသကို ကမ္ဘာ့စီးပွားရေးရဲ့ မောင်းနှင်အားအဖြစ် သဘောထားသလိုနဲ့ အပြည်ပြည်ဆိုင်ရာ စီးပွားရေးလုပ်ငန်းများနဲ့ ကမ္ဘာတစ်ဝန်းရှိ ပို့ကုန်လုပ်ငန်းရှင်များအတွက် စီးပွားရေးအခွင့်အလမ်းတွေ တည်ရှိရာဒေသအဖြစ် သဘောထားကြတဲ့ ကုမ္ပဏီတွေနဲ့ ကမ္ဘာ့နိုင်ငံတွေကလည်း အရေအတွက် ကမ္ဘာပေါ် တိုးပွားစပြုလာတာကို တွေ့ရပါတယ်။

# ပြည်တွင်းသဘာဓာတ်ငွေ့ ပိုမိုသုံးစွဲရေးကို အင်ဒိုနီးရှားအစိုးရ ကြိုးပမ်း

နိုင်ငံအနှံ့အပြားမှာ သဘာဝဓာတ်ငွေ့ရည် သိုလှောင်တဲ့ လှောင်ကန် အများအပြားတည်ဆောက်ခြင်းနဲ့ ပြည်တွင်းမှရရှိတဲ့ သဘာဝဓာတ်ငွေ့ကို အကောင်းဆုံး အသုံးချသွားနိုင်အောင် အင်ဒိုနီးရှားအစိုးရက ဆောင်ရွက်သွားမှာဖြစ်ကြောင်း ဒုတိယသမ္မတ ဂျူဆွတ်ကာလာရဲ့ပြောကြားချက်ကိုကိုးကားပြီး ဂျကာတာပို့စ်သတင်းမှာ ဖော်ပြပါ တယ်။

"အလျှံပယ်ကြွယ်ဝတဲ့ ကျွန်တော်တို့ရဲ့ သဘာဝဓာတ်ငွေ့ကို အသုံးပြုချင်တယ်ဆိုရင် ကျွန်တော်တို့မှာ သဘာဝဓာတ်ငွေ့သိုလှောင်ကန်တွေအများကြီး ထားရှိရပါမယ်။" ဂျပန်နိုင်ငံ တိုကျိုဂက်စ် ကုမ္ပဏီကပိုင်ဆိုင်တဲ့ သဘာဝဓာတ်ငွေ့ရည် လက်ခံသိုလှောင်ကန်ဖြစ်တဲ့ ဆိုဒဲဂါရာအယ်လ်အင်နီဂျီကို ရောက်ရှိစဉ် ဒုတိယသမ္မတရဲ့ ပြောကြားချက်ကို အင်တာရာသတင်းမှာ ဖော်ပြပါတယ်။

သဘာဝဓာတ်ငွေ့က သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှုရှိတဲ့ စွမ်းအင်အရင်းအမြစ်တစ်ခု ဖြစ်ပေမယ့် အင်ဒိုနီးရှားနိုင်ငံက သူ့ရဲ့စွမ်းအင်အရင်းအမြစ်အားလုံးကို အပြည့်အဝ အသုံးချနိုင်ခြင်း မရှိသေးကြောင်း ကာလာကပြောပါတယ်။

အင်ဒိုနီးရှားနိုင်ငံက သဘာဝဓာတ်ငွေ့ရည် ဖြန့်ဖြူးရေးနဲ့ ပြည်ပတင်ပို့တဲ့လုပ်ငန်းတွေကိုဆောင်ရွက်နေပေမယ့် အခြေခံ အဆောက်အအုံအထောက်အပံ့ ညံ့ဖျင်းတဲ့အတွက် သဘာဝဓာတ်ငွေ့ရည် လက်ခံထိန်းသိမ်းမှုကို ကျယ်ကျယ်ပြန့်ပြန့် မဆောင်ရွက်နိုင်သေးကြောင်း သူကပြောပါတယ်။

အင်ဒိုနီးရှားနိုင်ငံ အနေနဲ့ ရင်ဆိုင်တွေ့ကြုံတွေ့နေရတဲ့အခက်အခဲ အများအပြားအနက် သဘာဝဓာတ်ငွေ့သိုလှောင်ထားရှိရမယ့်နေရာတစ်နေရာကိုရှာပြီး ၁၀ ထရီလီယံ (ဒေါ်လာ ၁ ဘီလီယံ) ကျော်ကုန်ကျမယ့် ရင်းနှီးမြှုပ်နှံမှုကလည်း တစ်ခုအဖြစ် ပါဝင်နေပါတယ်။ သဘာဝဓာတ်ငွေ့ရည်လက်ခံရေးသိုလှောင်ကန်နေရာအတွက် ပင်လယ်ရေနက်ဆိပ်ကမ်းတစ်ခုလည်း ရှိထားဖို့လိုကြောင်း ကာလာက ပြောပါတယ်။

ယခင်နှစ်က ပြည်တွင်းသုံးစွဲဖို့ လျာထားတဲ့ သဘာဝဓာတ်ငွေ့ရဲ့ ၉၄ ဒသမ ၇၄ ရာခိုင်နှုန်းကိုသာ သုံးစွဲနိုင်ခဲ့ပါတယ်။ အခြေခံအဆောက်အအုံညံ့ဖျင်းမှုနဲ့ သဘာဝဓာတ်ငွေ့ရည်လက်ခံထိန်းသိမ်းရေး သိုလှောင်ကန်တွေ မရှိတဲ့အတွက် သတ်မှတ်ထားတဲ့ သဘာဝဓာတ်ငွေ့ကို အပြည့်အဝ အသုံးချနိုင်မှာ မဟုတ်ကြောင်း သူကဆက်လက်ပြောကြားပါတယ်။

# မလေးရှားနိုင်ငံက ဗီယက်နမ် နိုင်ငံခြားသား ခရီးသွားများကိုဆွဲဆောင်

မလေးရှားနိုင်ငံရဲ့ ခရီးသွားဒေသတွေကို ဗီယက်နမ်လူမျိုးတွေ လာရောက်အောင်လုပ်ငန်း မြှင့်တင်ရေးလုပ်ငန်းများကို ခရီးသွားလုပ်ငန်း အော်ပရေတာများက ဗီယက်နမ်နိုင်ငံမှာ စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။

အဲဒီလိုဆောင်ရွက်မှုတွေကြောင့် ယခုနှစ်အတွင်း မလေးရှားနိုင်ငံအတွင်းသို့ ဗီယက်နမ် ခရီးသွားဦးရေ ၂၇၅၀၀၀ အထိရောက်ရှိလာမှာဖြစ်ကြောင်း မလေးရှားနိုင်ငံက ခန့်မှန်းထားတယ်လို့ ဗီယက်နမ်သတင်းအေဂျင်စီရဲ့ ဝက်ဘ်ဆိုက်သတင်းမှာ ဖော်ပြပါတယ်။

မလေးရှား ခရီးသွားလုပ်ငန်းအတွက် အာဆီယံအဖွဲ့ဝင်နိုင်ငံတွေက အဓိကကျတဲ့ဈေးကွက်အဖြစ် တည်ရှိနေဦးမှာဖြစ်ပါတယ်။ ယခင်နှစ်က အာဆီယံနိုင်ငံများမှ ခရီးသည်ဝင်ရောက်မှုက ၇၄ ဒသမ ၃ ရာခိုင်နှုန်းအထိ ရှိခဲ့ပြီး ဝင်ရောက်သူဦးရေမှာ ၂၀ ဒသမ ၃၇ သန်းရှိပါတယ်။

မလေးရှားနိုင်ငံအတွင်း စုစုပေါင်းခရီးသည်ဝင်ရောက် မှုက ၂၇ ဒသမ ၄၃ သန်းရှိတဲ့အတွက် ၂၀၁၃ ခုနှစ်နဲ့ နှိုင်းယှဉ်ရင် ၆ ဒသမ ၇ ရာခိုင် နှုန်းမြင့်တက်ပါတယ်။ ယခုလအတွင်း မှာ မလေးရှားနိုင်ငံ ခရီးသွားလုပ်ငန်းအဖွဲ့က ဟိုချီမင်းစီးတီး ခရီးသွားလုပ်ငန်းပွဲတော်မှာ "Malaysia Year of Festivals" သို့မဟုတ် Myfest 2015 ကို ဟိုချီမင်း ခရီးသွားလုပ်ငန်းနဲ့ တွဲဖက်ကျင်းပခဲ့ပါတယ်။

အားလပ်ရက် အပန်းဖြေဒေသအဖြစ် မလေးရှားနိုင်ငံအကြောင်းကို သိရှိလာကြဖို့ အပြင် ဒီအခမ်းအနားက ခရီးသွားလုပ်ငန်းအော်ပရေတာများနဲ့ ခရီးသွားလုပ်ငန်းညီအစ်ကိုများ အချင်းချင်း အနီးကပ်ပူးပေါင်းဆောင်ရွက်ဖို့ ရည်ရွယ်ထားပါတယ်။

ဘာသာပြန်-စုစည်းတင်ပြသည်



# ဗီယက်နမ်လက်မှုလုပ်ငန်းလုပ်ကိုင်တဲ့ ကျေးရွာများ စိန်ခေါ်မှုတွေနဲ့ ရင်ဆိုင်နေရ

ဗီယက်နမ်စီးပွားရေးမှာ ယှဉ်ပြိုင် နိုင်မှုမရှိ၊ အထိအခိုက်ခံနိုင်ရည်နည်းတဲ့ လက်မှုလုပ်ငန်းလုပ်ကိုင်တဲ့ ကျေးရွာများအနေနဲ့ ၂၀၁၅ ခုနှစ်အကုန်မှာ အာဆီယံအသိုက်အဝန်းကို ထူထောင်ပြီးတာနဲ့တစ်ပြိုင်နက် ကြီးမားတဲ့ စိန်ခေါ်မှုတွေနဲ့ ရင်ဆိုင်ရလိမ့်မယ်လို့ VNS သတင်းမှာဖော်ပြ ထားပါတယ်။

အေအီးစီကဒေသတွင်းမှာရှိတဲ့ အခွန်တော်တော်များများကို ပယ်ဖျက် ပေးမှာဖြစ်ပြီး ပြည်ပမှအလုံးအရင်းနဲ့ တင်သွင်းလာတဲ့ပစ္စည်းတွေကြောင့် ဖိအားပေးမှုရှိလာနိုင်ပါတယ်။ ပြည် တွင်းဈေးကွက်ထဲမှာ ဗီယက်နမ်ကုန်ပစ္စည်းတွေနေရာပျောက်သွားမယ့် အန္တရာယ်ရှိနေပါတယ်။

မကြာသေးမီကကျင်းပတဲ့ ဖိုရမ်တစ်ခုမှာ ဗီယက်နမ်လက်မှုလုပ်ငန်း ကျေးရွာများအသင်းဥက္ကဋ္ဌ မူကော့တူအန်က ဆောင်ရွက်ရမယ့် အစီအမံတွေကို အကြံပြုတင်ပြခဲ့ပါတယ်။ အေအီးစီနဲ့ပတ်သက်တဲ့အခြေခံ ဗဟုသုတတွေရှိအောင် ကြိုးစားကြဖို့ လက်မှုပစ္စည်းထုတ်လုပ်သူတွေကို သူကတိုက်တွန်းထားပါတယ်။ အဲ့ဒီလက်မှုလုပ်ငန်း လုပ်ကိုင်သူတွေအနက် ၇၆ ရာခိုင်နှုန်းက အေအီးစီအကြောင်း ပြည့်ပြည့်ဝဝမသိကြဘူးလို့ စီမံကိန်းနဲ့ ရင်းနှီးမြှုပ်နှံမှုဝန်ကြီးဌာနက ပြုလုပ်တဲ့ ပြည်တွင်းစီးပွားရေးလုပ်ငန်းများရဲ့စစ်တမ်းမှာ ဖော်ပြထားပါတယ်။

နိုင်ငံတစ်ဝန်းမှာရှိတဲ့ လက်မှုလုပ်ငန်းလုပ်ကိုင်တဲ့ ကျေးရွာတွေမှာ မိသားစုတစ်နိုင်တစ်ပိုင်လုပ်ငန်းတွေဖြစ်တဲ့ အသေးစားထုတ်လုပ် မှုများသာရှိနေတဲ့အတွက် လုပ်ငန်းကဏ္ဍကြီးတစ်ခုလုံးရဲ့ ယှဉ်ပြိုင်နိုင်မှုစွမ်းရည်တိုးတက်အောင် ဆောင်ရွက် ဖို့ သူကအကြံပြုပါတယ်။ ရိုးရာစီးပွားရေးလုပ်ငန်းတွေဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်ကဆွဲဆောင်မှု များပေးပြီး ဒီလုပ်ငန်းတွေ တိုးတက်ရေးကိုဦးစားပေးတဲ့ မူဝါဒတွေ ချမှတ်သွားဖို့ ဗီယက်နမ်နိုင်ငံတော် တပ်ဦး ဗဟိုကော်မတီနဲ့ ဗီယက်နမ်လက်မှုလုပ်ငန်းကျေးရွာများအသင်းက ဖိုရမ်မှာ နှိုးဆော်တိုက်တွန်းခဲ့ပါတယ်။

# စင်ကာပူအဲလိုင်းရဲ့ ခရီးသည် အရေအတွက် ဖေဖော်ဝါရီမှာ ကျဆင်း

လေကြောင်းလိုင်းစွမ်းရည် ကျဆင်းမှုကြောင့် စင်ကာပူအဲလိုင်း (SIA) ရဲ့ ခရီးသည်သယ်ဆောင်တဲ့ အရေအတွက်က ဖေဖော်ဝါရီမှာ ကျဆင်းလာတာကို တွေ့ရကြောင်း စီအင်န်အေသတင်းမှာ ဖော်ပြခဲ့ပါတယ်။

SIA ရဲ့ ခရီးသည်သယ်ဆောင်မှုမှာ အမှန်တကယ် သယ်ဆောင်နိုင်မှုနဲ့ ပကတိလက်ရှိစွမ်းရည်အချိုးက ဖေဖော်ဝါရီမှာ နှစ်အလိုက် နှိုင်းယှဉ်ပါက ၁ ဒသမ ၆ ရာခိုင်နှုန်း ကျဆင်းလာပြီး ၇၅ ဒသမ ၂ ရာခိုင်နှုန်းထိ ရောက်ရှိခဲ့ကြောင်း မတ်လ ၁၆ ရက်ကထုတ်ပြန်တဲ့ သတင်းထုတ်ပြန်ချက်မှာ ဖော်ပြထားပါတယ်။

SIA လုပ်ငန်းတစ်ခုလုံးရဲ့ အခြေအနေကိုလွှမ်းခြုံကြည့်ရင် ခရီးသည်သယ် ဆောင်နိုင်မှုက ၃ ဒသမ ၅ ရာခိုင်နှုန်း ကျဆင်းပြီး လေကြောင်းလိုင်းရဲ့ စွမ်း ဆောင်ရည်က ၁ ဒသမ ၃ ရာခိုင်နှုန်း ကျဆင်းခဲ့တာကို တွေ့ရပါတယ်။

ခရီးသည် ဝယ်လိုအားအများဆုံး ကျဆင်းတာက အမေရိကနဲ့ ဥရောပ အသွားအပြန် ခရီးတွေဖြစ်ပါတယ်။ ဒီခရီးစဉ်တွေက ၇ ဒသမ ၄ ရာခိုင်နှုန်း နဲ့ ၅ ဒသမ ၄ ရာခိုင်နှုန်း အသီးအသီး ကျဆင်းခဲ့ပါတယ်။

ဒါပေမယ့် Silkairရဲ့ခရီးသည်ပို့ဆောင်မှုက ဖေဖော်ဝါရီမှာ ခရီးသည် သယ်ဆောင်နိုင်မှုစွမ်းရည်နဲ့ အမှန်တကယ် သယ်ဆောင်မှုအချိုးက နှစ်အလိုက်နှိုင်းယှဉ်ရင် ၁ ဒသမ ၂ ရာ ခိုင်နှုန်းကျဆင်းခဲ့ပြီး ၇၂ ဒသမ ၇ ရာခိုင်နှုန်းသာ ရှိခဲ့ပါတယ်။ ဖေဖော်ဝါရီမှာ Silkair ရဲ့ ခရီးသည်သယ်ဆောင်မှုက ၁၀ဒသမ ၃ ရာခိုင်နှုန်းမြင့်တက်ပြီး လေကြောင်းလိုင်းစွမ်းဆောင်ရည်က နှစ်အလိုက်နှိုင်းယှဉ်ရင် ၁၂ ရာခိုင်နှုန်း မြင့်တက်ခဲ့ပါတယ်။

SIA ရဲ့ ကုန်စည်တင်ဆောင်မှုရဲ့ စွမ်းဆောင်ရည်နဲ့ အမှန်တကယ် သယ်ဆောင်မှုအချိုးက ၅ ဒသမ ၂ ရာခိုင် နှုန်းကျဆင်းပြီး ၆၃ ဒသမ ၃ ရာခိုင်နှုန်းကို ရောက်ရှိခဲ့ကြောင်း SIA က ပြောပါတယ်။

# ရက်သတ္တပတ်အတွင်း စီးပွားရေး သတင်းတိုများ

### စင်ကာပူ

စင်ကာပူနိုင်ငံမှာ နေ၁်ဝေ နေစွမ်းအင်ထုတ်လုပ်ရေးကုမ္ပဏီ Renewable Energy Corp. (REC) နဲ့ ဟောင်ကောင်ကုမ္ပဏီ Pacific Light Energy (PLE) တို့လက်တွဲပြီး နေစွမ်းအင်နဲ့သဘာဝဓာတ်ငွေ့သုံး လျှပ်စစ်ဓာတ်အားပေးစနစ်ကို ဖောက်သည်စိတ်တိုင်းကျဆောင်ရွက်ပေးမည်ဖြစ်ရာ စင်ကာပူရှိ စက်မှုနဲ့ ကူးသန်းရောင်းဝယ်ရေး လုပ်ငန်းများအတွက် မျိုးစပ်စွမ်းအင်ကို သုံးစွဲခွင့်ရတော့မှာဖြစ်ကြောင်း Today သတင်းမှာ ဖော်ပြပါတယ်။

### တိုကျို

တရုတ်နိုင်ငံက ဦးဆောင်ဖွဲ့စည်းတဲ့ အာရှအခြေခံအဆောက်အအုံ ရင်းနှီးမြှုပ်နှံမှုဘဏ် (Asian Infrastructure Investment Bank-AIIB) မှာ ဗြိတိန်နဲ့ ဂျာမနီအပါအဝင်နိုင်ငံပေါင်း ၃၀ ပါဝင်ပြီးအကယ်၍ ချေးငွေထုတ်ပေးရာမှာ ယုံကြည်ထိုက်တဲ့ယန္တရားပါရှိပါက ပါဝင်ဖို့ စဉ်းစားလျက်ရှိကြောင်း ဂျပန်ဘဏ္ဍာရေးဝန်ကြီး တာရိုအာဆိုက မတ်လ ၂၀ ရက်ကပြောကြားချက်ကို ကိုးကားပြီး ရိုက်တာသတင်းမှာ ဖော်ပြထားပါတယ်။


### ဆိုးလ်

တောင်ကိုရီးယား အစိုးရက စီးပွားရေးလှုံ့ဆော် တွန်းအားပေးအစီအစဉ်အဖြစ် ဝမ် ၃ ထရီလီယံ (ဒေါ်လာ ၂ ဒသမ ၆၇ ဘီလီယံ) သုံးစွဲရန်စီစဉ်ထားပြီး ပြည်သူ့ရင်းနှီးမြှုပ်နှံမှုကိုလည်း ယခုနှစ်အတွင်း ဝမ် ၇ ထရီလီယံ ထပ်မံတိုးမြှင့်သွားမည်ဖြစ်ကြောင်း ဘဏ္ဍာရေးဝန်ကြီး ချွိုင်ကျန်းဝှမ်ရဲ့ မတ်လ ၂၀ ရက်က ပြောကြားချက်ကို ကိုးကားပြီး ယွန်းဟပ်သတင်းတွင် ဖော်ပြထားပါတယ်။

### ဗန်ကောက်

ယခင် ရက်သတ္တပတ်အတွင်းက ထိုင်းဗဟိုဘဏ်ရဲ့ မူဝါဒအတိုးနှုန်းများကို လျှော့ချပေးခဲ့သော်လည်း ကူးသန်းရောင်းဝယ်ရေးဘဏ်များမှ ချေးငွေရရှိရန် အခက်အခဲရှိနေဆဲဖြစ်သဖြင့် အသေးစားနဲ့ အလတ်စား စီးပွားရေးလုပ်ငန်းများအတွက် ချေးငွေကုန်ကျစရိတ်မှာ မြင့်မားနေဆဲဖြစ်ကြောင်း အသေးစားနဲ့ အလတ်စားလုပ်ငန်းများအဖွဲ့ဥက္ကဋ္ဌ ဆက်ချိုင်းအန်ချစတီကူးရဲ့ ပြောကြားချက်ကို ကိုးကားပြီး နေးရှင်းသတင်းတွင် ဖော်ပြထားပါတယ်။

**Middle East**



## အိုပက်အဖွဲ့က အမြင့်ဆုံး ထုတ်လုပ်မှုရည်မှန်းချက်ကို ဆက်ထိန်းမည်

ရေနံဈေးနှုန်းတွေဆက်လက်ကျဆင်းနေပေမယ့် ဈေးကွက်ဝေစုကို ဆက်လက်ထိန်းသိမ်းထားနိုင်ရေးအတွက် ရေနံတင်ပို့တဲ့နိုင်ငံများအဖွဲ့ (အိုပက်)အနေဖြင့် လက်ရှိထုတ်လုပ်မှုအဆင့်ကို ထိန်းသိမ်းထားရန်မှတစ်ပါး အခြားရွေးချယ်စရာလမ်းမရှိကြောင်း မတ် ၁၉ ရက်က ကူဝိတ်ရေနံဝန်ကြီးရဲ့ ပြောကြားချက်ကို ကိုးကားပြီး အေအက်ဖ်ပီသတင်းမှာ ဖော်ပြပါ တယ်။

"ဈေးကွက်ထဲမှာ ကျွန်တော်တို့ ဝေစုဆုံးရှုံးမသွားစေဖို့အတွက်အမြင့်ဆုံးထုတ်လုပ်မှုသတ်မှတ်ချက်ကို ဆက်လက်ထိန်းသိမ်းရန်မှတစ်ပါးအခြားမရှိပါဘူး"လို့ ရေနံဝန်ကြီးအလီအယ်လ်အိုမဲဟာက သတင်းထောက်တွေကို ပြောပါတယ်။

ဇွန်လကစပြီးရေနံဈေးနှုန်းတွေ ၆၀ ရာခိုင်နှုန်းနီးပါးကျဆင်းခဲ့ပြီးနောက်ပိုင်း ဈေးကွက်တည်ငြိမ်ရေးအတွက် အိုပက်အဖွဲ့ဝင်မဟုတ်တဲ့ရေနံထုတ် လုပ်သူတွေနဲ့မည်သည့်သဘောတူညီမှုမျိုးကိုမဆို ဆောင်ရွက်ဖို့ကြိုဆိုကြောင်း ဝန်ကြီးကပြောပါတယ်။

"အိုပက်အဖွဲ့ဝင်မဟုတ်တဲ့ နိုင်ငံတွေနဲ့ သဘောတူစာချုပ်တွေချုပ်ဆိုရမယ်ဆိုရင် ဘယ်လိုစာချုပ်မျိုးပဲဖြစ်ဖြစ် ကျွန်တော်တို့က ဝမ်းမြောက်ဝမ်းသာဆောင်ရွက်မှာပါ" လို့ ရုရှားနိုင်ငံနဲ့ အိုပက်တို့ရဲ့ ရေနံနဲ့ရင်းနှီးမြှုပ်နှံမှု ပူးပေါင်းဆောင်ရွက်ရေး သဘောတူစာချုပ် ရေးထိုးပြီးနောက် ဝန်ကြီးက ပြောပါတယ်။

ရေနံထုတ်လုပ်မှုကို ဆက်လက် ထိန်းသိမ်းထားဖို့ အိုပက်အဖွဲ့ဝင် ၁၂ နိုင်ငံက နိုဝင်ဘာလအတွင်းက ဆုံးဖြတ်ခဲ့ပြီးနောက်ပိုင်း ရေနံဈေးနှုန်းတွေကျ ဆင်းခဲ့ပါတယ်။ ဈေးနှုန်းအခြေအနေ လေ့လာသုံးသပ်ဖို့အတွက် အိုပက် အရေးပေါ် အစည်းအဝေးခေါ်ဖို့ အစီအစဉ်မရှိဘူးလို့ ဝန်ကြီးက ပြောပါတယ်။ အရေးပေါ် အစည်းအဝေးခေါ်ယူဖို့အတွက် အိုပက်အဖွဲ့ဝင်နိုင်ငံတွေထဲက တိုက်တွန်းမှုမရှိဘူးလို့ ပြောပါတယ်။

**East Asia**

## တောင်ကိုရီးယားလယ်ယာ ထွက်ကုန်တင်ပို့မှု ဖေဖော်ဝါရီတွင် ကျဆင်း

လတ်ဆတ်တဲ့သီးနှံတွေနဲ့ ဆင့်တက်ပြုပြင်ပြီး ကုန်ပစ္စည်းတွေရဲ့ ပြည်ပ တင်ပို့မှုကျဆင်းတဲ့အတွက် ယခင်နှစ်ကနဲ့ နှိုင်းယှဉ်ရင် ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီမှာ တောင်ကိုရီးယားရဲ့ လယ်ယာစိုက်ပျိုးရေးထုတ်ကုန်တင်ပို့မှု က ၈ ရာခိုင်နှုန်းကျဆင်းကြောင်း မတ်လ ၁၆ ရက်ကအစိုးရကြေညာချက်ကို ကိုးကားပြီး ယွန်းဟပ်သတင်းမှာ ဖော် ပြပါတယ်။

လယ်ယာထွက်ကုန်တွေ ပြည်ပတင်ပို့မှုအနေနဲ့ ယခင်နှစ် ကာလတူက ဒေါ်လာ ၄၅၆ ဒသမ ၅ သန်းရှိခဲ့ရာမှ ယခုနှစ် ဖေဖော်ဝါရီမှာ ဒေါ်လာ ၄၂၀ ဒသမ ၁ သန်းထိကျဆင်းခဲ့ကြောင်း လယ်ယာစိုက်ပျိုးရေး၊ အစားအစာနဲ့ ကျေးလက်ရေးရာဝန်ကြီးဌာနက ပြောပါတယ်။

အဲဒီလို ကျဆင်းခဲ့တာဟာ ဂျပန်နဲ့ အမေရိကန်ပြည်ထောင်စုကို တင်ပို့မှုကျဆင်းတဲ့အတွက်ကြောင့် ဖြစ်ပါတယ်။ အထူးသဖြင့် ဂျပန်နိုင်ငံကိုတင် ပို့ရာမှာ ဂျပန်ငွေတန်ဖိုးဆက် လက်ကျဆင်း မှုက တောင်ကိုရီးယား ထုတ်ကုန်တွေရဲ့ ယှဉ်ပြိုင်မှုစွမ်းရည်ကို ကျဆင်းစေခဲ့ကြောင်း ဝန်ကြီးဌာနက တာဝန်ရှိသူတစ်ဦးက ပြောပါတယ်။

တောင်ကိုရီးယားစားသောက်ကုန်တွေကို တင်ပို့နေတဲ့ အကြီးမားဆုံးဈေးကွက်ဖြစ်တဲ့ ဂျပန်ဈေးကွက်ကို တင်ပို့မှုက လအလိုက်နှိုင်းယှဉ်ရင် ယခင်လက ၁၆ ဒသမ ၂ ရာခိုင်နှုန်းကျဆင်းပြီး ဒေါ်လာ ၈၆ ဒသမ ၂ သန်း ရှိခဲ့ပါတယ်။ အမေရိကန်ပြည်ထောင်စုရဲ့ အနောက်ဘက်ဆိပ်ကမ်းမြို့တွေမှာ အလုပ်သမားဆန္ဒပြမှုတွေ ဖြစ်ပေါ်နေတဲ့အတွက် တောင်ကိုရီးယားထုတ်ကုန်တွေကို သင်္ဘောပေါ်မှ သယ်ယူဖို့ နှောင့်နှေးခဲ့ရပါတယ်။ ဒါကြောင့် တောင်ကိုရီးယားနိုင်ငံရဲ့ ပို့ကုန်တွေက နှစ်အလိုက်နှိုင်းယှဉ် ရင် ၇ ဒသမ ၈ ရာခိုင်နှုန်း ကျဆင်းပြီး ဒေါ်လာ ၄၃ ဒသမ ၁ သန်းထိကျဆင်း ခဲ့ပါတယ်။

တရုတ်နိုင်ငံကိုတင်ပို့မှုကလည်း ၇ ဒသမ ၈ ရာခိုင်နှုန်း ကျဆင်းပြီး ဒေါ်လာ ၅၇ ဒသမ ၃ သန်းထိကျဆင်းခဲ့ ပေမယ့် ဥရောပနိုင်ငံတွေကိုတင်ပို့မှု ကတော့ ၆၈ ဒသမ ၇ ရာခိုင်နှုန်း မြင့်တက်ပြီး ဒေါ်လာ ၃၄ ဒသမ ၈ သန်း ထိရောက်ရှိပါတယ်။ ကုန်ပစ္စည်းအလိုက်ကြည့်ရင် ဟင်းသီးဟင်းရွက်နဲ့ လတ်ဆတ်တဲ့အသီးအနှံ တင်ပို့မှုက ၂၃ ဒသမ ၁ ရာခိုင်နှုန်း မြင့်တက်ပြီး ဒေါ်လာ ၆၃ ဒသမ ၁သန်း ဖိုးရှိခဲ့ပါတယ်။ ပြုပြင်ပြီး ကုန်ပစ္စည်းတင်ပို့မှုက ၄ ဒသမ ၇ ရာခိုင်နှုန်း ကျဆင်းပြီး ဒေါ်လာ ၃၅၆ ဒသမ ၉ သန်းရှိခဲ့ပါတယ်။



**East Asia**

## ဂျပန်ကုမ္ပဏီများက လစာတိုးပေးမယ့် လူနေမှု ကုန်ကျစရိတ်ကိုမမီ

ဂျပန်ကုမ္ပဏီတွေက ယခင်နှစ်က တိုးပေးခဲ့တဲ့ လစာနှုန်းနဲ့အညီ လစာတွေကိုတိုးပေးဖို့ စီစဉ် ဆောင်ရွက်ခဲ့ပါတယ်။ဒါပေမယ့် နောက်ထပ်နှစ်နှစ်လောက် လုပ်ခတွေ ကို ဆက်ပြီးတိုးပေးတဲ့တိုင်အောင် လူ နေမှုကုန်ကျစရိတ်ကို မီနိုင်ဖို့ မလွယ်သေးကြောင်း ရိုက်တာစစ်တမ်းမှာ ဖော်ပြထားပါတယ်။

၂၀၁၂ ခုနှစ်မှာ ဝန်ကြီးချုပ်တာဝန်ယူပြီးနောက်ပိုင်း လုပ်ခလစာတွေကို တိုးပေးဖို့အတွက် ဝန်ကြီးချုပ်ရှင်ဇိုအာဘေးက စီးပွားရေးလုပ်ငန်းတွေကို အပူတပြင်း ဖိအားပေးလာခဲ့ပါတယ်။ ငွေတန်ဖိုးကျုံ့ခြင်းနဲ့ စီးပွားရေးဖွံ့ဖြိုးမှုနှုန်းတုံ့ဆိုင်းနေတဲ့အခြေအနေက ဆွဲထုတ်နိုင်ရန်နဲ့ စားသုံးသူတွေရဲ့ သုံးစွဲမှုကို မြင့်တက်လာအောင် ဆောင်ရွက်မှု အောင်မြင်စေဖို့အတွက်ဆိုရင် ဒီလို လစာတိုးမြှင့်ပေးခြင်းက အရေးပါတဲ့ အခန်းကဏ္ဍကပါဝင်နေတယ်လို့ ရှုမြင်ထားပါတယ်။

ရိုက်တာသတင်းဌာနက ထုတ်ပြန်တဲ့ Reuters Corporate Survey အရ စီးပွားရေးလုပ်ငန်းတွေရဲ့ ၅၅ ရာခိုင်နှုန်းက ယခင်နှစ်ကတိုးပေးခဲ့တဲ့ ပမာဏအတိုင်း တိုးပေးမယ်လို့ ဆိုပါတယ်။ ယခင်နှစ်က တိုးပေးခဲ့တဲ့နှုန်းထားထက်လစာနှုန်းကိုတိုးပေးမယ်လို့ ပြောတဲ့ကုမ္ပဏီက ၁၄ ရာခိုင်နှုန်းရှိပါတယ်။

ဂျပန်နိုင်ငံမှာ အမျိုးသားရောင်းခွန်ကို ၂၀၁၄ ခုနှစ်ဧပြီလကစတင်ပြီး ၃ ရာခိုင်နှုန်း တိုးမြှင့်ကောက်ခံခဲ့ရာ ယခုတိုးပေးတဲ့လစာက လုံလောက်မှုမရှိသေးဘူးလို့ ဝန်ထမ်းတွေကယူဆထားကြပါတယ်။ အခွန်တိုးမြှင့်ကောက်ခံထားတာကို ယခုနှစ်အထိဆက်လက်ကောက်ခံပါက ရရှိဖို့လိုအပ်မယ့် လစာက သုည ရာခိုင်နှုန်းကနေ ၂ ရာခိုင်နှုန်းထိတိုးဖို့ လိုအပ်မယ်လို့ပြောသူက ၇၅ ရာခိုင်နှုန်း ရှိပါတယ်။ ၂ ရာခိုင်နှုန်းကနေ ၃ ရာခိုင်နှုန်းအကြား လိုအပ်မယ်လို့ပြောတဲ့သူက ၁၇ ရာခိုင်နှုန်းရှိပါတယ်။

ရိုက်တာရဲ့ စစ်တမ်းကို မတ်လ ၃ ရက်နဲ့မတ်လ ၁၆ ရက်အတွင်းကောက်ခံခဲ့တာဖြစ်ပြီး စစ်တမ်းမှာကုမ္ပဏီပေါင်း ၄၈၃ ခု ပါဝင်ပါတယ်။

ဉာဏ်တင်-စုစည်းတင်ပြသည်

# မြန်မာ့ကုန်သွယ်ဖက်နိုင်ငံများရဲ့ ငွေကြေး ရက်သတ္တပတ်



အတိုးနှုန်းတွေ မြင့်တင်ရေးအတွက်ဆောင်ရွက်ရာမှာ အဆောတလျင် ဆောင်ရွက်မှာ မဟုတ်ဘူးလို့ အမေရိကန်ပြည်ထောင်စု ဗဟိုဘဏ်ရဲ့ ဆောင်ရွက်မှုတွေက ညွှန်ပြနေတဲ့ အတွက် တရုတ်ယွမ်ကဦးဆောင်ပြီး အာရှငွေကြေးတွေ တန်ဖိုးမြင့်တက်လာခဲ့ရာမှာ ရက်သတ္တပတ်အတွင်းတိုးတက်နှုန်းက ၂၀၁၁ ခုနှစ်နောက်ပိုင်း အမြင့်ဆုံးကိုရောက်ရှိခဲ့ပါတယ်။

ကြိုရောင်းကြိုဝယ်ဈေးကွက်မှာ ဥရောပရှယ်ယာဈေးတွေ မြင့်တက်မှုကြောင့် တခြားအဓိကငွေကြေးတွေနဲ့ ဖလှယ်ရာမှာ ဒေါ်လာတန်ဖိုးကျဆင်းပြီး၂၀၁၃ ခုနှစ်နောက်ပိုင်း ရက်သတ္တပတ်အတွင်း ခြောက်နှစ်အတွင်း ကျဆင်းမှု အနိမ့်ဆုံးနှုန်း ဖြစ်ခဲ့ပါတယ်။ ရောင်းလိုအားမြင့်တက်လာတဲ့အတွက် ရေနံစိမ်းဈေးနှုန်းတွေက ခြောက်နှစ်အတွင်း အနိမ့်ဆုံးနှုန်းကို ရောက်ရှိခဲ့ပါတယ်။

နောက်ထပ်အကူအညီတွေရရှိဖို့ ဥရောပမှာ ဂရိနိုင်ငံကကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ဘရပ်ဆဲမြို့မှာ ဥရောပခေါင်းဆောင်တွေ တွေ့ဆုံကြဖို့အစီအစဉ်ရှိပါတယ်။ ဩစတြေးလျမှအစပြုပြီး တောင်ကိုရီးယားအဆုံးနိုင်ငံအများအပြားရှိမူဝါဒရေးဆွဲသူတွေက ငွေကြေးမူဝါဒလျှော့ချမှု ကမ္ဘာ့လှိုင်းတံပိုးနဲ့အတူလိုက်ပါဖို့ ဆောင်ရွက်လျက်ရှိနေပါတယ်။ ရေနံစိမ်းဈေးနှုန်းတွေ ကျဆင်းရာမှဖြစ်ပေါ်လာတဲ့ အန္တရာယ်မှ တိုင်းပြည်စီးပွားရေးကို ကာကွယ်ဖို့ နော်ဝေဗဟိုဘဏ်က မတ် ၁၉ ရက်မှာ အတိုးနှုန်းကိုလက်ရှိအတိုင်းထားဖို့ဆုံးဖြတ်ခဲ့ပါတယ်။

**တရုတ်ယွမ်**

တရုတ်ယွမ်ငွေကြေး တန်ဖိုးက သီတင်းတစ်ပတ်အတွင်း ၁ ဒသမ ၁ ရာခိုင်နှုန်းနဲ့ နေ့အလိုက် တိုးတက်နှုန်း သုည ဒသမ ၁၁ ရာခိုင်နှုန်းတိုးတက်ခဲ့ပြီး မတ် ၂၀ ရက်မှာ တစ်ဒေါ်လာကို ၆ ဒသမ ၁၈၉၀ ယွမ်နှုန်းရှိခဲ့ကြောင်း တရုတ်နိုင်ငံခြားငွေ ရောင်းဝယ်ရေးအဖွဲ့စာရင်းဇယားတွေအရ တွေ့ရပါတယ်။ ယခုနှုန်းက တရုတ်ဗဟိုဘဏ်သတ်မှတ်နှုန်းအောက် သုည ဒသမ ၆၅ ရာခိုင်နှုန်းကျဆင်းပြီး ဒီဇင်ဘာ ၅ ရက်နောက်ပိုင်းအနိမ့်ဆုံးနှုန်း ဖြစ်ပါတယ်။

**အိန္ဒိယရူပီး**

အိန္ဒိယ သွင်းကုန်လုပ်ငန်းရှင်တွေရဲ့ အမေရိကန်ဒေါ်လာဝယ်လိုအား ထပ်မံမြင့်တက်လာတဲ့အတွက် မတ်လ ၂၀ ရက်က ရူပီးငွေကြေးတန်ဖိုးက သုည ဒသမ ၅ ရူပီးနှုန်း ကျဆင်းပြီး တစ်ဒေါ်လာကို ၆၂ ဒသမ ၅၇ ရူပီးနှုန်းရှိခဲ့ပါတယ်။ ထို့ပြင် ပြည်တွင်းဈေးကွက်တွေအဖွင့်မှာ ပြည်တွင်းရှယ်ယာဈေးနှုန်းတွေ ကျဆင်းတာကလည်း ပြည်တွင်းသုံးငွေကြေးအတွက် ဖိအားပေးမှုတွေဖြစ်ခဲ့ကြောင်း ငွေကြေးဝယ်ရောင်းသမားတွေက ပြောပါတယ်။

**ဂျပန်ယန်း**

ကယ်တင်မှုချေးငွေကို ရရှိနိုင်ဖို့အတွက် မြီရှင်တွေကတောင်းဆိုထားတဲ့ပြုပြင်ပြောင်းလဲရေးလုပ်ငန်းတွေကို ဆောင်ရွက်ပေးဖို့ ဂရိနိုင်ငံကသဘောတူလိုက်ပြီဆိုတဲ့သတင်းတွေ ထွက်ပေါ်လာပြီးနောက် ယူရိုတန်ဖိုးကိုအထောက်အကူရရှိစေခဲ့ပါတယ်။ ယူရိုတန်ဖိုးက တစ်ယူရိုကို ၁၂၈ ဒသမ ၇၇ ယန်းရှိရာမှ တစ်ယူရိုကို ၁၂၈ ဒသမ ၈၉ ယန်းနှုန်းထိ မြင့်တက်လာခဲ့ပါတယ်။

နယူးယောက်ဈေးကွက်မှာ ဒေါ်လာနဲ့ ယန်းဖလှယ်နှုန်းက မတ်လ ၁၉ ရက်မှာ တစ်ဒေါ်လာကို ၁၂၀ ဒသမ ၈၀ ယန်းရှိရာမှ မတ်လ ၂၀ ရက်မှာ တိုကျိုဈေးကွက်မှာ တစ်ဒေါ်လာကို ၁၂၀ ဒသမ ၇၀ ယန်းနှုန်းရှိခဲ့ပါတယ်။

**မလေးရှားရင်းဂစ်**

ရေနံစိမ်းဈေးနှုန်းက ခြောက်နှစ်အတွင်းအနိမ့်ဆုံးဈေးကို ရောက်ရှိပြီးနောက်ပိုင်း မလေးရှားရင်းဂစ်တန်ဖိုးက ဒေါ်လာနဲ့ ဖလှယ်ရာမှာ တတိယမြောက် သီတင်းပတ်အဖြစ်ပြန်လည်ကျဆင်းခဲ့ပါတယ်။ ကွာလာလမ်ပူမှာ မတ် ၂၀ ရက် နေ့လယ် ၁၂ နာရီ ၁၈ မိနစ်အချိန်မှာ ရင်းဂစ်တန်ဖိုးက ငါးရက်အတွင်း ၁ ဒသမ ၁ ရာခိုင်နှုန်း ကျဆင်းပြီး တစ်ဒေါ်လာကို ၃ ဒသမ ၇၂၅၅ ရင်းဂစ်နှုန်းသို့ ရောက်ရှိခဲ့ကြောင်း ဘလွမ်းဘတ်က ပြုစုထားတဲ့ စာရင်းတွေအရ သိရပါတယ်။

**တောင်ကိုရီးယားဝမ်**

အမေရိကန်ပြည်ထောင်စု ဗဟိုဘဏ်က အတိုးနှုန်းတွေကို အဆောတလျင်တိုးမြင့်ပေးမှာ မဟုတ်ဘူးဆိုတဲ့ သတင်းတွေကြောင့် တောင်ကိုရီးယားဝမ်တန်ဖိုးက ရက်သတ္တပတ်အတွင်းမှာ သုည ဒသမ ၅ ရာခိုင်နှုန်းတိုးတက်ခဲ့ ပြီး ဆိုးလ်မြို့မှာ တစ်ဒေါ်လာကို ၁၁၂၂ ဒသမ ၈၈ ဝမ်နှုန်းရှိခဲ့ကြောင်း ဘလွမ်းဘတ်ကပြုစုထားတဲ့ စာရင်းတွေအရ သိရပါတယ်။ ဒါပေမယ့် မတ် ၁၉ ရက်က ၂၀၁၁ ခုနှစ် နိုဝင်ဘာနောက်ပိုင်း အမြင့်ဆုံးရောက်ခဲ့တဲ့ ဝမ်တန်ဖိုးက မတ် ၂၀ ရက်မှာ သုည ဒသမ ၅ ရာခိုင်နှုန်းကျဆင်းခဲ့ပါတယ်။

**ထိုင်းဘတ်**

ကမ္ဘာ့ရင်းနှီးမြှုပ်နှံသူတွေက မတ်လ ၁၈ ရက်နေ့မှာ ထိုင်းဘွန်းစာချုပ်တွေကို ဘတ် ၇၃၇ သန်း (ဒေါ်လာ ၂၂ ဒသမ ၆ သန်း) ဖိုးအသားတင် ဝယ်ယူခဲ့ရာ မတ် ၅ ရက်နောက်ပိုင်း အသားတင်ဝယ်ယူမှု အများဆုံးဖြစ်ခဲ့ကြောင်း ထိုင်းဘွန်းဈေးကွက် ကိန်းဂဏန်းတွေအရသိရပါတယ်။ ထိုင်းဘတ်ငွေတန်ဖိုးက သုည ဒသမ ၆ ရာခိုင်နှုန်း မြင့်တက်ပြီး တစ်ဒေါ်လာကို ၃၂ ဒသမ ၇၈ ဘတ်နှုန်းရှိခဲ့ပါတယ်။

ဉာဏ်တင်-စုစည်းတင်ပြသည်

## ဂျပန်ဗဟိုဘဏ်က စီးပွားရေးလှုံ့ဆော်တွန်းအားပေးအစီအစဉ်ကို ဆက်လက်ထားရှိမည်

ထုထည်ကြီးမားစွာ ဆောင်ရွက်ထားတဲ့ စီးပွားရေးလှုံ့ဆော်တွန်းအားပေးအစီအစဉ်ကို ဂျပန်ဗဟိုဘဏ်က ဆက်လက်ထိန်းသိမ်းထားရှိပြီး စီးပွားရေးကို အပြုသဘောအမြင်ကို ဆက်လက် ထိန်းသိမ်းထားမှာဖြစ်ကြောင်း ဂျပန်ဗဟိုဘဏ်က မတ်လ ၁၇ ရက်နေ့ကကြေညာကြောင်း ရိုက်တာသတင်းမှာဖော်ပြပါတယ်။ ယခုကဲ့သို့ ဆောင်ရွက်ခဲ့တဲ့အတွက် နောက်ထပ်ငွေကြေးမူဝါဒလျှော့ချမှုကိုထပ်မံပြုလုပ်ခြင်း မရှိဘဲ ဂျပန်နိုင်ငံကို စီးပွားရေးဆုတ်ကပ်အတွင်းမှ ကယ်ထုတ်နိုင်အောင်ဆောင်ရွက်မည့်လက္ခဏာကို ပြသလျက်ရှိသည်။



အစိုးရဘွန်းစာချုပ်များနဲ့ စွန့်စားမှုများတဲ့အက်ဆက်များကို နှစ်စဉ် ၈၀ ထရီလီယံ (ဒေါ်လာ ၆၅၉ ဘီလီယံ) ဖိုးဝယ်ယူကာ ဗဟိုဘဏ်ရှိအခြေခံငွေကြေး (Base Money) တစ်နည်းအားဖြင့် ဗဟိုဘဏ်ရှိငွေသားနဲ့ အပ်နှံငွေကို တိုးမြှင့်ပေးဖို့ ဗဟိုဘဏ်က မပြောင်းမလဲဆောင်ရွက်မယ်လို့ ကတိပြုထားပါတယ်။

စွမ်းအင်ဈေးနှုန်းတွေ ကျဆင်းတဲ့အတွက် စားသုံးသူငွေကြေးဖောင်းပွမှုက လောလောဆယ်မှာ သုည ရာခိုင်နှုန်းသာရှိမယ်လို့ ဗဟိုဘဏ်ကပြောပါတယ်။ မူဝါဒဆုံးဖြတ်ချက်များကို ရှင်းလင်းတင်ပြဖို့အတွက် ဂျပန်ဗဟိုဘဏ်အုပ်ချုပ်ရေးမှူး ဟာရုဟိကို ကူရိုဒါက သတင်းစာရှင်းလင်းပွဲကို ညနေ ၃ နာရီခွဲမှာကျင်းပမှာ ဖြစ်ပါတယ်။

ရေနံစိမ်းဈေးနှုန်း ကျဆင်းမှုနဲ့ တစ်ဆက်တည်း ဖြစ်ပေါ်လာတဲ့ ငွေကြေး ဖောင်းပွနှုန်းနှေးကွေးကျဆင်းမှုတို့ကို ကာကွယ်ဖို့အတွက် ယခင်နှစ်အောက်တိုဘာမှာ စီးပွားရေးလှုံ့ဆော်တွန်းအားပေးအစီအစဉ်ကို တိုးချဲ့ခဲ့ပြီးနောက် ဂျပန်ဗဟိုဘဏ်က ဆက်လက် ထိန်းသိမ်းခဲ့ပါတယ်။

## နိုင်ငံတော်ဘဏ္ဍာရေးအဖွဲ့အစည်းလေးခုအတွက် ဖွံ့ဖြိုးရေးရန်ပုံငွေကို ထိုင်းနိုင်ငံအတည်ပြု

နိုင်ငံတော်၏ အထူးဘဏ္ဍာရေး အဖွဲ့အစည်းများအတွက် ဖွံ့ဖြိုးရေးရန်ပုံငွေထူထောင်မဲ့ဥပဒေမူကြမ်းကို ထိုင်းနိုင်ငံအမျိုးသားဥပဒေရေးအဖွဲ့က အတည်ပြုပေးခဲ့ကြောင်း နေးရှင်းသတင်းမှာ ဖော်ပြထားပါတယ်။ ဒီလိုအတည်ပြုလိုက်တဲ့အတွက် လယ်ယာစိုက်ပျိုးရေးနဲ့ လယ်ယာစိုက်ပျိုးရေးသမဝါယမ ဘဏ် (BAAC)၊ အစိုးရအိုးအိမ်ဘဏ် (GHB)၊ အစိုးရငွေစုဘဏ် (GSB) နဲ့ ထိုင်းနိုင်ငံအစ္စလာမ်မစ်ဘဏ် (I-Bank) ဆိုတဲ့ဘဏ်ကြီးလေးခုက မိမိတို့ရဲ့ဖွံ့ဖြိုးတိုးတက်မှုအတွက် ရန်ပုံငွေထည့်ဝင်ရမယ့် သဘောရှိပါတယ်။

အစိုးရဘဏ်တွေက ဒီဖွံ့ဖြိုးရေးရန်ပုံငွေအတွက် ဘဏ်တွေရဲ့စုစုပေါင်းအပ်နှံငွေရဲ့ ၁ ရာခိုင်နှုန်းထက်မကျော်တဲ့ပမာဏကို ထည့်ဝင်ရမှာ ဖြစ်ပါတယ်။ ဒီပမာဏက အလားတူရန်ပုံငွေအမျိုးအစားတစ်ခုအတွက် ကူးသန်းရောင်းဝယ်ရေးဗဟိုဘဏ်တွေ ဆီကထိုင်းနိုင်ငံ ဗဟိုဘဏ်ကကောက်ခံလျက်ရှိတဲ့ ပမာဏနဲ့ တူညီပါတယ်။

နိုင်ငံတော်ဘဏ်တွေက ကောက်ခံထားတဲ့ငွေကြေးကို ဒီဘဏ်တွေရဲ့ငွေကြေးအခြေအနေတည်ငြိမ်မှုအတွက် အသုံးပြုမှုမှာ ဖြစ်ပါတယ်။ ထို့ပြင် ဒီဘဏ်ကြီးတွေရဲ့ ဘတ်ဂျက်အခြေအနေ ယိမ်းယိုင်လာတဲ့အခါ အထူးဘဏ္ဍာရေး အဖွဲ့အစည်းများအတွက် အသုံးပြုမယ့် အရန်ငွေကြေးအဖြစ်ထားရှိသွားမှာဖြစ်ပါတယ်။

လောလောဆယ်မှာ ကူးသန်းရောင်းဝယ်ရေးဘဏ်တွေက စုစုပေါင်း အပ်နှံငွေရဲ့ သုည ဒသမ ၄၇ ရာခိုင်နှုန်းကို ကြွေးမြီဖြေရှင်းရေးရန်ပုံငွေအဖြစ် ဗဟိုဘဏ်သို့ ပေးသွင်းရပြီး အပ်နှံငွေကာကွယ်ရေးအေဂျင်စီ (Deposit Protection Agency) ကို သုည ဒသမ ၀၁ ရာခိုင်နှုန်း ပေးသွင်းရပါတယ်။

International Entertainment
Vol: 15, No.12 Monday March 23 2015



# H&M Collection အတွက် ကြော်ငြာရိုက်ကူးပေးခဲ့တဲ့ ဒေးဗစ်ဘက်ခမ်

ကမ္ဘာကျော်ဘောလုံးသမားတစ်ဦးဖြစ်ခဲ့တဲ့ အင်္ဂလန်ရဲ့ ဘောလုံးအကျော်အမော် ဒေးဗစ်ဘက်ခမ်ဟာ စပိန်နိုင်ငံရဲ့ ထင်ရှားကျော်ကြားလှတဲ့ H&M Collection အတွက် ကြော်ငြာရိုက်ကူးပေးခဲ့ပါတယ်။

မုတ်ဆိတ်မွေး၊ ပါးသိုင်းမွေးတွေကြောင့် ခံ့ညားပြီး စတိုင်ကျလှတဲ့ သူ့ရဲ့သွင်ပြင်ကြောင့် စပိန်နိုင်ငံ၊ မက်ဒရစ်မြို့တော်က ပျိုပျိုရွယ်ရွယ်တွေဟာ သူနဲ့အတူ Selfie ရိုက်ချင်တဲ့သူတွေ များလွန်းလှတယ်လို့ ဆိုပါတယ်။

၂၀၀၃ ခုနှစ်ကနေ ၂၀၀၇ ခုနှစ်အထိ စပိန်မြေမှာ ခြေချပြီး ဘောလုံးကစားခဲ့တဲ့ ဒေးဗစ်ဘက်ခမ်ကို စပိန်နိုင်ငံတစ်ဝန်းလုံးက အားပေးခဲ့ပါတယ်။ ဒါကြောင့် စပိန်အခြေစိုက် အမျိုးသားဝတ်စုံအမျိုးမျိုးကို ထုတ်လုပ်လျက်ရှိတဲ့ H&M Collection အနေနဲ့ ဘက်ခမ်ကို အသုံးပြုပြီး ကြော်ငြာခဲ့တာဖြစ်ပါတယ်။

ဘက်ခမ်ဟာ H&M အမှတ်တံဆိပ်ရဲ့ ကုန်ပစ္စည်းတွေဖြစ်တဲ့ ရှပ်အင်္ကျီ၊ တီရှပ်၊ ကုတ်အင်္ကျီ၊ ဘောင်းဘီရှည်၊ အတို စတဲ့ဝတ်စုံအမျိုးမျိုးကို ကြော်ငြာ ပေးခဲ့ရတာဖြစ်ပါတယ်။

အဲဒီကြော်ငြာအတွက် ပို့စ်အမျိုးမျိုးပေးနေတဲ့ ဘက်ခမ်ကိုကြည့်ပြီး Monster ဒါရိုက်တာတစ်ဦးဖြစ်တဲ့ မာ့ခ်ဖော်စတာက "သူ့ကို ဘောလုံးသမားလို့တောင် ပြောရမှာ တော်တော်လေး ခက်ပါတယ်။ အခုသူသရုပ်ဆောင်နေတာဟာ တကယ့်ကို မော်ဒယ်တစ်ယောက်လိုပါပဲ။ တကယ်ကြည့်လို့ကောင်းတဲ့ မော်ဒယ်တစ်ယောက်ပါ"လို့ မှတ်ချက်ပြုခဲ့ပါတယ်။

မာ့ခ်ဖော်စတာဟာ အဲဒီ H&M Modern Essentials Collection ကြော်ငြာအတွက် ရိုက်ကူးပေးရတဲ့သူတစ်ဦးဖြစ်ပြီး သူကိုယ်တိုင်လည်း ဘောလုံးသမားဟောင်းတစ်ဦးဖြစ်ပါတယ်။

# နေရာဟောင်းကို ပြန်ရောက်သွားတဲ့ ဆလင်းဒီယွန်



ကမ္ဘာကျော်တိုက်တန်းနစ်ရုပ်ရှင် ဇာတ်လမ်းထဲက My Heart Will Go On ဆိုတဲ့ဇာတ်ဝင်သီချင်းကို သီဆိုခဲ့တဲ့ ကနေဒီယန်းအဆိုတော် ဆလင်းဒီယွန်ဟာ သူ့ရဲ့နေအိမ်ဟောင်းမှာ ပြန်လည်နေထိုင်ဖို့ ဆုံးဖြတ်လိုက်တယ်လို့ အွန်လိုင်းသတင်းတစ်ပုဒ်မှာ ဖော်ပြထားပါတယ်။

အသက်(၄၆)နှစ်အရွယ်ရှိပြီဖြစ်တဲ့ ဆလင်းဒီယွန်ရဲ့ နေအိမ်ဟာ လာ့စ်ဗေးဂတ်စ်မြို့မှာရှိပြီး အဲဒီမှာ ပြန်လည်နေထိုင်ဖို့အတွက် ဆုံးဖြတ်ရတာဟာ သူ့အတွက် တကယ့်ကိုစွန့်စားခန်းကြီးတစ်ခုလိုဖြစ်နေတယ်လို့ ဆိုပါတယ်။

"ကျွန်မ အဲဒီအိမ်မှာပြန်နေမယ်လို့ ဆုံးဖြတ်လိုက်ကတည်းက တကယ့်ကို စိတ်လှုပ်ရှားနေမိတယ်။ ကျွန်မနဲ့ ပတ်သက်တဲ့ အကြောင်းအရာတွေအားလုံးကို အဲဒီအိမ်ကြီးထဲမှာ မြှုပ်နှံထားခဲ့တာပါ။ ခုအဲဒါတွေကို မေ့ပျောက်နိုင်ပြီလို့ ထင်တဲ့အတွက် ခုလိုဆုံးဖြတ်လိုက်ရတာပါ"လို့ ဆလင်းဒီယွန်က ပြောကြားလိုက်ပါတယ်။

၂၀၁၃ ခုနှစ်ကတည်းက လည်ချောင်းကင်ဆာရောဂါ ခံစားနေရတဲ့ ခင်ပွန်းဖြစ်သူ ရာနီအန်ဂျီလီရဲ့ ကင်ဆာကျိတ်ကို ခွဲစိတ်ပြီးတဲ့နောက်မှာ လာ့စ်ဗေးဂတ်စ်မှာရှိတဲ့ နေအိမ်ကနေ စွန့်ခွာခဲ့တာဖြစ်ပါတယ်။

အသက်(၇၃)နှစ်အရွယ်ရှိပြီဖြစ်တဲ့ ဆလင်းဒီယွန်ရဲ့ခင်ပွန်းဖြစ်သူ ရာနီဟာ ခွဲစိတ်ပြီးပေမယ့်လည်း သက်သာခြင်းမရှိတာမို့ ရာနီရဲ့ ဘေးမှာပဲ အမြဲတမ်းပြုစုဖို့အတွက် အချိန်ပေးရတော့မယ်လို့ ဆလင်းဒီယွန်က ပီးပဲလ်မဂ္ဂဇင်းကို ပြောကြားခဲ့ပါတယ်။

"သူ့အတွက် အရေးကြီးတဲ့အချိန်ကို ရောက်နေပါပြီ။ သူဟာ အသက်ရှူဖို့ကိုတောင် ခဲရာခက်ဆစ်ဖြစ်နေတဲ့ အချိန်ပါ။ နောက်ဆုံးလက်ကျန်အချိန်လေးမှာ သူ့အနားမှာပဲနေတော့မယ်လို့ ကျွန်မ ဆုံးဖြတ်လိုက်တာကြောင့် လာ့စ်ဗေးဂတ်စ်ကို ပြန်လာရတာပါ"လို့ ပြောကြားခဲ့ပါတယ်။

ဆလင်းဒီယွန်နဲ့ ရာနီတို့ရဲ့အိမ်ထောင်သက်တမ်းဟာ ၂၀ နှစ်ရှိခဲ့ပြီး အသက် ၁၄ နှစ်အရွယ်ရှိတဲ့ သားတစ်ယောက်နဲ့ အသက်လေးနှစ်အရွယ်သာ ရှိသေးတဲ့ အမြွှာ သားနှစ်ယောက်ရှိတယ်လို့ ဆိုပါတယ်။

# Furious 7 အတွက် စိတ်လှုပ်ရှားနေတဲ့ ဗင်ဒီဇယ်



First & Furious 7 ဇာတ်ကား ထွက်ရှိမယ့်ရက်ဟာ တဖြည်းဖြည်းနဲ့ နီးကပ်နေပါပြီ။ အဲဒါကြောင့် သူ့အနေနဲ့ ဒီဇာတ်ကားထွက်ရှိမယ့် ရက်ကို ရင်ခုန်စိတ်လှုပ်ရှားစွာနဲ့ စောင့်မျှော်နေရပါတယ်လို့ First & Furious 7 မှာပါဝင်သရုပ်ဆောင်ခဲ့တဲ့ အဓိကသရုပ်ဆောင်တစ်ဦးဖြစ်တဲ့ ဗင်ဒီဇယ်က ပြောကြားခဲ့ပါတယ်။

အဲဒီဇာတ်လမ်းကို ကမ္ဘာတစ်ဝန်းက ရုပ်ရှင်ရုံတွေမှာ ရုံတင်ပြသတဲ့နေ့မှာ ကွယ်လွန်သွားရှာပြီဖြစ်တဲ့ ပေါလ်ဝေါ့လ်ကာကို သတိရလွမ်းဆွတ်တဲ့ ပွဲလေးကိုလည်း ပြုလုပ်သွားမယ်လို့ ဆိုပါတယ်။

အဲဒီပွဲကို ပေါလ်ရဲ့ပရိသတ်တွေနဲ့ Furious အဖွဲ့သားတွေ ပါဝင်ကြမယ်လို့ ဆိုပါတယ်။

ဗင်ဒီဇယ်ဟာ သူ့ရဲ့မိသားစုကိုလည်း ကျေးဇူးတင်ပါတယ်လို့ ပရိသတ် တွေနဲ့ တွေ့ဆုံရာမှာ ပြောကြားခဲ့ပါတယ်။ ဗင်ဒီဇယ်ရဲ့ချစ်သူ ပါလိုမာရာမီရက်ဇ်ဟာ မတ် ၁၆ ရက်က ဗင်ဒီဇယ်အတွက် သမီးကလေးမွေးဖွားပေးခဲ့တဲ့အတွက် ခုလို ကျေးဇူးတင်စကားဆိုခဲ့တာဖြစ်ပါတယ်။

ဗင်ဒီဇယ်က "ကျွန်တော်တို့ အခုထွက်ရှိမယ့်Furious 7 ဟာ ပေါလ် နောက်ဆုံးရိုက်ကူးခဲ့တဲ့ ဇာတ်ကားတစ်ကားပါ။ ဒီဇာတ်ကားဟာ သူ့အတွက် ကျွန်တော်တို့ပေးလိုက်တဲ့ နောက်ဆုံးလက်ဆောင်ပါ"လို့ ပြောကြားခဲ့ပါတယ်။

အဲဒီဇာတ်ကားရဲ့အစမ်းပြသတဲ့ပွဲကို တက္ကဆက်ပြည်နယ်မှာရှိတဲ့ အော်စတင်မှာ ပြသခဲ့ပါတယ်။ အဲဒီဇာတ်ကားကို ဧပြီလ ၁၅ရက်နေ့မှာ စတင်ပြသတော့မှာဖြစ်ပါတယ်။

# One Direction အဖွဲ့နဲ့ လမ်းခွဲလိုက်တဲ့ ဇန်မာလစ်ခ်

One Direction အဖွဲ့ရဲ့ အဖွဲ့ဝင်တစ်ဦးဖြစ်တဲ့ ဇန်မာလစ်ခ်ဟာ အဖွဲ့နဲ့ လမ်းခွဲလိုက်ပြီလို့ ဆိုပါတယ်။

ဗြိတိသျှ လူငယ်အဆိုတော်အဖွဲ့ တစ်ဖွဲ့ဖြစ်တဲ့ One Direction အဖွဲ့ကို စတင်ဖွဲ့စည်းခဲ့တဲ့ ၂၀၁၀ပြည့်နှစ်ကတည်းက ပါဝင်ခဲ့တာဖြစ်ပါတယ်။



အသက် (၂၂)အရွယ်ရှိပြီဖြစ်တဲ့ မာလစ်ခ်ဟာ စိတ်ကျဝေဒနာကို ခံစားနေရပြီး One Direction အဖွဲ့ရဲ့ကမ္ဘာတစ်ပတ်ခရီးစဉ်တွေမှာ လိုက်ပါနိုင်ခြင်းမရှိခဲ့ပါဘူး။ အဲဒီခရီးစဉ်ကို စတင်ရေးဆွဲစဉ်က အားတက်သရောရှိခဲ့ပေမယ့် သူ့ရဲ့စိတ်ကျရောဂါဟာ တစ်နေ့တခြား ပိုမိုဆိုးရွားလာတာမို့ သူ့ကိုခေါ်သွားဖို့ ဘယ်လိုမှ မဖြစ်နိုင်ပါဘူးလို့ One Direction အဖွဲ့က သူတို့ရဲ့တွစ်တာမှာ ရေးသားဖော်ပြခဲ့ပါတယ်။




"ကျွန်တော်တို့အဖွဲ့ဟာ မနီလာမြို့နဲ့ ဂျကာတာမြို့တို့မှာ ဖျော်ဖြေပွဲတွေ ပြုလုပ်သွားဖို့ရှိပါတယ်။ ကျွန်တော်တို့အနေနဲ့ သူ့ကို ပြန်ကောင်းစေချင်ပါတယ်။ အခုလိုမျိုး အခြေအနေနဲ့ သူ့ကို ဘယ်လိုမှခေါ်သွားဖို့ မဖြစ်နိုင်ပါဘူး။ သူ့ရဲ့ ပရိသတ်တွေကလည်း သူ့ကို လိုက်ပါစေချင်ကြပါတယ်"လို့ One Direction အဖွဲ့ရဲ့တာဝန်ခံတစ်ဦးဖြစ်တဲ့ ဂျုံးစ်က ပြောကြားခဲ့ပါတယ်။

One Direction အဖွဲ့ရဲ့ ကမ္ဘာတစ်ပတ် လှည့်လည်ဖျော်ဖြေရေးခရီးစဉ်ကို ဖေဖော်ဝါရီလ ၇ ရက်နေ့ကတည်းက စတင်ခဲ့တာဖြစ်ပြီး အောက်တိုဘာလ ၃၁ ရက်နေ့မှာ အဆုံးသတ်မှာဖြစ်ပါတယ်။

# PHYO SERVICES CO.,LTD
## EXPORT & IMPORT






လူကြီးမင်းတို့ စိတ်တိုင်းကျ
ဝန်ဆောင်မှုပေးနေပါသည်။

**NO. 67/B-1, Po Sein Road, Bahan Township ,Yangon, Myanmar**
**Tel ;95-1-546102/ 682667 , Fax : 95-1-548069**
**E-mail < phyo@mptmail.net.mm>**

## ထိုင်းရင်းနှီးမြှုပ်နှံမှုဘုတ်အဖွဲ့ရဲ့ အတည်ပြုချက် တောင်းခံထားတဲ့ စီမံကိန်းတန်ဖိုး ဘတ် ၁၃ ဘီလီယံကျော်ရှိ

ယခုနှစ်ပထမနှစ်ဝက်အတွင်း ထိုင်းရင်းနှီးမြှုပ်နှံမှုဘုတ်အဖွဲ့ရဲ့ အတည်ပြုချက်တောင်းခံထားတဲ့ပြည်တွင်း ပြည်ပစီမံကိန်းများရဲ့တန်ဖိုးက ဘတ် ၁၃ ဒသမ ၂၈ ဘီလီယံထိရောက်ရှိကြောင်း နေးရှင်းသတင်းမှာ ဖော်ပြပါတယ်။

စီမံကိန်း ၆၇၃ ခုအနက်အများစုက အစိုးရရင်းနှီးမြှုပ်နှံမှုနဲ့ စီးပွားရေးမူဝါဒအရ ဆောင်ရွက်နေတဲ့လုပ်ငန်း တွေဖြစ်ကြောင်း ရင်းနှီးမြှုပ်နှံမှုဘုတ်အဖွဲ့ရဲ့ ယာယီအထွေအထွေအတွင်း ရေးမှူး ဟီရန်ယာ ဆူဂျီနိုင်းက မတ် ၁၉ ရက်မှာ ပြောပါတယ်။ ဒီစီမံကိန်းတွေထဲမှာ ဒစ်ဂျစ်တယ်စီးပွားရေးကို အထောက်အကူပေးတဲ့ ဆော့ဖ်ဝဲဖွံ့ဖြိုးရေး၊ နေစွမ်းအင်နဲ့ ဇီဝလောင်စာအပါအဝင် အစားထိုးစွမ်းအင်၊ အပြည်ပြည် ဆိုင်ရာကုန်သွယ်မှုစင်တာနဲ့ အပြည် ပြည်ဆိုင်ရာရုံးချုပ်တွေစတဲ့ စီမံကိန်း တွေပါဝင်ပါတယ်။

တခြားစီမံကိန်းတွေထဲမှာ အစိုးရမူဝါဒတွေကို အထောက်အကူပေးတဲ့ လယ်ယာစိုက်ပျိုးရေးကုန်ပစ္စည်းများ တန်ဖိုးမြှင့်တင်ရေးလုပ်ငန်းများ၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းတဲ့ လောင်စာဆီ၊ သဘာဝဓာတ်ငွေ့ဘာလက်အိတ်၊ ထောက်ပံ့ပို့ဆောင်ရေးနဲ့ပင်လယ်ရေကြောင်းပို့ဆောင်ရေး စတဲ့ စီမံကိန်းတွေပါဝင်ပါတယ်။ ဒီစီမံကိန်းအများစု ကနိုင်ငံရဲ့ယှဉ်ပြိုင်နိုင်မှုစွမ်းရည်ကိုတိုးမြှင့်ပေးပြီး အလယ်အလတ်ဝင်ငွေရှိ နိုင်ငံအဆင့်ကနေ မြှင့်တင်ပေးလိမ့်မယ်လို့ အစိုးရကယုံကြည်ထားတဲ့ လုပ်ငန်းတွေဖြစ်ပါတယ်။

အေဂျင်စီတွေနဲ့ အသင်းအဖွဲ့တွေအကြား ရင်းနှီးမြှုပ်နှံမှုသတင်းအချက်အလက်နဲ့ ကိန်းဂဏန်းအချက်အလက်တွေ စုစည်းပေးနိုင်ဖို့အတွက် ထိုင်းရင်းနှီးမြှုပ်နှံမှုဘုတ်အဖွဲ့ဥက္ကဋ္ဌ ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ပရာယွတ်ချန်အိုချားက ကော်မတီတစ်ရပ်ကိုဖွဲ့စည်း ပေးခဲ့ပြီး ရင်းနှီးမြှုပ်နှံမှုကို အကျိုးသက်ရောက်မှုရှိစေနိုင်တဲ့ သတင်းအချက်အလက်တွေကို ကောက်ယူပြီး လေ့လာဆန်းစစ်မှုတွေပြုလုပ်ဖို့ တာဝန်ပေးခဲ့ပါတယ်။ ပြောင်းလဲနေတဲ့ စီးပွားရေးနဲ့ ရင်းနှီးမြှုပ်နှံမှုအခြေအနေတွေနဲ့အညီ ဆောင်ရွက်နိုင်ဖို့နဲ့ ပုဂ္ဂလိကရင်းနှီးမြှုပ် နှံမှုကိုအထောက်အကူပေးဖို့ ရင်းနှီးမြှုပ်နှံမှုဘုတ်အဖွဲ့က မူဝါဒတွေချမှတ်ရာမှာ ဒီသတင်းအချက်အလက်တွေက အထောက်အကူပေးမှာ ဖြစ်ပါတယ်။

# ဗီယက်နမ် ပြုပြင်ပြောင်းလဲရေးမှာ စီးပွားရေးလုပ်ငန်းများက အရေးပါတဲ့အခန်းကဏ္ဍမှ ပါဝင်



ဗီယက်နမ်ရဲ့ ဘက်စုံဖွံ့ဖြိုးတိုးတက်မှု ပိုမိုခိုင်မာရေးအတွက်ဆောင်ရွက်ရာမှာ ကြီးကြပ်ထိန်းသိမ်းရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှုတွေက အရေးကြီးလျက်ရှိပါတယ်။ ဒီလိုအရေးပါတဲ့ပြုပြင်ပြောင်းလဲမှုတွေကို ဆောင်ရွက်ရာမှာ ဗီယက်နမ်ရဲ့ စီးပွားရေးအသိုက်အဝန်းက အရေးပါတဲ့အခန်းကဏ္ဍမှာရှိနေကြောင်း မတ် ၁၉ ရက်က ဟန္နိုင်းမှာကျင်းပတဲ့ အလုပ်ရုံဆွေးနွေးပွဲမှာ တက်ရောက်လာသူတွေက ဆွေးနွေးတင်ပြကြကြောင်း VNS သတင်းမှာ ဖော်ပြပါတယ်။

ဗီယက်နမ်ရဲ့ ယှဉ်ပြိုင်နိုင်မှုကို တိုးတက် ကောင်းမွန်စေဖို့အတွက် ကြီးကြပ်ထိန်းသိမ်းမှုဆိုင်ရာပြုပြင်ပြောင်းလဲရေးတွေကို အောင်မြင်စွာ ဆောင်ရွက်နိုင်ဖို့အတွက် ရည်ရွယ်ပြီး ဒီအလုပ်ရုံဆွေးနွေးပွဲကို ကျင်းပခဲ့တာဖြစ်ပြီး ယခုအလုပ်ရုံဆွေးနွေးပွဲက ဗီယက်နမ်မှာ ပထမဆုံးအကြိမ် ကျင်းပခဲ့တာ ဖြစ်ပါတယ်။ ရည်ရွယ်ချက်က ၂၀၁၅-၁၆ ခုနှစ်ကာလ အတွင်းမှာ စီးပွားရေးလုပ်ငန်းတွေရဲ့ ပတ်ဝန်းကျင်နဲ့ အမျိုးသားယှဉ်ပြိုင်နိုင်မှုစွမ်းရည် တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်ဖို့ ချမှတ်ခဲ့တဲ့ ဆုံးဖြတ်ချက်ကို အောင်မြင်စွာ အကောင်အထည်ဖော်ဖို့ ဖြစ်ပါတယ်။

ကြီးကြပ်ထိန်းသိမ်းမှု ပြုပြင်ပြောင်းလဲရေးတွေမှာ ဗီယက်နမ်ရဲ့ စီးပွားရေးလုပ်ငန်း အသိုက်အဝန်းရဲ့ ပူးပေါင်းပါဝင်မှု မြင့်မားလာစေဖို့အတွက် အစိုးရ-ပုဂ္ဂလိက ပူးပေါင်းပါဝင်မှုကိုအားပေးဖို့ လိုအပ်တယ်ဆိုတဲ့အချက်ကို အလုပ်ရုံဆွေးနွေးပွဲတက်ရောက်သူတို့က သဘောတူလက်ခံခဲ့ကြပါတယ်။ ဒီလုပ်ငန်းစဉ်မှာ စီးပွားရေးလုပ်ငန်းတွေက အဓိကကျတဲ့အခန်းကဏ္ဍမှ ပါဝင်မှာဖြစ်ကြောင်း ဗီယက်နမ်ကုန်သည်ကြီးများနဲ့ စက်မှုလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌနဲ့ အုပ်ချုပ်ရေးလုပ်ငန်းစဉ်များ ပြုပြင်ပြောင်းလဲရေးအတိုင်ပင်ခံကောင်စီ ဒုတိယဥက္ကဋ္ဌ ဗူရှန်လော့က ပြောပါတယ်။

အမျိုးသား ယှဉ်ပြိုင်နိုင်မှုစွမ်းရည်တိုးတက် ကောင်းမွန်ရေးက အကြောင်းတရား အများကြီးအပေါ် မူတည်ပါတယ်။ ဒါပေမယ့် သာယာကောင်းမွန်တဲ့ စီးပွားရေးပတ်ဝန်းကျင်ဖန်တီးပေးမယ့် ပွင့်လင်းမြင်သာတဲ့ကြီးကြပ်ထိန်းသိမ်းမှုကို တည်ဆောက်နိုင်ဖို့က အရေးကြီးပါတယ်။ ထို့အတူ စီးပွားရေးမှာ အဓိကကဏ္ဍကပါဝင်နေတဲ့ စီးပွားရေးအသိုက်အဝန်း ထူထောင်ရေးက အရေးကြီးကြောင်း သူကပြောပါတယ်။

**ဉာဏ်တင်-စုစည်းတင်ပြသည်**


Japan, Korea,Singapore,Thailand နိုင်ငံများမှ မော်တော်ယာဉ်တင်သွင်းသူများအတွက် အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ရန်
SINOR LINES RO/RO Services ကားသင်္ဘောရောက်ရှိမှု အချိန်ဇယားများကို အောက်ပါအတိုင်းဖော်ပြအပ်ပါသည်။

SINOR LINES

RO/RO Service for Myanmar

DATE : 23th March 2015

<< March And April Sailing Schedule >>

* SUBJECT TO CHANGE WITH OR WITHOUT NOTICE

JAPAN / MYANMAR

| VESSEL | Height (m) | | | | | | JAPAN | | | | | | | MYANMAR | THAILAND |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | A | B | C | D | E | SHANGHI | YOKOSUKA | KOBE | NAGOYA | YOKOHAMA | SAKAI SENBOKU | MASAN | SINGAPORE | YANGON | LAEM CHABANG |
| MV.HOEGH CHENNAI V.10 | 1.55 | 1.90 | 2.20 | 3.50 | | | | 28.2.2015 | | 2.3.2015 | | | | 13.3.2015 | |
| | S/O CUT | | | | | | | 21.2.2015 | | 23.2.2015 | | | | | |
| MV.CITY OF MUMBAI V.17 | 1.55 | 1.90 | 2.20 | 3.50 | | | | | 10.3.2015 | 11.3.2015 | 9.3.2015 | | 27.3.2015 | 22.3.2015 | 31.3.2015 |
| | S/O CUT | | | | | | | | 6.3.2015 | 7.3.2015 | 5.3.2015 | | | | |
| MV.HOEGH CHENNAI V.11 | 1.55 | 1.90 | 2.20 | 3.50 | | | | | 27.3.2015 | 28.3.2015 | 26.3.2015 | | 7.4.2015 | 10.4.2015 | |
| | S/O CUT | | | | | | | | 23.3.2015 | 24.3.2015 | 22.3.2015 | | | | |
| MV.CITY OF MUMBAI V.18 | 1.55 | 1.90 | 2.20 | 3.50 | | | 10.4.2015 | 8.4.2015 | | 11.4.2015 | | | | 23.4.2015 | 30.4.2015 |
| | S/O CUT | | | | | | 6.4.2015 | 4.4.2015 | | 7.4.2015 | | | | | |
| MV.HOEGH CHENNAI V.12 | 1.55 | 1.90 | 2.20 | 3.50 | | | | | | 27.4.2015 | 25.4.2015 | | 6.5.2015 | 10.5.2015 | |
| | S/O CUT | | | | | | | | | 23.4.2015 | 21.4.2015 | | | | |
| MV.CITY OF MUMBAI V.19 | 1.55 | 1.90 | 2.20 | 3.50 | | | | 9.5.2015 | | 11.5.2015 | | | 19.5.2015 | 23.5.2015 | 30.5.2015 |
| | S/O CUT | | | | | | | 5.5.2015 | | 7.5.2015 | | | | | |

Yangon (Myanmar)
GOLDEN LAND EXPRESS LIMITED
Dagon Center II, Pyay Road, No. 268, Room 14 (C), 14 th Floor.
Sanchaung Township,Yangon, Myanmar.
Tel : +95 1 2305542,2306027,2306028
Mobile : + 95 9 250289802
Fax : + 95 1 2305543
Hot Line : + 95 9 254010441

Email : gleltd.office@gmail.com ( Management )
gleltd.mktg@gmail.com ( Operation )
docs.gle@gmail.com ( Document )
gleltd.marketing@gmail.com ( Marketing )
goldenland.gle@gmail.co m ( Marketing )

Loading address (YOKOHAMA DAIKOKU)
Daikoku T-3/4/5/6/7/8, Public Berth, Yokohama

Loading address (SAKAI SENBOKU)
Shiomi Wharf 5-A/B/C

Business Development Manager : Mr.Aung Myintta (95 9 250724445)
Management Secretary : Ms. Nway Ei Phyu ( 95 9 253036301)
Operation : Mr. Aung Swe Myint (95 9 86 22887)
Documention : Ms. Mar Mar Cho (95 9 421018250)
Marketing:Ms. Aye Kyar Phyu ( 95 9 250724446)
Marketing : Mr. Thiha Thiek ( 95 9 5145801 )
Marketing:Ms. Ja Seng Eain ( 95 9 402794677 )

ဥရောပနိုင်ငံများမှ တင်သွင်းလိုပါက စက်ာပူနိုင်ငံမှတဆင့် ချိတ်ဆက်ဆောင်ရွက်ပေးနေပါသည်။